စိန်စိန်ဦးစာအုပ်တိုက်

www.burmeseclassic.com

BURMESE CLASSIC .com

# ဆံချည်

# ဒါကြီးလည်းရှိတယ်
# ဟိုဟာကပိုကြီးလည်းရှိတယ်



www.burmeseclassic.com

**စိန်စိန်ဦးစာအုပ်တိုက်**

အမှတ် (၉)၊ ၈/၄၄

၆၁ × ၆၂ ကြား၊

သိုးခြံ၊ မြို့သစ်၊ မန္တလေး။

www.burmeseclassic.com

# ဒါကဒီလိုရှိတယ်
# ဟိုဟာက ဟိုလိုရှိတယ်

ကံချွန်

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၈၇၃/ ၂၀၀၁ (၈)
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၁၀၄၂/ ၂၀၀၁ (၁၂)
**ထုတ်ဝေသည့်ကာလ**
၂၀၀၂ခုနှစ်၊ **ဩဂုတ်လ** ၊ ပထမအကြိမ်
**တန်ဖိုး**
**၄၅၀ ကျပ်**
**စောင်ရေ**
၁၀၀၀
**စာအုပ်ချုပ်**
ကိုမြင့်
**အတွင်းသားပုံနှိပ်**
ကျောက်စိမ်းပုံနှိပ်တိုက် (၀၂၉၀၉)
ဦးကျော်စိန်၊ ၁၇၁၊ ၃၃ လမ်း
**မျက်နှာဖုံးပုံနှိပ်**
သုခပုံနှိပ်တိုက် (၀၂၀၇၉)
ဒေါ်ရွှေ၊ ၁၂၈/၄၆ လမ်း
**ထုတ်ဝေသူ**
ဦးသန်းဆွေ၊ စစ်သည်တော်စာပေ (၀၁၄၇၃)
၁၁၃၁/က၊ ဥယျာဉ်လမ်း၊ ဒဂုံတောင်၊ ရန်ကုန်မြို့။

www.burmeseclassic.com

# မာတိကာ


၁။ နှုတ်ဆက်ပါတယ် ကြိုဆိုပါတယ် ... ၁

၂။ နောက်လိုက်ကောင်းများ ... ၅

၃။ ပွင့်လင်းတယ်ဆိုတာ ... ၉

၄။ တန်ဖိုးလည်းရှိမှ – တန်ဖိုးလည်းသိမှ ... ၁၄

၅။ ပျော်တတ်ဖို့ ဝမ်းသာတတ်ဖို့ ... ၁၉

၆။ ကိုယ်ကောင်းဖို့ ... ၂၄

၇။ သနားလိုက်စမ်းပါ ... ၂၈

၈။ စိတ်ဝင်စားသင့်တာက ... ၃၃

၉။ ဘာလုပ်ရမလဲ ... ၃၈

၁၀။ စိတ်ထွက်ပေါက် ... ၄၂

၁၁။ ဒေါသအတွက်နေရာ ... ၄၇

၁၂။ ပျော်ချင်သလား – ပီတိဖြစ်ချင်သလား ... ၅၁

၁၃။ နောင်တကိုဆွဲဆန့်ရေး ... ၅၆

၁၄။ ဒုတိယအကြိမ်စိတ်ဝင်စားမိခြင်း ... ၆၁

၁၅။ ဘယ်လိုပြုစုမလဲ ... ၆၆

၁၆။ သိဖို့လိုတယ် ... ၇၁

၁၇။ စိတ်ကိုပြုစုဖို့ ... ၇၆

၁၈။ ကိုယ်ကျင့်တရား ... ၈၁

၁၉။ အသိအမှတ်ပြုရမယ် ... ၈၇

၂၀။ ချစ်လို့ရှိသေအောင် ... ၉၃

၂၁။ သူငယ်ချင်းရဲ့အမေး ... ၉၉

၂၂။ လက်မှုတန်ဖိုး ... ၁၀၄

၂၃။ စိတ် စိတ်ပါကွယ် ... ၁၀၉

၂၄။ ခက်တော့ ခက်တာပေါ့ ... ၁၁၄

၂၅။ ချစ်သူကပြောတဲ့စကား ... ၁၁၉

၂၆။ အလျော်အစား အရှုံးအမြတ် ... ၁၂၄

၂၇။ လူကြီးစကားဝိုင်း (၁) ပွင့်လင်းဖို့ကာကွယ်ဖို့ ... ၁၂၈

၂၈။ လူကြီးစကားဝိုင်း (၂) ရှောင်ကြဉ်ဖို့ သစ္စာရှိဖို့ ... ၁၃၃

၂၉။ လူကြီးစကားဝိုင်း (၃) ယောကျ်ားတို့သဘော ... ၁၃၇

၃၀။ လူကြီးစကားဝိုင်း (၄) မနက်ဖြန်အရေး ... ၁၄၁

www.burmeseclassic.com


၃၁။ လူကြီးစကားဝိုင်း (၅) ဘယ်လောက်လုပ်မလဲ ... ၁၄၆

၃၂။ လူကြီးစကားဝိုင်း (၆) ဘယ်လိုပညာပေးမလဲ ... ၁၅၀

၃၃။ လူကြီးစကားဝိုင်း(၇)ကောက်သင်းကောက်စကားများ ... ၁၅၆

၃၄။ အသိစိတ်ဆိုတာ (၁) ကိုယ်ပိုင်ဖြစ်ဖို့ ... ၁၆၀

၃၅။ အသိစိတ်ဆိုတာ (၂) ရှက်တတ်ဖို့ ... ၁၆၄

၃၆။ အသိစိတ်ဆိုတာ (၃) စိတ်ကိုထိန်းတတ်ပါမှ ... ၁၆၉

၃၇။ နှစ်သစ်မှာ ... ၁၇၄

၃၈။ လူငယ်နှင့်ကိုယ်ကျင့်တရား(၁)ကောင်းမှုမကောင်းမှု ... ၁၇၉

၃၉။ လူငယ်နှင့်ကိုယ်ကျင့်တရား(၂)လူငယ်နှင့်ကိုယ်ရည်ကိုယ်သွေး... ၁၈၅

၄၀။ လူငယ်နှင့်ကိုယ်ကျင့်တရား(၃)ပတ်ဝန်းကျင် ... ၁၉၀

၄၁။ လူငယ်လူကြီး (၁) အသိမှတ်ပြုဖို့ ... ၁၉၅

၄၂။ လူငယ်လူကြီး (၂) ဖြစ်စေချင်တာရယ် ... ၂၀၀

၄၃။ လူငယ်လူကြီး (၃) သူ့အတွေ့အကြုံ ... ၂၀၆

၄၄။ လူငယ်လူကြီး(၄) ကွာဟချက် ... ၂၁၀

၄၅။ လူငယ်လူကြီး(၅) ဘယ်လိုတွေးသလဲ ... ၂၁၄

www.burmeseclassic.com

# နှုတ်ဆက်ပါတယ် – ကြိုဆိုပါတယ်

လူငယ်တွေ -

တို့တတွေ ရာစုသစ်တစ်ခုကို ဣန္ဒြေရရတည်တည် ငြိမ်ငြိမ် သိက္ခာရှိရှိ ဝင်နိုင်ဖို့ကြိုးစားရတော့မယ်နော။ တို့အတွက် ခွန်အား ဖြစ်မယ့်အဟောင်းကအကောင်းတွေကိုတော့ သယ်သွားရမှာပဲပေါ့။ ရာစုသစ်ရေစီးကြောင်းမှာ အံဝင်ခွင်ကျမျောပါနိုင်ဖို့ ပြင်ဆင်မထား ဘူးဆိုရင်တော့ ဒလိမ့်ခေါက်ကွေး လိမ့်ပါသွားမယ်လေ။

ရိုးသားရမယ်။ ကြိုးစားရမယ်။ အချိန်ကိုတန်ဖိုးထားတတ် ရမယ်။ စက္ကန့်တိုင်း မိနစ်တိုင်းမှာ ကောင်းသောအလုပ်ကိုပဲ လုပ်ကြမယ်။ မနေ့က "ငါ" ထက် ဒီနေ့ "ငါ" က ပိုသိ ပိုတတ် ပိုတော်အောင်ကြိုးစားရမယ်။ ဒီနေ့လုပ်ရမယ့်အလုပ်ဒီနေ့ပြီးအောင် လုပ်ရမယ်။ အလုပ်ကြွေးတင်ရင် အဆပ်ရခက်တယ်။ လူလူချင်း အပြန်အလှန်လေးစားရမယ်။ အကောင်းဆုံးဖြစ်အောင်လုပ်မယ် - စတဲ့ - စတဲ့ တို့သိသင့်တာတွေ ၁၉၉၉ ခုနှစ်၊ တစ်နှစ်လုံး တနင်္ဂနွေနေ့တိုင်း ဟောဒီအချပ်ပို စာမျက်နှာကနေ ဆွေးနွေးတင် ပြခဲ့ပြီးပြီလေ။

ကဲ - ရာစုသစ်ကိုဝင်ဖို့ ဘယ်လိုပြင်ဆင်ကြမလဲ။

(၁) ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာတော့ တိတိကျကျ သတ်မှတ်ပါတော့။ ကိုယ်ဘာဖြစ်ချင်မှန်းမသိဘဲ တို့ဘာကို ဘယ်လို ကြိုးစားမှာလဲ။

(၂) တို့ရည်မှန်းချက်က ကြီးကျယ်ရင် အချိန်ပေးရလိမ့်မယ်။ ကြီးကျယ်တဲ့အလုပ်တိုင်းဟာ ရင်းနှီးရမယ့်အချိန်တန်ဖိုးကြီးမား ပါတယ်။ ခဏကြိုးစားပြီး ဖြစ်မှာမဟုတ်ပါဘူးဆို စိတ်ဓါတ်ကျလို့ မရဘူး။ တီဗွီကြော်ငြာထဲမှာသာ ကွေကာအုပ် တစ်ခွက်သောက်ပြရုံ နဲ့အရပ်ကြီးရှည်၊ လူကဝ၊ ဉာဏ်တွေကောင်း ဖြစ်နေတာပါ။ လက်တွေ့ဘဝမှာ ထိုက်တန်တဲ့ ရင်းနှီးမှုမရှိဘဲ လှပတဲ့ဘဝ မရနိုင် ပါဘူး။ တို့ဘဝကြီး တိုးတက်ချမ်းသာဖို့ အမွေးတိုင်အားကိုးလို့ မရပါဘူး။

(၃) တို့ကိုယ်ကျင့်တရားကောင်းရမယ်။ သူများကိုမလိမ်ရဘူး။ မညာရဘူး။ ကိုယ့်ထက်သာသူကို ခြေထိုးမခံရဘူး။ ရိုးသားစွာ ကိုယ်ကသာအောင် ကြိုးစားရမယ်။ အဲဒါတွေဟာ တစ်နည်းအား ဖြင့်တော့ ဘာသာအသီးသီးက ဆုံးမထားပြီးသားတွေပါ။ အရေး ကြီးတာက တို့သိတာတွေ တို့လိုက်နာနိုင်ဖို့ပဲ။ ဒီနေရာမှာလည်း အမျိုးနှစ်ဆယ်လောက်သိပြီး နှစ်မျိုးလောက်ပဲ လိုက်နာတဲ့လူထက် ငါးမျိုးလောက်သိပြီး လေးမျိုးလောက် လိုက်နာတဲ့လူက တိုးတက် ကြီးပွားမယ်ဆိုတာ ရေးဖူးပါတယ်။ နှစ်ဆယ့်တစ်ရာစုအဝင်မှာ ခုပြန်သတိပေးတာပါ။

(၄) အပြန်အလှန်လေးစားဖို့အတွက်လည်း ဆရာဝန်ဇနီး မောင်နှံနဲ့ကားဝပ်ရှော့ကကောင်လေးကို နမူနာပြရေးခဲ့ဖူးပါတယ်။ ဝပ်ရှော့နားမှာကားပျက်တော့ဆရာဝန်ကလှမ်းခေါ်တယ်လေ။ ဟေ့ ချာတိတ်ခဏဆိုပြီး ကားပြင်တဲ့ကောင်လေးက တစ်ချက်လှည့်ကြည့် ပြီး “မအားဘူးဗျ - တခြားဝပ်ရှော့သွားခေါ်ပါ” လို့ပြန်ပြောတော့

www.burmeseclassic.com

ဇနီးကဆင်းသွားပြီး "ငါ့မောင်ရယ် အစ်မတို့က ဆရာဝန်တွေပါ အရေးကြီးတဲ့လူနာသွားကြည့်ရမှာမို့" ဆိုပြီးပြောတော့မှ "အစ ကတည်းက ပြေပြေလည်လည်ပြောရင်ရပါတယ်ဗျာ။ ကျွန်တော် တို့ကလည်းမရိုင်းတတ်ပါဘူး"ဆိုပြီး ထပြင်ပေးတဲ့အကြောင်း မှတ် မိဦးမှာပါ။ လောကကြီးမှာ လူတိုင်းဟာ သူ့နေရာနှင့်သူအရေးပါ ပါတယ်။ အလုပ်တိုင်းမှာ သူ့တန်ဖိုးနဲ့သူရှိပါတယ်။ လူ့လောကကြီး ကို ဆရာဝန်တွေနဲ့ချည်းဖွဲ့စည်းလို့မရပါဘူး။ ဥပဒေပညာရှင်တွေနဲ့ ချည်းဖွဲ့စည်းလို့မရပါဘူး။ ကားဆရာတွေနဲ့ချည်းဖွဲ့စည်းလို့မရ ပါဘူး။ အားလုံးပါဝင်မှ လှပနေမှာပါ။ ပညာတိုင်းဟာတန်ဖိုးရှိ ပါတယ်။ ကိုယ်သင်ခွင့်ရတဲ့ပညာကို ထူးချွန်အောင်ကြိုးစားဖို့သာ အဓိကပါ။ အဲဒီစကားကို လူငယ်တွေမမေ့သေးဘူးဆိုရင် - နှစ်ဆယ့်တစ်ရာစုမှာ ကိုယ်သင်ခွင့်ရတဲ့ပညာကို ထူးချွန်အောင် သင်၊ လုပ်ခွင့်ရတဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ ထပ်သတိပေးရမှာပဲပေါ့။

(၅) အလုပ်ရဲ့ကြီးကျယ်ခမ်းနားမှုဟာ ကိုယ့်ကြိုးစားမှုအပေါ် မှာပဲတည်ပါတယ်။ ဒီနေ့ မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်က ထုတ်လွှင့်နေတဲ့၊ "ဒစ်(စ)ကာဗာရီ" ကဏ္ဍမှာ မြွေ၊ ကြွက်၊ ပိုးဟပ် စတဲ့အကောင်တွေကို မွေးမြူလေ့ကျင့်ပေးနေတဲ့ သူတွေကို ကြည့်စမ်းပါ။ ကိုယ်လုပ်တဲ့အလုပ်ကို အကောင်းဆုံးဖြစ်အောင် လုပ်ခဲ့တော့ နိုင်ငံတကာထုတ်လွှင့်ရမယ့်လေဟာနယ် သတင်းဖြန့် ချိရေးမှာ မှတ်တမ်းတင်ခံရတာပါပဲ။ ပိုးဟပ်နဲ့ကြွက်ကိုမွေးထားတဲ့ သူကို တို့တွေ တအံ့တသြ ထိုင်ငေးနေရတာ ဘာကြောင့်လဲ။

သူလုပ်ခွင့်သာတဲ့အလုပ်၊ သူလုပ်တဲ့အလုပ်မှာ အကောင်းဆုံးဖြစ်အောင်လုပ်လို့ပေါ့။ ရည်မှန်းချက်တစ်ခုထားပြီး စူးစူးစိုက်စိုက်လုပ်ဖို့တော့ လိုပါတယ်။

အောင်မြင်တဲ့ဘဝကို ရနေတဲ့သူတိုင်းဟာ ကြိုးစားခဲ့လို့ပါ။ ဒါတွေကတော့ တို့တွေနှစ်ဆယ့်တစ်ရာစုကို ဆက်သယ်သွားသင့်တဲ့ဟာတွေပေါ့။

နောက်ကိုပြန်ကြည့်စမ်းပါ။ ရေဒီယို၊ ကက်ဆက် ပြင်ခဲ့တဲ့ဆိုင်လေးတွေမှာပဲ တီဗွီနဲ့ဗီဒီယိုစက်တွေကို ပြင်ခဲ့ကြပါပြီ။ မကြာခင်ကာလမှာ အဲဒီဆိုင်လေးတွေဟာ ကွန်ပျူတာတွေပြင်ပေးလာဦးမှာပါ။ နည်းပညာအတတ်ပညာဆိုတာ ကြိုးစားသူလက်ထဲ၊ လိုလားသူလက်ထဲရောက်လာဦးမှာပါ။ လူတိုင်း အပြန်အလှန်လေးစားပြီး ပညာတိုင်း အရေးပါတယ်ဆိုတာကို သိကြပါ။ သိပြီးရင်တော့ လေ့လာပါ။ သင်ယူပါ။ ကြိုးစားပါ။ သေချာတာကတော့ နှစ်ဆယ့်တစ်ရာစုဆိုတာဟာလည်း လူသားတွေအားလုံးနဲ့ ဖွဲ့စည်းရမှာပါ။ လှုပရမှာပါ။ နှစ်ဆယ်ရာစုကို နှုတ်ဆက်ရင်း နှစ်ဆယ့်တစ်ရာစုကို ကြိုဆိုလိုက်ကြပါစို့ ။ --- ။

**ရတနာပုံ သထင်းစာ**

**၂၃.၁.၂၀၀၀**

**ထံချွန်**

www.burmeseclassic.com

# နောက်လိုက်ကောင်းများ

ဈေးကွက်စီးပွားရေးကို ဦးတည်ခဲ့ပြီးနောက် ကံချွန်တို့ဆီမှာ စီမံခန့်ခွဲမှုသင်တန်းတွေ၊ အုပ်ချုပ်မှုသင်တန်းတွေ၊ အတွင်းရေးမှူး သင်တန်းတွေ အများကြီး ရှိလာပါတယ်ခင်ဗျ။ ထူထောင်တည် ဆောက်လာမယ့် ဟိုတယ်ကြီးတွေ၊ လုပ်ငန်းကြီးတွေ၊ ကုမ္ပဏီကြီး တွေအတွက် လိုအပ်တာကိုး။

ကုမ္ပဏီကြီးတစ်ခု၊ စက်ရုံကြီးတစ်ခုအောင်မြင်ဖို့ဆိုတာ စီမံ ခန့်ခွဲသူများရှိရုံနဲ့ပြီးပြည့်စုံပြီလား။ အဲသလိုတွေးမိပါတယ်ခင်ဗျာ။ ကံချွန်က ကုမ္ပဏီကြီးတိုင်း၊ လုပ်ငန်းကြီးတိုင်းအောင်မြင်စေ့ချင် တာကိုး။ ၂၀ ရာစုမှာတုန်းက ကံချွန်ရေးဖူးတဲ့ စာလေးသုံးကြောင်း လောက်ပြန်ပြီး သတိဖေါ်ပေးပါရစေ။ မိသားစုတိုင်းအောင်မြင် တိုးတက်မှ ရပ်ကွက်တိုးတက်ပါမယ်။ ရပ်ကွက်တိုင်းတိုးတက်မှ နယ်မြေတိုးတက်ပါမယ်။ နယ်မြေတိုးတက်မှ မြို့ပြတိုးတက်ပါမယ်။ လူတိုင်းတိုးတက်စေ့ချင်ပါတယ်။ အထူးသဖြင့် လူငယ်တိုင်းပေါ့ ခင်ဗျာ။ ဒါကြောင့် ကံချွန်က လူတိုင်း၊ မိသားစုတိုင်း တိုးတက်စေ ချင်ပါတယ်။ အဲသလိုအာရုံစိုက်မိလို့ ဒီဆောင်းပါးကို ရေးဖြစ်ရတာပါ။

တကယ်တော့ကံချွန်ဟာ ကုမ္ပဏီကြီးတွေအကြောင်း၊ လုပ်ငန်း ကြီးတွေအကြောင်း မသိပါဘူး။ ဒါပေမယ့် ရပ်ကွက်ထဲက မိသားစု တွေ၊ မိတ်ဆွေတွေရဲ့ မိသားစုတွေအကြောင်းတော့ သိပါတယ်။ မိသားစု သုံးစုအကြောင်း ပြောပြပါရစေ။

ကိုသံချောင်းဆိုတာဆိုက်ကားနင်းပါတယ်။ စနစ်ဇယားလည်း ရှိပါတယ်။ အမျှော်အမြင်လည်းကြီးပါတယ်။ ဒါကြောင့်လည်း အငှား နင်းရင်းကနေ ကိုယ်ပိုင်ဖြစ်လာတာပါ။ ဆိုက်ကားဘီးပေါက်၊ စပုတ် ပြတ်တော်ရုံတန်ရုံပျက်တာလောက်တော့ ကိုယ့်ဟာကိုယ်ပြင်တတ် တယ်။ မြို့သစ်ကရေအိုင်အတော်များများမှာ ကိုသံချောင်း ငါး မပက်ဘူးတဲ့အိုင်မရှိပါဘူး။ ခရီးသည်ပို့ရင်း သွားရင်းလာရင်း ကြည့် ထားတယ်။ ခရီးသည်ပါးတဲ့နေ့မျိုးမှာငါးပက်တယ်။ ညပိုင်းမှာ သူ့တူ ရဲ့အလင်းဆိုင်သွားပြီး စားပွဲထိုးလုပ်ပေးလိုက်သေးတယ်။ သူ့မိန်းမ ကမြို့သစ်ဈေးမှာ ဈေးရောင်းတယ်။ ဈေးအကြိုအပို့လည်းသူပဲ။ သူတို့ မိသားစုမှာ ကလေးငါးယောက်ရှိတယ်။ သမီးကြီးက အိမ်ထောင်ခွဲ၊ ဒါပေမယ့် မိဘအိမ်ပဲလာနှိုက်စားနေတာ။ သားကြီး ကဟိုယောင်ယောင်၊ ဒီယောင်ယောင်။ ဘယ်အလုပ်မှ လက်ကြော တင်းအောင်မလုပ်ချင်ဘူး။ အငယ်သုံးယောက်ကတော့ ကျောင်း နေတုန်း။ အဲဒီမိသားစုမပြေလည်ပါဘူး။ သမီးအကြီးနဲ့သားကြီးက ဘာမှမလုပ်တဲ့အပြင်မဆင်မခြင်သုံးနေကြလို့ပေါ့။ မိဘကဘယ်လို စီမံပေးလို့မှမရတာ။ ဘယ်အလုပ်ထဲသွင်းပေးပေး မမြဲဘူး။ အဲဒီ နှစ်ယောက်သာ နောက်လိုက်ကောင်းတွေဖြစ်မယ်ဆိုရင် - - -

ကိုချမ်းသာဆိုတာကတော့ ပွဲစားပါ။ ကားမစီးနိုင်ပေမယ့် စူပါကပ်ကလေးတော့စီးနိုင်ပါတယ်။ နေတာကလည်း နံကပ်တိုက် နဲ့ပေါ့။ မြို့သစ်ကပဲ။ သမီးတစ်ယောက်၊ သားတစ်ယောက်ရှိတယ်။ ပြီးတော့ သူ့မိန်းမရဲ့ညီမပေါ့။ သူ့ခယ်မရယ်။ အိမ်မှာအဝီစိတွင်း တူးပြီးရေရောင်းတယ်။ ရေဘယ်လောက်ဖိုးရောင်းရသလဲဆိုတာ

www.burmeseclassic.com

စာရင်းလုပ်လို့မရဘူး။ ဝယ်သူလာတဲ့အချိန်က ပိုက်ဆံယူတဲ့လူက သုံးလိုက်တာပဲ။ ရေစည်လှည်းနှစ်လှည်းထောင်ထားတာ။ တစ်နေ့ ကုန်မနားတမ်းဆွဲနေကြတာပဲ။ မိန်းမနဲ့ခယ်မက အလှပြင်ဆိုင်မှာ ပဲခေါင်းလျှော်တယ်။ သမီးကအဆစ်ပါ ပါသွားရင်း ခုတော့ သမီး ကပါ ကိုယ့်ဟာကိုယ်ခေါင်းမလျှော်တတ်ဘူးလို့ဆိုပါတယ်။ သားက ဂစ်တာတစ်လက်နဲ့။ တစ်နေ့တစ်နေ့ ကာရာအိုကေမှာ သီချင်း သုံးလေးရာဖိုးဆိုရမှ နေသာထိုင်သာရှိသတဲ့။ ဒီတော့ ကိုချမ်းသာ စီးနေတဲ့ဆိုင်ကယ်လေးဟာ ခဲရောင် ၁ဃ ကနေပြီး သား၊ သမီးတွေ ကြီးလာတာနဲ့အမျှ ဆိုင်ကယ်နံပါတ်က သေးသေးလိုက်သွားတာ။ ဃပက်လက်တစ် ဖြစ်တော့မယ်။ ဆိုင်ကယ်စုတ်ကလေးဖြစ်နေပြီ။

နောက်ဦးစိန်ရိုးတို့မိသားစု။ ဦးစိန်ရိုးက ရှေးသူဌေးလို့ပဲ လွယ်လွယ်ပြောကြစို့ရဲ့။ ဘိုးဘွားလက်ထက်ကတည်းကချမ်းသာလို့ သူဌေးကြီးဦးစိန်ရိုးဖြစ်နေတာပါ။ သူကအောက်ပိုင်းမသန်ရှာဘူး။ ဘီးတပ်ကုလားထိုင်နဲ့သွားလာနေရတယ်။ အိမ်ထောင်ကျလို့ သားနှစ်ယောက်ရပြီးမှ ကားတိုက်ခံရပြီးဖြစ်သွားတာပါ။ သူဒဏ်ရာ ရပြီးတာနဲ့ တက္ကသိုလ်ကဘွဲ့ရပြီးစ သားကြီးကို ဆီစက်မှာအုပ်ချုပ် ခိုင်းတယ်။ သားငယ်ကိုတည်းခိုခန်းမှာ အုပ်ချုပ်ဖို့ခိုင်းတယ်။ သူတို့ မိသားစု၊ တည်းခိုခန်းပြောင်းနေတယ်။ သားငယ်နဲ့တည်းခိုခန်းလွှတ် ထားရင် သားငယ်မထိန်းနိုင်မှာစိုးလို့ပေါ့။ တည်းခိုခန်းရဲ့အောက်ဆုံး ထပ်မှာစတိုးဆိုင်ဖွင့်ပြီး မိန်းမကို အုပ်ချုပ်ခိုင်းတယ်။ တစ်နှစ် လောက်ပဲသူစီမံရတယ်။ ခုတော့အားလုံးလုပ်တတ်ကိုင်တတ်သွားပြီ။ သားငယ်ဆိုရင်အိမ်ထောင်ကျသွားပြီ။ ချွေးမကလည်း စီးပွားရေး

လုပ်နေကြတဲ့မိသားစုထဲမှာ ထိုင်စားမနေချင်ဘူးဆိုလို့ ဆံပင်မိတ်ကပ်အလှပြင်ဆိုင်ဖွင့်ပေးထားတယ်။ ဦးစိန်ရိုးရဲ့စည်းစိမ်ကသူရှာဖွေခဲ့စဉ်ကရှိတာထက်ငါးဆလောက်တိုးပွားသွားပါပြီ။

ဒါလောက်ရေးပြရင် လူငယ်တွေသဘောပေါက်ပါတယ်။ ကိုယ်ကအိမ်ထောင်ဦးစီးမဖြစ်သေးခင်မှာနောက်လိုက်ကောင်းတစ်ယောက်ဖြစ်ဖို့လည်းအရေးကြီးတယ်ဆိုတာသိထားရင်၊ သတိထားမိရင်-- အဲဒီမိသားစုတိုးတက်မှာ သေချာပါတယ်။ နောက်လိုက်ကောင်းမဖြစ်ဘဲနဲ့ ခေါင်းဆောင်ကောင်းမဖြစ်နိုင်ပါဘူး။ လူငယ်တိုင်းသတိထားပြီး ကိုယ့်အနေအထားကိုတွေးကြည့်ပါ။ ကိုယ့်မိသားစုအတွက် ကိုယ်ကပိုနေတဲ့လူလား၊ လိုနေတဲ့လူလား။

လူငယ်တွေကိုကံချွန်ယုံပါတယ်။ လူငယ်ဆိုတာသဘောပေါက်အောင်ပြောရင်၊ သိအောင်လုပ်ပေးရင် ကံချွန်တို့ထက်မြင့်တဲ့အနေအထားကိုရောက်အောင်ကြိုးစားသွားနိုင်သူတွေပါ။ နောက်လိုက်ကောင်းဖြစ်တဲ့ လူငယ်တိုင်းဟာ မိသားစုကို ဦးဆောင်နိုင်တဲ့ လူငယ်တွေဖြစ်လာမှာသေချာပါတယ်။ နောက်လိုက်ကောင်းဖြစ်ခဲ့တဲ့လူငယ်တွေဦးဆောင်ပြီဆိုရင်လည်း အဲဒီမိသားစုရဲ့အခြေအနေဟာနှစ်ဆတိုးမြင့်တက်သွားမှာပါ။

မိသားစုတိုင်း တိုးတက်ကြီးပွားမှ မြို့ရွာတိုင်း ကြီးပွားမှကျွန်တော်တို့တိုင်းပြည် ကြီးပွားတိုးတက်မှာပါ။ မိသားစုတိုင်းကလူငယ်တိုင်းသာ “ငါတို့ဟာ ငါတို့ရဲ့မိသားစုအပေါ် ဘယ်လောက်များတာဝန်ယူနိုင်သလဲ၊ တာဝန်ကျေနိုင်သလဲ” ဆိုပြီးစဉ်းစားကြည့်မယ်ဆိုရင် - - -

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

သတိလက်လွတ်ဖြစ်လို့ တာဝန်မဲ့နေခဲ့မိတယ်ဆိုရင် ၂၁ရာစု အဝင်မှာတော့ တို့တစ်တွေကိုယ့်ကိုယ်ကိုပြုပြင်ကြပါစို့လား။

**ရတနာပုံ သတင်းစာ**

**၃၀. ၁. ၂၀၀၀**

**ထဲချွန်**

# ပွင့်လင်းတယ်ဆိုတာ

လူငယ်တွေကို လေးစားပါတယ်။ လူငယ်တွေမှာ ခွန်အား ရှိတယ်။အချိန်ရှိတယ်။ အတွေးအခေါ်ရှိပါတယ်။ ပြောစရာ အားနည်းချက်ဆိုလို့ အတွေ့အကြုံနည်းကြတာ တစ်ခုပါပဲ။ ဒါက လည်းအပြစ်တော့မဟုတ်ပါဘူး။ အသက်အရွယ်ဘဝဖြတ်သန်းမှုနဲ့ ဆိုင်တဲ့ကိစ္စကိုး။ ကျွန်တော်တို့လူကြီးတွေကသာ ကျွန်တော်တို့ ဘဝ အသက်အရွယ်၊ အတွေ့အကြုံဖြတ်သန်းခဲ့မှုမှာရရှိခဲ့တဲ့ အသိတွေကို လူငယ်တွေဆီလက်ဆင့်ကမ်းနိုင်မယ်ဆိုရင် သူတို့ဘဝမှာ အမှား နည်းသွားပါမယ်။ တိုးတက်အောင်မြင်ဖို့ ကြိုးစားရတဲ့ ကာလဟာ ကြုံ့သွားမှာပါ။

နည်းပညာ၊ အတတ်ပညာတွေ တိုးတက်မြန်ဆန်နေတဲ့ နှစ်ဆယ့်တစ်ရာစုအဝင်မှာ လူငယ်တွေရဲ့ အတွေးအခေါ်နဲ့ ဆုံးဖြတ်ချက်တွေဟာလည်း မြန်ဖို့ မှန်ဖို့ လိုပါတယ်။ မြန်မြန်နဲ့

မှန်မှန် ဆုံးဖြတ်နိုင်ဖို့ကျတော့ အတွေ့အကြုံနဲ့ ဆိုင်လာပြီ။ ဒါကြောင့် နှစ်ဆယ့်တစ်ရာစုအဝင်မှာ လူငယ်လူကြီး ဆက်ဆံရေး ဟာလည်း ပိုမိုပွင့်လင်းလာဖို့ လိုလာပါပြီ။ လူငယ်တွေဟာ လူငယ် တွေရဲ့ကိစ္စ အဝဝကို လူကြီးမိဘတွေနဲ့ ပွင့်ပွင့်လင်းလင်း ဆွေးနွေး တင်ပြရဲရပါမယ်။ အဲဒါမှ လူငယ်တွေရဲ့ ဆုံးဖြတ်ချက်တွေဟာ အမှားအနည်းဆုံးဖြစ်ပါမယ်။ လူငယ်တွေနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံမှသာ လူငယ်တွေရဲ့ အနေအထားမှန်ကို ကျွန်တော်တို့ သိရမှာပါ။ ဒါမှလည်းမဖြစ်သင့်တာမဖြစ်အောင်၊ ဖြစ်သင့်တာဆိုရင် မြန်မြန်ဖြစ်အောင် ကျွန်တော်တို့ပါဝင်ကူညီနိုင်မှာပါ။ ဒါကြောင့် လူငယ်လူကြီးမိဘဆက်ဆံရေးမှာ ပွင့်လင်းဖို့ လိုလာပါပြီ။

ကံချွန်တို့မြန်မာလူ့အဖွဲ့အစည်းက အရှက်တရား၊ အကြောက် တရားအပေါ် အခြေခံပြီး ဖွဲ့စည်းထားတာပါ။ အသိဉာဏ်အတွေး အခေါ်မြင့်သူများကတော့ ရှက်သင့်တာနဲ့မရှက်သင့်တာ ခွဲခြားနိုင် ပါတယ်။ အသိဉာဏ်၊ အတွေးအခေါ် နုသူများနဲ့ နိမ့်သူများကတော့ မခွဲခြားနိုင်ပါဘူး။ ဒါကြောင့်လည်း မရှက်သင့်တာမှာရှက်ပြီး မပြော မဆိုအသိမပေးမိလို့ ကိုယ့်သားသမီး မဖုံးနိုင် မဖိနိုင်လွန်ကျွံပြီး ကာမှသိရတဲ့မိဘတွေ၊ ဒူးနဲ့မျက်ရည်သုပ်ရတဲ့ သမီးမိန်းကလေးတွေ ဆိုတာရှိလာရတာပေါ့။ ကျွန်တော်တို့လူမျိုးရဲ့ချစ်စရာကောင်းတဲ့ ဓလေ့စရိုက်ကို အဆင့်မြင့်မြင့် သိက္ခာရှိရှိဖြစ်အောင် ထိန်းသိမ်း တတ်ဖို့၊ အသုံးချတတ်ဖို့တော့ လိုပါတယ်။ ပွင့်ပွင့်လင်းလင်း ဆက်ဆံရေးကို ပြုစုပျိုးထောင်မယ်ဆိုရင် - - -

ပွင့်လင်းတာနဲ့ အရှက်နည်းတာကို ကွဲကွဲပြားပြား လူငယ်တွေ

www.burmeseclassic.com

ခွဲခြားတတ်ဖို့ ပထမအသိပေးရပါမယ်။ ဒါကျွန်တော်တို့ လူကြီးတွေရဲ့တာဝန်ပါ။ ဒီနေ့ခေတ်ရေစီးမှာ လူငယ်တွေအနေနဲ့ အရှက်နည်းတာနဲ့ ပွင့်လင်းတာ ခွဲခြားတတ်ဖို့က အရေးကြီးတဲ့အချက်တွေထဲက တစ်ချက်ဖြစ်လာပါပြီ။ ကံချွန်နားလည်ထားတာကတော့ ပွင့်လင်းတယ်ဆိုတာ ပြောသင့်ပြောထိုက်တဲ့စကား။ လုပ်သင့်လုပ်ထိုက်တဲ့အလုပ်ကို ရဲရဲတင်းတင်းပြောဆိုလုပ်ကိုင်တာပါ။ အရှက်နည်းတာကတော့ မပြောသင့်မပြောထိုက်တဲ့စကား။ မလုပ်သင့်မလုပ်ထိုက်တဲ့အလုပ်ကို (လူသိအောင်ဖြစ်စေ၊ လူမသိအောင်ဖြစ်စေ) ကျူးလွန်ပြောဆိုလုပ်ကိုင်တာပါ။ မပြောသင့်တာကို အော်ကြီးဟစ်ကျယ်ပြောဆိုနေတာ၊ မလုပ်သင့်တာကို လူရှေ့မရှောင် သူ့ရှေ့မရှောင်ကျူးလွန်လုပ်ကိုင်နေတာမျိုးဟာ ပွင့်လင်းတာမဟုတ်ပါဘူး။ အရှက်နည်းတာပါ။ လူငယ်တွေ သတိထားမိစေဖို့ ပထမဆုံး ဒီအချက်ကိုတော့ပြောရမှာပါ။

ပွင့်လင်းတာနဲ့ အရှက်နည်းတာကို လူငယ်တွေ ကွဲကွဲပြားပြားသိအောင်ပြောပြသလို ကျွန်တော်တို့ လူကြီးမိဘတွေကလည်း ခွဲခြားနားလည်ပြီး လမ်းဖွင့်ပေးရပါမယ်။ ရှက်သင့်တာနဲ့ မရှက်သင့်တာကိုခွဲခြားနိုင်အောင် ပြောပြကြရပါမယ်။ ရှက်သင့်တာတွေဟာဘာသာတရားအသီးသီးက ဆုံးမတားမြစ်ထားတာတွေကို ဆန့်ကျင်တာ၊ လူမှုရေးအရ တစ်ဖက်လူထိခိုက်နစ်နာစေမယ့် ပြုမူပြောဆိုမှုမျိုး ယဉ်ကျေးမှု ဓလေ့ထုံးစံများနဲ့ သွေဖည်တဲ့ လုပ်ရပ်မျိုး။

လူငယ်တွေသိသင့် သိထိုက်တာမှန်သမျှ ကျွန်တော်တို့တက်နိုင်သလောက်ဖြည့်ဆည်းပေးရပါမယ်။ ပွင့်လင်းတာနဲ့အရှက်

နည်းတာများ မှားယွင်းကျင့်သုံးမိရင် အမျိုးသားခလေ့စရိုက်ယဉ် ကျေးမှုဆိုတာကိုထိပါးပွန်းပဲ့စေမှာ သေချာပါတယ်။ စနစ်တကျ ပွင့်လင်းတဲ့ လူမှုဆက်ဆံရေးကို ပြုစုပျိုးထောင်ပေးနိုင်မှသာ သက်သောင့်သက်သာ စီးမျောဝင်နိုင်ပါမယ်။ လူငယ်တွေရဲ့ စိတ် အဝင်စားဆုံးကိစ္စက အချစ်ရေးကိစ္စပါ။ သွေးသားဆန္ဒကိစ္စပါ။ ဒီကိစ္စနဲ့ပတ်သက်လို့ ဥပဒေရှုထောင့်ကသိသင့်သမျှ အသိပေးထား ရပါမယ်။ ကျန်းမာရေးရှုထောင့်က သိသင့်သမျှ အသိပေးထား ရပါမယ်။ လူမှုရေးရှုထောင့်က သိသင့်သမျှ သိအောင်လုပ်ပေးထား ရပါမယ်။ သိအောင်လုပ်ပေးဖို့ဆိုတာ နားလည်လက်ခံကျင့်သုံးစေ ချင်လို့ပါ။ မသိလို့ မှားမိပါတယ်ဆိုတာမျိုးတွေ မဖြစ်စေဖို့ပါ။

အဲသလိုပါပဲ စီးပွားရေးလောကဝင်မယ်ဆိုရင်လည်း စီးပွား ရေးနဲ့ပတ်သက်လို့ သိသင့်သမျှ သိအောင်လုပ်ပေးရမယ်။ ကိုယ် လုပ်မယ့်အလုပ်ဟာ သမာအာဇီဝ ဟုတ်မဟုတ်ခွဲခြားတတ်ဖို့ လိုပါတယ်။ လူငယ်တွေဘာကို စိတ်ဝင်စားသလဲ လူငယ်တွေ ဘာဖြစ်ချင်သလဲဆိုတာ ကျွန်တော်တို့လူကြီးတွေ နားလည်နိုင် အောင်ကြိုးစားရပါမယ်။ အကောင်းအဆိုးခွဲခြားနိုင်အောင် လေ့လာကြရပါမယ်။ တစ်ချို့မိဘတွေ ပြောတာကြားဖူးပါတယ်။

"ဒီကောင်တွေ ဘာလုပ်နေမှန်းမသိဘူး"

"မင်းတို့ဟာတွေတို့ နားမလည်ဘူး"

မင်းတို့ခေတ်ကတို့ခေတ်နဲ့မတူတော့လည်းအပြောရခက် သား" ဆိုတဲ့စကားမျိုးတွေပါ။ အဲဒါလူကြီးမိဘများရဲ့ အားနည်း ချက်ပါပဲ။ ကိုယ့်တူ ကိုယ်သား ကိုယ့်သမီး ဘာကိုစိတ်ဝင်စားတယ်

www.burmeseclassic.com

ဆိုတာကို သိမှလမ်းညွှန်နိုင်မှာပေါ့။ အဲသလို သိဖို့အတွက် ပိုမို ပွင့်လင်းတဲ့ဆက်ဆံရေးမျိုးကို ကိုယ့်မိသားစုထဲမှာ ထူထောင်ရပါမယ်။ အဲဒါမှ သိဖို့လွယ်မှာပါ။ ကိုယ့်ရှေ့မှာ ရဲရဲတင်းတင်း ပြောဆိုလုပ်ကိုင်ရဲအောင် လမ်းဖွင့်ပေးထားရမှာပါ။

လူငယ်များဘက်ကလည်း ကိုယ့်လုပ်မယ့်အလုပ် ကိုယ်ပြောမယ့်စကားဟာ ရိုးသားမှုအပေါ်မှာ အခြေခံနေတယ်ဆိုရင် လူကြီးမိဘကို ပွင့်ပွင့်လင်းလင်းပဲ အသိပေးပါ တိုင်ပင်ပါ။ အချစ်ရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး အားလုံးမှာဆိုပါတော့။ လူငယ်၊ လူကြီး မိဘတွေကြားမှာ ပွင့်လင်းတဲ့ဆက်ဆံရေးရှိရပါမယ်။ ကျွန်တော် ခုလိုဆွေးနွေးရတာက လူငယ်တွေမှာ တိုင်ပင်ဖော်ရှာနေတယ်ဆိုတာသိလို့ပါ။ ကျွန်တော့ဆီကို အကြံဉာဏ်တောင်းတဲ့စာ သူတို့ဘဝ သူတို့အခြေအနေပြောပြပြီး ဘာဆက်လုပ်သင့်တယ်ဆိုတာမေးတဲ့စာမျိုးတွေမကြာခဏလာပါတယ်။ အဲသလိုစာတစ်တန် ပေတစ်တန်မေးရခြင်းဟာသူတို့ရဲ့အနီးအနားမှာတိုင်ပင်ဖော်မရှိလို့ဆိုတာပြနေတာပါပဲ။ တစ်ချို့ကိစ္စလေးတွေဟာ ဘယ်လောက်မှ လေးနက်ကြီးကျယ်တာမဟုတ်ပါဘူး။ လူကြီးတွေကို ဖွင့်ပြောရမှာ ရှက်လို့ကြောက်လို့ဆိုပြီး စာရေးမေးကြတာ ကျွန်တော်စဉ်းစားကြည့်ပါတယ်။ အကယ်၍ ကျွန်တော့်ကို မမေးဖြစ်ခဲ့သော် သူတို့အတွေးနဲ့သူတို့ဆုံးဖြတ်ခဲ့သော်အဲဒီမေးခွန်းဟာသူတို့ရဲ့ဘဝတစ်ခုလုံးနဲ့ဆိုင်သွားနိုင်ပါတယ်။

ကံ့ချွန်ရဲ့ဆန္ဒကတော့ လူငယ်တိုင်းရဲ့ ဘဝရှေ့ရေးကို သာယာစိုပြည်စေချင်ပါတယ်။ တိုးတက်စေချင်ပါတယ်။ လူကြီးမိဘတိုင်း

အနေနဲ့ဘယ်လိုကူညီမှုတိုးမြှင့်လို့ရမလဲ။ ဘယ်လိုအားပေးလို့ရမလဲ။ အဲဒီအတွက်ပွင့်လင်းတဲ့ ဆက်ဆံမှုကို လိုအပ်တတ်လို့မြင်ပါတယ်။ နှစ်ဆယ့်တစ်ရာစုမှာ ဦးဆောင်မယ့်လူငယ်တို့အတွက် နှစ်ဆယ့်တစ်ရာစုရေစီးမှာ မျောရမယ့်လူငယ်တို့အတွက်

လူငယ် - လူကြီးမိဘတို့ကြား ပိုမိုပွင့်လင်းသော ဆက်ဆံရေး တည်ဆောက်နိုင်ပါစေ -

ခေတ်မီရေစီးမှာ ပွင့်လင်းတာနဲ့ အရှက်နည်းတာ ကွဲပြားခွဲခြားနားလည်နိုင်ကြပါစေ -

**ရတနာပုံသတင်းစာ**

**၆. ၂. ၂၀၀၀**

**ကံချွန်**

# တန်ဖိုးလည်းရှိမှ တန်ဖိုးလည်းသိမှ

"တန်ဖိုး" အကြောင်းလည်း ကံချွန်ရေးသားဆွေးနွေးဖူးပါတယ်ခင်ဗျာ။ တန်ဖိုးတွေကိုမသိရင် ကံချွန်တို့နစ်နာဆုံးရှုံးမှုတွေဖြစ်မယ်။ တန်ဖိုးနားလည်သူ၊ သိသူများက ကံချွန်တို့ဆီကနေ ခပ်ပေါပေါ၊ ခပ်ချောင်ချောင်နဲ့ သိမ်းကျုံးယူငင်တာခံရမယ်။ ကံချွန်တို့မြန်မာပြည်တွင်းမှာ မြန်မာတွေပိုင်ဆိုင်သမျှ သက်မဲ့ဝတ္ထုပစ္စည်းတွေဖြစ်တဲ့ ကောက်ပဲသီးနှံ၊ သယံဇာတ၊ အနုပညာရတနာတွေရဲ့

www.burmeseclassic.com

တန်ဖိုးကိုသိဖို့လိုသလို တန်ဖိုးရှိတယ်ဆိုတာ သတိမေ့နေကြတဲ့ နေရာဒေသဝန်းကျင်စိမ်းလန်းစိုပြေမှုလိုဟာမျိုး၊ သဘာဝပေးအပ်ထားတဲ့ ရာသီဥတုနဲ့ သဘာဝအန္တရာယ်ဆိုးကြီးတွေက လွတ်ကင်းနေတဲ့ ပထဝီအနေအထားရဲ့တန်ဖိုး၊ အဲဒါမျိုးတွေလည်း ကံချွန်တို့သိရပါမယ်။ ဒါမှ ထိန်းသိမ်းတတ်မှာပါ။ အသုံးပြုတတ်မှာပါ။

ပြီးတော့ မြင်နိုင်စွမ်းမရှိတဲ့အချိန်ရဲ့တန်ဖိုး၊ အတွေးအခေါ်၊ အယူအဆတွေရဲ့တန်ဖိုး၊ စေတနာရဲ့တန်ဖိုး၊ အမှန်တရားရဲ့တန်ဖိုး၊ မေတ္တာတရားရဲ့တန်ဖိုး၊ ကူညီရိုင်းပင်းမှုရဲ့တန်ဖိုးဆိုတာတွေကိုလည်း ကံချွန်တို့သိရပါမယ်။ ဒါတွေကျတော့ သိပ်သိမ်မွေ့သွားပြီး အသက်အရွယ် အတွေ့အကြုံ လေ့လာမှုအရ သတိထားမိပါမှ သိနိုင်တဲ့အရာတွေပါ။ ကံချွန်ကတော့ လူငယ်တွေကို အချိန်နဲ့ ရင်းနှီးမယူရဘဲ ကံချွန်တို့သိထားသမျှ သူတို့စောစောစီးစီး သိရအောင် လက်ဆင့်ကမ်းပေးချင်ပါတယ်။

ဒီအကြောင်းတွေကို ပြီးခဲ့တဲ့နှစ်ကလည်း ပြောသင့်သလောက်တော့ပြောပြီးပါပြီ။ ရေးပြီးပါပြီ၊ ၂၁ ရာစုအဝင်မှာတော့ တစ်ဆင့်မြှင့်ပြီးပြောချင်လို့ပါ။

တန်ဖိုးရှိဖို့ တန်ဖိုးသိဖို့ဟာ လူငယ်တွေအနေနဲ့ တစ်ပြိုင်တည်း လေ့ကျင့်ပျိုးထောင်လေ့လာရမှာပါ။ ကိုယ်ကိုယ်တိုင်တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ရပါမယ်။ တန်ဖိုးရှိတဲ့ လူတစ်ယောက်ဖြစ်ဖို့ တန်ဖိုးရှိတဲ့အရာတွေကိုသိရပါမယ်။ တန်ဖိုးရှိတဲ့ ရုပ်ဝတ္ထုတွေတင် ပိုင်ဆိုင်တာနဲ့ တန်ဖိုးရှိတဲ့လူငယ်တစ်ယောက်ဖြစ်မသွားပါဘူး။ တန်ဖိုးရှိတဲ့ အတွေးအခေါ်၊ အမူအကျင့်၊ အလေ့အထ၊ အသိဉာဏ်

မြင့်မားမှုတွေပါ ပိုင်ဆိုင်ရပါမယ်။ တန်ဖိုးရှိတဲ့နည်းပညာ၊ အတတ်ပညာတွေကိုသိရပါမယ်။ သိမှ ပိုင်ဆိုင်အောင်လေ့ကျင့်ကြိုးစားလို့ရမှာပါ။ တန်ဖိုးတွေကို မသိရင် ဘယ်အရာတွေကို ပိုင်ဆိုင်သင့်တယ်၊ ကိုယ်ပိုင်ဆိုင်ပြီးသားတွေထဲမှာ ဘယ်ဟာတွေကတော့ တန်ဖိုးရှိတယ်၊ အဆုံးရှုံးမခံသင့်ဘူး။ ထိန်းသိမ်းရမယ်ဆိုတာသိပါမယ်။

ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ တန်ဖိုးကိုသိအောင်လေ့လာဖို့ကတော့ လွယ်ပါတယ်။ မြင်နိုင်စွမ်းမရှိတဲ့ အတွေးအခေါ်၊ အယူအဆ၊ အသိဉာဏ်၊ စေတနာ၊ မေတ္တာ၊ သံယောဇဉ်၊ စာနာမှု၊ ကြင်နာမှု၊ အမှန်တရား၊ ကူညီမှုတန်ဖိုး၊ ပီတိစတဲ့အရာတွေရဲ့ တန်ဖိုးကို သိဖို့တော့ ပြောရခက်ပါတယ်။

တန်ဖိုးတွေမသိလို့ ရုပ်ဝတ္ထုပစ္စည်းပိုင်ဆိုင်မှုတွေ၊ ဆုံးရှုံးရတာဟာ တန်ဖိုးသိလာတဲ့အချိန်မှာ ပြန်ရှာလို့ ရနိုင်ပါတယ်။ တန်ဖိုးမသိလို့ မိတ်ဆွေစစ်၊ မိတ်ဆွေကောင်းတွေ ဆုံးရှုံးရတာ၊ စေတနာ၊ မေတ္တာတွေဆုံးရှုံးရတာ၊ အမှန်တရားတွေဆုံးရှုံးရတာ၊ ဝန်းကျင်ကောင်းတွေ ဆုံးရှုံးရတာမျိုးကတော့ အစားထိုးလို့မရနိုင်ပါဘူး။ အစားထိုးမရနိုင်တဲ့အထဲမှာ အချိန်လည်းပါတယ်။ အဲသလိုပါပဲ။ နေရာဒေသ၊ သဘာဝပတ်ဝန်းကျင်၊ ရာသီဥတု၊ တောတောင်ရေမြေတွေရဲ့ တန်ဖိုးတွေမသိလို့ ဆုံးရှုံးရပြီဆိုရင် နှစ်ပေါင်းများစွာမျိုးဆက်ပေါင်းများစွာ ပြန်လည်အစားထိုးပြုစုရမှာပါ။ အစားထိုးရခက်ခဲတဲ့၊ အစားထိုးလို့မရနိုင်တဲ့ ဆုံးရှုံးမှုမျိုးကို လူတိုင်းက မပြုလုပ်မိပါမှ ကံချွန်တို့နိုင်ငံသာယာမှာပါ။ တစ်တိုင်းပြည်လုံးရဲ့ ရာသီဥတု၊တောတောင်ရေမြေ၊ သဘာဝပတ်ဝန်းကျင်ဆိုတာတစ်ယောက်

www.burmeseclassic.com

တည်းက ထိန်းသိမ်းလို့ရတဲ့အရာမျိုးမဟုတ်ပါဘူး။

လူတစ်ယောက်ဟာ အသိဉာဏ်နည်းပြီဆိုရင် မိတ်ဆွေစစ်၊ မိတ်ဆွေကောင်း၊ စေတနာ၊ မေတ္တာ၊ အမှန်တရားနဲ့ ဝန်းကျင်ကောင်းတွေဆုံးရှုံးရပါမယ်။ အဲဒါတွေဆုံးရှုံးပြီဆိုမှတော့ အဲဒီလူရဲ့ ဘဝဟာ တိုးတက်ဖို့မလွယ်တော့ပါဘူး။ ကံချွန်က ဒါတွေရေးနေရင်း ဒီသဘောတရားကို ဟိုးရှေးရှေးကတည်းက ရှေးလူကြီးများ သတိပေးခဲ့တာလည်း အမှတ်ရမိပါတယ်ခင်ဗျာ။

"သူခိုး နွားကောင်းမှန်းမသိ"

ဆိုတဲ့စကားက တန်ဖိုးကို နားလည်ကြဖို့သတိပေးခဲ့တဲ့စကားပါပဲ။ တန်ဖိုးရှိတဲ့အရာကို တန်ဖိုးရှိမှန်းမသိရင် အဲဒီအရာပျက်စီးဆုံးရှုံးမှာပါပဲ။ "လူပဲကွာ အရာရာကိုတော့ ဘယ်လိုက်သိနေနိုင်ပါ့မလဲ" လို့တချို့ကပြောကြတယ်နော်။ မှန်ပါတယ်။ အရာရာကို မသိတောင်မှ ကိုယ်နဲ့ထိတွေ့နေရတဲ့အရာတွေရဲ့တန်ဖိုးတော့သိရမှာပေါ့။ တစ်ခုပြောပြချင်တယ်။ ဒီနေ့ကွယ်လွန်သူ မြန်မာပန်းချီဆရာကြီးတစ်ဦးရဲ့ ပန်းချီကားတွေဟာ သိန်းဆယ်ဂဏန်းထိတန်နေတယ်။ ဒါပေမယ့် သူ့မိသားစုလက်မှာတော့ သူ့ပန်းချီကားတွေမရှိတော့ဘူး။ စဉ်းစားကြည့်ကြစမ်းပါ။

ကိုယ်နဲ့ထိတွေ့ပတ်သက်နေရတာတွေရဲ့ တန်ဖိုးဖြစ်ဖြစ်တော့ သိရမှာပေါ့။ ဂျက်လေယာဉ်ထဲက အပိုပစ္စည်းတန်ဖိုးသိရမယ်။ ရေငုတ်သင်္ဘောထဲက အပိုပစ္စည်းတန်ဖိုးသိရမယ် မဆိုလိုပါဘူး။

လူတိုင်းနေ့စဉ်ထိတွေ့နေရတဲ့အထဲမှာ သေချာတာကတော့ လူတွေအချင်းချင်းပါပဲ။ ဒီတော့ ကံချွန်တို့ဟာ လူတွေရဲ့တန်ဖိုးကို

သိရပါမယ်။ ဒါမှ လေးစားသင့်သူ၊ ရိုသေသင့်သူ၊ မြှောက်စားသင့်သူ၊ ရှောင်ခွာသင့်သူ စသဖြင့်ခွဲခြားနိုင်မယ်ပေါ့။ ကိုယ် ကိုယ်တိုင်လည်း တန်ဖိုးရှိတဲ့ လူငယ်တစ်ယောက်ဖြစ်ဖို့ ကြိုးစားရပါမယ်။ အများကောင်းဖို့ မလုပ်နိုင်ဦးတော့ ကိုယ်ကောင်းဖို့၊ ကိုယ်ကြီးပွားဖို့၊ ကိုယ်ပြည့်စုံဖို့၊ ကိုယ်ချမ်းသာဖို့အတွက် သူတစ်ပါးကိုထိခိုက်နစ်နာမှု မရှိစေဘဲ စိတ်အနှောင့်အယှက်မဖြစ်စေဘဲ ရှာဖွေတတ်ရပါမယ်။

ပြီးတော့

ကိုယ့်ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးတွေကို ထိခိုက်နစ်နာပျက်စီးစေမယ့် ပြောဆိုလုပ်ကိုင်မှုမျိုး မလုပ်မိဖို့ကိုလည်း သတိထားရပါမယ်။ အဲဒီအချက်ကတော့ ကိုယ့်ကိုယ်ကို တန်ဖိုးရှိအောင်နေတတ်ဖို့ အခြေခံအကျဆုံးအချက်ပဲပေါ့။ လူတွေရဲ့သဘောကတော့ ရှင်းရှင်းလေးပါ။ ပစ္စည်းတွေကို အသုံးချရာမှာပဲ ကြည့်လေ။ ခြေသုတ်ခုံကို အိမ်အဝင်ဝ၊ တိုက်တံခါးဝ၊ လှေကားထိပ်မှာ နေရာပေးမှာပေါ့။ မျက်နှာကျက်ပြားကိုတော့ အထက်ကပ်မှာပေါ့။ ငွေကြေး ဘယ်လောက်ပဲ ပြည့်စုံပါစေ၊ အသိမရှိရင် အကောင်းစား ခြေသုတ်ခုံပဲဖြစ်မှာပါ။

ကံချွန်ဟာ လူငယ်တွေကို တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်စေချင်ပါတယ်။ တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်ဖို့ တန်ဖိုးရှိတဲ့နေရာတွေပိုင်ဆိုင်ရပါမယ်။ ဘယ်အရာတွေ တန်ဖိုးရှိတယ်ဆိုတာ သိရပါမယ်။ မေတ္တာတရားရဲ့တန်ဖိုး၊ စေတနာရဲ့တန်ဖိုး၊ အမှန်တရားရဲ့တန်ဖိုး၊ ကူညီမှုရဲ့တန်ဖိုးစတဲ့ မမြင်နိုင်စွမ်းတဲ့တန်ဖိုးတွေ၊ မြင်နေပေမယ့် သတိမထားမိကြတဲ့ တောတောင်ရေမြေ သဘာဝပတ်ဝန်းကျင်ရဲ့

www.burmeseclassic.com

တန်ဖိုးတွေ အဲဒါတွေကို သိမှ၊ ပိုင်ဆိုင်မှ၊ မဆုံးရှုံးအောင် ထိန်းသိမ်းတတ်မှ တန်ဖိုးရှိတဲ့လူငယ်တွေဖြစ်ပါမယ်။ တန်ဖိုးရှိတဲ့ လူငယ်တွေဖြစ်လာမှ ကံချွန်တို့နိုင်ငံ ထိပ်တန်းရောက်နိုင်မှာမို့ -

တန်ဖိုးသိသော လူငယ်များဖြစ်ပြီး
တန်ဖိုးရှိသော လူငယ်များဖြစ်အောင်ကြိုးစားနိုင်ပါစေ။

**ရတနာပုံသတင်းစာ**
**၁၃. ၂. ၂၀၀၀**
**ကံချွန်**

# ပျော်တတ်ဖို့ဝမ်းသာတတ်ဖို့

ပျော်တတ်ဖို့ ဝမ်းသာတတ်ဖို့ လိုပါတယ်။ ခုလိုစပျိုးလိုက်တော့ ကံချွန်ဆိုတဲ့ငတိ အတည်ပေါက်တွေရေးလာရာက ဒီတစ်ပတ်ဘယ့်နှယ် ဖောက်သွားပါလိမ့်လို့ မထင်လိုက်ပါနဲ့ခင်ဗျာ။ ကံချွန်သေသေချာချာ တွေးကြည့်တော့ လူအတော်များများဟာ စနစ်တကျ မှန်မှန်ကန်ကန် မပျော်တတ်သေးဘူးခင်ဗျ။ နေရာတွေမှားပြီးဝမ်းသာနေကြတာတွေလည်းရှိရဲ့။ ကံချွန်တွေ့ရ၊ ကြုံရ၊ ဆုံရ၊ ကြားရတဲ့ ကိစ္စလေးတွေပြောပြချင်ပါတယ်။

လူတစ်ယောက်ပဲ ထားကြစို့ (နာမည်တစ်ခုတပ်ရေးလိုက်ရင်

နာမည်တူတစ်ယောက်ယောက် တစ်နေရာရာမှာရှိပြီး တိုက်ဆိုင်နေမှာစိုးလို့ပါ။ နာမည်ကအရေးမကြီးပါဘူး။ ဖြစ်ရပ်က အရေးကြီးတာပါနော်) စီးပွားရေးပြေလည်လာတယ်။ ဆိုင်ကယ်စီးရာကနေ ကားနဲ့ဖြစ်လာတယ်။ မိသားစုတွေ စားလိုက်၊ သောက်လိုက်၊ အိမ်ကနေတိုက်ဖြစ်၊ ရေဒီယိုကက်ဆက်နေရာမှာ တီဗွီတွေရောက်၊ တိုက်ခေါင်မိုးပေါ်ဂြိုဟ်တုစလောင်းတင်၊ လူမှုရေးတော့ ဘာမှမရှိပါဘူး။ ရပ်ရွာရေးလည်း ခပ်ကင်းကင်းပဲ။ အလှူခံဆိုတာကတော့ ဝင်ဖို့ကိုမလွယ်တာ။ အံ့ဩဖို့ကောင်းတာက သုံးနှစ်လောက်အတွင်း ချမ်းသာလာတဲ့လူဟာ တစ်နှစ်လောက်အတွင်း ပြန်မွဲသွားတာပဲ။ မွဲတာမှခပ်ပြောင်ပြောင်ကိုဖြစ်သွားတာ။ ဒီတော့ အဲဒီလူရဲ့ တိုက်ဘေးနားက လက်ဖက်ရည်ဆိုင်မှာ -

"ဝမ်းသာတယ်ကွာ-ခုတော့ပြောင်ပြီ"

ဆိုပြီးပြောတာကြားရပါတယ်။ဒါ ဝမ်းမသာသင့်တာ ဝမ်းသာတာပါ။ အဲသလို လူတစ်ယောက် ဒုက္ခရောက်သွားတော့ ကိုယ့်ဆီလာငွေချေးရင်ဘယ်လိုလုပ်မလဲ။ ဒါကြောင့်ကံချွန်ကတော့ လူမှုရေးသိတတ်သူရော၊ မသိတတ်သူရော၊ အများအကျိုးလုပ်သူရော၊ မလုပ်သူရောကြီးပွားချမ်းသာစေ့ချင်ပါတယ်။ လူတွေ ချမ်းသာနေမယ်ဆိုရင် သေချာတာကတော့ ကိုယ်မရတောင်မှ ကိုယ်ကတော့မပေးရတော့ဘူးပေ့ါခင်ဗျာ။ ဒါကြောင့် ကံချွန်ကတော့ ဘယ်သူတွေချမ်းသာချမ်းသာဝမ်းသာပါတယ်။ ဘယ်သူတွေ ဆင်းရဲ ဆင်းရဲစိတ်မကောင်းပါဘူး။

ကံချွန်မိတ်တွေတစ်ယောက်ဆီ အလည်ရောက်သွားပါတယ်။

www.burmeseclassic.com

သူ့အိမ်ကလည်း ကံချွန်ရဲ့အိမ်လိုပါပဲ။ လမ်းသွယ်ထဲမှာပါ။ လမ်းသွယ်တောင်မှ တစ်ဖက်ပိတ်လမ်း။ ပိတ်တဲ့ဘက်ထိပ်မှာနေတာ။ သူ့အိမ်ဝင်လမ်းရဲ့ တစ်ဝက်လောက်ထိတော့ လမ်းကောင်းပါတယ်ခင်ဗျာ။ ကျောက်ခင်းလမ်းပါ။ ကတ္တရာမပါပေမယ့် ကျောက်သေးမှုံလေးတွေ ခင်ထားတာမို့ အတော့်ကိုကောင်းတယ်ပြောရမှာပါ။ သူ့အိမ်ရောက်ဖို့ ကျန်တဲ့တစ်ဝက်ကတော့ ကြည့်ရှောင်ကွင်းရှောင်လမ်းပေါ့။ ချိုင့်ကြည့်ရှောင်၊ ဖုတာတွေ့ရင်ကွင်းရှောင်။ ကောင်းတဲ့တစ်ဝက်က အဲဒီလမ်းထဲ အလယ်လောက်မှာနေတဲ့ သူဌေးကသူ့အိမ်ကားဝင်ကောင်းအောင် ခင်းထားတာတဲ့။ ကံချွန်ရောက်သွားတော့ မိတ်ဆွေက ---

"ဘယ်ကလှည့်လာတာလဲ"

"ဒီကိုလာတာပါ။ မရောက်တာကြာလို့ --- ခင်ဗျားလမ်းက တစ်ဝက်ထိတော့ ကောင်းနေပါပေါ့လား"

"အများအတွက် စေတနာရှိလို့မဟုတ်ပါဘူးဗျာ။ သူ့တိုက်ကားဝင်လို့ရအောင်သူ့အတွက် သူခင်းထားတာပါ"

မိတ်ဆွေရဲ့ပြောစကားကြောင့် ကံချွန်တော်တော်အံ့အားသင့်သွားပါတယ်ခင်ဗျာ။ ဘာလို့များဝမ်းသာရမယ့်ကိစ္စကို ဝမ်းမသာနိုင်ပါလိမ့်။ အဲဒီသူဌေးက သူ့တိုက်ကားဝင်လို့ရအောင်လမ်းခင်းတယ်ဆိုပေမယ့် အဲဒီလမ်းကို သူ့ကားဝင်ပြီးတာနဲ့ လိပ်သိမ်းထားပြီး သူ့ကား ထွက်ခါနီးမှ ပြန်ခင်းတာမှမဟုတ်ဘဲ။ သူခင်းထားတဲ့လမ်းမှာ အဲဒီလမ်းထဲက လူတွေအားလုံးသွားလို့လာလို့ရနေတာပဲ။ ပေလေးရာလောက်ရှိတဲ့လမ်းပေနှစ်ရာလောက်ကောင်းနေတော့လည်း

ဝမ်းသာရမှာပေါ့။ လေးရာလုံးမကောင်းတာနဲ့စာရင် တော်သေးတာပေါ့။

စာရှုသူခင်ဗျာ -

စဉ်းစားကြည့်ပါ။ ပထမဖြစ်ရပ်က ဝမ်းမသာရမယ့် ကိစ္စမှာ ဝမ်းသာနေကြတာ။ လူမှုရေးမသိတတ်တဲ့လူ မွဲသွားပြီဆိုပြီးတော့ပေါ့လေ။ မွဲသွားလို့ အမြင်မတော်ရင် ကိုယ်ကပေးရမှာတော့ ထည့်မတွက်ဘူး။ ဒုတိယကိစ္စက ဝမ်းသာရမယ့်ကိစ္စ။ သူ့ခြံရှေ့ထိပဲ လမ်းခင်းတယ်ထားဦးတော့ အဲဒီလမ်းပေါ် ကိုယ်သက်တောင့်သက်သာ သွားနေရပြီပဲ။ ကျေးဇူးတင်ရမှာပေါ့။ ဝမ်းသာရမှာပေါ့။ သူသွားဖို့ခင်းထားတာမို့ ကိုယ်မသွားရတာလည်းမဟုတ်။ စဉ်းစားကြည့်ပါ။ ဝမ်းသာရမယ့်ကိစ္စ ဘာလို့ ဝမ်းမသာနိုင်ပါလိမ့်။

ကံချွန်ကတော့ လူတိုင်းချမ်းသာစေ့ချင်တယ်။ လူတိုင်းအောင်မြင်စေ့ချင်တယ်။ မဖြစ်နိုင်ဘူးဆိုတာတော့ သိပါတယ်။ ကံ၏ အကျိုးဆိုတာလည်းလက်ခံပါတယ်။ ဘုရားသခင် အလိုတော်ဆိုတာလည်း လက်ခံပါတယ်။ ဒါပေမယ့် ဆန္ဒပေါ့ခင်ဗျာ။ ကိုယ့်ဝန်းကျင်၊ ကိုယ်မြို့၊ ကိုယ့်တိုင်းပြည်မှာ ကံကောင်းသူတွေများစေ့ချင်တာဆိုပါတော့။ အဲဒီဆန္ဒလေးပေါ် အခြေခံပြီး လူငယ်တွေကို အကြံပေးချင်လာတာပါခင်ဗျာ။ သေချာပေါက် ကျွန်တော်အကြံပြုလို့ရတာကတော့ ကံကောင်းသူများ၊ အကျိုးပေးကောင်းသူများ၊ အလိုတော်တူသူများအတွက် ဝမ်းသာတတ်ဖို့ ကြည်နူးတတ်ဖို့ပါ။ အလွန်စိတ်ချမ်းသာစရာကောင်းပါတယ်ခင်ဗျာ။

ကံချွန်တို့စိတ်မှာ ကောင်းသောအရာများ ပြည့်စုံသောအရာများ၊ ကြည်နူးစရာများကိုရှာကြံပြီး ပီတိဖြစ်တတ်မယ်ဆိုရင် သေချာ

www.burmeseclassic.com

တာကတော့ ကိုယ့်အလုပ်ကိုယ်ဖြောင့်ဖြောင့်လုပ်နိုင်ပါမယ်။ ဘာမှ မလုပ်ဘဲ ထိုင်နေဦးတော့ ဒေါသကင်းကင်းနဲ့ထိုင်နေလို့ရပါတယ်။

ဝတ်နိုင်သူများ ကောင်းကောင်းမွန်မွန်လှလှပပဝတ်လာရင် နွမ်းပါးချို့တဲ့စွာ ဝတ်လာသူကို ကြည့်ရတာထက် စိတ်ချမ်းသာစရာ ကောင်းပါတယ်။ အမွှေးအကြိုင် မိတ်ကပ်-ရေမွှေးတွေလှိုင်လှိုင်ကြီး သုံးထားသူနဲ့ကြုံရင် ချွေးစော်နံတာထက်တော့၊ အနံ့ဆိုးရတာထက် တော့ ခံသာတာပေါ့ခင်ဗျာ။

ပြည့်စုံမှုတွေကို နှစ်သက်ကြည်နူးတတ်တာဟာ စိတ်ချမ်းသာ စေဖို့အရေးပါတဲ့အကြောင်းရင်းပါခင်ဗျာ။ ကျွန်တော့ကို ဆရာ ဦးအေးကျော်ပြောဖူးတဲ့စကားပြန်ရေးပြပါစေ။ အချပ်ပိုမှာလည်း ရေးဖူးပြီးသားပါ။ သူများဆွဲတဲ့ပန်းချီကားရဲ့တန်ဖိုးကိုသိမှ ကိုယ်ကိုယ် တိုင် တန်ဖိုးရှိတဲ့ပန်းချီကားကို ရေးနိုင်မယ်ဆိုတဲ့စကားပါ။

ကောင်းသောရှုထောင့်မှ မြင်တတ်မှ ကောင်းသောအလုပ်များ လုပ်တတ်ပါမယ်။ ပြည့်စုံမှုအတွက် ဝမ်းသာတတ်ရပါမယ်။ မပြည့် စုံမှုအတွက် စိတ်မကောင်းဖြစ်တတ်ရပါမယ်။ အလွန်ရိုးရှင်းနေတဲ့ ခံစားမှုလေးကိုမှ ကံချွန်တို့ဟာ ရင်မှာ မွေးမြူမယူတတ်ဘူးဆိုရင် ဘဝသက်တမ်းတစ်လျှောက်လုံး စိတ်ဆင်းရဲနေမှာ သေချာပါတယ်။ လူငယ်များပျော်တတ်ဖို့၊ ဝမ်းသာတတ်ဖို့၊ စစ်မှန်သော ပီတိရဖို့ ဆန္ဒပြုလိုက်ရပါတယ်။

**ရတနာပုံသတင်းစာ**

**၂၀. ၂. ၂၀၀၀**

**ကံချွန်**

# ကိုယ်ကောင်းဖို့

မင်္ဂလာပါ။ စာဖတ်သူများ စိတ်ရွှင်လန်းလို့ ကျန်းမာချမ်းသာပါစေခင်ဗျာ။ ကျန်းမာချမ်းသာပြီး စိတ်မရွှင်လန်းရင်လဲ နေလို့ထိုင်လို့မကောင်းဘူးခင်ဗျ။ ဒါကြောင့်လဲ ရှေးလူကြီးများက ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာပါစေလို့ ဆုတောင်းပေးကြတာပေါ့ --- နော်။

ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာဖို့ ဘယ်လိုများ ကိုယ့်ဘဝကိုယ်ပြုစုပျိုးထောင်ရမလဲလို့ ကံချွန်စဉ်းစားကြည့်ပါတယ်။ ဘယ်လိုလုပ်ရမလဲလို့ တွေးပါတယ်။ တကယ်တော့ ကံချွန်တို့ကို ကလေးဘဝကတည်းက ကျောင်းကသင်ပေးပြီးသားပဲ။

"မိမိကိုယ်ကို ကောင်းအောင်ကြိုးစားမည်"

"မိမိကျောင်းကို ကောင်းအောင်ကြိုးစားမည်"

"မိမိအရပ်ကို ကောင်းအောင်ကြိုးစားမည်"

"မိမိတိုင်းပြည်ကို ကောင်းအောင်ကြိုးစားမည်"

ဆိုပြီးတော့လေ။ ကံချွန်တို့ ပထမဆုံးကောင်းအောင်ကြိုးစားရမှာက ကိုယ့်ကိုယ်ကိုပဲခင်ဗျ။ ကိုယ်က လမ်းထိပ်မှာ မူးလဲနေမှတော့ ကိုယ့်မိသားစုက ဘယ်လိုလုပ်ဂုဏ်ယူလို့ရပ့ါမလဲ --- နော်။ ကိုယ့်ကိုယ်ကို ကောင်းအောင်မပြုပြင်နိုင်သေးဘဲနဲ့ အများအတွက်၊ မိသားစုအတွက်၊ အရပ်အတွက် ဘယ်လိုလုပ်ကောင်းအောင် လုပ်ပေးနိုင်မှာလဲ။ ကိုယ့်တိုင်းပြည်၊ ကိုယ့်မြို့ ဆိုတာကြီးက ကြီးကျယ်

www.burmeseclassic.com

တော့ ကိုယ့်မိသားစုကို ပထမစဉ်းစားကြည့်တာပါ။ ဒီတော့ ပထမဆုံး ကံချွန်တို့ကြိုးစားရမှာက အခြေခံအကျဆုံးဖြစ်တဲ့ ကိုယ်ကောင်းဖို့ပါ။

ဒီလို ပြောမိတော့ --- ။

"ဒီလူက ကိုယ်ကောင်းဖို့ပဲလုပ်နေတာ၊ အများအတွက် လုပ်တာ မဟုတ်ပါဘူး" ဆိုတဲ့ --- ။

ကဲ့ရဲ့ပြစ်တင်စကားဆိုလေ့ရှိတာကိုလဲ ကံချွန်သတိရမိပါတယ် ခင်ဗျာ။ တကယ်တော့ ကိုယ်ကမပြည့်စုံသေးဘဲနဲ့၊ မကောင်းသေးဘဲနဲ့သူများကို ကူညီလို့ မရပါဘူး။ သွက်ချာပါဒဖြစ်နေတဲ့လူက ဘယ်လိုလုပ်ပြီး ခြေကျိုးနေတဲ့လူကို တွဲနိုင်မှာလဲ။ ကိုယ်ကောင်းဖို့တော့ ပထမဆုံးလုပ်ရမှာပါပဲခင်ဗျာ။ ကိုယ်ကောင်းဖို့ဆိုတဲ့ စကားကို ကံချွန်တို့ ပထမဆုံးစဉ်းစားကြည့်ရအောင်၊ ကောင်းဖို့အတွက် ဘာတွေလိုသလဲ။ ရုပ်ပိုင်းဆိုင်ရာ ကောင်းဖို့အတွက် (ကောင်းကောင်းစားနိုင်ဖို့၊ ကောင်းကောင်းဝတ်နိုင်ဖို့၊ ကောင်းကောင်းနေနိုင်ဖို့) ငွေလိုသလို စိတ်ပိုင်းဆိုင်ရာ ကောင်းဖို့အတွက် (စိတ်ချမ်းသာဖို့အတွက်) ကိုယ့်အကျင့်စာရိတ္တကို ကောင်းအောင်တည်ဆောက်ရပါမယ်။ စိတ်ကောင်းရှိဖို့အတွက် ကံချွန်တို့ပြုစုရပါမယ်။ ဒီလူကတော့ တော်တော်စိတ်ကောင်းရှိတဲ့လူပဲလို့ အသိအမှတ်ပြုလာတဲ့အထိ ရုပ်ပိုင်းဆိုင်ရာကောင်းဖို့အတွက်ရော၊ စိတ်ပိုင်းဆိုင်ရာ ကောင်းဖို့အတွက်ပါ တည်ဆောက်နိုင်မှ တကယ်ပြည့်စုံတဲ့လူဖြစ်မှာပါ။

ကိုယ်ကောင်းဖို့ ကိုယ်လုပ်တဲ့ဆီမှာ ကိုယ့်ရဲ့စိတ်၊ အကျင့်စာရိတ္တကိုပါ ကောင်းအောင်တည်ဆောက်ထားပါမှ ကိုယ်ချမ်းသာဖို့အ

တွက် သူတစ်ပါးအကျိုးထိခိုက်နစ်နာပျက်စီးမှာမျိုးမလုပ်မိမှာပါ။ ရုပ်ပိုင်းဆိုင်ရာကောင်းဖို့ပဲလုပ်ပြီး စိတ်ပိုင်းဆိုင်ရာကောင်းဖို့ မလုပ်မိရင်ရုပ်ပိုင်းဆိုင်ရာရဲ့ကြွယ်ဝမှု(ငွေချမ်းသာမှု) ကို ထိန်းထားနိုင်မှာမဟုတ်ပါဘူး။ ကိုယ်ကျန်းမာဖို့ အစားအသောက်အနေအထိုင် ထိန်းသိမ်းတတ်ရပါမယ်။ ငွေပုံပေါ်ထိုင်ပြီး ရောဂါတွေတစ်ပွေ့တစ်ပိုက်ကြီးနဲ့ဆိုရင် ကိုယ်ရှာတဲ့ငွေတွေဟာ ကိုယ့်အတွက်ရောဂါဝယ်ဖို့ဖြစ်နေမှာပါ။ ဒါကြောင့် စိတ်ပိုင်းဆိုင်ရာ ကောင်းဖို့အတွက်ပါလိုတယ်လို့ ပြောတာပါ။ အကျင့်စာရိတ္တကောင်းမွန်ပါမှ၊ သိက္ခာထိန်းတတ်ပါမှ လူတစ်ယောက်ရဲ့ဘဝ အေးချမ်းသာယာတာပါ။ ဒါကြောင့် ကိုယ်ကောင်းဖို့ ကိုယ်လုပ်တဲ့နေရာမှာ ကိုယ်ချမ်းသာဖို့လိုသလို စိတ်ချမ်းသာဖို့လဲ လိုတယ်ခင်ဗျ။

ကိုယ်ချမ်းသာဖို့ ငွေဟာအရေးပါသလို စိတ်ချမ်းသာဖို့ စာနာရိုင်းပင်းစိတ်၊ ကူညီလိုစိတ်၊ မတရားမလုပ်လိုစိတ် စတာတွေလိုပါတယ်။ စဉ်းစားပါခင်ဗျ။ ကိုယ်က လူတစ်ယောက်စိတ်ဆင်းရဲအောင် လုပ်မိရင် ကိုယ်လဲ စိတ်မချမ်းသာပါဘူး။ မယုံရင် ကိုယ့်ကလေး ကိုယ်ရိုက်ကြည့်ပါ။ ကိုယ်မွေးထားတဲ့ခွေး ကိုယ်ရိုက်ကြည့်ပါ။ အဲသလိုလုပ်ပြီးတာနဲ့ ကိုယ်လဲစိတ်မချမ်းသာရပါဘူး။ ဒါကြောင့် တကယ်ကိုယ်ကောင်းဖို့ ကိုယ်လုပ်မယ်ဆိုရင် ကိုယ်ရောစိတ်ပါကျန်းမာ ချမ်းသာအောင်တည်ဆောင်နိုင်မှ ကိုယ်ကောင်းဖို့အတွက်ပြည့်စုံမှာပါ။ ကိုယ်ကောင်းဖို့အတွက် ငွေဟာ အရေးပါသလို စိတ်ပိုင်းဆိုင်ရာကောင်းဖို့အတွက်ပါ လေ့ကျင့်ရမှာပါ။ စိတ်ကောင်းကိုလဲ ပိုင်ဆိုင်ရမှာပါ။ ကိုယ့်စိတ်ကို ကြည်လင်နေအောင်ထားတတ်

www.burmeseclassic.com

ဖို့၊ ထားနိုင်ဖို့လိုပါတယ်။ အဲသလို ထားနိုင်ဖို့အတွက် အလွယ်ဆုံးက တော့ ကိုယ့်ကြောင့် သူတစ်ပါးရဲ့ စီးပွားရေး၊ လူမှုရေး၊ ပညာရေးတွေ မှာ ထိခိုက်နစ်နာအောင်မလုပ်မိဖို့ပါပဲခင်ဗျာ။ ဒါကတော့ ကံချွန် ရိုးရိုးလွယ်လွယ် နားလည်ထားတာပါ။ ဒါကြောင့် တကယ်ကိုယ် ကောင်းဖို့ပဲကိုယ်လုပ်မယ်ဆိုဦးတော့ကံချွန်တို့ လက်ခံကြိုဆိုရမှာပါ။ ကိုယ်ကောင်းဖို့အတွက် သူများကို လုပ်ပေးစရာ ခိုင်းရင်သာ မကောင်းတာပါ။ ဒါကြောင့် ကံချွန်ကတော့ ကိုယ်ကောင်းဖို့ ကိုယ် လုပ်နေသူများကို ထောက်ခံပါတယ်။ လုပ်ဖို့လဲ တိုက်တွန်းပါတယ် ခင်ဗျာ။ (ကိုယ်ကောင်းဖို့ထက်ပိုပြီး အများကောင်းဖို့ပါ လုပ်နိုင်သူ များ လုပ်နေသူများကိုတော့ ပိုပြီးလေးစားတာပေါ့ခင်ဗျာ။)

လူငယ်တွေကို အလေးအနက်တိုက်တွန်းချင်ပါတယ်။ လူငယ် တိုင်းကိုယ်ကောင်းဖို့ ကိုယ်လုပ်ကြပါ။ ကိုယ်တော်အောင်၊ ကိုယ်သိ အောင်၊ကိုယ်တတ်အောင်၊ကိုယ်ချမ်းသာအောင် ကြိုးစားကြပါ။ လို အပ်ပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံကောင်းမွန်ဖို့ကြိုးစားရင်း စိတ် ပိုင်းဆိုင်ရာ ပြည့်စုံကောင်းမွန်အောင် ကြိုးစားဖို့လဲ မမေ့ကြပါနဲ့။ ဒါမှ စစ်မှန်တဲ့ "ကိုယ်ကောင်းဖို့" ဆိုတာ ဖြစ်မှာပါ။ အများကပါ သူကတော့ တကယ်ကောင်းတဲ့လူပဲဆိုပြီး သတ်မှတ်ကြမှာပါ။ ကိုယ် ကောင်းဖို့ကိုယ်လုပ်နေရင်း သူများကိုမကောင်းမလုပ်မိဖို့လိုပါတယ်။ သူများကောင်းဖို့ပါ လုပ်ပေးဖို့ဆိုတာက အဆင့်မြင့်လွန်းပါတယ်။ ကံချွန်တို့တစ်တွေ "ကိုယ်ကောင်းဖို့" အတွက်ပဲ ပထမဆုံးကြိုးစား ကြဖို့ တိုက်တွန်းလိုပါတယ်။ ကိုယ့်အကျိုးအတွက် ကိုယ်မှကြိုးစား လုပ်ကိုင်ချင်စိတ်မရှိရင် အများအတွက်ဆိုတာ သိပ်ဝေးပါတယ်။

ကိုယ့်အတွက် ကိုယ်လုပ်ကြတဲ့အခါ ကိုယ်ကောင်းဖို့အတွက် ရုပ်ပိုင်းဆိုင်ရာ အကောင်းများပိုင်ဆိုင်ဖို့လိုသလို စိတ်ပိုင်းဆိုင်ရာ အကောင်းများလဲပိုင်ဆိုင်ဖို့လိုတယ်ဆိုတာ မမေ့ပါနဲ့။ စိတ်ကောင်းရှိဖို့ပါ။ ကြိုးစားနိုင်ရင် အကောင်းတွေပြည့်စုံစွာ ပိုင်ဆိုင်ကြမှာပါ။ ကိုယ်ကောင်းဖို့ ကိုယ်လုပ်တဲ့ဆီမှာ ကိုယ့်မိသားစု၊ ကိုယ့်ကျောင်း၊ ကိုယ့်ရပ်ကွက်အတွက် မကောင်းဖို့မဖြစ်အောင် ထိန်းသိမ်းနိုင်ကြပါစေ။

လုပ်ကြပါ။ လူငယ်တိုင်း ကိုယ်ကောင်းဖို့ ကိုယ်လုပ်ကြပါလို့ ---- ။

ရတနာပုံသတင်းစာ

၂၇. ၂. ၂၀၀၀

ကံချွန်

# သနားလိုက်စမ်းပါ

လက်တွေ့ဖြစ်ရပ်ကလေးတွေထဲကပဲ ကံချွန်ပညာယူတတ်အောင်လေ့ကျင့်ပါတယ်ခင်ဗျာ။ ပညာဆိုတာ ယူတတ်ရင် ရတာပါပဲ။ မြင်အောင်ကြည့်တတ်ဖို့နဲ့ ရိုးရိုးလေးတွေးတတ်ဖို့တော့ လေ့ကျင့်ရပါမယ်။

ပြဿနာတစ်ရပ်၊ ဖြစ်ရပ်တစ်ရပ်ကြုံလာတာနဲ့ ကံချွန်တို့ဟာ

www.burmeseclassic.com

ရိုးရိုးလေးတွေးကြည့်နိုင်ရပါမယ်ခင်ဗျ။ ကြုံလာရတဲ့ပြဿနာအပေါ် ဖြစ်ရပ်အပေါ် ခံစားမှုမကူးစက်မိဖို့ လိုပါတယ်။ ကျွန်တော်တို့ဟာ ကြုံရတွေ့ရတဲ့အဖြစ်အပျက်အပေါ်မှာ ဒေါသပါသွားရင် ဒါမှမဟုတ် မကျေနပ်မှုပါသွားရင် အမှန်အတိုင်း ရိုးရိုးလေးမြင်နိုင်မှာမဟုတ်တော့ပါဘူး။ ကံချွန်ကြုံရတာလေးရေးပြချင်ပါတယ်။

၁၉၆၇ ခုနှစ်က ထင်ပါတယ်။ ပြည်လုံးကျွတ်ပန်းချီပြပွဲကြီးလုပ်ပါတယ်။ ရန်ကုန်မှာပါ။ ကျွန်တော်တို့ကျောင်းဆင်းခါစ နှစ်မှာပါ။ သေသေချာချာတော့ ခုနှစ်ကိုမမှတ်မိတော့ဘူး။ ထားပါတော့။ အဓိကပြောချင်တာကဖြစ်ရပ်ပါ။ ဘယ်လိုကြုံရသလဲဆိုတော့ ကံချွန်တို့နဲ့ ကျောင်းနေဖက် ကျောင်းသားတစ်ယောက်ကသူကိုယ်တိုင်မရေးဘဲ ဆရာကြီးတစ်ဦးရဲ့ကားမှာ သူ့နာမည်တပ်ပြီးပြပွဲတင်ပါတယ်။ ဆရာကြီးကိုယ်တိုင်က စီစဉ်ပေးတာပါ။ ဘာလို့လဲဆိုတော့ ပန်းချီကျောင်းကထွက်ပြီးတာနဲ့ သူကအဲဒီဆရာကြီးဆီမှာ ဆက်ဝင်ရေးပေးနေတာကိုး။ အလုပ်ကူလုပ်ပေးရင်းဆက်သင်နေတယ်ဆိုပါတော့။ ဒါကြောင့် ပြပွဲမှာ ဆရာကြီးကသူရေးထားတဲ့ကားကို တပည့်နာမည်နဲ့ တင်ပေးတာပါ။ တပည့်မှာက ကားမရှိဘူးလေ။ ကံချွန်က ပိုင်ပိုင်နိုင်နိုင်ကြီး အစအဆုံးအတွင်းသိဖြစ်နေတော့ ဒေါသဖြစ်ပါတယ်။ ဒါ လိမ်တာပေါ့။ ဆရာက သနားလို့ တင်ခွင့်ပြုတောင်မှ ကိုယ်ရေးတာ မဟုတ်ဘဲဘာလို့တင်ရမှာလဲပေါ့။ အတိုချုံးပြောရရင် ပန်းချီကားတွေရွေးချယ်နေတဲ့အချိန်မှာ ကံချွန်ပူညံပူညံလုပ်ပါတော့တယ်။

ဒီတော့ ကံချွန့်ကို ဆရာကြီးတစ်ဦးက ပုခုံးပုတ်ပြီး "မောင်

ကံချွန်သေသေချာချာစဉ်းစားပါဦးကွာ။ အခုကိစ္စက ဒေါသဖြစ်ရမယ့်ကိစ္စမဟုတ်ဘူး။ သနားရမှာကွ။ မောင်ကံချွန်မှာ ကိုယ်တိုင်ရေးထားတဲ့ပန်းချီကားရှိလို့ ခုတင်ပြီကွာ။ သူ့မှာ အဲသလို တင်စရာမရှိလို့ ဆရာ့ကားသူ့နာမည်နဲ့တင်ရပြီကွာ။ ကိုယ်ရေးတာ မဟုတ်ဘဲ တင်ရကတည်းက ပျော်ရွှင်မှုပီတိ မရနိုင်တော့ဘူး။ ပြဿနာများဖြစ်မှာလားဆိုတဲ့ သောကကလည်း ရှိနေဦးမယ်။ ကဲ ဘယ်လောက်သနားစရာကောင်းသလဲ။ ပြပွဲမှာ ချိတ်ထားလို့မှ အဲဒီ ပန်းချီကားနား သူလာရပ်ရဲမှာ မဟုတ်ပါဘူးကွာ။ အဲဒါကို မောင်ကံချွန်က ထပ်ပြီးဒေါသဖြစ်နေရင် . . . စဉ်းစားပါဦးကွာ” လို့ပြောပါတယ်။ တကယ်တော့ ကံချွန်မစဉ်းစားလိုက်ရပါဘူးခင်ဗျာ။ စကားမဆုံးခင်ကတည်းကသဘောပေါက်သွားလို့ပါ။ အဲဒီကတည်း ကပြဿနာတိုင်းကို ရိုးရိုးလေးမြင်တတ်အောင် ချဉ်းကပ်တတ်သွား ပါတယ်။ မရှိကို အရှိလုပ်ပြီး ဟိတ်ဟန်ထုတ်နေပြီဆိုရင် အမြင် မကပ်တော့ဘူး။ ဒေါသမဖြစ်တော့ဘူး။ သနားတယ်။

ဒီဖြစ်ရပ်တွေပေါ် အခြေခံပြီး လူငယ်တွေကိုပြောချင်ပါတယ်။ သေသေချာချာ စဉ်းစားကြည့်ပါ။ အရည်အချင်းဆိုတာ အသုံး အဆောင်ပစ္စည်းလို ငှားလို့မရပါဘူး။ ဒါကြောင့် အရည်အချင်းကို အရင်းပြုပြီး ဖန်တီးရမယ့်အပြောအဆို၊ အပြုအမူ၊ လုပ်ရပ်တွေဟာ လည်း ငှားလို့မရပါဘူး။ ဟန်ဆောင်လို့မရပါဘူး။ လူငယ်တိုင်းမှာ စစ်မှန်တဲ့အရည်အချင်းတွေ ပိုင်ဆိုင်ဖို့လိုပါတယ်။ ကျွမ်းကျင်မှုတွေ ပိုင်ဆိုင်ဖို့လိုပါတယ်။သိက္ခာဆိုတာရိုးသားမှုအပေါ်မှာတည်ဆောက် ရတာပါ။ ဒီအချက်တွေကိုတော့ လူငယ်တွေအဓိက သတိထားမိစေ ချင်ပါတယ်။

www.burmeseclassic.com

အလွန်သေးမွှားတဲ့ မရိုကို အရိုလုပ်မှုမျိုးလေးကအစ သတိထား ဆင်ခြင်ပါ။ ဆိုကြပါစို့ သူငယ်ချင်းရဲ့ အင်္ကျီဘောင်းဘီ ငှားဝတ်တာမျိုးကအစ ဆင်ခြင်ပါ။ အမြဲထိတွေ့ဆက်ဆံနေကြရတဲ့ အသိုက်အဝန်းမှာ ဘယ်သူဘယ်လောက်ပိုင်ဆိုင်တယ်ဆိုတာ သိပါတယ်။ ဟန်ဆောင်လို့ မရပါဘူး။ လူအထင်ကြီးခံရလေမလားဆိုပြီး လွဲမှားတဲ့ မျှော်လင့်မှုနဲ့မျှား မရိုကိုအရိုမလုပ်မိပါစေနဲ့။ သေချာတာက အထင်သေးခံရဖို့ပါ။ ဒါက ကိုယ်တိုင်သတိထားဖို့ပါ။

တခြားလူတစ်ယောက်ယောက်အဲသလိုလုပ်လာပြီဆိုရင်လည်း ဒေါသမဖြစ်ပါနဲ့။ သနားလိုက်ပါ။ သနားတာဟာ သည်းခံခွင့်လွှတ်တတ်ဖို့အတွက် အခြေခံအချက်တွေထဲက တစ်ချက်ပါပဲ။ ဒါဟာ လွန်ခဲ့တဲ့အနှစ်သုံးဆယ်ကျော်က ပန်းချီပြပွဲမှာ ပန်းချီကားတင်ရင်း ကြုံတွေ့ခဲ့ရတဲ့အဖြစ်အပျက်ပေါ်ကရခဲ့တဲ့ အသိတစ်ခုပါ။ အဲဒီအသိကြောင့် မမှန်တာလုပ်နေရင် ဟန်ဆောင်နေရင် မရိုကို အရိုလုပ်နေရင် ဒေါသမဖြစ်တော့ဘူး။ အဲသလိုဟန်ဆောင်ရတာဟာ ရှက်စရာကောင်းတယ်ဆိုတာလည်း ကိုယ်သိသွားရင်ကိုယ်လည်း ဟန်မဆောင်ဖြစ်တော့ဘူး။

ဒီအတွေးအပေါ်မှာ ထပ်ဆင့်ပြီးတွေးလို့ရတာကတော့ ဒေါသဖြစ်မိရင်ပထမဆုံးဒုက္ခရောက်ရသူကကိုယ်ပါ။ တစ်ယောက်ယောက်ကိုမကျေနပ်တာနဲ့ ကိုယ်ပဲအရင်ဆုံးခံစားရမှာပါ။

သူတစ်ပါးသောကကို ကိုယ့်သောကဖြစ်အောင် မလုပ်မိဖို့ လိုပါတယ်။ ကျွန်တော်တို့ရဲ့ ကြည်လင်အေးချမ်းနေတဲ့ စိတ်ကလေးရဲ့တန်ဖိုးကိုသိတတ်မယ်ဆိုရင် ဒေါသကိုမမွေးမြူမိဖို့လိုပါတယ်။ ကိုယ့်ဒုက္ခကိုယ်ရှာတယ်ဆိုတဲ့စကားဟာ သည်းမခံနိုင်တဲ့၊ ခွင့်မလွှတ်

နိုင်တဲ့၊ မသနားနိုင်တဲ့သူများအတွက် ရည်ညွှန်းတယ်လို့ ကံချွန် ထင်မိပါတယ်ခင်ဗျာ။ ကံချွန်တော့ သနားတတ်ဖို့ လေ့ကျင့်ခဲ့တာ တစ်ခုတည်းနဲ့ကို စိတ်ချမ်းသာမှုအတော်ရခဲ့ပါတယ်။ ဒေါသဖြစ် မိမယ့်ကိစ္စအတော်များများ ကြေပျက်သွားပါတယ်။

ကံချွန့်ဆီက ငွေလိမ်သွားသူတစ်ယောက်ရှိပါတယ်။ အသိပါပဲ။ ကံချွန့်တွေ့တိုင်း သူ့မှာ မျက်နှာဘယ်လိုထားရမှန်းမသိ။ ကံချွန် လက်ဖက်ရည်ဆိုင်ထဲဝင်တာနဲ့ ထထွက်ပြေးလိုပြေး။ သူ့မှာ လိမ်မိ တာနဲ့ မကာမိအောင်ဒုက္ခရောက်နေရတာ။ သူ့ဒုက္ခကို သနားမိလို့ ကံချွန်ဒေါသမဖြစ်တော့တာပါ။

ဒီတော့ -

လူငယ်များအနေနဲ့ ဒေါသမဖြစ်ရမယ့်ကိစ္စတွေမှာ ဒေါသ မဖြစ်ပါစေနဲ့။ တကယ်တော့ ဒေါသဆိုတာ အသိဉာဏ်နည်းသူတွေ ရဲ့ ပစ္စည်းပါ။

အဖြစ်အပျက်အတွေ့အကြုံတိုင်းကို ရိုးရိုးလေးမြင်နိုင်ဖို့ ကြိုးစားပါ။ ခံစားမှုအပေါ်အခြေခံပြီး မဆုံးဖြတ်ပါနဲ့။ အသိဉာဏ် အပေါ်၊ ဝေဖန်ပိုင်းခြားမှုအပေါ် အခြေခံပြီး ဆုံးဖြတ်ပါ။

မရှိကို အရှိမလုပ်မိပါစေနဲ့။ အရည်အချင်းဆိုတာ ကိုယ့်မရှိ ဘဲနဲ့ သူများဆီက ငှားထားလို့မရပါဘူး။ ကိုယ်တိုင်တော်သော လူငယ်များဖြစ်အောင် ကြိုးစားနိုင်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၁၂.၃.၂၀၀၀**

**ကံချွန်**

www.burmeseclassic.com

# စိတ်ဝင်စားသင့်တာက

ကျွန်ုပ်စိတ်အဝင်စားဆုံးကတော့ လူတွေပါပဲခင်ဗျ။ လူတွေရဲ့ အမူအကျင့်တွေကို စိတ်ဝင်စားပြီးကြည့်တတ်ရင် အလွန်ရယ်ဖို့ ကောင်းပါတယ်။ လက်ဖက်ရည်ဆိုင်ထိုင်လို့ ရေနွေးအေးနေရင် ပူတာတောင်းမယ်။ ရေနွေးပူတာလာချပေးရင် ငဲ့ပြီးအအေးခံမယ်။ ချက်ချင်းမအေးရင် တဖူးဖူးနဲ့မှုတ်မယ်။ နောက်လမ်းဖြတ်ကူးတဲ့ အခါ ကြည့်ဦး။ ကားရှေ့၊ ဆိုင်ကယ်ရှေ့၊ စက်ဘီးရှေ့ အတင်းဖြတ် ကူးမယ်။ ဟိုဘက်ရောက်သွားတော့ ဒီဘက်မှာ ကျန်နေရစ်သူကို ရပ်စောင့်မယ်။ ကဲ - မခက်ဘူးလား။ အစကတည်းက အတူတူ အေးအေးဆေးဆေး ကူးတာတော့မဟုတ်ဘူး။ ဈေးဝယ်တဲ့အခါ ကြည့်ဦး။ ထည့်ထားတဲ့ဗူးပိန့်နေရင် မယူချင်ဘူး။ ထုပ်ထားတဲ့စက္ကူ စုတ်နေရင်မကြိုက်ဘူး။ ကောင်းတာယူမယ်။ အိမ်ရောက်တော့မှ ကိုယ့်ဟာကိုယ်ဆုတ်မယ်။

လူတွေရဲ့စိတ်ဟာ တော်တော်ဆန်းပါတယ်ခင်ဗျ။ အဲသလို ထူးထူးဆန်းဆန်းတွေလုပ်နေလေ့ရှိတဲ့လူအများစုကြီးဟာ ဘာကို စိတ်ဝင်စားသလဲလို့ ကျွန်ုပ်ကိုယ့်ကျွန်ုပ်လေ့လာကြည့်ပါတယ်။ ကျွန်ုပ်ကိုယ်ကျွန်ုပ်က စပြီးလေ့လာကြည့်တာပါ။ ကျွန်ုပ်သတိထားမိ သလောက်ကတော့ လူအတော်များများဟာ သူများကိုစိတ်ဝင်စား ကြပါတယ်ခင်ဗျ။ ဂျာနယ်၊ မဂ္ဂဇင်း၊ သတင်းစာထဲက သတင်းတွေကို ဖတ်ကြတာဟာလည်း သူများကိုစိတ်ဝင်စားတဲ့စိတ်အခြေခံတာပါ။

လုံးဝစာမဖတ်ဖြစ်တဲ့၊ ဖတ်လေ့မရှိတဲ့ရပ်ကွက်ထဲက မိန်းမကြီးများကျတော့ ရပ်ကွက်ထဲက အရှေ့ခုနစ်အိမ်၊ အနောက်ခုနစ်အိမ်က သတင်းတွေကို ဖလှယ်ကြတယ်ခင်ဗျ။

"ကြားပြီးပြီလား - ဟိုလမ်းထိပ်က ကောင်မလေးယောက်ျားယူတော့မလိုတဲ့" "ဟုတ်လား-ဒါနဲ့ လူပျိုကြီး ကိုဖိုးတုတ် ထီပေါက်လို့ဆို"အဲဒါတော့မသိဘူး။ မဖော့တော့အကြွေးရလို့ဆိုပြီးအဝတ်အစားတွေ သုံးထောင်ဖိုးတောင်ယူလိုက်သတဲ့ "သြော် - ဒါကြောင့်ကိုး၊ ဟိုနေ့ကလုံချည်အသစ်တစ်ထည်လိုက်ရောင်းနေတာတွေ့တယ်" အဲသလို အဲသလို သူများအကြောင်းကို ပါးစပ်နဲ့နား အသုံးပြုပြီး သတင်းဖလှယ်တော့တာပဲခင်ဗျ။ သူများအကြောင်းကိုဘယ်လောက်ထိများစိတ်ဝင်စားသလဲဆိုရင်မအားတဲ့ကြားကစိတ်ဝင်စားကြတာပါ။ အဝတ်လျှော်ရင်း၊ ရေချိုးရင်း၊ ထမင်းအိုးတည်ရင်းပြောကြတာ။

ဘာသာစကားကျွမ်းကျင်သူများကျတော့ စီစီတီဗွီတို့ စီအင်န်အင်န်တို့က ပြောသမျှအကြောင်းပေါင်းစုံကိုပါ စိတ်ဝင်စားပြန်ရော၊ ချေချေမြစ်မြစ်ရှိတဲ့သတင်းရော တကယ်တော့ သူများအကြောင်းပါပဲ။ အဲသလို သူများအကြောင်းကို စိတ်ဝင်စားတတ်သူအတော်များများဟာ (အားလုံးလို့မဆိုလိုပါဘူးနော်) ကိုယ့်အကြောင်းကိုယ်တော့ စိတ်ဝင်စားဖို့မေ့နေကြတယ်ခင်ဗျ။ သူများအကြောင်းစိတ်ဝင်စားသလို ကိုယ့်ကိုယ်ကိုလည်းစိတ်ဝင်စားသင့်ပါတယ်။ ကိုယ်စိတ်ဝင်စားတဲ့အကြောင်းအရာတွေဟာ ကိုယ့်ဘဝရှေ့ရေးနဲ့ပတ်သက်နေသင့်တာပေါ့။

ကိုယ့်ဘာကို စိတ်ဝင်စားသင့်တယ်ဆိုတာ ပထမဆုံးသိဖို့အ

www.burmeseclassic.com

တွက် ကိုယ့်ကိုယ်ကိုယ် အရင်စိတ်ဝင်စားရပါမယ်။ ကိုယ်ဘာဖြစ်ချင်တာလဲဆိုတာကို သိရပါမယ်။ ကိုယ်ဘာလုပ်နေသလဲဆိုတာကိုယ်သိရပါမယ်။ ကိုယ့်ဘဝကိုယ်စိတ်ဝင်စားရပါမယ်။ အဲဒါမှ ကိုယ့်ဘဝတိုးတက်ဖို့အတွက် ကိုယ်ဘာတွေလေ့လာသင့်တယ်၊ ဘယ်လိုလုပ်သင့်တယ်ဆိုတာ မှန်မှန်ကန်ကန်ရွေးချယ်နိုင်မှာပါ။ ကိုယ်လုပ်တာ ကားဝပ်ရှော့၊ စိတ်ဝင်စားတာက တူရိယာပစ္စည်း၊ ကိုယ်လုပ်တာဆံပင်မိတ်ကပ်အလှပြင် ကိုယ်စိတ်ဝင်စားတာက ပြိုင်ကားမောင်းတာဆိုတာမျိုးဖြစ်နေရင် ကိုယ့်လုပ်ငန်းတိုးတက်ဖို့မလွယ်တော့ပါဘူး။ ကံချွန်တွေ့ဖူးပါတယ်ခင်ဗျ။ ဆံပင်ညှပ်ဆိုင်ဖွင့်ထားပြီး အားကစားစိတ်ဝင်စားနေလို့ နေ့ဝက်ဆိုင်ပိတ်ပြီး ဘောပွဲသွားတဲ့သူ၊ ကုန်စုံရောင်းတဲ့လူက ဂီတဝါသနာပါပြီး စိတ်ဝင်စားနေလို့ တီးဝိုင်းထောင်၊ တိန်တောင်တိန်တောင်လုပ်၊ ဆိုင်ပြုတ်ဆိုတာတွေ။

ကံချွန်တို့ဟာ ကိုယ်စိတ်ဝင်စားတာနဲ့ ကိုယ့်ဘဝရပ်တည်နိုင်အောင် ရွေးမလား။ ကိုယ့်ဘဝရပ်တည်နေရတာနဲ့ ပတ်သက်တာကိုစိတ်ဝင်စားပြီး ကိုယ့်ဘဝကိုယ်တိုးတက်အောင်လုပ်မလား။ ကိုယ့်ဘဝအနေအထားကရော ကိုယ်စိတ်ဝင်စားတာလုပ်လို့ရနိုင်မလား။ အခြေအနေပေးတဲ့အလုပ်ကို လုပ်ရတော့မယ်ဆိုရင်တော့ကိုယ်လုပ်ရမယ့်အလုပ်မှာ အကောင်းဆုံးဖြစ်ဖို့ ဘယ်လိုပြင်ဆင်မလဲ။ အဲသလိုသာစဉ်းစားမယ်ဆိုရင် ကိုယ့်ကိုယ်ကို စိတ်မဝင်စားဘဲ မေ့နေသူထက်ပိုပြီး တိုးတက်မယ်လို့ ကံချွန်ရိုးသားစွာ ယုံပါတယ်ခင်ဗျာ။ ကိုယ့်ကိုယ်ကို မေ့ထားပြီး ကိုယ့်ဘဝနဲ့မပတ်သက်တာတွေ စိတ်ဝင်စားနေမယ်ဆိုရင်တော့ ပုံမှန်ရေစီးမှာ မျောပါနေတာပဲရှိပါမယ်။

တိုးတက်ဖို့မလွယ်ပါဘူး။ ဝီရိယအကျိုးဆိုတာမျိုး ခံစားရဖို့မလွယ်ပါဘူး။

ကိုယ်ဘာကိုစိတ်ဝင်စားသင့်တယ်ဆိုတာသိဖို့အတွက် ကိုယ့်ရည်မှန်းချက် ကိုယ်သိမှဖြစ်ပါ့မယ်။ ကိုယ်ရည်ရွယ်ထားတဲ့ ပန်းတိုင်ရှိရပါမယ်။ ကိုယ်ဘာဖြစ်ချင်တယ်ဆိုတာ ကိုယ်သိရပါမယ်။ ကိုယ့်ဘဝအတွက် ကိုယ်ရွေးချယ်ထားတဲ့ ရည်ရွယ်ချက်ပန်းတိုင်မရှိဘူးဆိုရင်တော့ အဲဒီလူငယ်အတွက် တိုးတက်ဖို့အလွန်ခက်သွားပါပြီ။

ကိုယ်ဘာဖြစ်ချင်မှန်းမသိဘဲ ဘာကိုဘယ်လိုကြိုးစားမလဲ။ ဘယ်လိုလေ့လာမှာလဲ။ ဦးတည်ချက်မရှိဘဲ ခရီးထွက်ဖို့ဆိုတာမဖြစ်နိုင်ပါဘူး။ ဘဝအတွက် ဦးတည်ချက်ရှိမှ၊ ပန်းတိုင်ရှိမှ ဘယ်လမ်းကလျှောက်ရမယ်ဆိုတာ ရွေးလို့ရပါမယ်။

ကိုယ့်ဘဝအတွက် ရည်မှန်းချက်ထားသူတွေဟာ ကိုယ့်ကိုယ်ကို စိတ်ဝင်စားသူတွေဖြစ်ပါတယ်ခင်ဗျ။ ရည်မှန်းချက်၊ ရည်ရွယ်ချက်မရှိသူများကတော့ ကိုယ့်ဘဝကိုယ်စိတ်ဝင်စားမှုမရှိလို့ပါပဲ။ မေ့နေလို့ပါပဲ။ ကိုယ့်အရေးထက် ကိုယ့်ဘဝနဲ့ လုံးဝမပတ်သက်တဲ့သူများအရေးကို စိတ်ဝင်စားနေခြင်းဟာ တန်ဖိုးရှိတဲ့အချိန်တွေကိုဖြုန်းတီးနေတာပါပဲ။ ခုလို ပြောလို့ အတ္တကိုဦးစားပေးရမယ်၊ ပရကိုအလေးမထားရဘူးလို့ဆိုလိုတာမဟုတ်ပါဘူးခင်ဗျာ။ သူတစ်ပါးကိစ္စကိုကူညီချင်တယ်၊ လူမှုရေးလုပ်ချင်တယ်ဆိုရင်လည်း ကိုယ်ကိုယ်တိုင်ပြည့်စုံနေဖို့လိုပါတယ်။ ကိုယ့်ဘဝကိုယ်ပထမတည်ဆောက်ရပါမယ်။ ကိုယ့်မှာမရှိဘဲ သူများပေးချင် ကျွေးချင်လို့မရပါဘူး။ ကိုယ်လုံးဝမတတ်နိုင်တာ၊ ကိုယ်လုံးဝနားမလည်တာကို စိတ်ဝင်စား

www.burmeseclassic.com

နေမိရင်တော့ အကျိုးမဲ့အချိန်ဖြုန်းခြင်းပါပဲ။ ဘဝမှာ ဘာမှ ရေရေရာရာ မဖြစ်တဲ့သူများဟာ ကိုယ့်အချိန်ကို အကျိုးမဲ့ဖြုန်းခဲ့လို့ပါပဲ ခင်ဗျ။

ဒါကြောင့် -

လေးစားရပါသော လူငယ်များခင်ဗျာ။ လူငယ်များကို ကံချွန်မှာချင်ပါတယ်။ ကိုယ်စိတ်ဝင်စားသင့်တာဟာဘာလဲ။ ကိုယ်ရပ်တည်ရမယ့်ဘဝ၊ ကိုယ်လျှောက်ရမယ့် လမ်းကဘာလဲ။ ကိုယ်လေ့လာရမှာက ဘာလဲ။

ကိုယ့်ဘဝကိုယ်မြင်အောင်ကြည့်ပါ။ နားလည်အောင်ကြိုးစားပါ။ ကိုယ်ဘာကို စိတ်ဝင်စားသင့်သလဲဆိုတာ မှန်မှန်ကန်ကန် ရွေးချယ်ပါ။ ဒါမှမဟုတ် ကိုယ်စိတ်ဝင်စားနေတဲ့ လမ်းကြောင်းပေါ်မှာ ကိုယ့်ဘဝလျှောက်လှမ်းနိုင်ဖို့ကြိုးစားပါ။ ကိုယ့်ကိစ္စထက် သူများကိစ္စကို ပိုပြီးစိတ်ဝင်စားရင်း အချိန်မကုန်ကြပါစေနဲ့ ---။

"လူငယ်များဘဝ တိုးတက်ပါစေ --- "

**ရတနာပုံသတင်းစာ**

**၁၉.၃.၂၀၀၀**

**ကံချွန်**

# ဘာလုပ်ရမှာလဲ

ကျွန်တော်လူငယ်တွေနဲ့ပတ်သက်ပြီး ရေးနေတာတွေကို ဖတ်မိတဲ့လူငယ်တွေထဲက ကျွန်တော့်ကို မေးလာတာတွေရှိပါတယ်ခင်ဗျ။ ကျွန်တော့်ကိုလာတွေ့တဲ့လူငယ်တစ်ယောက်နဲ့ဆွေးနွေးဖြစ်တာဟာ အခြားလူငယ်များနဲ့ပါဆိုင်နေမယ်လို့ ယူဆတဲ့အတွက်ရေးပြချင်ပါတယ်။

"ဦးလေးက ဦးလေးကံချွန်နော်"

"ဟုတ်ပါတယ်"

"ကျွန်တော်မေးချင်တာလေး တစ်ခုရှိလို့ပါ"

"မေးပါ"

"ကျွန်တော်က ---- မြို့ကပါ၊ ခု မန္တလေးကို ခဏရောက်တုန်း ဦးလေးကိုလာတွေ့တာပါ။ လူငယ်တွေကို တိုးတက်စေချင်လို့ ဦးလေးအကြံဉာဏ်ပေးခဲ့တဲ့ဆောင်းပါးတွေရေးနေတာကို ကျွန်တော် အမြဲစောင့်ဖတ်ပါတယ်"

"ဟုတ်လား"

"ကျွန်တော်လည်း တိုးတက်ချင်တာပေါ့ ကျွန်တော်မှ မဟုတ်ပါဘူး လူငယ်အတော်များများလည်း တိုးတက်ချင်တာ အောင်မြင်ချင်တာပါပဲ။ ကိုယ့်မိဘကို တစ်လှည့်ပြုစုလုပ်ကျွေးချင်ပါတယ်"

"ဟုတ်ပါပြီ ဒါက ငါ့တူရဲ့ ဆန္ဒတွေဖြစ်ချင်တာတွေပဲ မေးချင်တာလေးတစ်ခုရှိတယ်လို့ပြောတယ်နော်၊ အဲဒါ ဘာမေးချင်တာလဲ

www.burmeseclassic.com

စကားလမ်းကြောင်းပြောင်းသွားမှာစိုးလို့၊ ဦးလေးကလည်း မြို့ထဲ သွားစရာကိစ္စလေးရှိသေးလို့”

“ကျွန်တော်မေးချင်တာက အဲဒီကျွန်တော့်ဆန္ဒတွေအောင်မြင် အောင် ကျွန်တော်ဘာလုပ်ရမလဲဆိုတာပါ။ ကျွန်တော့်တို့နယ်က လူငယ်လေးတွေတိုးတက်အောင် ဘာတွေလုပ်ရမလဲ၊ ဘယ်လိုလုပ် ရမလဲ မန္တလေးက လူငယ်တွေရော ဘာတွေလုပ်နေသလဲ၊ အဲဒါ မေးချင်တာပါ။

မေးခွန်းတိုပေမယ့် သုံးပိုင်းခွဲပြောရလိမ့်မယ်။ ဒါပေမယ့် အဲဒီသုံးပိုင်းကလည်း ဒီမေးခွန်းတစ်ခုတည်းရဲ့ အဖြေမှာဆက်စပ်နေ မှာပါ။ နောက်ဆုံးမေးတာကို အရင်ဆုံးဖြေမယ်ကွာ။ မိဘကို ကျေးဇူးဆပ်ချင်လို့ဆိုတာ အလွန်မွန်မြတ်တဲ့ ဆန္ဒပဲ၊ မိဘကိုချစ်လို့ ကျေးဇူးဆပ်ချင်လို့ ကျွေးမွေးချင်တာ ပြုစုချင်တာ ကုသချင်တာ ကောင်းကောင်းထားချင်တာဆိုတဲ့ ဆန္ဒတွေအားလုံးဟာ ငွေရှိမှ ဖြစ်မယ်ဆိုတာ ဦးလေးလည်းသိပါတယ်။ အဲသလို ကျွေးမွေးပြုစု စောင့်ရှောက်ချင်လို့ ငွေရဖို့အတွက် ငွေရပြီးရောဘာဖြစ်ဖြစ် လုပ်မယ်ဆိုတဲ့ စိတ်တော့မမွေးလိုက်ပါနဲ့၊ ငွေရပြီးရော ကောင်းတဲ့ အလုပ်မှန်သမျှ အကုန်လုပ်မယ်ဆိုတာမျိုးပဲ ဖြစ်ပါစေ။ ဆိုကြပါစို့ ကွာ သမ္မာအာဇီဝ မဟုတ်တဲ့နည်းနဲ့ရလာတဲ့ငွေမျိုးဆိုရင် အဲသလို ရှာဖွေလာမှန်းသိရင် မိဘကစားရက်ပါဦးမလား၊ စားချင်ပါဦး မလား၊ ဦးလေးတို့ မကြာခဏ ကြားဖူးနေတာပဲ၊ မင်းတို့အဲသလို နည်းနဲ့ ရှာဖွေလာတဲ့ငွေငါတို့မစားချင်ဘူးဆိုပြီး အော်တာဟစ်တာ တွေလေ၊ သိပ်သတိထားရပါ့မယ်။ သမ္မအာဇီဝကိုပဲ မိဘလက်ခံတဲ့

နှစ်သက်တဲ့လုပ်ငန်းမျိုးကိုပဲ လုပ်ရမယ်။ ဆိုကြပါစို့၊ စားသောက်ဆိုင်မှာလည်း အလုပ်ရနိုင်တယ်၊ စတိုးဆိုင်မှာလည်း အလုပ်ရနိုင်တယ်ဆိုရင် မိဘကိုတိုင်ပင်ကြည့် ဘယ်မှာလုပ်ရမလဲလို့။ သူတို့လုပ်စေချင်တဲ့ နေရာမှာလုပ်ပါ။ မိဘစိတ် ချမ်းသာဖို့အတွက် ပြုစုချင်လို့ ငွေရှာကာမှ - ကိုယ်ရှာလာတဲ့ငွေအတွက် မိဘစိတ်မချမ်းမသာဖြစ်ရတယ်ဆိုရင် ဘယ်လိုလုပ်ပြီး ကျေးဇူးဆပ်ရတာ အရသာရှိတော့မှာလဲ။ ဒါကြောင့် မိဘကို ကျေးဇူးဆပ်ချင်တယ်ဆိုရင် ငွေရှာပေးနိုင်ဖို့လိုသလို သူတို့စိတ်ချမ်းသာမှုပါ ရှာပေးနိုင်ရမယ်။ အဲဒါ သတိထားပါ။

ဒီနေ့ မန္တလေးမြို့က လူငယ်တွေ သူတို့ဘဝတိုးတက်ဖို့ ဘယ်လိုတွေလုပ်နေသလဲဆိုတာထက် ဒီနေ့ ငါတူ သိသင့်တာက ကိုယ်နေတဲ့မြို့ ကိုယ့်ပတ်ဝန်းကျင်မှာ ကိုယ့်ဘဝတိုးတက်ဖို့ ဘယ်လိုလုပ်မလဲ၊ ဘာတွေလုပ်နိုင်မလဲ ဆိုတာ အဓိကပါ။ ဘဝကို တိုးတက်အောင် - အောင်မြင်အောင်ထူထောင်ဖို့ဆိုရာမှာ အခြေအနေပေးပုံချင်းကမတူနိုင်ဘူးလေ။ မန္တလေးမှာ ဖွံ့ဖြိုးနေတဲ့လုပ်ငန်းမျိုးကနယ်မှာရှိချင်မှရှိမှာပေါ့ တစ်ခုပြောလို့ရတာက နယ်မှာပဲဖြစ်ဖြစ်၊ မန္တလေးမှာပဲဖြစ်ဖြစ် လူငယ်မှန်ရင် ကြိုးစားချင်တဲ့စိတ်နဲ့ ရိုးသားတဲ့စိတ်တော့ရှိရမယ်။ ဒီတော့ ငါတူ သိချင်နေတဲ့အထဲမှာ ဒီနေ့ မြို့ကြီးပြကြီးကလူငယ်တွေ သူတို့ဘဝတိုးတက်ဖို့ ဘာတွေလုပ်နေသလဲဆိုတာထက် ဘယ်လိုလုပ်နေသလဲဆိုတာပါပဲ။

ကိုယ့်ဝန်းကျင်တွေမှာရှိနေတဲ့အလုပ်တွေထဲက ကိုယ့်ရဲ့အရည်အချင်းနဲ့ အံဝင်မည့်အလုပ်ကို ရွေးချယ်ရမယ်။ ပြီးတော့ ကိုယ့်ရဲ့

www.burmeseclassic.com

ပင်ကိုယ်သဘောစိတ်ကို ကိုယ်နားလည်ရမယ်။ ပထမဆုံးရွေးချယ်ရမှာကတော့ ကိုယ်ပိုင်လုပ်ငန်းလုပ်မလား။ လခစားလုပ်မလား။ ကိုယ်လုပ်မယ့်အလုပ်အတွက် အရင်းအနှီးမရှိဘူးဆိုရင်တော့ အရင်းအနှီးရနိုင်မယ့် အလုပ်မျိုးအရင်ဝင်လုပ်ပေါ့ ပထမဆုံး မွေးမြူရမှာက အလုပ်လုပ်ချင်စိတ်ပဲ။

အလုပ်လုပ်ချင်စိတ်ရှိပြီးရင် ကိုယ်ရွေးချယ်တဲ့အလုပ်အတွက် ကိုယ့်မှာ ပြည့်ပြည့်စုံစုံသိအောင်တော့ လေ့လာရမှာပေ့ါ။ လခစားပဲလုပ်လုပ် ကိုယ်ပိုင်ပဲလုပ်လုပ်၊ ကိုယ်လုပ်မယ့်အလုပ်အကြောင်းကို လေ့လာပြီး သိပြီးလုပ်တဲ့သူက တိုးတက်သွားမှာပါပဲ။ နောက်တစ်ချက်ကတော့ ကိုယ်လုပ်မယ့် အလုပ်အပေါ် စေတနာထားဖို့ သိပ်လိုပါတယ်။ တိုးတက်အောင်မြင်တဲ့ လူငယ်တိုင်းကို လေ့လာကြည့်ရင် ရိုးသားတာရယ် ကြိုးစားတာရယ် ကိုယ်လုပ်ရတဲ့ အလုပ်အပေါ်စေတနာထားတာ (အကောင်းဆုံးဖြစ်အောင်လုပ်တာ) ရယ်ကြောင့်ပါပဲ။ ဒါကတော့ ဘယ်လိုလုပ်နေတယ်ဆိုတဲ့ အဖြေပါပဲ။

နယ်က လူငယ်တွေ အနေနဲ့ကတော့ ကိုယ့်နယ်မြေနဲ့ အံဝင်တဲ့ အလုပ်ရွေးတတ်ရမှာပေ့ါ တစ်ခါက ရေးဖူးပါတယ်။ ဒီအချပ်ပိုမှာပါပဲ။ အင်းလေးမှာနေပြီး အပြေးချန်ပီယံဖြစ်ချင်လို့ မရနိုင်ဘူးဆိုတာလေ။ အဲသလိုပဲ ပူတာအိုမှာနေတဲ့လူကရော ဘယ်လိုလုပ်ပြီး စက်ဘီးစီးချန်ပီယံဖြစ်မှာလဲ ကိုယ်နေရတဲ့နေရာဒေသနဲ့ ကိုယ်ဖြစ်ချင်တာအံဝင်အောင်တော့ ရွေးတတ်ရမှာပေ့ါ။ ကိုယ်သိပ်ကို ဝါသနာပါနေတဲ့ လုပ်ငန်းက ကိုယ့်ဘဝအတွက်ရွေးချယ်ထားတဲ့ လုပ်ငန်းက ကိုယ့်အရပ်ဒေသနယ်မြေမှာ မဖွံ့ဖြိုးဘူးဆိုရင်တော့။

အဲဒီလုပ်ငန်းဖွံ့ဖြိုးတဲ့ ရေခံမြေခံကောင်းတဲ့အရပ်ကို ပြောင်းရပါလိမ့်မယ်။

ဒီတော့ ကိုယ့်ဘဝအတွက် ကိုယ်ရွေးချယ်တဲ့အလုပ်ရယ် ကိုယ့်နေရာဒေသဝန်းကျင်ရယ်။ အံဝင်ခွင်ကျဖြစ်ဖို့ သတိထားပါ။

ဒါကကျွန်တော့်ကိုမေးလာတဲ့ လူငယ်တစ်ယောက်ကိုဖြေခဲ့ရင်း ဖြေခဲ့တာကို ပြန်စဉ်းစားပြီး ရေးလိုက်ရတာပါ။ လူငယ်အားလုံးနဲ့ ပတ်သက်မယ်လို့ ယူဆလို့ပါ။ လူငယ်တွေ တိုးတက်ပါစေ။

ရတနာပုံသတင်းစာ

၇.၅.၂၀၀၀

ကံချွန်

# စိတ်ထွက်ပေါက်

ထိုင်ရတာ ကြာလို့ ညောင်းလာရင် ထရပ်မယ်။ လမ်းလျှောက်မယ်။ လမ်းလျှောက်ရတာကြာလို့ညောင်းလာရင် ခဏနားမယ်၊ ထိုင်မယ်။ သိပ်ပင်ပန်းနေသလား။ တရေးအိပ်မယ်၊ တစ်မျိုးတည်း တသမတ်တည်း အကြာကြီးလုပ်နေလို့ မရပါဘူး။ ဒါဟာ သဘာဝပါ။ ဒါကြောင့်လည်း အပြောင်းအလဲ လုပ်ပေးရတာပေါ့။ အဲသလို အပြောင်းအလဲလုပ်ပေးလိုက်မှလည်း ကိုယ်လုပ်ရမယ့် အလုပ်

www.burmeseclassic.com

ဆက်လုပ်နိုင်ပါမယ်။

ရုပ်ပိုင်းဆိုင်ရာရဲ့ ပင်ပန်းမှုအတွက် အနားပေးဖို့ အပြောင်းအလဲလုပ်ပေးဖို့အတွက်တော့ ကံချွန်တို့ဟာ သိကြပါတယ်ခင်ဗျာ။ သတိရကြပါတယ်။ ရုပ်ပိုင်းဆိုင်ရာရဲ့ တောင်းဆိုမှုကလည်း သိသာတာကိုး။ ဒီတော့သတိထားမိကြတာပေ့ါ။ အဲ ကျွန်တော်တို့မေ့နေတာကတော့ စိတ်ပိုင်းဆိုင်ရာရဲ့ တောင်းဆိုမှုပါပဲ။ ကျွန်တော်တို့ရဲ့ စိတ်လည်းပင်ပန်းတာပေ့ါ။ ညောင်းတာပေ့ါ။ ဒါပေမယ့် စိတ်ပိုင်းဆိုင်ရာရတဲ့ပင်ပန်းမှုကိုတော့ စနစ်တကျအနားပေးဖို့ မေ့နေကြပါတယ်။ အလုပ်လုပ်နေတဲ့ လူတစ်ယောက်ဟာ လူပင်ပန်းနည်းမျိုး စိတ်လည်းပင်ပန်းတာပါပဲ၊ စိတ်ပင်ပန်းလာပြီဆိုတာသိတာနဲ့ စိတ်ကိုအနားပေးဖို့လိုပါတယ်။ မွန်းကျပ်နေမှုကနေ ထွက်ပေါက်ပေးရပ့ါမယ်၊ ကိုယ်ကထွက်ပေါက်မပေးရင် သူ့ဟာသူ ထွက်ပေါက်ရှာသွားမှာပါပဲ။

စိတ်ပင်ပန်းမှု စိတ်အညောင်းမိမှုကို သိသာစေတဲ့ လက္ခဏာတွေရှိပါတယ်။ အလုပ်ခွင်မှာပဲဖြစ်ဖြစ် နေအိမ်မှာပဲဖြစ်ဖြစ်၊ အလိုလိုနေရင်းစိတ်အလိုမကျမှုတွေ ဖြစ်နေရင် အလကားနေရင်း ဒေါသဖြစ်နေရင် စိတ်တိုရင် သတိထားပါတော့၊ စိတ်ပင်ပန်းနေလို့ပါပဲ၊ စိတ်အညောင်းမိနေလို့ပါပဲ၊ စိတ်မွန်းကျပ်နေလို့ပါပဲ၊ စိတ်ပင်ပန်းလို့ ဒေါသဖြစ်တာတွေ အလိုမကျတာတွေဖြစ်လာပြီဆိုရင် နောက်ဆက်တွဲအကျိုးဆက်ကတော့ မှားနိုင်တာပါပဲ။ ဒါတွေကတော့ ကံချွန် သတိထားမိတာပေ့ါခင်ဗျာ။

စိတ်အာရုံထဲမှာ တွေးစရာ လုပ်စရာတွေကြာရှည်တွေးတော

စိတ်သွင်းထားရရင် ငြီးငွေ့လာပါတယ်။ အဲဒီလိုအခါမှာ မလုပ်လို့ မဖြစ်ဘူးဆိုပြီးအလုပ်ထဲမှာပဲ စိတ်သွင်းထားရရင် အာရုံပင်ပန်းလာ ရော၊စိတ်မွန်းကျပ်လာရော၊ အဲသလိုပါပဲ။ ဘာမှမလုပ်ဘဲကြာရှည် ကြီးနေရရင်လည်း စိတ်ပင်ပန်းတာပါပဲ။ အလုပ်ရှာရင်း အလုပ်မရ လို့ ဒါမှမဟုတ် ကျမ်းမာရေးကြောင့် ဘာမှမလုပ်ရဘဲ နေရတဲ့သူ တွေမှာလည်း စိတ်ပင်ပန်းမှုဖြစ်တာပါပဲ။ အဲဒီအချက်လည်း ကံချွန် တို့သတိထားသင့်ပါတင်ခင်ဗျား။ အဲသလို ဘာမှလုပ်လို့မရလို့ လုပ် စရာမရှိလို့ စိတ်ပင်ပန်းနေရသူများမှာတော့ ဒေါသတွေ အလို မကျမှုတွေအပြင် စိတ်အားငယ်မှုတွေဖြစ်တတ်ပါတယ်။ ငါကတော့ ဘာမှအသုံးမကျဘူးဆိုတဲ့ အတွေးမျိုးတွေ ဝင်တတ်ပါတယ်။

လမ်းလျှောက်နေရတဲ့သူမှာ ထိုင်ဖို့ နားဖို့လိုသလို တစ်ချိန်လုံး ထိုင်နေရသူမှာတော့ လမ်းလျှောက်ဖို့လိုပါတယ်။ အဲသလိုပါပဲ စိတ်အာရုံမှာ လုပ်စရာတွေများနေတဲ့လူဟာ စိတ်ကိုအနားပေးဖို့ လိုသလို အာရုံမှာဘာမှလုပ်စရာမရှိသူများမှာတော့ စိတ်ကို အလုပ် ပေးဖို့လိုပါတယ်။ စိတ်အလုပ်မရှိဘဲ ကြာရှည်ကြီးနေရပြီဆိုရင် မတွေးသင့်တာတွေ တွေးမိတတ်ပါတယ်။ စိတ်မဝင်စားသင့်တာ တွေ စိတ်ဝင်စားတတ်ပါတယ်။

အဲသလို သတိထားမိလို့ ကံချွန်တွေးမိတာလေးတွေရေးပြချင် တာပါခင်ဗျ။ ပထမဆုံးကိုယ့်ကိုယ်ကို စိတ်အညောင်းမိ မခံသင့်ဘူး။ စိတ်ကို ပန်းနေ နွမ်းနေသည်ထိ အလုပ်မလုပ်သင့်ဘူး။ အလုပ် တာဝန်နဲ့အတူ အလိုမကျမှုတွေ ဒေါသတွေ ပါလာမှာစိုးလို့ပါ။ အဲသလို ပါလာပြီဆိုရင်အမှားတွေလည်း ပါလာမယ်လေ။ ဒါကြောင့်

www.burmeseclassic.com

စိတ်အညောင်းမမိခင်မှာ စိတ်ကိုထွက်ပေါက် ပေးသင့်တယ်လို့ ယုံကြည်မိပါတယ်။သတိထားပြီးစိတ်ကို အနားပေးတဲ့အကျင့်လုပ်ပါ။

ဒုတိယ သတိထားတာကတော့ ကံချွန်နှင့်ပတ်သက်ယှက်နွယ်ဆက်စပ်သူများကိုပါ။ သူတို့အာရုံပင်ပန်းလောက်အောင် အလုပ်လုပ်ထားကြရတယ်လို့ ယူဆရတဲ့အချိန်မျိုးမှာ သူတို့စိတ်ကိုအလုပ်ထပ်မပေးမိဖို့ ကံချွန်သတိထားပါတယ်။ အလေးအနက်ပြောစရာစကားမျိုးဆိုရင် အာရုံမပင်ပန်းမယ့်အချိန်မျိုး စိတ်လန်းဆန်းမယ့်အချိန်မျိုးမှာမှ ပြောပါတယ်။ တကယ်လို့များ ကံချွန်မှန်းဆတာလွဲသွားလို့ သူတို့အာရုံပင်ပန်းနေချိန်မှာ ပြောမိရင်သူတို့ရဲ့တုံ့ပြန်မှုမှာ စိတ်မရှည်တဲ့အငွေ့ပါလာရင် ကံချွန်သည်းခံစောင့်ပါတယ်။ စိတ်အေးလက်အေးရှိမည့်အချိန်မှာ ပြန်ပြောပါတယ်။ စိတ်ပင်ပန်းမွန်းကျပ်မှုဆိုတာ လူတိုင်းအရွယ်တိုင်းမှာ ဖြစ်နိုင်တာပါပဲ။ သူငယ်တန်းကလေးတစ်ယောက်ကိုပဲ ကစားချိန်မပေးဘဲစာတွေချည်းတစ်မျိုးပြီးတစ်မျိုး သင်ကြည့်ပါလား။ စိတ်ပန်းလာချိန်မှာ အမှားမှားအယွင်းယွင်းတွေဖြစ်လာမှာပေါ့။ ပထမနေ့ကရပြီးသား စာကိုပဲနောက်နေ့ စိတ်ပန်းနေချိန်လောက်မှာ မေးရင်မေ့တာတွေ မှားတာတွေ ဖြစ်ကုန်မှာပေါ့။

စိတ်မွန်းကျပ်မှု၊ အလိုမကျမှု၊ စိတ်တိုမှု၊ ဒေါသသင့်မှုတွေမဖြစ်ရအောင် ကျွန်တော်တို့ဟာ ကိုယ့်စိတ်ကို ထွက်ပေါက်ပေးရပါမယ်။ စိတ်ကိုညှင်းဆဲသလိုဖြစ်သည့်အထိ အလုပ်မပေးသင့်ပါဘူး။ အလုပ်မှာ နားချိန်ရှိရပါမယ်။ နားချိန်ထဲကို အလုပ်တွေ

ယူမလာမိဖို့လိုပါတယ်။ နားချိန်မှာ စိတ်ရောလူရော တကယ်နားရပါမယ်။

အားကစား (ဝါသနာပါရာ) တစ်ခုခုလုပ်တာ

အနုပညာ (ဝါသနာပါရာ) တစ်ခုခုလုပ်တာဟာ စိတ်ကို အနားပေးတာပါပဲ။ ဒါပေမယ့် အားကစားသမား၊ အနုပညာသမားတွေအတွက်ဆိုရင် အားကစားလုပ်တာ အနုပညာလုပ်တာဟာ စိတ်အနားပေးတာမဖြစ်တော့ဘူးပေါ့။ အားကစားလုပ်ခြင်း၊ အနုပညာဖန်တီးခြင်းကို ရပ်နားပြီး မိသားစုအရေး အပေါင်းအသင်းအကြောင်းပြောတာမျိုးက စိတ်အနားပေးပြီး ဖြစ်မှာပေါ့။ ဒါဟာ စိတ်ကို တာဝန်ထဲကနေ ထွက်ပေါက်ပေးခြင်းပါပဲ။

အဲသလို ကိုယ်ကအလိုက်သိပြီး ထွက်ပေါက်မပေးဘူးဆိုရင် စိတ်ဟာ သူ့ဟာသူထွက်ပေါက်ရှာသွားတတ်ပါတယ်။ တာဝန်တွေနဲ့လွတ်ကင်းရာကို ပြေးထွက်သွားသည့်စိတ်ဟာ ထွက်ပေါက်မှားရင် မဖြစ်သင့်တာတွေ ဖြစ်သွားလေ့ရှိပါတယ်။ နမူနာတွေပြောရရင်တော့ မကုန်နိုင်ဘူးခင်ဗျာ။ ဒါပေမယ့် မတော်တဆတိုက်ဆိုင်မှုရှိသွားရင် သူ့ဝန်းကျင်မှာ မျက်နှာပူစရာဖြစ်မှာစိုးလို့ နမူနာဖြစ်ရပ်တွေကိုတော့ ကံချွန်ရေးမပြတော့ပါဘူး။

ဒီတော့ - - -

လူငယ်များအထူးမှတ်ပါ။ ကိုယ့်စိတ်ကို အမြဲသတိနှင့်ဆန်းစစ်ပါ။ ဒေါသသင့်သလိုလို စိတ်မရှည်ချင်သလိုလို ဖြစ်လာတာနဲ့ ကိုယ့်စိတ်ကို အနားပေးပါ။ အာရုံပြောင်းပါ။ အဲသလိုဖြစ်လာချိန်မှာသတိထားပြီးစိတ်ကိုအနားမပေးရင် ကိုယ်လုပ်နေတဲ့အလုပ်မှာ

www.burmeseclassic.com

အများတွေပါလာနိုင်ပါတယ်။ အများအနည်းဆုံးနှင့်အောင်မြင်တဲ့ဘဝတည်ဆောက်နိုင်ဖို့ ကိုယ့်စိတ်ကိုနားလည်ကြပါစို့။

**ရတနာပုံသတင်းစာ**

**၂.၄.၂၀၀၀**

**ဂဲ၅ွန်**

# ဒေါသအတွက်နေရာ

ကျွန်တော်တို့ဟာ ကိုယ်ပိုင်ဆိုင်ထားတဲ့ပစ္စည်းတွေကိုသူ့နေရာနဲ့သူအံဝင်ခွင်ကျထားကြရပါတယ်။ စားပွဲအတွက်နေရာ၊ ရေအိုးအတွက်နေရာ၊ ကုလားထိုင်အတွက်နေရာ၊ နာရီအတွက်နေရာရှိသင့်တဲ့နေရာမှာရှိရမယ့်ပစ္စည်းကို ထားကြရတာပေါ့။

အဲသလိုပါပဲ ကျွန်တော်တို့စိတ်ပိုင်းဆိုင်ရာမှာလည်းကျွန်တော်တို့ရဲ့ခံစားမှုတွေရှိပါတယ်။ ကြည်နူးတာ၊ ကျေနပ်တာ၊ တက်ကြွတာဒေါသဖြစ်တာ၊ ပီတိဖြစ်တာစသဖြင့်ပေါ့ခင်ဗျာ။ အဲဒီစိတ်ပိုင်းဆိုင်ရာမှာရှိနေတဲ့ခံစားမှုတွေကိုလည်းနေရာထားမှန်ဖို့လိုပါတယ်ခင်ဗျ။ ချောင်ထိုးထားရမယ့်ပစ္စည်းအဟောင်းအစုတ်၊ ဒါမှမဟုတ်အိမ်သာထဲမှာရှိရမယ့်ပစ္စည်းမျိုးကို အိမ်ဦးခန်း၊ ဧည့်ခန်းမှာထားလိုက်ရင်ကသိကအောင့်နဲ့ ဒုက္ခဖြစ်ရသလိုပေါ့ခင်ဗျာ။ စိတ်ပိုင်းဆိုင်ရာရဲ့

ခံစားမှုကိုလည်း ရှေ့တန်းမတင်သင့်တာ ရှေ့တန်းတင်ထားမိရင် ဒုက္ခဖြစ်ရပါတယ်ခင်ဗျ။

ခံစားမှုတွေထဲမှာ လူကိုဒုက္ခအပေးဆုံးခံစားမှုတွေထဲမယ် "ဒေါသ" ပါပါတယ်။ ဒါကြောင့်လည်း ရှေးလူကြီးများက ဒေါသကို ထားသင့်တဲ့နေရာ၊ ဒေါသကိုဘယ်လိုသိမ်းရမယ်ဆိုတာ ပြောဆို သတ်မှတ်ပေးခဲ့ကြတာပေါ့ခင်ဗျာ။

"ပညာရှိအမျက်၊ အပြင်မထွက်" ဆိုတဲ့စကားတို့ "ဒေါသရှေ့ ထားမှားလိမ့်မယ်" ဆိုတဲ့စကားတို့ဟာ ကံချွန်တို့အနေနဲ့ဒေါသကို ဘယ်နေရာမှာထားရမယ်ဆိုတာ ညွှန်ခဲ့တာပဲခင်ဗျ။ ကံချွန်တို့မှာ ဒေါသဆိုတာကိုပိုင်ဆိုင်ထားကြရပေမယ့်သူ့ကိုမှုတက်ခံသင့်ကြောင်း မသုံးမိဖို့အရေးကြီးကြောင်း အပြင်မထုတ်ဖို့၊ ရှေ့မထားမိဖို့ လူကြီး များက သတိပေးခဲ့တာပဲ။ ဒေါသဆိုတာ ကျားလိုပါပဲ။ လှောင်အိမ် ထဲနေစေတာပဲ ကောင်းပါတယ်ခင်ဗျာ။ "မောင်ပိုနေမြဲ ကျားနေမြဲ" ပုံပြင်လိုပေါ့။

အချုပ်အနှောင်ခံနေရတဲ့ကျား သနားလို့လွှတ်ပေးလိုက်ရင် လွှတ်ပေးသူကို ကိုက်မှာပါပဲ။ အများသိပြီးသားပုံပြင်ကိုပဲ စကား အဆက်အစပ်မိအောင်အကျဉ်းလောက်တော့ပြန်ရေးပြပါရစေဦး။ ရိုးရိုးအအ မောင်ပိုက ရွာပြင်ထင်းခွေဖို့ထွက်အလာ ထောင်ခြောက် လှောင်အိမ်ထဲမှာမိနေတဲ့ကျားကိုတွေ့တယ်ဆိုပဲ။ ကျားက မောင်ပို လည်းမြင်ရော ကျားတို့မာယာနဲ့သနားလောက်အောင်ပြောတယ် ဆိုပဲ။ ဒီတော့မောင်ပိုက သနားပြီးလွှတ်ပေးလိုက်တော့ ကျားက မောင်ပိုကိုစားဖို့လုပ်တော့တာပေါ့။

www.burmeseclassic.com

"ကျုပ်ကခင်ဗျားကို လွှတ်ပေးတဲ့သူပဲ ဘာလို့စားမှာလဲ"

"လွှတ်ပေးလည်း စားရမှာပဲ။ ကျားဆိုတာ လူကိုစားတာ သဘာဝပဲ။ အဲသလိုပြောဆိုနေတုန်း ရွာထဲကလူတစ်ယောက်ရောက်လာပြီး "ကဲ ကဲ စားသင့်၊ မစားသင့်ဆုံးဖြတ်ရအောင် ပြဿနာရဲ့အစကဘယ်လိုလဲ၊ ကျားကဘယ်မှာလဲ" လို့မေးသတဲ့။ ကျားက "ထောင်ခြောက်လှောင်အိမ်ထဲမှာပါ" ဆိုတော့ပြန်ဝင်ပြစမ်း။ ဟုတ်ပြီ "မောင်ပိုကဘယ်မှာလဲ" လို့ထပ်မေးတယ်။ "ဟိုလမ်းပေါ်မှာဆိုတော့" "သွားနေပြစမ်း" ဆိုပြီးခိုင်းရော၊ ပြီးတော့မှ "ကဲ ပြဿနာမဖြစ်ရအောင် မောင်ပိုနေမြဲ ကျားနေမြဲရှိစေတော့" လို့ ဆုံးဖြတ်ပေးတဲ့ပုံပြင်ပါ။ ကံချွန်တို့ကလည်း အဲဒီပုံပြင်လိုပဲ ကံချွန်နေမြဲ၊ ဒေါသနေမြဲနေကြရမှာပေါ့ခင်ဗျာ။ ဟုတ်ဘူးလား။ ဒေါသဆိုတဲ့ခံစားမှုကို အပြင်ပေါက်ကွဲထွက်မလာစေဖို့ ဘယ်လိုလုပ်ကြမလဲ။ ဘယ်လိုသတိထားကြမလဲ။ ဒေါသဆိုတာ ရှေ့ထားလည်းမှားတာပဲ။ ဘေးထားလည်းမှားမှာပဲ။ နောက်ထားလည်းမှားမှာပါပဲ။ ဖြစ်နိုင်ရင်တော့ အပြင်ထုတ်မထားရင်အကောင်းဆုံးပါပဲ။ ဒါ့ကြောင့် ပညာရှိအမျက် အပြင်မထွက်ရဘူးလို့ ပြောခဲ့ကြတာပေါ့။ ဒေါသကို ထိန်းနိုင်ရပါမယ်။

တကယ်တော့ဒေါသဆိုတာ ထွက်လာရင် အထိန်းရခက်ပါတယ်။ ဒီတော့ဒေါသဖြစ်စေမယ့်အကြောင်းအရင်းတွေစဉ်းစား၊ ကြိုပြီးဆင်ခြင်တာအကောင်းဆုံးပါပဲ။ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းက ပိုကောင်းတယ်ဆိုတဲ့စကားလိုပေါ့ခင်ဗျာ။

ဒေါသရဲ့အခြေခံစိတ်ကတော့ "စိတ်လိုက်မာန်ပါ" ပြောဆို

လုပ်ကိုင်တတ်ခြင်းပါ။ ဟောဟောဒိုင်းဒိုင်းလုပ်တာ၊ ပြောတာတွေ ပေါ့။ ပြဿနာတစ်ရပ်ရပ်၊ ကိစ္စတစ်ခုခုကြုံလိုက်တာနဲ့ မစဉ်းစား တော့ဘဲ စိတ်လိုက်မာန်ပါ ဟောဟောဒိုင်းဒိုင်းလုပ်လေ့ရှိသူတွေ ဟာအမှားတွေနဲ့ ရင်ဆိုင်ရတတ်ပါတယ်။ ဒါကြောင့်လည်း ပြောလေ့ ရှိတဲ့စကားတွင်နေတာပေါ့။ "စိတ်လိုက်မာန်ပါ" လုပ်မိလို့ မှားသွား တာပါဆိုတဲ့စကားမျိုး။ ဒီတော့ ဆက်စပ်တွေးကြည့်ရအောင်၊ ဒေါသ ရှေ့ထားမှားလိမ့်မယ်ဆိုတဲ့စကားနဲ့ စိတ်လိုက်မာန်ပါလုပ်ခြင်းဟာ မစဉ်းစားဘဲ လုပ်တာပါပဲ။ စိတ်လိုက်မာန်ပါဆိုတာ ဒေါသကို မွေးဖွားပေးမယ့် အခြေခံစိတ်ပါပဲ။ စိတ်လိုက်မာန်ပါနဲ့ ယှက်နွယ် နေတာက "ဟောဟောဒိုင်းဒိုင်း" ဆိုတဲ့စကားပါ။ ဒီစကားတွေ ဖြစ်ပေါ်လာတာကတော့ မစဉ်းစားလို့ စိတ်မရှည်လို့ပါပဲ။

ဒီတော့ ဒေါသဆိုတာ ပေါ်ပေါက်မလာဖို့အတွက် "စိတ်လိုက် မာန်ပါ" ပြုမူပြောဆိုတတ်တဲ့အကျင့် ဖျောက်ကြမယ်ဆိုရင် ဘာကိုပဲဖြစ်ဖြစ်ပြောဆိုလုပ်ကိုင်ခြင်းမပြုခင်မှာ သင့်မသင့် စဉ်းစား မယ်ဆိုရင်ကျွန်တော်တို့ဟာ အထိန်းရခက်တဲ့ဒေါသတွေလျော့နည်း သွားမှာသေချာပါတယ်။ ဒေါသလျော့နည်းရင် အမှားတွေနည်းသွား နိုင်သလို ကြည်ကြည်လင်လင်ပျော်ပျော်ရွှင်ရွှင် ပြောဆိုနေထိုင် နိုင်မှာသေချာပါတယ်။ အဲဒါဆိုရင်အမှားလည်းနည်းပြီပေါ့။ ဒေါသ ကိုလည်းသူ့နေရာမှန်မှာထားလို့ရသွားပြီ။ ထွက်မလာဖို့ 'သတိ' လှောင်အိမ်ထဲထည့်ထားလို့ရပြီ။ မောင်ပိုနေမြဲ ကျားနေမြဲကို 'ဒေါသနေမြဲ ကိုယ်နေမြဲ' မပတ်သက်သလိုနေလို့ ရတာပေါ့။

ဒေါသဆိုတာရှိနေဦးတော့ စိတ်ထဲမှာပဲ ရုပ်ပိုင်းအသွင်

www.burmeseclassic.com

သဏ္ဍာန်ကို ကူးမလာအောင် နေတတ်ဖို့လေ့ကျင့်ရပါမယ်။

ဒေါ်သဟာ အမှားများရဲ့ ပင်မရေသောက်မြစ်ကြီးပါ -

ဒါကြောင့် လူငယ်များ ဒေါသရဲ့နေရာမှန်မှာ ဒေါသကိုထားနိုင်ကြပါစေ။ ရှေးလူကြီးသူမတို့ ဆိုဆုံးမတဲ့စကားတွေထဲက "လူလိမ္မာအမျက် အပြင်မထွက်နဲ့"၊ "ပညာရှိအမျက် အပြင်မထွက်နဲ့" "ဒေါသရှေ့ထားမှားလိမ့်မယ်" ဆိုတဲ့စကားတွေကို သတိထားပါ။ ဒေါသဖြစ်စေမယ့်အကြောင်းရင်းတွေကို ရှောင်ပါ။ စိတ်လိုက်မာန်ပါမလုပ်ပါနဲ့။ဟောဟောဒိုင်းဒိုင်းမလုပ်ပါနဲ့။စိတ်ရှည်ပါ။စဉ်းစားပါ။

လူငယ်များတိုးတက်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၆.၄.၂၀၀၀**

**ကံချွန်**

# ပျော်ချင်သလား ပီတိဖြစ်ချင်သလား

ပျော်ချင်သလား?

အဲသလိုမေးရင် လူကြီး၊ လူငယ်၊ လူလတ်၊ ကျား-မ မရွေး ပျော်ချင်တယ်ပဲဖြေမှာပေါ့။ ဘယ်လိုလူမှ အလကားနေရင်း စိတ်ညစ်မနေချင်ပါဘူးခင်ဗျ။ ဒါ အလွန်သဘာဝကျပါတယ်။

**စိန်စိန်ဦးစာအုပ်တိုက်**

ပျော်ပျော်နေနိုင်ဖို့ ဘာတွေလိုအပ်သလဲ ပျော်ရွှင်စွာနေနိုင်ရေး အတွက်အရင်းအနှီးတွေကိုကံချွန်စဉ်းစားကြည့်မိပါတယ်။ စဉ်းစားမိတဲ့အကြောင်းရင်းက ကံချွန်က အမြဲပျော်ပျော်နေချင်ပါတယ် ခင်ဗျာ။ မမျှော်လင့်ဘဲစိတ်မကြည်မလင်ဖြစ်ရတဲ့အခါတွေရှိပါတယ်။ အဲသလိုအခါမှာ စဉ်းစားတော့တာပဲ။ ဘာလို့မကြည်မလင်ဖြစ်ရတာလဲ။ မပျော်နိုင်ရတာလဲဆိုတာ ပျော်ပျော်မနေနိုင်တော့ခြင်း အကြောင်းရင်း (သို့မဟုတ်) စိတ်မကြည်မလင်ဖြစ်ရခြင်း ပျော်ရွှင်စွာမနေနိုင်ရခြင်းအကြောင်းရင်းတွေထဲမှာအဓိကအကျဆုံးကတော့ မကောင်းမှုတစ်ခုခုလုပ်ခဲ့ဖူးလို့ပါ။ကိုယ်ကျူးလွန်ခဲ့တဲ့မကောင်းမှုဟာ ကြီးမားရင်စိတ်ညစ်ရတာကြီးမားမယ်။ ကိုယ်ကျူးလွန်ခဲ့တဲ့မကောင်းမှုဟာသေးမွှားရင် စိတ်မကြည်မလင်ဖြစ်ရတာသေးမွှားမယ်။

ကံချွန်အဲသလိုတွေးမိပါတယ်ခင်ဗျ။ အကောင်းလုပ်ရင် အကောင်းဖြစ်မယ်။ မကောင်းလုပ်ရင်မကောင်းဖြစ်မယ်ဆိုတဲ့စကားကို ကံချွန်ငယ်စဉ်ကတည်းကကြားဖူးပါတယ်။ အခြားလူငယ်တော်တော်များများလည်း ကြားဖူးမှာပါ။ တူသောအကျိုးပေးတယ်ဆိုတဲ့စကားတို့၊ ဒီစကားတွေရဲ့အဓိပ္ပါယ်ကိုတော့ လူတိုင်းသိကြမှာပါ။ အနှစ်သာရမှန်ကန်မှုဆိုတာကတော့ ကိုယ့်ဘဝသက်တမ်း တစ်လျှောက် ပြုခဲ့လုပ်ခဲ့သမျှကြုံခဲ့ဆုံခဲ့သမျှ အဖြစ်အပျက်အတွေ့အကြုံအကောင်းအဆိုးတွေကို ပြန်စဉ်းစားကြည့်မှ သိရမှာပါ။ အမှုမဲ့အမှတ်မဲ့နေရင် မသိနိုင်ပါဘူး။ ကံချွန့်ကို ညီငယ်တစ်ယောက်ကမေးဖူးပါတယ်။ မကောင်းမှုဆိုတာ ဘာလဲတဲ့။ ကိုယ့်ဟာကိုယ်တွေးထားတဲ့ အဖြေလိုချင်တယ်တဲ့။ ရှင်းရှင်းလေးပါ။ မကောင်းမှု

www.burmeseclassic.com

ဆိုတာ ဘာသာရေးအရ၊ လူမှုရေးအရ၊ တရားဥပဒေအရ၊ ကျန်းမာရေးအရ မလုပ်သင့်မလုပ်ထိုက်လို့ တားမြစ်ထားတာမကောင်းမှုပါပဲ။ ဆေးလိပ်သောက်တာဟာ ကျန်းမာရေးကို ထိခိုက်တယ်ဆိုတာ ကံချွန်တို့ ငယ်ငယ်လေးကတည်းက ကြားဖူးတာပေါ့။ ဒါပေမယ့် သောက်ခဲ့တယ်။ ဒီလိုနဲ့ အသက်လေးဆယ်ဝန်းကျင် ရောက်လာတော့ လမ်းလျှောက်ရင်မောချင်တာလိုလို တိုက်မြင့်မြင့် မတက်နိုင်တာလိုလို ဖြစ်ခဲ့ဖူးပါတယ်။ အဲဒီကတည်းက ကံချွန်ဆေးလိပ်ဖြတ်လိုက်တာပါ။ ကိုယ်ပြုလုပ်ခဲ့တာနဲ့ ကြုံဆုံရတာကို သတိထားမိလို့ပေါ့။

တချို့ကိစ္စတွေမှာ သတိထားမိတဲ့အချိန်မှာ နောက်ကျသွားမှာစိုးတာပါ။ လမ်းလျှောက်လို့မောစပြုတာနဲ့ ဆေးလိပ်ကိုသတိထားမိတာမျိုးက အချိန်မီပါတယ်။ ဆေးလိပ် ဖြတ်လိုက်တယ်ပေါ့။ လည်ချောင်းကင်ဆာဖြစ်မှဆိုရင် ဘယ်လိုလုပ်အချိန်မီတော့မှာလဲ။ အဲသလိုဆိုလိုတာပါ။ ရောဂါတစ်ခုခုဖြစ်ပြီဆိုရင် ပျော်ပျော်နေလို့မရတော့ဘူး။ အဲသလိုပါပဲ။ တရားဥပဒေကို မလေးစားလို့ ကျူးလွန်မိထားရင်လည်း အရေးယူမှုဆိုတာရင်ဆိုင်ရမှာပါ။ အဲဒါဆိုရင်လည်း ပျော်လို့မရပါဘူး။ လူမှုရေးအရ မလုပ်သင့်တာလုပ်ရင်လည်း လူအများရဲ့ ဝိုင်းပယ်ခြင်းခံရမှာပါပဲ။

အမှားကိုမသိမသာနဲ့ ခပ်ပေါ့ပေါ့ သဘောထားပြီး ပြုမူကျူးလွန်မိတတ်တာက ငယ်တဲ့အရွယ်တွေပါ။ ကြီးလာတဲ့အခါမှာတော့ ကိုယ်ကျူးလွန်မိခဲ့တဲ့အမှားတွေရဲ့ ဒဏ်ခတ်ခြင်းခံရပြီး ရှောင်ကြဉ်ကုန်ကြတာများပါတယ်။

ကံချွန်ကတော့ ဒီနေ့လူငယ်များကိုကြီးလာတဲ့အခါမှာ ပျော်ပျော်ကြီးနေနိုင်တဲ့သူများဖြစ်စေချင်ပါတယ်။ ဘ၀ကိုပျော်ရွှင်စွာဖြတ်သန်းစေချင်ပါတယ်။ ပျော်နေတဲ့အဘိုးကြီးအဘွားကြီးတွေအဖြစ် မြင်ချင်ပါတယ်။ အဲသလို ပျော်ရွှင်စွာနေနိုင်ဖို့အတွက် အလိုအပ်ဆုံးကတော့ မကောင်းမှုများကို ရှောင်ဖို့ပါပဲခင်ဗျာ။

နောက်ပြီးကိုယ့်ဘ၀မှာ ပျော်ရွှင်စွာနေလို့ရတဲ့အပြင် တစိမ့်စိမ့်တွေးပြီးပီတိဖြစ်ချင်နေရင်ကြည်နူးကျေနပ်နေချင်ရင်တော့ကောင်းမှုလေးပါလုပ်ကြည့်ပါ။ ကိုယ့်လက်တစ်ကမ်းကိုယ်တတ်စွမ်းသမျှပေ့ါ။ ဘာသာတရားအရဖြစ်ဖြစ် လူမှုရေးအရဖြစ်ဖြစ်၊ ကျမ်းမာရေးအရဖြစ်ဖြစ်၊ တရားဥပဒေအရဖြစ်ဖြစ်၊ ကောင်းမှုလို့သတ်မှတ်ထားတာလေးကို ကိုယ့်အတွက်ဖြစ်ဖြစ် ကိုယ့်ဝန်းကျင်အတွက်ပဲ ဖြစ်ဖြစ်ဆောင်ရွက်ကြည့်ပါ။

မကောင်းမှုကို ကျူးလွန်မိရင်စိတ်သောကရောက်ရသလိုကောင်းမှုကိုပြုလုပ်ခဲ့ရင်လည်း ကြည်နူးပီတိဖြစ်ရတာပါပဲ။ ကံချွန်ပြုဖူးတဲ့ ကောင်းမှုတွေကိုပြန်တွေးမိတိုင်း လက်တွေ့ခံစားရဖူးပါတယ်။ အကူအညီလိုနေတဲ့စာရေးဆရာကို ကူညီချင်တဲ့စာပေချစ်သူရဲ့အကူအညီကို လက်ဆင့်ကမ်းပေးဖူးတာလောက်ကိုပဲပြန်တွေးရင်းပီတိဖြစ်ရပါတယ်။ အဲဒီမဆိုစလောက်အတွေ့အကြုံလေးကြောင့် လူငယ်တွေကို မှာချင်တာပါခင်ဗျ။

လူငယ်တွေစဉ်းစားကြည့်စမ်းပါ။

စိတ်ကောင်းလေးထားပြီး စေတနာလေးထားပြီး ကိုယ်သိသလိုနဲ့ လုပ်ပေးနိုင်သလောက် ကောင်းမှုလေးတွေလုပ်ပေးကြည့်

www.burmeseclassic.com

စမ်းပါ။ ငယ်စဉ်ကတည်းက မကောင်းမှုကိုရှောင်ရင်း ကောင်းမှုလေးတွေပါ လုပ်ဖြစ်မယ်ဆိုရင်တော့ အသက်ကြီးလာတဲ့အခါ ပျော်ပျော်နေနိုင်မယ့်အပြင် ပီတိပါဖြစ်ရမှာပါ။

တကယ်တော့

မကောင်းမှုကို ရှောင်တာရော -

ကောင်းမှုပြုတာရော ကိုယ့်အတွက်ပါပဲ -

ကောင်းမှုတွေကို မပြုနိုင်တောင်မှ မကောင်းမှုတွေကို ရှောင်နိုင်မယ်ဆိုရင်တော့ လူငယ်များရဲ့ အနာဂတ်ကာလဟာ ပျော်ပျော်နေရာမှာ သေချာတယ်လို့ပြောချင်ပါတယ်။ တရားဥပဒေအရဖြစ်စေ၊ ဘာသာရေးအရဖြစ်စေ၊ လူမှုရေးအရဖြစ်စေ၊ ကျန်းမာရေးအရဖြစ်စေ၊ တားမြစ်ထားတဲ့မသင့်ဘူးလို့ သတိပေးထားတဲ့အရာများကို ရှောင်နိုင်ကြပါစေ၊ ပျော်ရွှင်စရာကောင်းသော ကြည်နူးစရာကောင်းသော ကျန်းမာသော လူကြီးဘဝကို တည်ဆောက်နိုင်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၄.၆.၂၀၀၀**

**ကံချွန်**

# နောင်တကိုဆွဲဆန့်ရေး

ကံချွန် ရက်သုံးပတ်လောက် စာအရေးပျက်သွားပါတယ် ခင်ဗျာ။ ကျန်းမာရေးကြောင့်ပါ။ အိပ်ရာထဲခွေနေရတဲ့အဆင့်ထိ မရောက်ပေမယ့် မလုပ်ချင်၊ မကိုင်ချင်၊ မတွေးချင်၊ မရေးချင် ဖြစ်နေခဲ့တာပါ။ ပြီးတော့အပျက်တွေချည်းတွေးမိနေတယ်။ ငါများ စာမရေးနိုင်တော့ရင် . . .။ ငါများ အလုပ်မလုပ်နိုင်တော့ရင် . . . ဆိုတာမျိုးပေါ့။

အဲသလို အလုပ်မလုပ်နိုင်လေ အလုပ်လုပ်ချင်လေ။ ငါလုပ်ချင် နေတာတွေထဲမှာ ဘာတွေအရင်လုပ်သင့်သလဲ? လုပ်ရမလဲ? ဆိုတာတွေ တွေးတယ်။ နေကောင်းရင်အဲဒါတွေအရင်ဆုံးလုပ် မယ်ပေါ့။ အရေးကြီးတဲ့အလုပ်တွေ ရွေးထုတ်တယ်။ တစ်ချိန်တည်း မှာပဲ လုပ်နိုင်နေချိန်က ခပ်ပေါ့ပေါ့နေခဲ့၊ မလုပ်ခဲ့တာအတွက်လည်း နောင်တရမိတယ်ခင်ဗျာ။

အလုပ်မလုပ်နိုင်ချိန်မှာ အလုပ်လုပ်ချင်တဲ့ဆန္ဒဖြစ်ပေါ်လာ ပြီးအလုပ်လုပ်လို့ရအောင် ဘယ်လိုကြိုးစားရမလဲဆိုတဲ့အတွေးက ဆက်ဝင်လာတယ်။ ကျန်းမာရေးမကောင်းလို့ အလုပ်မလုပ်နိုင်ရင် ကျန်းမာရေးကောင်းအောင် လုပ်ရမှာပေါ့။ စဉ်းစားရတာ အလွန် ရိုးလွယ်ပါတယ်။ ဒီတော့ ကိုယ်ဖြစ်ပျက်နေတဲ့အခြေအနေတွေ ပြောပြ၊ ဆရာဝန်တွေဆီမှာ ဆေးစစ်ခံ၊ ဓါတ်မှန်ရိုက်၊ တီဗွီဓါတ်မှန် ရိုက်၊ သွေးစစ်၊ အီးစီဂျီရိုက်၊ သက်ဆိုင်ရာဆရာဝန်များနဲ့တွေ့ စစ်ဆေးကြည့်။

www.burmeseclassic.com

ရှိပြီးသား သွေးတိုးအပြင် မခေါ်ဘဲရောက်လာတာက နှလုံးရောဂါအရိပ်အငွေ့၊ ပြီးတော့ အသည်းအဆီဖုံး၊ အား - အဲသလိုရောဂါတွေရှိမှန်းလဲသိရော ကံချွန်အတော်ပျော်သွားတယ်ခင်ဗျ။ ရောဂါသိရင်ကုလို့ရတယ်လေ။ သက်သာအောင်လုပ်လို့ရမယ်လေ။ ရောဂါမတိုးအောင် ရှောင်သင့်တာရှောင်၊ ဆောင်သင့်တာဆောင်လို့ရမယ်လေ။ ကိုယ့်မှာဘာရောဂါဖြစ်နေမှန်းမသိဘဲရှောင်သင့်တာမရှောင်မိ၊ ဆောင်သင့်တာမဆောင်မိ၊ ကုရမှာမကုမိ မဖြစ်တော့ဘူးပေါ့။ ဒါဆိုအသက်ရှင်နေရသမျှ ကျန်းမာရေးဂရုစိုက်နေရင် အလုပ်လုပ်နိုင်နေပြီ။

စိတ်ဆိုတာကလည်း အဆန်းသား။ ဘာဖြစ်မှန်းမသိ ခံစားနေရတဲ့ဝေဒနာတွေဟာ ဘာဆိုတာသိတာနဲ့တစ်ဝက်သက်သာသွားတယ်။ စကုတာနဲ့ကိုးဆယ်ရာခိုင်နှုန်းအဆင်ပြေသွားရော။ ဒါ - ကံချွန်ရဲ့ဒီစာရေးနေတဲ့ လက်ရှိအခြေအနေပါပဲခင်ဗျ။ သက်သာသွားတာနဲ့ ကိုယ့်ကိုယ်ကိုသတိပေးရတယ်။ ငါနေမကောင်းတုန်းကတော့ အလုပ်တွေတအားလုပ်ချင်ခဲ့တယ်။ ခုနေကောင်းပြီ။ မလုပ်နိုင်တုန်းက လုပ်ချင်စိတ်ကိုမမေ့နဲ့။ မင်းအလုပ်လုပ်ဆိုပြီးတော့ပေါ့။ ပထမဆုံးအလုပ်ကြွေးတွေဆပ်ဖို့ စတင် ပြင်ဆင်ရပါတယ်။ ရတနာပုံ အချပ်ပိုအတွက် ဆောင်းပါးရေးဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဘာရေးမလဲ၊ ရေးချင်တာဘာလဲ၊ ရေးသင့်တာဘာလဲ -အဲသလိုတွေးပါတယ် ခင်ဗျ။ ကံချွန်တွေးရတာကတော့ လူငယ်များကို ပြောချင်တာကတော့ . . .

ကံချွန်လိုအဖြစ်မျိုးဟာ လူတိုင်းဖြစ်ဖူးကြပါတယ်။ ကြုံဖူး

ကြပါတယ်။ ကိုယ်စွမ်းဆောင်နိုင်တဲ့ကိစ္စတွေစွမ်းဆောင်နိုင်စွမ်း မရှိတော့တဲ့အချိန်မှာ ကိုယ်လုပ်နိုင်စွမ်းရှိတဲ့အလုပ်တွေ ကိုယ်မလုပ်နိုင်တော့တဲ့အချိန်မှာ ဒီတစ်ခါပြန်လုပ်ခွင့်ရရင်၊ စွမ်းဆောင်ခွင့်ရရင်တော့ လုပ်လိုက်ဦးမယ်။ အရင်ကမလုပ်မိတာ မှားတယ်ဆိုတဲ့ နောင်တမျိုး ရကြလေ့ရှိပါတယ်။ ငယ်တဲ့အရွယ်မှာ ငယ်တဲ့အရွယ်နဲ့ ယှက်နွယ်တဲ့ အမှုကိစ္စမျိုးအရွယ်လတ်၊ အရွယ်ကြီးတွေမှာလည်း သူ့အရွယ်နဲ့သူ ပတ်သက်တဲ့အမှုကိစ္စမျိုးဆိုတာတော့ ကွဲပြားကြမှာပေါ့။ ကိုယ့်မှာရည်းစားရှိပါလျက်နဲ့ အရပ်ထဲက ကလေးမလေးကို မျက်နှာလိုအားရချေးလိုက်ပို့၊ အအေးလိုက်တိုက်လုပ်မိလို့ ချစ်သူနဲ့တိုးပြီး နောင်တရတဲ့လူငယ်မျိုးလည်း ကံချွန်ကြုံဖူးပါတယ်ခင်ဗျ။

"တော်ပြီဗျာ - နောက်တော့ ကိုယ့်ချစ်သူကလွဲရင် ဘယ်မိန်းကလေးမှ အရောမဝင်တော့ဘူး။ ခဏာသာယာမိလိုက်တာ နောင်တပါပဲဗျာ" ဆိုပြီးပြောတာကြားရဖူးပါတယ်။ အရွယ်ငယ်သူတို့ ကြုံတတ်တာပေါ့ခင်ဗျာ။ ဒါပေမယ့် ကံချွန်သတိထားမိသလောက်ကတော့ အဲဒီနောင်တဟာ အဆင်မပြေတုန်းပဲ ရနေတာပါ။ အဆင်ပြေသွားပြီဆိုတော့လည်းရှုပ်မြဲရှုပ်တော့တာပါပဲ။ အရွယ်လတ်ပိုင်းတွေမှာတော့ စီးပွားရေးလုပ်ကြရပြီကိုး၊ စီးပွားရေးလုပ်ရင်း လောင်းကစားလေးဖက်လို့ စီးပွားပျက်သွားသူများလည်း ကံချွန်ကြုံဖူးပါတယ်ခင်ဗျာ။ လက်ထဲမှာ ငွေပြောင်နေစဥ်တော့ နောင်တရတော့တာပဲ။ တော်ပြီဗျာ- လောင်းကစားတော့ဝေးဝေး ကရှောင်တော့မယ် ဖြစ်ကုန်တာ။ အဲ - အိတ်ဖောင်းတော့လည်း စိတ်ပြောင်းပြီး ကစားဝိုင်းပြန်ရောက်ကုန်တာပါပဲ။ နောင်တဆို

တာ တစ်ကြိမ်ပဲ ရဖို့ကောင်းတာပါ။ နောင်တအကြိမ်ကြိမ်ရနေရင် အဲဒီလူကို ဘယ်လိုမှ အထင်ကြီးလေးစားလို့ မရတော့ပါဘူး။

အချို့အိမ်ထောင်ရှင်များရှိပါသေးတယ်။ အိမ်ထောင်ရေး ဖေါက်ပြန်မိလို့ နောင်တရတာ၊ နောင်တကတော့ အကြိမ်ကြိမ်ပါ ပဲ။ အမေ့အမှားဆိုတာ လူတိုင်းမကင်းနိုင်ဘူးပေါ့ခင်ဗျာ။ တစ်ခါ တစ်လေပဲမေ့မိမှားမိလို့ နောင်တရတာမျိုးပဲ ဖြစ်သင့်ပါတယ်။ အမှားနဲ့မကင်းကြတာကတော့ ကြီး၊ငယ်၊ရွယ်၊လတ်အစုံပါ။ အသက် ကြီးလာသူများမှာတော့ ကျန်းမာရေးနောင်တရလေ့ရှိပါတယ်။

"ငယ်ငယ်တုန်းက ကျန်းမာရေး မလိုက်စားမိလို့ဗျာ"

"ငယ်ငယ်က ဟော့ဟော့ရမ်းရမ်းနေမိလို့ဗျာ"

"ငယ်ငယ်က မစုမဆောင်းမိလို့ဟ"

ဆိုတဲ့စကားမျိုးတွေကို ကံချွန်တို့ မကြာခဏကြားဖူးပါတယ် ခင်ဗျာ။ ကြီးခါမှရတဲ့ နောင်တတွေအတွက် ပြုပြင်ချိန် အလွန်နည်း သွားပါပြီ။ ကံချွန် ခုလိုတစ်သီတစ်တန်းကြီးတွေးမိလို့ လူငယ်တွေကို သတိပေးချင်တာပါခင်ဗျ။ လူ့ဘဝမှာ မကြုံကြိုက်သင့်ဆုံးအရာ ဟာ "နောင်တ" ပါ။ မလုပ်သင့်ဆုံးအရာဟာ "အမှားပါ"။ မရှိသင့် ဆုံးအရာဟာ "မကောင်းမှု" ပါ။

နောင်တဆိုတာ တစ်ခါရလိုက်မိပြီဆိုရင်လည်း ကံချွန်တို့ အနေနဲ့ မေ့မပစ်သင့်ပါဘူးခင်ဗျ။ အဲဒီနောင်တမျိုး ဒုတိယအကြိမ် မရမိအောင် ကြိုးစားကြရမှာပါ။ တစ်ခါရမိတဲ့ နောင်တ - တစ်ခါ ရဖူးတဲ့နောင်တကို တစ်သက်တာအတွက် ဆွဲဆန့်ထားသင့်ပါတယ်။ လူငယ်တွေသာ တစ်ခါမှားဖူးတာကို နောက်တစ်ကြိမ်မမှားတော့

ဘူးဆိုရင်၊ ကိုယ့်ဘဝထိခိုက်ပျက်စီးမယ့်အရာကို မစမ်းသပ်တော့ဘူးဆိုရင် အဲဒီလူငယ်ဟာ အစွယ်သုံးပါးလုံးစိတ်ချမ်းသာပြီး နေသွားရမှာပါ။

လူငယ်များကို သတိပေးပါရစေ။

ကိုယ့်ဘဝရဲ့ သာယာလှပတဲ့အနာဂတ်ကာလကို ဘယ်သူကမှ ဖန်တီးမပေးနိုင်ပါဘူး။ ကိုယ့်ဟာကိုယ်ကြိုးစားဖန်တီးတည်ဆောက်ရမှာပါ။ မိဘအသိုင်းအဝန်း။ ဥစ္စာ၊ ဓနဆိုတာတွေဟာ အရန်နေရာမှာပဲရှိပါတယ်။ ကိုယ်ကအသုံးမကျရင် အဲဒီအကူအညီအထောက်အပံ့တွေဟာ ဘယ်လိုမှ အသုံးမဝင်နိုင်ပါဘူးခင်ဗျာ။ ကိုယ့်ဘဝကိုယ်ထူထောင်နိုင်ဖို့ သာယာလှပဖို့အတွက်

လူငယ်များခင်ဗျား . . .

နောင်တကိုဆွဲဆန့်လို့ . . . တစ်ခါရဖူးတဲ့နောင်တကို တစ်သက်မမေ့ပါနဲ့။ တစ်ခါရဖူးတဲ့နောင်တမျိုး နောက်တစ်ကြိမ်မရကြပါစေနဲ့။ နောင်တအကြိမ်ကြိမ်ရနေသူများဟာ ဘယ်တော့မှ ကြီးပွားတိုးတက်မှာ မဟုတ်ပါဘူးခင်ဗျာ။

လူငယ်များကို ချစ်တဲ့၊ ခင်တဲ့၊ ကြီးပွားစေ့ချင်တဲ့ - - -။

ရတနာပုံသတင်းစာ

၂၅.၆.၂၀၀၀

ကံချွန်

www.burmeseclassic.com

# ဒုတိယအကြိမ်စိတ်ဝင်စားမိခြင်း

"အစ်ကို"

"ကျွန်တော့်ခေါ်တယ်ဆို"

"အေး"

"ကိစ္စရှိလို့လား"

" ပျား အကြောင်းမေးချင်လို့"

ကံချွန်ရှေ့မှာ ထိုင်နေသော ဝင်းမောင်ကို ကြည့်မိသည်။ ဟိုးအရင်က သူ့ကို ဝင်းမောင် - မောင်ဝင်းမောင် ဟု ခေါ်ခဲ့ရာမှ ယခုဦးဝင်းမောင်ဟု ခေါ်ရတော့မည်ထင်၏။

" ငါ မင်းနဲ့ ဘယ်လိုစကားပြောမှန်းတောင် မသိတော့ဘူး။ ဦးဝင်းမောင်လို့ခေါ်ပြီး ကျွန်တော်၊ ခင်ဗျားနဲ့ပြောရမလို ဖြစ်နေပြီ။

"ငယ်ငယ်ကလိုပဲ ပြောပါ"

သူပြုံး၍ ပြောလိုက်တော့ သူ့မှာ ငယ်စဉ်ကအပြုံးမျိုးကို တွေ့မိသည်။

"ပျားအကြောင်း စာရေးချင်လို့လား"

ကျွန်တော် ခေါင်းရမ်းပြလိုက်သည်။ လွန်ခဲ့သောဆယ်နှစ်ခန့်ကစီးပွားရေးမဂ္ဂဇင်းကြီးတစ်စောင်မှာ ပျားမွေးမြူရေးအကြောင်း စာရေးချင်၍ တစ်ခါတွေ့မေးဖူးသည်။ ထိုစဉ်က သူသည် ပုသိမ်ကြီးမြို့နယ် ပျားမွေးမြူရေးဦးစီးအရာရှိဖြစ်သည်။ ပျားရည်ဖြင့်နိုင်ငံခြားငွေရှာဖွေနိုင်ရန် ပျားမွေးမြူရေးအကြောင်းမေး၍ ရေးခဲ့ဖူးပါသည်။ ၁၉၉၁ ခုနှစ်အောက်တိုဘာလထုတ် မြန်မာ့ခနေမဂ္ဂဇင်းမှာဖြစ်ပါသည်။ ဆယ်နှစ်နီးပါးရှိခဲ့ပြီး ထိုစဉ်က ပျားကိုမည်သို့ မွေးရ

သည်။ မည်မျှပွားသည်။ ပျားရည်မည်မျှရသည် စသည့် မွေးမြူရေးနှင့်ပတ်သက်သော လုပ်ငန်းသဘောများကိုမေး၍ ရေးခဲ့ခြင်းဖြစ်ပါသည်။ ကြာပြီ ပုသိမ်ကြီးမြို့နယ်ဦးစီးအရာရှိ ကိုဝင်းမောင်သည်ပင် ယခု ဦးဝင်းမောင် - ဦးစီးအရာရှိ မန္တလေးတိုင်း၊ ဦးစီးမှူးရုံး ပျားမွေးမြူရေးဌာနမှာ ရောက်နေပြီ။

"ဒီတစ်ခါ သိချင်တာက ပျားမွေးမြူရေးအကြောင်းမဟုတ်ဘူး - ပျားရည်အကြောင်း"

"ဈေးကွက်လား"

" မဟုတ်ဘူး - အာနိသင်"

"ဘာလို့ သိချင်တာလဲ"

"လူအိုဖြစ်စပြုလာတော့ ထုံးစံအတိုင်း အိမ်ရှင်ရောဂါရော၊ ဧည့်သည်ရောဂါရော၊ ပုံစံ (၁၀) ယူပြောင်းလာမယ့်ရောဂါရော နည်းနည်းများလာတယ်ကွ။

"အစ်ကို မအိုသေးပါဘူး"

"ပျော်ပျော်နေတတ်လို့ကွ၊ စိတ်ကသာ ပျိုနေတာ လူကတော့ အိုပြီ"

"ပျားရည်က ရောဂါအတော်များများကိုလည်း ကာကွယ်ပေးနိုင်တယ်၊ လူတစ်ယောက်အတွက် လိုအပ်နေတဲ့ကောင်းကျိုးအတော်များများကိုလည်း ဖြည့်ပေးနိုင်တယ်။ သွေးတိုးတို့၊ နှလုံးရောဂါတို့အတွက် အကောင်းဆုံးကတော့ ပျားရည်မှန်မှန်စားပေး၊ ဆရာဝန်နှင့်လည်းကုနေမယ်၊ ပျားရည်လည်းမှန်မှန်စားမယ်ဆိုရင်တော့ ပျားရည်မစားတဲ့လူထက်ပိုပြီး မြန်မြန်သက်သာတာပေါ့၊ ပျောက်တာပေါ့"

www.burmeseclassic.com

"အသက်ကြီးတဲ့လူတွေကို ပျားရည်မှန်မှန်စားသင့်တယ်လို့ ဘာလို့ပြောတာလဲ"

ပျားရည်က (Glucose) ဂလူးကို့စ် ပါဝင်မှုနည်းတယ်လေ၊ (Fluclose) ဖရူးကလို့စ်ပါဝင်မှုပိုများတယ်၊ လူကြီးတွေမှာက (Glucose) ဂလူးကို့စ်ထက်က (Fluclose) ဖရူးကလို့စ်ကို ပိုပြီး အသုံးချရတာကိုး။ လိုအပ်တာကိုး "အစ်ကို အသေးစိတ်သိချင်လို့ တော့ စာအုပ်တွေပါရှိတယ်၊ ပေးပို့မယ်။

"သဘောလောက်ပါ - ဈေးကွက်မှာတော့ ဘယ်ပျားရည်က အလုပ်ဖြစ်နေလဲ"

နိုင်ငံခြားက အကြိုက်ဆုံးကတော့ ဇီး(ဆီး)ပျားပဲ။ ဇီးပွင့်ချိန် ရတဲ့ပျားရည်ပေါ့။ အဲဒီကောင်က နှလုံးရောဂါသမားအတွက် ကောင်းတယ်လို့ပြောတယ်။ ပျားရည်ရဲ့ အာနိသင်တွေပြောရရင် တော့စာတစ်အုပ်စာလောက်ရှိမယ်အစ်ကို၊ အသားအရေစိုပြည် စေလို့ အလှကုန်ထုတ်လုပ်တဲ့ အထဲမှာလည်း ထည့်နေတာပဲ။ ကျန်းမာရေးအတွက် အကျိုးရှိလို့ ဖျော်ရည်တွေမှာလည်းထည့် နေတာပဲ။ သေသေချာချာသာသိရင်၊ စနစ်တကျသာလေ့လာမိရင် ခုထက်ပိုပြီးအသုံးပြုကြမှာ သေချာတယ်။

"ပျားရည် အစစ်အတု - အတုဆိုတာက အရောအနှောပေါ့ ကွာ အဲဒါကိုတော့ ဘယ်လိုခွဲမလဲ"

"ပျားရည်အစစ်ကတော့ ဘယ်လောက်ကြာကြာ ထားထား အနည်မထိုင်ဘူး။ အရောင်မပြောင်းဘူး"

ကံချွန်သူနှင့်အချိန်အတော်ကြာကြာ စကားပြောဖြစ်ပါသည်။ အစာလည်းဆေး၊ ဆေးလည်းအစာ ဆိုသောစကားတွင် ပျားရည်

မှာအထိရောက်ဆုံးဆေးဘက်ဝင် အစာဖြစ်နေသည်ကို ကံချွန်တို့ သတိမထားမိပါ။ သိသော်လည်း အလေးမမူမိပါ။ ထို့ကြောင့်လည်း ယနေ့ထုတ်လုပ်နေသော အချိုရည်အများစုတွင် ပျားရည်ကို အသုံးပြု၍ထုတ်လုပ်သော အချိုရည်က ဆယ်ရာခိုင်နှုန်းမျှပင်ရှိမည် မထင်။ အအေးဆိုင် ၁၀ ဆိုင်တွင် ပျားရည်စစ်စစ်နှင့် ဖျော်ပေးသောဖျော်ရည်မျိုးရသည့်ဆိုင်တစ်ဆိုင်တွေ့ရန် မလွယ်ပါ။ သံပုရာရည်ကိုသကြားမထည့်ပါနဲ့ ပျားရည်နဲ့ဖျော်ပေးပါဟု ကံချွန်မှာ ကြည့်ဖူးပါသည်။ မရပါ။ အမျိုးသားကျန်းမာရေးအတွက် အာနိသင်ထက်မြက်သော အစားအစာများကို စနစ်တကျစားတတ်ဖို့ ကျွန်တော်တို့လေ့ကျင့်ရပါမည်။ ဆက်စပ်၍တွေးမိသမျှ ရေးပါရစေ၊ ရုပ်သံဇာတ်လမ်းများတွင် လာနေသော နိုင်ငံခြားဇာတ်ကားများတွင် ဆေးဝါးကုသပြုစုရတော့မည်၊ အားရှိသော အစားအစာ ကျွေးရတော့မည်ဆိုလျှင် သူတို့ပြည်တွင်းမှထွက်ရှိသော သဘာဝသစ်ဥသစ်ဖုတို့ကို ကျွေးပြသည်။ သူတို့ဆီမှထွက်လာသောခေတ်မီဆေးဝါးများမှာလည်း ထိုသဘာဝသစ်ဥသစ်ဖု သစ်မြစ်ပါဝင်သည့်ဆေးကပို၍စျေးကြီးသည်။

ကျွန်တော်တို့မှာရှိသော မြန်မာ့သဘာဝက ပေးထားသည့်ဆေးစွမ်းများကို မြန်မာလူထုကြားထိရောက်ပျံ့နှံ့အောင် မဆောင်ရွက်နိုင်သေးပါ။ ကံချွန်တို့ ကြည့်ဖူးသမျှ ရုပ်ရှင်၊ ဗွီဒီယိုအတော်များများမှာ သက်ကြီးရွယ်အို၊ မိဘ၊ ဘိုးဘွားကို ကန်တော့တော့မည်ဆိုသည်နှင့် နိုင်ငံခြား မုန့်ပုံးနှင့်ကန်တော့တော့သည်။ စတုမဓုနှင့်ကန်တော့ပြသည်ကို (ကံချွန်တော့) မတွေ့ဖူးပါ။ ကုန်ပစ္စည်းကြော်ငြာပေးရန်ရောက်မည်ဟုဆိုပါမူ နိုင်ငံခြားမုန့်ပုံးကြော်ငြာပေး

www.burmeseclassic.com

ရသည်ထက် ကိုယ့်လူမျိုးအချင်းချင်း၏ ကုန်ပစ္စည်းကြော်ငြာပေး ရသည်ကတန်ပါသည်။ သင့်ပါသည်။

မသိ၍မသုံးဖြစ်သည်များရှိပါသည်။ အထင်သေး၍မဟုတ်ပါ။ ပျားရည်၏အာနိသင်ကို သိပ္ပံနည်းကျစနစ်တကျလေ့လာတွေ့ရှိချက် များကို မြန်မာ့ရုပ်သံနှင့်မြဝတီရုပ်သံတို့မှနေ၍ သမားတော်ကြီးများ ကလွှင့်ထုတ်ပြောပြပေးမည်ဆိုလျှင် စတုမဓူကို သိပ္ပံနည်းကျလေ့ လာဓါတ်ခွဲစမ်းသပ်၍ သူ၏အာနိသင်များကို ကြော်ငြာပေးမည်ဆို လျှင် (အခြားအခြား မြန်မာရေမြေမှ သဘာဝထွက်ဆေးဘက်ဝင် အစားအစာများရှိပါသေးသည်။)ကံ့ချွန်တို့သည် နိုင်ငံခြားဆေးများ ကိုအနိမ့်ဆုံး ဆယ်ဂဏန်းမှ ထောင်ဂဏန်းထိ (ဆေးတစ်လုံးတန် ဖိုး) ပေး၍သောက်နေကြမည့်အစား မြန်မာ့ဆေး မြန်မာ့အာဟာရ များဘက်သို့ အာရုံရောက်လာမည်မှာ သေချာပါသည်။ ထိရောက် သောအကျိုးအာနိသင်ရှိနေမည့် မြန်မာ့သဘာဝထွက် ပစ္စည်းများ ကိုသာအများသိအောင် ဖော်ထုတ်ပေးနိုင်မည်ဆိုပါလျှင် -

သည်တာဝန်ကိုတော့ ပညာတတ်လူငယ်များကို ကံ့ချွန်တို့ အားကိုးကြရပါမည်။ ရှာဖွေဖော်ထုတ်၊ သုတေသနလုပ်၍ တင်ပြ နိုင်ကြပါစေ။ ရှိပြီးမြန်မာ့အာဟာရဆေးဝါးများတန်ဖိုးမှတ်တမ်း တင်နိုင်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၃၀.၇.၂၀၀၀**

**ကံ့ချွန်**

# ဘယ်လိုပြုစုမလဲ

လူသားစွမ်းရည် အရင်းအမြစ်ဖွံ့ဖြိုးရေးဆိုတဲ့စကားကို ကံချွန်တို့ကြားဖူးနေတာကြာပါပြီခင်ဗျာ။ သတင်းစာ စာမျက်နှာ၊ စာစောင်၊ ဂျာနယ်၊ မဂ္ဂဇင်းစာမျက်နှာတွေပေါ်မှာ အဲဒီစကားလုံးကိုမကြာခဏတွေ့တွေ့နေပါတင်ခင်ဗျ။ ရိုးရိုးသားသားဝန်ခံရရင်တော့ အဲဒီစကားလုံးရဲ့ အဓိပ္ပါယ်လေးနက်မှုကို စိတ်ဝင်စားပြီး၊ မလေ့လာမိတာတော့ အမှန်ပါပဲခင်ဗျာ။ ဟိုတစ်နေ့ကတော့ မမျှော်လင့်ဘဲ မိတ်ဆွေကျောင်းဆရာကြီးတစ်ယောက်နဲ့ စကားပြောမိပါတယ်။ စပြောတာကတော့ ရည်ရွယ်ချက်မဲ့ကြုံလို့ ဆုံလို့ စပ်မိစပ်ရာဆိုပါတော့၊ ပြောရင်းကနေ ကလေးတွေရဲ့ပညာရေးအကြောင်းရောက်သွားရော။ ကံချွန်မှာက မူလတန်းကျောင်းတက်နေတဲ့မြေးရှိနေတာကိုး။ ကျောင်းဆရာကြီးနဲ့ပြောတာဆိုတော့လည်း ပညာရေးအကြောင်းတော့ရောက်ရတာပဲပေါ့။ ဆရာကြီးကမေးပါတယ်။

"ဦးကံချွန်ရဲ့ မြေးတွေကို ထူးချွန်စေချင်သလား"

"ဘယ့်နှယ့်မေးပါလိမ့် ဆရာကြီးရာ"

"ထူးချွန်စေချင်ရင် ကိုယ့်ကိုယ်ကို ဂရုစိုက်ရမယ်။ ကလေးတွေကိုသူတို့အရွယ်နဲ့မမျှ အတင်းအကျပ်တော်အောင်၊ တတ်အောင်ဆိုတဲ့ စေတနာနဲ့ သူတို့အပေါ် စေတနာမလွန်မိဖို့လိုတယ်ဗျ။ မနိုင်ဝန်အထမ်းခိုင်းသလိုမဖြစ်စေနဲ့။ မိဘအတော်တော်များများက

www.burmeseclassic.com

ကိုယ်ငါးနှစ်ခြောက်နှစ် ခုနစ်နှစ်ဆိုတဲ့ အရွယ်တွေတုန်းက ဘယ်လောက်လုပ်နိုင်ခဲ့သလဲ။ ဘယ်လိုနေခဲ့ကြသလဲဆိုတာ မေ့နေတတ်ကြတယ်။ ဒီနေ့ မိဘအတော်များများက ကိုယ့်သားသမီးကို ငယ်ငယ်ရွယ်ရွယ်နဲ့ အလွန်တော်စေချင်၊ တတ်စေချင်ကြတယ်ဗျ။

"အဲဒါ မှားသလားဆရာကြီး"

"မှားတော့ မမှားဘူး။ နည်းနည်းလေး လွဲနေတယ်။ တတ်စေချင်တာက အပြစ်မဟုတ်ဘူး။ တော့်စေချင်တာက ပြဿနာဖြစ်တတ်တယ်။ ကလေးကို နားချိန်မပေးဘဲ သင်တန်းပြီးသင်တန်းဆက်နေရင် ကလေးဟာ စာအုပ်ကြောက်သွားတတ်တယ်။ မိဘကို မလွန်ဆန်နိုင်လို့သာ သင်နေရပေမယ့် သူတို့စိတ်ထဲမှာက ကစားချင်နေမယ်။ နားချင်နေမယ်။ စာကိုစိတ်မဝင်စားတော့ဘူး။ စိတ်မဝင်စားဘဲ ရေးနေ၊ ဖတ်နေ၊ မှတ်နေ၊ အော်နေရင် စာတွေရနေတာပဲရှိမယ်။ သိပြီးတတ်တာမျိုးမဖြစ်နိုင်တော့ဘူး။ စာတွေအလွတ်ရတိုင်း တော်တာမဟုတ်ဘူး။ သိပြီးတတ်မှတော်တာ။ လူငယ်တွေ လူတော်ဖြစ်ဖို့ဆိုတာ တာဝေးအပြေးခိုင်းရသလိုပဲ ဦးကံချွန်ရဲ့။ ကိုယ့်သားသမီးကို တာထွက်မှာ ရှေ့ဆုံးရောက်အောင် အားသွန်အပြေးခိုင်းလိုက်လို့ ကလေးကခြေကုန်လက်ပန်းကျသွားရင် ပန်းမဝင်ခင်မှာ သူများတွေက ကျော်တတ်သွားမှာပဲ။ ဦးကံချွန် တစ်ခုစဉ်းစားကြည့်ပါ"

"ဘာများပါလိမ့်"

"ဦးကံချွန်ရဲ့ မိတ်ဆွေတွေထဲမယ် စီးပွားရေးလောက၊ အနုပညာလောက၊ ဝန်ထမ်းလောကတွေထဲမှာ ထူးချွန်ထင်ရှားသူ

တွေ့ရှိမှာပါ။ မေးကြည့်စမ်းပါ။ သူတို့ကိုကျောင်းနေစဉ်က အမြဲတန်း ပထမ၊ ဒုတိယ၊ တတိယ ရခဲ့ကြသလားလို့”

ကံချွန် ငြိမ်နေရတာပေါ့ခင်ဗျာ။

“အရေးကြီးတာက ကလေးတစ်ယောက်ဟာ သူလေ့လာခွင့်၊ သင်ယူခွင့်ရတာကို စိတ်ဝင်စားပြီး အစဉ်တစိုက်သင်ယူမှတ်သားဖို့ပဲလိုတယ်။ ဒါကြောင့်မိဘတွေလုပ်ပေးရမှာက သင်ယူဖို့ရာအတွက် သူတို့စိတ်ဝင်စားမှုရှိအောင် ဖန်တီးပေးဖို့ပဲ။ သူတို့စိတ်ဝင်စားရင် သူတို့ဟာသူတို့ကိုက သင်ယူချင်သွားမှာ။ စာကြောင်းကွက်လပ်ဖြည့်ရတာ။ အမှားအမှန် ခွဲရတာကိုပဲ လက်နဲ့ရေးနေရတာထက် ကွန်ပျူတာနဲ့ ခွဲရ၊ ရွေးရတာ စိတ်ဝင်စားသလိုပေါ့။ စာအုပ်အဟောင်းကနေ စာအုပ်အသစ်ပြောင်းရေးရပြီဆိုရင် ကလေးတွေရဲ့လက်ရေးက သပ်ရပ်သွား၊ လှသွားရော၊ ရေးရင်းရေးရင်း စာအုပ်ဟောင်းသွားရင် ဖြစ်သလိုရေး ဖြစ်သလိုထားတော့တာ။ ကလေးဆိုတာ အသစ်ကိုစိတ်ဝင်စားတာပဲ။ အဲဒီသဘောလဲသိထားရမယ်။ တချို့မိဘတွေရှိတယ်။ စာမျက်နှာ (၈၀) ပါ စာအုပ်ထက် စာမျက်နှာ (၁၂၀) ပါစာအုပ်က ဇယားကိုက်လို့ဆိုပြီး ကလေးကိုစာအုပ်ထူထူဝယ်ပေးရော။ ကလေးက ဒီစာအုပ်ကြီးကုန်အောင် ရေးရင်းရေးရင်းဟောင်းလာပြီး စာအုပ်ကမကုန်နိုင်ဖြစ်။ စာအုပ်ကိုစိတ်ပျက်။ မသိစိတ်မှာ စာအုပ်ကိုစိတ်ပျက်နေတော့ အဲဒီစာအုပ်ထဲ မရေးချင်။ အိမ်စာတွေ မပြီးဖြစ်တတ်တဲ့သဘောပြောပြတာ။ အဲ အသစ်တောင်မှ အတွင်းစာရွက်ချင်းတူရင် အဖုံးလှတာလေးနဲ့ရေး

www.burmeseclassic.com

ချင်ကြတယ်။ ဒီသဘောလေးတွေ ပြောပြချင်တာ။ ကလေးကို အတင်း အကျပ်မခိုင်းပါနဲ့။ သူလုပ်ချင်အောင်ကိုယ်ကဖန်တီးပေး"

"ကိုယ်က ဖန်တီးပေးဖို့ မလွယ်ကူရင်"

" ဦးကံချွန် အဲသလိုမေးမယ်ဆိုတာ သိပါတယ်။ မပူပါနဲ့ အားလုံးအတွက်ခြုံပြီးတော့ နိုင်ငံတော်ကလုပ်ပေးနေတာတွေလည်း ရှိပါတယ်။ ခုဆရာကြီးပြောတာက ကိုယ့်အိမ်က ကလေးအတွက် ကိုယ်ဘယ်လိုပြုစုရမလဲဆိုတာ မြေးရှိတဲ့အဘိုးကို ပင်စင်စားဆရာ အိုက ပြောတဲ့ပုဂ္ဂလိက ကိစ္စပါ"

"ဆက်ပါဦး"

"အဓိကပြောချင်တာက ဖန်တီးပေးနိုင်စွမ်းရှိတဲ့ မိဘတွေရော ပြေလည်သူရော၊ မပြေလည်သူရော ကိုယ့်ကလေးကိုယ်ပြုစုတတ်ဖို့ လူတော်ဖြစ်အောင် ပျိုးထောင်ပေးတတ်ဖို့ အကြံပြုချင်တာပါ။ အခြေခံအုတ်မြစ်ဟာအရေးအကြီးဆုံးပဲ။ အခြေခံမှာလည်း ရုပ်ပိုင်း ဆိုင်ရာနဲ့ စိတ်ပိုင်းဆိုင်ရာရှိတယ်။ လိုလေသေးမရှိပြည့်စုံအောင် ထားပေးနိုင်တဲ့ကလေးတိုင်းတော်တာမှ မဟုတ်ဘဲ။ အဲသလိုထားပေး လို့ ပျက်စီးသွားတာတွေလည်းရှိတာပဲ။ အဲဒါ ဘာလို့လဲဆိုတော့ စိတ်ပိုင်းဆိုင်ရာကို ပြုစုပျိုးထောင်ပေးဖို့ သတိလစ်သွားလို့ပေါ့။ မပြည့်မစုံနဲ့ ကြိုးစားပြီးထိပ်ဆုံးရောက်သွားသူတွေလဲ ရှိတာပဲ။ အဲဒါ ဘာလို့လဲဆိုတော့ အဲဒီကလေးကို စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင် ပေးတာ မှန်ကန်လို့ပဲ။ ဒါလဲ မိဘတွေသတိထားရမယ့်အချက်ပဲ"

ဘာဆက်ပြောမလဲလို့ ကံချွန်ငြိမ်ပြီး နားထောင်နေရတာပေါ့။

"မိဘတွေ အတော်များများသိပြီး မလိုက်နာနိုင်တာက ကိုယ့်ကလေးကို တတ်စေချင်တာထက် တော်စေ့ချင်နေတာပဲ။ အဲဒီအချက်က စေတနာကနေ ဝေဒနာဖြစ်သွားနိုင်တယ်။ အရွယ်နဲ့မမျှ သူတို့ဦးနှောက်ကို တာဝန်မပိစေဖို့ သိပ်လိုတယ်။ မှန်မှန်လေးပြေးနေနိုင်ရင် လိုက်နေနိုင်ရင် သေချာပေါက် ပန်းတိုင်ရောက်မှာပဲ။ အားသွန်ပြေးပြီး ပန်းတိုင်မရောက်ခင် အမောဆို့စေမှာမျိုး မဖြစ်စေ့ချင်ဘူး"

"ကျွန်တော် တစ်ခုမေးပါရစေဦး"

"မေးပါ"

"ဆရာကြီး ဘယ်လိုစိတ်ကူးပေါက်ပြီး ကျွန်တော့်ကို စိတ်ရှည်လက်ရှည်ပြောပြနေရတာလဲ"

"ပြန်ရေးစေ့ချင်လို့"

"ဘာလို့ ရေးစေ့ချင်တာလဲ"

"လူမျိုးတိုင်း၊ နိုင်ငံတိုင်း လူသားစွမ်းရည် အရင်းအမြစ် ဖွံ့ဖြိုးဖို့လုပ်နေကြတယ်လေ။ အဲသလို လုပ်တဲ့ဆီမှာ အဓိကအကျဆုံးက မိဘပဲ။ မိဘတိုင်းဟာ ကိုယ့်သားသမီးကို လူတော်တွေဖြစ်စေချင်ပေမယ့် ဘယ်လိုဖြစ်အောင်လုပ်ရမယ်ဆိုတာ မသိရင်၊ သတိမထားမိရင် အဲဒီကလေးရဲ့အရည်အချင်းတွေ၊ အရည်အသွေးတွေ ဆုံးရှုံးသွားနိုင်တော့ အဲသလိုဆုံးရှုံးတာဟာ အဲဒီမိဘအတွက်၊ မျိုးဆက်အတွက်တင် ဆုံးရှုံးတာမဟုတ်ဘူး။ တိုင်းပြည်အတွက်ပါဆုံးရှုံးတာပါ။ ဒါကြောင့် လူငယ်လူတော်တွေများများရှိလာဖို့၊ မိဘတွေ

www.burmeseclassic.com

ပြုစုတတ်ဖို့ အမိကအခြေခံကျတာကို စပြောတာပါ။ ပြောစရာတွေကတော့ အများကြီးကျန်သေးတာပေါ့။ နောက်ကြုံတော့ ထပ်ပြောကြတာပေါ့။ ဟုတ်လား။ ကဲ . . .၊ ကျုပ်လမ်းဆက်လျှောက်လိုက်ဦးမယ် ဦးကံချွန်"

**ရတနာပုံသတင်းစာ**

**၆.၈.၂၀၀၀**

**ကံချွန်**

# သိဖို့လိုတယ်

"မင်္ဂလာပါ"

"မင်္ဂလာပါဗျာ၊ ဦးကံချွန်ရေးလိုက်တာ ဖတ်ရတော့ ဆက်ပြောချင်လာတာနဲ့ တမင်ဒီဘက်လှည့်လာလိုက်တာ"

"ပြောပါဦး"

"မိဘဆိုတာ ကိုယ့်သားသမီး ဘာဝါသနာပါသလဲ - ဘယ်ဘက်စိတ်ထက်သန်သလဲဆိုတာ သိဖို့လိုတယ်။ ဒါမှ စနစ်တကျအားပေးနိုင်မှာလဲ။ မိဘအတော်များများကကိုယ့်သားသမီး ဘာဝါသနာပါသလဲဆိုတာ သိဖို့မကြိုးစားဘဲ ကိုယ်ဖြစ်စေ့ချင်တာပဲ အတင်းလုပ်

စရာခိုင်းနေကြတာများတယ်”

“ဟုတ်ပ့ါ”

“ရေကူးဝါသနာပါတဲ့ကလေးကို ကိုယ်ကအလေးမခိုင်းနေရင် အဲဒီကလေးဟာ ထွန်းထွန်းပေါက်ပေါက်ဖြစ်ဖို့ အတော်ခဲယဉ်းပါတယ်။ ကလေးတစ်ယောက်ဟာ သူဝါသနာပါတာကို လုပ်မနေရရင်သူလုပ်လို့ရတဲ့အချိန်မှာတော့ သူဝါသနာပါတာပြန်လုပ်မှာပဲ။ ဦးကံချွန်လည်းတွေ့နေတာပါပဲ။ ကျောင်းဆရာဖြစ်ချင်တဲ့ကလေး အမှတ်ကလေးကောင်းတာနဲ့ မိဘကဆေးကျောင်းပို့ရော။ ဟောဆရာဝန်လည်းဖြစ်ပြီးရော အဲဒီကလေးက ကျူရှင်ဆရာဖြစ်ဖြစ်လုပ်တော့တာ။ အဲသလိုကလေးမျိုးသာ စကတည်းက ကျောင်းဆရာဖြစ်ခဲ့ရင် ပညာရေးလောကအတွက် ဘယ်လောက်ကောင်းလိုက်မလဲ၊ ထူးချွန်ထက်မြတ်တဲ့ ဝန်ထမ်းကောင်းရမှာ၊ ခုတော့ အဲဒီပြဿနာမျိုးမရှိတော့ဘူးလေ။ ကိုယ်သွားမယ့်လိုင်း ကိုယ်လုပ်ချင်တဲ့အလုပ်အတွက် ကိုယ်ရွေးပြီးသင်လို့ရပြီဆိုတော့ --။”

“ဒါဆို ပြီးပြီပေ့ါ”

“မပြီးသေးဘူးလေ။ မိဘတွေအနေနဲ့ ကလေးရဲ့ဝါသနာကို သိဖို့လိုတယ်ဆိုတာ ခုမှစမှာ”။

“ဗျာ”

“ ကိုယ့်ကလေးဘာဖြစ်ချင်တယ်ဆိုတာ ကိုယ်သိဖို့လိုတယ်။ ဒါမှစနစ်တကျအားပေးတတ်မှာ။ ကိုယ့်ဝန်းကျင်-ကိုယ့်အခြေအနေ ကိုယ့်ကလေးရဲ့အခြေအနေအားလုံးမိဘဖြစ်သူက စနစ်တကျသိနိုင်သလောက်လေ့လာရမယ်လေ။ မူလတန်းဆိုတာ ကလေးရဲ့အခြေ

www.burmeseclassic.com

အနေကို လေ့လာရမယ် သိအောင်စောင့်ကြည့်ရမယ့်ကာလပဲ။ ပညာရေးမှာထူးချွန်သလား။ စိတ်ပါသလား။ ဒါမှမဟုတ်အားကစားမှာဝါသနာပါနေသလား။ ဒါမှမဟုတ် အနုပညာတစ်မျိုးမျိုးမှာ စိတ်ဝင်စားမှုပိုနေသလား။ သူဘာကိုစိတ်ဝင်စားသလဲ၊ ဘာလုပ်နေရသည့်အချိန်မှာပျော်နေသလဲ၊ ဘယ်ဘက်မှာ ထူးချွန်သလဲ၊ ဘာသာရပ်အရရော၊ ဘယ်ဘာသာရပ်မှာ ထူးချွန်သလဲ။ ဒါတွေက ကိုယ့်သားသမီး မူလတန်းအရွယ်ကတည်းက မိဘတွေအနေနဲ့ စိတ်ဝင်စားပြီး စောင့်ကြည့်ရမှာ။ မိဘတိုင်း ကိုယ့်သားသမီးရဲ့ အနာဂတ်ကို စိတ်ဝင်စားတယ်ဆိုရင် သိဖို့လိုတယ်။"

"ဆက်ပါဦး"

"အင်း - ကလေးကို ငယ်ငယ်မှာတော့ ဖြစ်သလိုပစ်ထား။ အထက်တန်းရောက်တော့မှာ ပြာပြာသလဲ ဂရုစိုက်လို့ အလကားပဲ။ ပစ်ထားတယ်ဆိုရာမှာ စိတ်မဝင်စားတာကိုပြောတာ။ အကောင်းဆုံးကျောင်းထား၊ ကားနဲ့အကြိုအပို့လုပ်ပြီး ထမင်း၊ ဟင်း ချိုင့်ကြီး၊ ချိုင့်ငယ်နဲ့ကျွေးနိုင်ရုံနဲ့တော့ တာဝန်ကျေပြီဆိုလို့မရဘူး။ စိတ်ဝင်စားပြီပြောလို့မရဘူး။ အဲသလို မိဘတွေကို မေးကြည့်စမ်းပါ။ ခင်ဗျားသားဟာဖြင့် ဒါမှမဟုတ်သမီးဟာဖြင့် ဘယ်ဘာသာမှာ အမှတ်အများဆုံးလဲ၊ ဘယ်ဘာသာက အမှတ်အနည်းဆုံးလဲလို့ ဆရာထင်တယ်၊ တစ်ဝက်လောက်မှ ဖြေနိုင်ပါ့မလားမသိဘူး။ သားသမီးကို ကျောင်းအကြိုအပို့လုပ်၊ အစားကောင်းကျွေးရုံနဲ့ သားသမီးအကြောင်းကို မသိနိုင်ဘူး။ အဲဒါက ချစ်လို့ ဂရုစိုက်တာပဲရှိတယ်။ သားသမီးအကြောင်း သိဖို့ဆိုတာက ကိုယ့်သားသမီးရဲ့ ပညာရေး၊

ဝါသနာ၊ လူမှုဆက်ဆံရေး၊ အထွေထွေဗဟုသုတစတာတွေကို ကိုယ်ကစိတ်ဝင်စားမှသိမှာပါ။ အဲသလို သိမှ ဘယ်လိုကူညီရမယ်၊ ဖြည့်ဆည်းပေးရမယ်ဆိုတာ သိမှာပါ။ ကိုယ့်သားသမီး သွားချင်တဲ့ ပန်းတိုင်က တောင်ဘက်၊ ကိုယ်လမ်းညွှန်နေတာက တွန်းပို့နေတာက မြောက်ဘက် မဖြစ်ဖို့လိုတယ်လေ”

“သိတော့ သိပါပြီတဲ့ တွန်းပို့နိုင်တဲ့ အား -- မရှိရင်--”

“အားရှိအောင် ကြိုးစားပေ့ါ၊ အဆက်အသွယ်ရှာ အကူအညီ တောင်းပေ့ါ၊ တကယ် အလားအလာကောင်းတဲ့ကလေးအတွက် ဝိုင်းဝန်းမြေတောင်မြှောက်ပေးချင်တဲ့စိတ်ရှိတဲ့သူတွေအများကြီးပါ။ ဒါက ဦးကံချွန်မေးလို့ ဖြတ်ဖြေရတာ”။

“ဟုတ်ပါပြီ - ဆရာကြီးပြောချင်တာ ဆက်ပြောပါဦး”

“သားသမီးကို မြေတောင်မြှောက်ပေးဖို့ အဖက်ဖက်က ပြည့်စုံနေတဲ့မိဘတစ်ရာမှာ နှစ်ဆယ့်ငါးရာနှုန်းလောက်ပဲ သားသမီး အကြောင်းကို စနစ်တကျသိပြီး ပြုစုပျိုးထောင်ပေးနေရာကနေ ခုနစ်ဆယ့်ငါးရာနှုန်းလောက်ထိ သားသမီးရဲ့ အနာဂတ်ကိုသိပြီး ပြုစုပျိုးထောင်ပေးနိုင်ရင် ပိုမကောင်းဘူးလား။ အရေးကြီးတာက ပညာတတ်လူငယ်လူတော်တွေများဖို့ပဲ။ အဲဒါက ကျုပ်ရဲ့ဆန္ဒပေ့ါ ဗျာ။ အဲဒီ လူငယ်လူတော်တွေထဲမှာ ကိုယ့်တူ၊ ကိုယ့်သား၊ ကိုယ့်ဆွေ မျိုးတွေပါရင်တော့ ပိုပြီးပီတိဖြစ်ရမှာပေ့ါ။ မပါတော့လည်း ဘယ်သူ့ သားသမီးတွေပဲ တော်တော် မုဒိတာပွားနိုင်ရမှာပေ့ါ။ အဲသလို မုဒိတာ ပွားနိုင်ဖို့ ကျုပ်တို့ဆရာတွေလည်း လိုတာပဲ”

“ဗျာ”

“ကိုယ့်ကျောင်းက ကျောင်းသားတစ်ယောက် ပန်းချီထူးချွန်

www.burmeseclassic.com

နေရင် ဒါမှမဟုတ် အားကစားထူးချွန်နေရင် ကရာတေးဖြစ်ဖြစ်၊ တိုက်ကွမ်ဒိုဖြစ်ဖြစ်တော်နေရင် ကျောင်းဂုဏ်ရှိတာပဲ။ သူဟာသူ အပြင်က ဘယ်သင်တန်းတက်တက်ပေ့ါ။ ကျောင်းအနေနဲ့ ယှဉ်ပြိုင် လိုက်လို့ ဆုတွေဘာတွေရပြီဆိုရင်လည်း ပြင်ပကူညီသင်ကြားပေး တဲ့ ဆရာကိုပါ အသိအမှတ်ပြု ကျေးဇူးတင်စကားပြော၊ ဂုဏ်ပြု ကတ်တွေ ဘာတွေပေးရင်သိပ်ကောင်းမှာပဲ။ ဆရာတစ်ယောက် ဟာဆရာဆိုတဲ့ ဂုဏ်ပုဒ်အတွက် အသိအမှတ်ပြုခံရတာ၊ ကျေးဇူး တရား အသိအမှတ်ပြုခံရတာလောက် ပီတိဖြစ်တာမရှိဘူး။ ကျုပ်က ဆရာအိုမို့ ဆရာရဲ့စိတ်ကိုသိတာ မိတ်ဆွေတစ်ယောက်ယောက်က နိုင်ငံခြားမုန့်ပုံးပေးတာထက်၊ တပည့်တစ်ယောက်က မုန့်ကြွပ်လေး ဖြစ်ဖြစ်၊ ဘီစကစ်လေးဖြစ်ဖြစ်နဲ့ လာကန်တော့တာကို ပိုပြီးဝမ်းသာ တယ်။ ဒီတော့ ကျုပ်ကိုယ်ချင်းစာကြည့်တာပါ။ ကိုယ့်ကျောင်းက ကျောင်းသား၊ ကျောင်းသူလေးတွေ လူတော်ဖြစ်ဖို့ ထူးချွန်ဖို့ ပြင်ပ က ကူညီသင်ကြားပေးတဲ့ ဆရာတွေကိုလည်း အသိအမှတ် ပြုရ မှာပါပဲ၊ ဂီတဆရာပဲဖြစ်ဖြစ်၊ ပန်းချီဆရာပဲဖြစ်ဖြစ်၊ အားကစား ဆရာပဲဖြစ်ဖြစ် အဲဒါဆိုရင် ပြင်ပကူညီသူဆရာတွေရဲ့ စေတနာ လည်းပိုရလာမယ်”

“ကံချွန်လုံးဝ မတွေးမိတဲ့အကြောင်းအရာပါခင်ဗျာ”

“နိဂုံးချုပ်ပြောရရင်တော့ ဦးကံချွန်ရာ - ကျွန်တော်တို့ဆရာ ကလည်း ကျောင်းသားရဲ့အခြေအနေကို သိရမှာပဲ။ ဒါမှ ကိုယ့်သား သမီးအကြောင်းမသိတဲ့ မိဘကိုအသိပေးနိုင်မယ်။ မိဘရော၊ ဆရာ ရောသာ ကျောင်းသားရဲ့ အနာဂတ်ကို လှပအောင်လုပ်ပေး ချင်တယ်ဆိုရင် ကလေးတွေရဲ့အကြောင်းကို ပထမသိဖို့လိုတယ်ဗျို့၊

ကဲ - ဒီနေ့တော့ သိဖို့လိုတဲ့အကြောင်းလောက်နဲ့ပဲ စကားဖြတ်ကြဦးစို့ရဲ့ အိမ်ပြန်ပြီးရေချိုးလိုက်ဦးမယ်”

“ဟုတ်ကဲ့”

**ရတနာပုံသတင်းစာ**

**၁၃.၈.၂၀၀၀**

**ကံချွန်**

# စိတ်ကိုပြုစုဖို့

စိတ်ကိုပြုစုဖို့ဆိုတာ ကံချွန်မစဉ်းစားမိတဲ့ကိစ္စပါခင်ဗျာ။ ဆရာကြီးနဲ့စကားပြောဖြစ်တော့မှ အလေးထားစဉ်းစားရမှန်းသတိထားမိတာပါ။ ကလေးလူငယ်အတော်များများဟာ ရုပ်ပိုင်းဆိုင်ရာကိုသာပြုစုပျိုးထောင်ပေးခြင်းခံရပြီး စိတ်ပိုင်းဆိုင်ရာကိုတော့ ပြုစုပျိုးထောင်ပေးခြင်းခံရသူအတော်နည်းပါတယ်။ ကလေးလူငယ်တွေအပေါ် စေတနာမရှိလို့မဟုတ်ပါဘူး။ ပြုစုပျိုးထောင်ပေးရကောင်းမှန်းမသိတာပါ။ သိပြီးအမှုမဲ့ အမှတ်မဲ့ဖြစ်နေတာမျိုးလည်းရှိပါတယ်။ ဆရာကြီးပြောခဲ့တာတွေဟာ မှတ်လောက်သားလောက်ပါပဲ။

“ကျုပ် ဆရာလုပ်နေတုန်းကတပည့်တွေကိုဘယ်တော့မှမရှုတ်ချဘူး။ အပြစ်မတင်ဘူး။ ကျုပ်တို့က လူကြီးချင်းတော့ သူတစ်ပါး

www.burmeseclassic.com

ရဲ့အားနည်းချက်ကို မပြောမိဖို့ သတိထားကြတယ်။ အဲ ကလေး လူငယ်တွေကိုတော့ သူတို့ရဲ့အားနည်းချက်ကို ဖိပြောလေ့ရှိတယ်။ အဲဒါမလုပ်သင့်၊ မဖြစ်သင့်တဲ့ကိစ္စပဲဗျ။"

ဆရာကြီးစကားစပြောကတည်းက ကံချွန်အတော့်ကိုစိတ်ဝင်စားသွားပါတယ်။ ကံချွန်တို့ သတိမထားမိတဲ့အချက်ပါ။

"ကျုပ်ကျောင်းမှာ စာသင်တုန်းက သိပ်ကိုသတိထားတယ်။ ဆိုကြပါစို့။ ကလေးတစ်ယောက်က သင်္ချာညံ့နေရင် မင်းသင်္ချာသိပ်ညံ့တာပဲလို့ ဘယ်တော့မှမပြောဘူး။ ကြိုးစားကွာ သင်္ချာသာ မင်းမြန်မာစာလိုတော်လာရင် အတန်းထဲမှာ ပထမဖြစ်သွားမှာဆိုတာမျိုးပဲပြောတယ်။ အားနည်းချက်ကိုထုတ်ဖော်မပြောသင့်တဲ့ဆီမှာ ကလေး၊ လူကြီးခွဲဖို့မလိုဘူးဗျ။ ကျုပ်တို့လူကြီးတွေအနေနဲ့လည်း ကလေးတွေရဲ့အားနည်းချက်ကို အပြစ်တင်တဲ့သဘောနဲ့မပြောရဘူး"

ဆရာကြီးပြောလိုက်ကာမှကံချွန်တို့မိဘများကိုယ့်သားသမီးကို

"မင်းကတော့ သုံးလို့ရမယ့်ကောင်မဟုတ်ဘူး"

"ဉာဏ်တုံးတဲ့နေရာမှာတော့ နှစ်ယောက်မရှိဘူး"

"ဟိုဘက်အိမ်က ကလေးဘယ်လောက်တော်သလဲ - ဟင် မင်းကို သူ့ဆီတပည့်ခံခိုင်းရမယ်"

ဆိုတာမျိုးတွေ ပြောသံဆိုသံကြားရလေ့ရှိတာကို သတိရသွားပါတယ်။

"ကလေးတစ်ယောက်၊ လူငယ်တစ်ယောက်ရဲ့စိတ်ပိုင်းဆိုင်ရာကိုပြုစုပျိုးထောင်ဖို့ဆိုတာ အလွန်ခက်တဲ့ကိစ္စပါ။ မသိရင်ပေါ့လေ။

သိရင်လည်းအလွန်လွယ်ကူပါတယ်။ ရုပ်ပိုင်းဆိုင်ရာ ပြုစုပျိုးထောင်ပေးဖို့ရာက ငွေလိုတယ်။ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးဖို့ရာကငွေလိုတယ်။ စိတ်ပိုင်းဆိုင်ရာပြုစုပျိုးထောင်ပေးဖို့ရာက အသိလိုတယ်။ ကလေးတစ်ယောက်၊ လူငယ်တစ်ယောက်ရဲ့စိတ်ကိုပြုစုပျိုးထောင်ပေးဖို့အတွက် လူကြီးမိဘ၊ ဆရာ အားလုံးညီညွတ်မှရမယ်။ သူနဲ့ထိတွေ့နေရတဲ့သူတွေပေါ့။ "အားငယ်စိတ်၊ သိမ်ငယ်စိတ်ဝင်သွားတဲ့ကလေးဟာဘယ်တော့မှ သူ့ကိုယ်သူမယုံကြည်တော့ဘူး။ စိတ်ကိုပြုစုပျိုးထောင်ပေးတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိအောင်လုပ်ပေးတာပဲ။ ဒါမှ တိုးတက်မှာ"

ကိုယ့်ကိုယ်ကို ယုံကြည်မှုမရှိခြင်းနှင့်အားငယ်စိတ်၊ သိမ်ငယ်စိတ်ဝင်ခြင်းတို့ ဆက်စပ်နေသည်ကိုမူ ကံချွန်သိပါသည်။

"ဆရာကြီးကို မေးပါဦးမယ်"

"မေးပါ"

"အားငယ်စိတ်၊ သိမ်ငယ်စိတ်ဟာ ရုပ်ပိုင်းဆိုင်ရာရဲ့ပြည့်စုံမှု၊ မပြည့်စုံမှုနဲ့ရော ဆက်စပ်မနေဘူးလား"

"ရာနှုန်းပြည့်တော့ဆက်စပ်မနေပါဘူး။ အတိုင်းအတာ တစ်ခုထိပဲဆက်စပ်မှုရှိမှာပါ။ ဘာလို့လဲဆိုတော့ ရုပ်ပိုင်းဆိုင်ရာ ပြည့်စုံမှုမရှိပေမယ့် အားငယ်စိတ်၊ သိမ်ငယ်စိတ် လုံးဝမရှိဘူး။ ကိုယ့်ကိုယ်ကိုယုံကြည်မှု အပြည့်ရှိနေတဲ့ ပုဂ္ဂိုလ်ကြီးတွေအများကြီး ပဲ။ ဦးကံချွန်တို့အနုပညာလောကထဲမှာလည်းရှိမှာပေါ့။ ကျုပ်ကတော့ ကလေးတွေကို အမြဲပြောပါတယ်၊ ပြိုင်ဘီးမဝယ်နိုင်လို့၊ မစီးနိုင်လို့ စက်ဘီးပြိုင်ပွဲမဝင်နိုင်ရင်ကိုယ့်မှာခြေထောက်ပါတာပဲ။ အပြေးပြိုင်ပွဲဝင်လို့

www.burmeseclassic.com

ရတယ်ကွဆိုပြီးတော့ရုပ်ပိုင်းဆိုင်ရာရဲ့ မပြည့်စုံမှုကြောင့် သိမ်ငယ်စိတ်ဝင်မယ်ထင်ရင် ကိုယ်ကသူ့မှာ ပိုင်ဆိုင်နေသေးတဲ့အရာတွေနဲ့စွမ်းရည်တွေကို သူ့ကိုယ်တိုင် သိလာမြင်လာအောင် ထုတ်ဖော်ပေးရမယ်။ ညွှန်ပြရမယ်လေ။ ဟုတ်ဖူးလား"

"ဟုတ်ပါတယ်"

"လူဆိုတာ ကိုယ်ပိုင်ဆိုင်တာကိုမေ့နေတတ်ကြတယ်။ ကိုယ်မပိုင်ဆိုင်တာကိုဘဲ တမ်းတနေကြတာ။ တချို့ကျတော့လည်း ကိုယ့်ရဲ့ဆုံးရှုံးမှုတစ်ခုခုအတွက် လိုအပ်မှုတစ်ခုခုအတွက် သောကရောက်ပြီးကိုယ့်မှာရှိနေသေးတာတွေကိုမေ့နေကြတယ်။ ကြားဖြတ်ဦးကံချွန်ကိုပဲမေးပါဦးမယ်"

"မေးပါ"

"ဦးကံချွန် မကြာခဏပြောတယ်လေ။ သွေးတိုးရောဂါရှိတာ သွေးတိုးကြောင့် နှလုံးဘယ်ဘက်အောက်ပိုင်း သွေးထုတ်ပြွန်ရှိတဲ့ဘက်ရောင်နေတယ်။ အသည်းအဆီဖုံးတယ်နဲ့ --"

"ဟုတ်ကဲ့ ပြောမိပါတယ်"

"ဒါကတော့ ဒီအသက်အရွယ်အတော်များများမှာ ဖြစ်တတ်တာပါပဲဗျာ။ ကိုယ်တစ်ယောက်တည်းဖြစ်တာမှ မဟုတ်ဘဲ။ ကဲ ဦးကံချွန်မှာ ဆီးချိုရောဂါမရှိဘူး။ အဆုတ်ရောဂါမရှိဘူး။ မျက်စိကောင်းတယ်။ ခြေတွေလက်တွေကောင်းတယ်။ သွားနိုင်၊ လာနိုင်၊ လုပ်နိုင်၊ ကိုင်နိုင်သေးတယ်။ ပြည့်ပြည့်စုံစုံကြီးမဟုတ်ပေမယ့် သက်သောင့်သက်သာတော့နေနိုင်တယ်။ အဲဒါတွေကိုတော့ ဘာလို့မေ့မေ့ပျောက်ပျောက်ဖြစ်နေရတာလဲ။ အဲသလိုပါပဲ ဦးကံချွန်၊

တခြားလူငယ်၊ လူလတ်၊ လူကြီးတွေမှာလည်း ကိုယ့်ရဲ့ပိုင်ဆိုင်မှုကိုမေ့ပြီး မပိုင်ဆိုင်သေးတာအတွက် ဆုံးရှုံးသွားတဲ့အရာအတွက် သောကနဲ့ယှဉ်တဲ့ခံစားမှုက စိတ်မှာကြီးစိုးလေ့ရှိတယ်။ ကျုပ်တို့က ဒါကိုသတိထားမိရင် ကလေးလူငယ်တွေရဲ့ စိတ်ကိုပြုစုပေးဖို့၊ ပျိုးထောင်ပေးဖို့ဆိုတာ လွယ်သွားပြီ။ သိမ်ငယ်စိတ်၊ အားငယ်စိတ် မဝင်အောင်ပြောပြနိုင်ရမယ်။ သူတို့ရဲ့စွမ်းရည်ပြသနိုင်မယ့်အရာတွေညွှန်ပြဖော်ထုတ်ပေးနိုင်ရမယ်။

"ခုလိုစိတ်ကိုပြုစုပျိုးထောင်ဖို့ဆိုတာက ကျုပ်ဟိုနေ့ကပြောခဲ့တဲ့သူတို့ကို သိဖို့တော့လိုတယ်ပေါ့။ စိတ်ဝင်စားဖို့တော့လိုတယ်ပေါ့။ ကလေးတစ်ယောက်နဲ့တစ်ယောက် ထပ်တူတော့မကျပေဘူး။ လိုအပ်ချက်တွေကတော့ ကွဲပြားမှာပဲ။ ဒါပေမယ့် အခြေခံအချက်ဖြစ်တဲ့သိမ်ငယ်စိတ်၊ အားငယ်စိတ်မဝင်အောင် ပြုစုပျိုးထောင်ပေးရင်လူတော်လူကောင်းတွေဖြစ်ဖို့ ရာနှုန်းပိုများသွားမှာပေါ့"

"ကျွန်တော် တော်တော့်ကိုစိတ်ဝင်စားပါတယ်"

"စိတ်ဝင်စားရင် စိတ်ပညာရှင်တွေပြုစုထားတဲ့စာအုပ်တွေကိုရှာဖတ်ကြည့်စမ်းပါ။ သူတို့သုတေသနလုပ်ထားတာတွေကို။ ပြီးတော့မှ အဲဒီအထဲက အများနဲ့ပတ်သက်မယ့်အချက်အလက်တွေထုတ်ပြီးလူတိုင်းနားလည်လွယ်အောင် ပြန်ရေးဖို့ကောင်းတယ်"

"ခုလို အကြံပေးတာကျေးဇူးပဲ ဆရာကြီး"

"ကျုပ်ကလည်း စိတ်ပညာနဲ့ဘွဲ့ရခဲ့ရတာမဟုတ်တော့ ကိုယ့်လုပ်ငန်းအတွေ့အကြုံအပေါ်မူတည်ပြီး ပြန်ပြောရတာ။ ထူးချွန်ထက်မြက်တဲ့ လူငယ်လူတော်တွေဖြစ်ဖို့အတွက် စိတ်ကိုပါပြုစုရ

www.burmeseclassic.com

မယ်ဆိုတာလေး သတိရလို့ လာပြောတာပါ။ နောက်မှ သတိရတာရှိရင်လာပြောပါဦးမယ်”

ဆရာကြီးပြောသွားတဲ့စကားက ကံချွန်ရဲ့နားထဲမှာ ပဲ့တင်ထပ်ကျန်ရစ်ခဲ့ပါတယ်ခင်ဗျာ။

“စိတ်ကိုပြုစုဖို့”

**ရတနာပုံသတင်းစာ**

**၂၀.၈.၂၀၀၀**

**ကံချွန်**

# ကိုယ်ကျင့်တရား

“ဦးကံချွန်ကိုကျေးဇူးတင်တယ်ဗျို့ - ကျုပ်ပြောချင်နေတာတွေ အများသိအောင် ရေးပေးနေလို့ လူငယ်တွေ လူတော်လူကောင်းလေးတွေဖြစ်အောင် စိတ်ကို ဘယ်လိုပြုစုရမယ်ဆိုတာလေး၊ ဆက်ပြောချင်သေးတယ်”

“ပြောပါ ဆရာကြီး”

“ကျုပ်ကလည်းအတွေ့အကြုံပေါ်ကရထားတဲ့အသိဗျ”ကလေးပေါင်းများစွာ၊ လူတန်းစားပေါင်းအလွှာစုံကို သုတေသနလုပ်ထား

တာမဟုတ်ပေမယ့် ကိုယ်ကိုယ်တွေ့ပါ။ ကလေးအများစုရဲ့စိတ်ကို ပြုစုပျိုးထောင်ပေးဖို့အတွက် အများနဲ့ခြံငုံမိမယ့်နည်းလမ်းရှာရတာပေါ့၊ ကျင့်သုံးရတာပေါ့”။

“ဆရာကြီးရဲ့နည်းက”

“ကိုယ်ကျင့်တရားကောင်းအောင် စောင့်ထိန်းတတ်အောင် လေ့ကျင့်ပေးရတာပေါ့။ အရွယ်နဲ့သူတို့နားလည်လွယ်မယ့်စကားကိုတော့ ရွေးရတာပေါ့။ သိမ်ငယ်စိတ်၊ အားငယ်စိတ်ဆိုတာ ကိုယ်ကျင့်တရားဖောက်ပြန်တဲ့လူတွေမှာလည်း ဝင်တယ်လေ။ ကိုယ်ကျင့်တရားဖောက်ပြန်မိပြီးသိမ်ငယ်စိတ် အားငယ်စိတ် မဝင်ဘူးဆိုရင်လည်း အဲသလိုလူမျိုးဟာ ဥပဒေအပြင် ထိရောက်သွားတာများတယ်။ ဒါကြောင့်ကိုယ့်ကျင့်တရားကောင်းမွန်အောင် လေ့ကျင့်ပေးရတယ်”

“ဆရာကြီး လေ့ကျင့်ပေးခဲ့တာလေးတွေပြောပြပါဦး”

“ဒီလိုဗျာ၊ အတန်းထဲမှာ သူများခဲတံယူထားတဲ့ကလေးတစ်ယောက်ကြုံရတယ်။ ခဲတံပျောက်တဲ့ကလေးက လာတိုင်တယ်။ သူ့ခဲတံပျောက်သွားတာ ဘယ်သူ့လက်မှာတွေ့ပါတယ်ပေါ့။ ဒီတော့ ကျုပ်က ခဲတံယူထားတဲ့ကလေးခေါ်တယ်။ မအော်ဘူး။ မငေါက်ဘူး။ အဲဒီကလေးကို “ကဲ - သူ့ဆီကယူထားတဲ့ ခဲတံလေးပြန်ပေးလိုက်နော်။ ရော့ သားသားရေးဖို့ ခဲတံအသစ် ဆရာကြီးကပေးမယ်ဆိုပြီး ခဲတံတစ်ချောင်းထုတ်ပေးလိုက်တယ်။ ပြီးတော့ အတန်းတဲမှာ ကြေညာထားလိုက်တယ်။ ခဲတံမပါတဲ့ကလေး ဆရာ့ဆီလာယူပါ။ သူများခဲတံ၊ သူငယ်ချင်းခဲတံကို မယူပါနဲ့။ ကိုယ်ကရေးစရာမရှိလို့

www.burmeseclassic.com

သူငယ်ချင်း။ ခဲတံကိုယူရေးရင်ကိုယ့်သူငယ်ချင်းမှာ ခဲတံမရှိဘဲ ဖြစ်သွားမှာပေ့ါ။ အဲသလို ဆိုသူလည်း စာရေးလို့မရတော့ဘူး။ ဒါကြောင့် စာရေးဖို့ခဲတံမရှိရင် မပါလာရင် ဆရာ့ဆီလာယူရမယ်၊ ကိုယ့်သူငယ်ချင်း ခဲတံမယူရဘူးဆိုပြီး ဆုံးမရတာပေ့ါ”

“ဆက်ပြောပါဦး”

ဒီအရွယ်လေးတွေကို ရိုးသားရမယ် - ပွင့်လင်းရမယ် အမှန်အတိုင်းပြောဆိုရမယ်လို့ ပြောနေရင်ဘယ်မှာ နားလည်မှာလဲ။ ပွင့်လင်းဖို့အမှန်အတိုင်းပြောဖို့ - ရိုးသားဖို့ လေ့ကျင့်ပေးတဲ့သဘောပဲ။ အဲဒီအချိန်မှာသာ ဟိုကလေးကို ခဲတံယူလို့ဆိုရိုက်ကြည့် အဲဒီကလေးမှာ စိတ်သိမ်ငယ်မှု၊ အားငယ်မှုတွေဝင်သွားမယ်။ တခြားကလေးတွေကလည်း သူ့အပေါ်ဆက်ဆံတာပုံစံပြောင်းသွားနိုင်တယ်။ အဲဒီကလေးမှာ အားငယ်စိတ်ဝင်ချင်ဝင်မယ်၊ ဒါမှမဟုတ် ဒေါသနဲ့တုံ့ပြန်တာဖြစ်လာနိုင်တယ်”

“မူလတန်းအရွယ်မှာတော့ သူတို့ရဲ့စိတ်ကို သူတို့ရဲ့အပြု အမူအပြောအဆိုကို လေ့ကျင့်ပေးတာနဲ့ ပြုပြင်ပေးရတာပေ့ါ။ ပြုစုပေးရတာပေ့ါ” ကျုပ်တို့သင်ရတဲ့ကာလတုန်းကတော့ ဖတ်စာထဲမှာ ပုံပြင်လေးတွေပါတယ်။ အဲဒီပုံပြင်လေးတွေကလည်း သူတို့ရဲ့စိတ်ကိုပြုပြင်ပေးတဲ့ ဆီမှာထိရောက်တယ်။ ကိုယ်ကျင့်တရားကို စောင့်ထိန်းတတ်ဖို့လေ့ကျင့်ပြီးဖြစ်တယ်။ ကျုပ်တို့က ငယ်ငယ်လေးကတည်းကလည်း ပုံပြင်နဲ့ကြီးပြင်းခဲ့ရတော့ ကလေးတွေကို ပုံပြန်ပြောပြရတာလည်း ဝါသနာပါတယ်လေ။ အင်း - မှတ်မိသေးတယ်- အဘွားကများ သန်းဥစမ်းပေးရင်း ဟိုးရှေးရှေးတုန်းကလို့ပုံပြင်

ပြောဖို့စလိုက်တဲ့အချိန်မှာ ရင်ထဲကိုအေးသွားပြီး အာရုံက အဘွား ရဲ့အသံထဲမှာပဲရှိတော့တယ်။ လိပ်ကမ္ဘာမကြီးတို့ မြွေမင်းသားတို့ ဆိုတာ ကျုပ်တို့အသည်းစွဲပုံပြင်တွေပေါ့။ ဘယ်နှစ်ခါ နားထောင်ရ နားထောင်ရ မရိုးဘူး။ လွမ်းတယ်ဗျာ။ ငယ်ဘဝကို။

"ဆရာကြီးလုပ်တာနဲ့ ကျွန်တော်တောင်လွမ်းသလိုဖြစ်သွား တယ်။ ကဲ-ဆက်ပါဦး-စကားဦးတည်ချက်လေး မပျောက်ရအောင်"

"မပျောက်ပါဘူးဗျာ။ ကျုပ်က ပုံပြင်ကြိုက်ခဲ့တော့ ကျုပ်တို့ ကျောင်းဆရာဖြစ်တဲ့အချိန်မှာ ပြဋ္ဌာန်းစာအုပ်ထဲက ပုံပြင်တွေကို အရင်ပြောပြပြီးမှ သင်ပေးတယ်လေ။ ပုံပြင်တွေထဲမှာကလည်း သင်ခန်းစာပေးချင်တာလေးတွေပါတာကိုး။ မြွေမင်းသားဆိုပါတော့ ဗျာ-ဇာတ်ကောင်တွေကြည့်မြွေမင်းသားရယ်၊ မကြီးရယ်၊ မလတ် ရယ်-မထွေးလေးရယ်၊ မကြီးကို မနာလိုတဲ့ ဇာတ်ရုပ်နေရာမှာ ထား တယ်ဗျာ။ မထွေးလေးကို သဘောကောင်းတဲ့၊ သည်းခံတဲ့ ဇာတ်ရုပ် မှာထားတယ်။ မြွေမင်းသားကိုတော့ ခွင့်လွှတ်တဲ့၊ ကူညီတတ်တဲ့၊ အနစ်နာခံတဲ့ဇာတ်ရုပ်မှာထားတယ်၊ မြွေကြီးကမကြီးကိုမျိုထား တဲ့အချိန် မြွေသွေးစွန်းရင် မြွေပြန်ဖြစ်မယ်မှန်းသိရဲ့နဲ့ မနာလိုတဲ့ အကောက်ကြံတဲ့ မကြီးကို မထွေးလေးကလည်း ခွင့်လွှတ်ပြီး ကယ် ခိုင်းတယ်၊ မြွေမင်းသား မြွေပြန်ဖြစ်ပြီး ဇနီးနဲ့သားလေးကို စွန့်ပြီး တောထဲပြန်ဝင်သွားပြီဆိုတော့ ကျုပ်တို့မှာ ပုံပြင်နားထောင်ရင်း မျက်ရည်ဝဲရတယ်-ကျုပ်က အဲဒီကလေးတွေကို စမ်းပြီး ပြောကြည့် တယ်။ ကလေးတွေလည်းငြိမ်ကျသွားတာပဲ။ ဇာတ်သိမ်းတော့ မျက် ရည်ဝဲတာပဲ။ အဲဒါသူတို့ကိုယ်ကျင့်တရားအတွက် တကယ်ထိရောက်

www.burmeseclassic.com

တယ်”

“ရှင်းပါဦး”

“ကျုပ်က မေးတယ်လေ-မင်းတို့ဘယ်သူ့ကိုသနားသလဲဆို တော့ မထွေးလေးကိုသနားတယ်။ မြွေမင်းသားကိုလည်း သနားတယ်တဲ့။ မင်းတို့ ဘယ်သူ့ကိုမုန်းသလဲဆိုတော့ မကြီးကို မုန်းသတဲ့။ ဘယ်လောက်ချစ်စရာကောင်းတဲ့ စိတ်ဓါတ်လဲဗျာ။ ဒါ-ကလေးတွေရဲ့ အမှန်တကယ်ဖြူစင်သန့်ရှင်းတဲ့စိတ်၊ အဲဒီစိတ် ကလေးကို ကျုပ်တို့က ဆက်လက်ရှင်သန်ဖွံ့ဖြိုးအောင်လုပ်ပေး ရတာ။ အဲဒီတော့မှ ရှင်းပြရတယ်။ မကြီးဟာ သူကောင်းရင်ပြီးရော -ဘယ်သူပျက်စီးပျက်စီးဆိုတဲ့စိတ်ရှိတယ်။ အဲဒါကြောင့် မင်းတို့ မုန်းတာ။ ဒီတော့မှတ်ထားကြ။ မင်းတို့လည်းသူများအပေါ်မကောင်း မကြံနဲ့။ မကောင်းတဲ့လူဆိုရင် လူတွေကမုန်းမယ်။ သူများကို ကူညီတဲ့၊ စိတ်ရင်းကောင်းတဲ့ မထွေးလေးနဲ့မြွေမင်းသားကို မင်းတို့ ချစ်သလိုပဲမင်းတို့လည်းသူများကိုကူညီရင် စိတ်ရင်းကောင်း ကောင်းထားရင်တခြားလူတွေကချစ်မှာပဲဆိုတာမျိုးပေါ့။ ကိုယ်ကျင့် တရားကောင်းတဲ့ကလေးတွေဖြစ်ဖို့ ပြုစုလေ့ကျင့်ပေးတတ်ရမယ်”

“ကျွန်တော်တစ်ခု စဉ်းစားမိတယ်”

“ပြောပါ ဦးကံချွန်”

“ဒီနေ့ကလေးတွေက ပုံပြင်နဲ့ကြီးပြင်းရတာ မဟုတ်ဘူးလေ။ ကလေးတွေမှ မဟုတ်ပါဘူး။ ဆရာ၊ ဆရာမလေးတွေကိုက တီဗွီ ခေတ်၊ ဗီဒီယိုခေတ်မှာ ကြီးပြင်းခဲ့ကြတာဆိုတော့”

“ပိုပြီးကောင်းတာပေါ့ဗျာ။ ကလေးတွေအတွက် ပုံပြင်တွေကို

ရိုက်ရင် ဗွီဒီယိုနဲ့ပြပေးရင်-ကလေးတွေအတွက်ရိုက်တာပဲဆိုပြီး ဖြစ်သလိုတော့ မလုပ်နဲ့ပေါ့ဗျာ။ ကလေးဆိုတာ ကျုပ်တို့အနာဂတ်ရဲ့မျှော်လင့်ချက်တွေပဲ။ သူတို့အတွက် ဖန်တီးတာမှာ ကျုပ်တို့ပါးစပ်ကပြောတဲ့ အရောင်မပါ၊ ဂီတမပါ၊ အရုပ်မမြင်ရတဲ့ ပုံလောက်မှ စိတ်ဝင်စားစရာကောင်းအောင် မရိုက်နိုင်ရင်တော့ မဖြစ်ဘူးလေ။ လိုအပ်ရင် လိုအပ်သလို စူပါဒါရိုက်တာ၊ စူပါသရုပ်ဆောင်တွေနဲ့ စူပါဇာတ်ညွှန်းရေးဆရာ၊ စူပါကင်မရာမင်းတွေသုံးပြီး ရိုက်ဖို့တော့ လိုအပ်တာပေါ့။ ကလေးတွေအတွက်ပဲဆို ဖြစ်သလိုတော့မလုပ်နဲ့လေ။ ဦးကံချွန်ပိုသိပါတယ်ဗျာ။ နိုင်ငံတကာကလေးတွေအတွက် လုပ်သွားတဲ့ ဝေါလ်ဒစ္စနေးရဲ့ ကာတွန်းကားတွေဟာ မြွေမင်းသားတို့၊ လိပ်ကမ္ဘာမကြီးတို့လိုပါပဲ။ တစ်ကားပဲပြောမယ်ဗျာ။ လိုင်းရင်းကင်းဆိုရင် ကြည့်ရင်းကြည့်ရင်း အကျင့်မကောင်းတဲ့ ဦးလေးခြင်္သေ့ကြီးကို မုန်းလာတယ်။ ခြင်္သေ့ဘုရင်ကြီးကို ကြည့်ရင်းသနားတယ်။ ရိုးရိုးသားသားခြင်္သေ့မင်းသားလေးကို ဂရုဏာသက်လာတယ်။ ခြင်္သေ့မင်းသားလေး ဘုရင်ဖြစ်လာတော့ ပီတိဖြစ်ပြန်ရော။

“ကျွန်တော်သဘောပေါက်ပါပြီ။ စကားလုံးတွေနဲ့ပညာပေးတာ မဟုတ်ဘဲ ဖြစ်ရပ်ကိုပြတဲ့အပြတွေနဲ့ ခံစားမှုကနေ ပညာပေးစေချင်တာပေါ့”။

“ဟုတ်တယ်၊ ဟုတ်တယ်။ ကလေးတွေအတွက် ရိုက်ပြတဲ့ဟာ ကလေးတွေမှ စိတ်မဝင်စားရင် ဘယ်လိုလုပ်မလဲ ကျုပ်ပြောချင်တာ အဲဒါပဲ။ ဟိုး အရင်တုန်းက ပုံပြင်တွေနဲ့ ကိုယ်ကျင့်တရားကောင်းအောင်လေ့ကျင့်ပေးနည်းမျိုး-ဒီနေ့ပြောင်းလဲလာတဲ့ မီဒီ

www.burmeseclassic.com

ယာတွေကနေ ကိုယ်ကျင့်တရားအတွက် ပြုစုပေးတာတွေရှိစေချင်တယ်။ ကလေးတွေအတွက်ဆိုပေမယ့် လူကြီးတွေပါ ထိုင်ငေးရလောက်အောင် ဖြစ်ဖို့လိုတယ်နော်။ ကလေးတွေကိုက စောင့်ကြည့်လောက်အောင် အကောင်းဆုံးဖြစ်အောင်တော့ လုပ်ပြရမယ်။

ဆရာကြီးက စကားဆုံးတော့ ထွက်သွားပါတယ်။ ကံချွန်ရဲ့အတွေးကတော့ မဆုံးသေးပါ။

**ရတနာပုံသတင်းစာ**

**၂၇.၈.၂၀၀၀**

**ကံချွန်**

# အသိအမှတ်ပြုရမယ်

"ကျုပ်တို့ဟာ ကလေးတွေရဲ့ ကာယစွမ်းရည်၊ ဉာဏစွမ်းရည်ကို အသိအမှတ်ပြုရမယ်ဗျ။ ကလေးတွေကို နားလည်ဖို့လိုတယ်။

ဆရာကြီးမှာ ကံချွန်ရဲ့ထံမှန်မှန်ကြီးရောက်လာနေပါတယ်ခင်ဗျာ။ စကားပြောဖော်ဆိုတာက အသက်ကြီးလာလေ လိုလေပါပဲ။ ဘဝဖြတ်သန်းမှု၊ ထိတွေ့ခဲ့ရတဲ့ အတွေ့အကြုံ၊ ကျော်လွှားခဲ့ရတဲ့ အခက်အခဲ၊ အဲဒါတွေအပေါ် အခြေခံပြီး ရှေးဟောင်းနှောင်းဖြစ်တို့ အတွေးအခေါ် အယူအဆတို့ဆိုတာ ပြောဖြစ်တာမဟုတ်လား။ ဒီ

တော့ အတွေ့အကြုံအယူအဆ အတွေးအခေါ်ချင်း သိပ်ကွာခြားနေရင် စကားက ပြောလို့မရတော့ပါဘူး။ ကိုယ့်မြန်မာအချင်းချင်း မြန်မာလိုပြောနေကြတာဆိုပေမယ့် ပြောကြတဲ့ အခြေခံအကြောင်းအရာကိုအပြန်အလှန်နားလည်နိုင်မှပြောကြလို့ရတာပါ။ နားထောင်လို့ရတာပါ။ ကံချွန်က ကလေးတွေကို စိတ်ဝင်စားပါတယ်။ ကိုယ့်မှာမြေးတွေရှိနေတာကိုး။ ဆရာကြီးကလည်း သက်တမ်းတစ်လျှောက်လုံးကလေးတွေနဲ့ နေခဲ့ရတာပါ။ ဒါကြောင့် ဆရာကြီးက ကံချွန့်ဆီလမ်းလျှောက်ရင်းရောက်ရောက်လာတာ မဆန်းပါဘူး။ ဒီတော့ ဆရာကြီးပြောတာကို ကံချွန်စိတ်ဝင်စားတာက ပိုပြီးမဆန်းတော့ဘူးပေါ့ခင်ဗျာ။

"အများဆုံးကတော့ စာမေးပွဲအောင်စာရင်းထွက်တဲ့အခါတို့ ပြေးခုန်ပစ်ပြိုင်ပွဲ လုပ်တဲ့အခါတို့လောက်မှသာ ကလေးတွေရဲ့ စွမ်းရည်ကို စိတ်ဝင်တစား အသိအမှတ်ပြုကြတာများပါတယ်။ တစ်နှစ်မှာ ရက်ပေါင်းသုံးရာ့ခြောက်ဆယ်လောက်တော့ မေ့မေ့ပျောက်ပျောက် နေကြတာပဲဗျာ။ ပြီးတော့ ကလေးတွေမှာရှိတဲ့ သီးခြားစွမ်းရည်ကိုလည်း အသိအမှတ်ပြုဖို့ မေ့နေကြတယ်"

"သီးခြားစွမ်းရည်ဆိုတာက"

"ကျုပ် ကြုံဖူးတာတစ်ခု နမူနာပြ ပြောပါ့မယ်။ မှတ်မှတ်ရရ ကျုပ်ကလေးတစ်ယောက်ကြုံဖူးတယ်။ အစအနောက်အလွှန်သန်တဲ့ ကလေးပေါ့ဗျာ။ ကလေးအချင်းချင်း လမ်းလျှောက်တာ၊ စကားပြောတာ၊ အမူအရာတွေကို အတုခိုးပြီး လိုက်ပြောင်တယ်။ ဆရာတွေရဲ့အမူအရာမျိုး လုပ်တယ်။ ကျုပ်ထီးကောက်ကြီးလက်ချိတ်

www.burmeseclassic.com

ပြီး လမ်းလျှောက်နည်း လျှောက်တယ်ဗျာ။ ကျုပ်မြင်တာကတော့ အဲဒါလည်း စွမ်းရည်တစ်မျိုးပဲဗျ။ ကလေးတိုင်း လုပ်တတ်တာမှ မဟုတ်ဘဲ။ ဒါနဲ့ ဆရာကန်တော့ပွဲရောက်တော့ ကျုပ်က ကျောင်းသား/ကျောင်းသူတွေကို ပျော်ရွှင်စရာပွဲလေး လုပ်ပေးတယ်။ လေးတန်းထဲမှာ အငြိမ့်မင်းသမီးကြီးတစ်ယောက်ရဲ့သမီးကလေးကလည်းရှိတာကိုး။ အဲဒီကလေးကို အကခိုင်းတယ်။ အဲဒီကလေးမလေးနဲ့အတူသူများအတူခိုးပြီး အမူအရာမျိုးစုံလုပ်တတ်တဲ့ကလေးကို စင်ပေါ်တင်ပြီး သူ့သူငယ်ချင်းတွေရဲ့အမူအရာ၊ ဆရာတွေရဲ့အမူအရာ၊ ဆရာကြီးရဲ့ အမူအရာပါလုပ်ခိုင်းတယ်။ ကလေးတွေ သဘောကျတာပေါ့။ တဟားဟားနဲ့။ အဲဒါက ထူးခြားတဲ့ အစီအစဉ် ဖြစ်သွားတာ။ အခါတိုင်းနှစ်တွေကတော့ အပြေးပြိုင်တာ၊ ထုတ်ဆီးတိုးတာလောက်ရှိတာကိုး”

“စိတ်ဝင်စားစရာပဲ။ အဲဒီအဆော့သန်တဲ့ကလေးရဲ့အခြေအနေ ဆက်ပြောပါဦး”

“စာပါတော်သွားတယ်ဗျ။ အဲဒီနောက် ဆရာတွေခိုင်းသမျှလည်းအကုန်လုပ်တယ်။ ကျောင်းသန့်ရှင်းရေးကအစ သူက ဦးဆောင်လုပ်လာတယ်။ သူရဲ့စွမ်းရည်ကို အသိအမှတ်ပြုပေးလိုက်တော့ သူကလည်း ဆရာတွေရဲ့စေတနာ၊ ကျောင်းသား၊ ကျောင်းသူ သူငယ်ချင်းတွေ့ရဲ့ချစ်ခင်မှု၊ သူ့အပေါ်ထားတဲ့ သဘောထားကို နားလည်သွားတာကိုး။ သူ့အလိုလို မသိစိတ်မှာ နားလည်သွားတာ။ အဲသလိုပဲ ကလေးတိုင်းမှာ ထူးခြားတဲ့ စွမ်းရည်လေးတွေတော့ ရှိတာပဲ။ တစ်ချို့ကဖော်ထုတ်မပေးလို့ ငုပ်နေတာဗျ။ ကလေးတွေ

ရဲ့ ငုပ်နေတဲ့စွမ်းရည်လေးတွေကို မြင်အောင်ကြည့်ပြီး အသိအမှတ် ပြုဖော်ထုတ်ပေးလိုက်ရင် ထူးချွန်တဲ့ ကလေးတွေ အတော်များများ ပေါ်ထွက်လာမယ်လေ”

“ဆရာကြီးပြောခဲ့တာတွေက တစ်ခုနဲ့တစ်ခု ဆက်စပ်နေတာ ပဲ”

“ဆက်စပ်နေရမယ်လေ။ ကလေးတစ်ယောက် လူတော် လူ ကောင်းဖြစ်ဖို့ဆိုတာ စနစ်တကျပြုစုပျိုးထောင်ပေးရမှာဗျ။ တစ်မျိုး ကောင်း၊ တစ်မည်ကောင်း တတ်အောင်လေ့ကျင့်ပေးလို့မရဘူး။ အဲဒီ အမူအကျင့်၊ အသိရှိတဲ့ ကလေးဖြစ်ဖို့ အကုန်လုပ်ပေးရတာ၊ ကလေးတွေရဲ့ စွမ်းရည်ကို မြင်အောင်ကြည့်တတ်ဖို့နဲ့ အသိမှတ်ပြု ပေးတတ်ရမယ်။ အဲသလို အသိအမှတ်ပြုပေးလိုက်တော့ အားမ ငယ်တော့ဘူးပေါ့။ အပြေးမှာ ပထမ မရပေမယ့် စာမှာ ပထမရနေ ရင် အားမငယ်တာမျိုး၊ စာမှာ ပထမ မရပေမယ့် အားကစားမှာ ထူးချွန်နေရင် အားမငယ်တာမျိုး၊ ပညာရေးမှာရော၊ အားကစားမှာ ပါ မထူးချွန်ပေမယ့် အနုပညာတစ်ရပ်ရပ်မှာ ထူးချွန်နေရင်လည်း အားငယ်စိတ်မရှိတော့ဘူးပေါ့။ ဒါကြောင့် ကလေးတွေရဲ့ စွမ်းရည် ကို သိပြီး ဖော်ထုတ်ပေးပြီး အသိအမှတ်ပြုရမယ်။ လူငယ် လူတော်၊ လူကောင်းလေးတွေဖြစ်ဖို့အတွက်က ဥုံဖွဆိုမန်းလို့ရတာမှ မဟုတ် ဘဲဗျာ”

“ကလေးတွေရဲ့ စွမ်းရည်ကို ဖော်ထုတ်အသိအမှတ်ပြုပေးတာ ဟာ တစ်နည်းအားဖြင့်တော့ စိတ်ကိုပြုစုပေးတာပဲပေါ့နော်”

“ဟုတ်ပ့ါ၊ ဦးကံချွန် ဆက်စပ်နေတာပါပဲ။ ကျုပ် ကျောင်းသူ

www.burmeseclassic.com

လေးတစ်ယောက်တွေ့ဖူးသေးတယ်။ ကျောင်းစာမှာတော့ နောက်ဆုံးအုပ်စုထဲကပေါ့။ သူ့ကြည့်ရတာ အတန်းထဲမှာထိုင်ပြီး စာသင်နေရတာကို ပျော်ပုံမရဘူး။ ကျုပ်ဒီကလေးကို ဘယ်လိုစိတ်ဓါတ်မြှင့်တင်ပေးရပါ့မလဲလို့ သတိထားပြီး အကဲခတ်စောင့်ကြည့်ခဲ့ရတယ်။ နောက်ဘာကိုသွားတွေ့သလဲဆိုတော့ ဒီကလေးမလေးရဲ့ အင်္ကျီမှာ ချည်ရောင်စုံနဲ့ ပန်းလေးတွေထိုးထိုးပြီး ဝတ်ဝတ်လာလေ့ရှိတာ သတိထားမိသွားတယ်။ ဒါနဲ့ အင်္ကျီပေါ်က ပန်းလေးတွေ ဘယ်သူထိုးတာသလဲလို့မေးတော့ သူ့ဟာသူထိုးတာတဲ့။ ဒါနဲ့ ကျောင်းဆင်းတော့ သူ့ခေါ်သွားပြီး ကျုပ်အဘွားကြီးလက်အပ်လိုက်တော့တာပေါ့။ ဆရာကတော်က စက်လည်းချုပ်တယ်။ ပန်းလည်းထိုးတယ်လေ။ အဲဒီကလေးမဆိုရင် အလယ်တန်းလောက်ထိတော့ ရောက်သွားတယ်။ ပညာရေးမှာ မထူးချွန်ပေမယ့် စက်ချုပ်၊ ပန်းထိုးတော့ ချန်ပီယံဖြစ်သွားသဗျ။ သူ့အစွမ်းအစလေးကို ဖော်ထုတ်ပေးလိုက်နိုင်တော့ အားငယ်စိတ်လည်းပျောက်သွားတယ်။ ခုထိပေါ့ဗျာ။ ဆရာဝန်တွေ၊ ရှေ့နေတွေ၊ ကျောင်းဆရာတွေဖြစ်နေတဲ့ သူ့သူငယ်ချင်းတွေကလည်း သူ့ဆီပဲ လာအားပေးကြတာပဲ။ အပြန်အလှန်လေးစားမှုနဲ့ဆက်ဆံရတဲ့ အနေအထားလေးတော့ ဖြစ်သွားတာပေါ့။ သူကိုက တပည့်လေးငါးယောက်နဲ့ စက်လေးငါးလုံးနဲ့။ ဒါကြောင့် ကျုပ်က ကလေးတွေရဲ့ အစွမ်းအစကို အသိအမှတ်ပြုရမယ်။ သူတို့မှာဘာအစွမ်းအစရှိတယ်ဆိုတာ သတိထားရမယ်။ ဖော်ထုတ်ပေးတတ်ရမယ်”

“ဒါနဲ့ ဆရာကြီးပထမပြောတဲ့ ကျောင်းသားကတော့ ခုဘာ

ဖြစ်နေလဲ”

“ရှေ့နေကြီးဖြစ်နေပြီ ဦးကံချွန်ရေ-သူကလည်း အောင်မြင်တာပါပဲ။ သူလျှောက်လဲပြီဆိုရင် အသံတွေရော၊ အမူအရာတွေရောနဲ့ အောင်မြင်တယ်ဗျို့။ အပြောကလည်း အပြောကောင်း။ ရှေ့နေဝိုင်းမှာကို သူ့စကားပြန်နားထောင်ရအောင်ပြောနိုင်တယ်”

ကံချွန် အတွေးဆက်မိပါတယ်ခင်ဗျာ။ ကလေးတွေရဲ့ အရည်အသွေးအစွမ်းအစကို မိဘတွေကလည်း သတိထားမိဖို့လိုပါတယ်။ သတိထားမိရင်လည်း အသိအမှတ်ပြုပေးရပါမယ်။ မိဘက သားသမီးကို

အားအားရှိ အရုပ်တွေချည်းရေးနေတာပဲ။

အားအားရှိ ဘောလုံးချည်း ကန်နေတာပဲ။

ဒီကောင် အကောင်းတွေပျက်စီးအောင်လို့ကွာ။ ဝယ်ပေးတဲ့ အရုပ်တွေ တစ်စစီဖြုတ်ဖို့ပဲ တတ်တယ်ဆိုပြီး ပြောတာမျိုးတွေကြားရလေ့ရှိပါတယ်။ အရုပ်တွေဖြုတ်လိုက်၊ တပ်လိုက် လုပ်ချင်တဲ့ ကလေးကို ဖြုတ်လို့တပ်လို့ရမယ့်အရုပ်၊ ကိုယ့်ဟာကိုယ်တပ်ရ ဆင်ရမယ့်အရုပ်မျိုး ကစားစရာတော့ ဝယ်ပေးဖို့စိတ်ကူးမရှိဘူး။ ကလေးတွေရဲ့ဝါသနာကို တားဖို့ထက် စည်းမဲ့ကမ်းမဲ့လုပ်နေတာကို စည်းကမ်းလေးနဲ့ လုပ်တတ်အောင် လေ့ကျင့်ပေး၊ ပြောပြပေးသူနည်းပါတယ်ခင်ဗျ။

တစ်နေ့တစ်နေ့ အများကြီးပြောရင်မကောင်းဘူး။ တစ်မျိုးစီပဲ ကျုပ်တို့ပြောကြတာပေါ့နော်။ ဒါမှ ဒီအချက်အလက်ကို အေးအေးဆေးဆေး စဉ်းစားလို့ရမှာ။ ကိုယ့်တပည့်၊ ကိုယ့်သားသမီးရဲ့ အစွမ်း

www.burmeseclassic.com

အစကို သိအောင်လှေ့လာပြီး အသိအမှတ်ပြုဖော်ထုတ်ပေးဖို့ဟာ လည်း မိဘတိုင်း၊ ဆရာတိုင်းရဲ့တာဝန်ပဲဗျ။

ကံချွန်စဉ်းစားနေမိပါတယ်။ ကံချွန်ရော မိဘတာဝန်ကျေခဲ့ပါ ရဲ့လားလို့ ----"

ရတနာပုံသတင်းစာ

၃.၉.၂၀၀၀

ကံချွန်

# ချစ်လို့ရှိသေအောင်

လူ့ဘဝတွင် သက်တမ်းတစ်ဝက်နီးပါးကို ကလေးများနှင့်သာ ထိတွေ့ပြောဆိုဆက်ဆံရင်း အချိန်ကုန်ခဲ့ရသော ဆရာကြီးတစ် ယောက်မှာ ပြန်ပြောစရာဆို၍ ကလေးများနှင့်ပတ်သက်သော အကြောင်းအရာများသာ ရှိနေသည်မှာ မဆန်းပါ။ ဆရာကြီးမှာ သူပြောသမျှ ကျွန်တော်ပြန်၍ ရေးပေးနေသည်ကိုပင် ပီတိဖြစ်နေ ပါသည်။

"ဆရာကြီး-ဘယ်နဲ့ညနေပိုင်းကြီးရောက်လာတာလဲ"

"ပြောချင်တာလေးရှိနေလို့လေ-မနက်ကျရင် မေ့သွားမှာစိုး

လို့ အသက်ကြီးလာတော့ သတိက သိပ်မကောင်းချင်ဘူး။ ပြောချင်တဲ့စကား၊ လုပ်ချင်တဲ့အလုပ် သတိရတုန်း ပြောထားမှ လုပ်ထားမှ”

“ပြောပါဦး”

“ဟိုးအရင်က ရှိခဲ့တဲ့စကားရယ်-ဒီနေ့ ပြောင်းလာတဲ့ဝန်းကျင်၊ ဝန်းကျင်ကြောင့် ရိုက်ခတ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အခြေအနေရယ်၊ ဆရာမိဘတွေစဉ်းစားသင့်တာရယ် တွေးမိလို့”

“ဘယ်လိုတွေးမိတာပါလိမ့်”

“ဟိုးတုန်းကစကားရှိတယ်လေ၊ ချစ်ကြောက်ရိုသေ ဆိုတာ”

“ဟုတ်”

“ဦးကံချွန် ကိုယ့်မြေးတွေကို အဲသလိုဖြစ်အောင်နေရဲ့လား”

ဆရာကြီးမေးမှ ကံချွန်စဉ်းစားမိသည်။ ကံချွန်မနေမိပါ။ မြေးတွေကို ပြောမရ ထိန်းမရ ဆော့နေလျှင် ငိုနေလျှင် သူ့အမေက “မင်းတို့အဘိုးအေနဲ့ တိုင်လိုက်ရမလား” ဟု ပြောခဲ့ဖူးသည်။ ကံချွန်က ထိုစကားကိုမပြောရန် တားမြစ်ခဲ့၏။

“မင်းတို့ကလေးတွေကို ကြောက်အောင်ခြောက်ချင်ရင် တခြားစကားနဲ့ခြောက်၊ ငါ့ကိုတော့ ငါ့မြေးတွေက ကြောက်စရာကြီးလို့ အထင်မခံနိုင်ဘူး”

ဟု ပြောခဲ့ဖူးသည်။ ပြောစဉ်က အလေးအနက်စဉ်းစားပြီး ပြောခဲ့သည်မဟုတ်။ မြေးတွေကို ချစ်၍ ပြောလိုက်ခြင်းဖြစ်သည်။ ချစ်၍ အလိုလိုက်သည်။ အလိုလိုက်သော်လည်း ပြောမရ၊ ဆိုမရ၊ ထိန်းမနိုင်၊ သိမ်းမရ မဖြစ်ရလေအောင် လေ့ကျင့်ပေးရသည်။ ပျိုးထောင်ပေးရသည်။ ငါပြောနေတာမရဘူးလား။ ရိုက်လိုက်

www.burmeseclassic.com

ရမလား ဆိုသော ဒဏ်ပေးစနစ်အစား၊

"ပြောတာနားထောင်ရမယ်နော်၊ လူကြီးတွေပြောတာ နားထောင်ရင်အရုပ်ဝယ်ပေးမယ်၊ ကာတွန်းခွေဝယ်ပေးမယ်"ဆိုသော ဆုပေးစနစ်ကို ကျင့်သုံးပေးရသည်။ မိဘအတော်များများသည် ကိုယ့်သား၊ သမီးကို ချစ်သော်လည်း ဒဏ်ပေးစနစ်သာ ကျင့်နေကြတာ များပါသည်။ ပြောမရ၍ ရိုက်သည်။ အော်သည်။ ငေါက်သည်။ ပြောရ၍ ဘာပေးမည်ကိုမူ တိတိကျကျမရှိ။ ကလေးများကလည်း စကားနားထောင်၍ ဘာရမည်ကို မှတ်မှတ်ရရမသိရ။ နေ့စဉ် ဝယ်ကျွေးသည့် မုန့်ကိုပင် နေ့စဉ်ပေးနေသည့် မုန့်ဖိုးကိုပင် "စောစောအိပ်နော်။ မနက်ကျရင် ကောက်ညှင်းပေါင်းဝယ်ကျွေးမယ်၊ ဒါမှမဟုတ် မုန့်ဖိုးပေးမယ်" ဆိုတာမျိုးပြော၍လည်း ရပါသည်။ မိဘအနေဖြင့် နေ့စဉ်သူတို့အတွက် လုပ်ပေးနေသော လုပ်ရပ်များကို သူတို့အရွယ်နှင့်လိုက်လျောညီသော စကားဖြင့် သိရန်ဖန်တီးပေးသင့်ပါသည်။ ထိုသို့ ငယ်စဉ်ကတည်းက အလေ့အကျင့်လုပ်မပေးခဲ့လို့ "ညည်းက တစ်သက်လုံး ကျွေးမွေးပြုစုလာတဲ့ကျေးဇူးတွေမှ မထောက်ဘဲ ညည်းထင်ရာလုပ်တာပေါ့လေ" ဟူသော အချို့မိဘတွေ့ရဲ့အော်သံတွေကြားရတာပါခင်ဗျာ။

"ဘယ်လိုတုန်း"

"ကျွန်တော့ကို ကြောက်နေမှာ မကြိုက်လို့ ချစ်နေအောင်ပဲ လုပ်တယ်၊ ဟုတ်တယ်၊ ချစ်လို့ရှိသေအောင် လုပ်ရမှာဗျ။ ငါ့ဆရာရဲ့စကားနားမထောင်ရင်တော့---ငါ့မိဘရဲ့စကားနားမထောင်ရင်တော့ ဆရာကများ မုန်းလိုက်မှာလား။ မိဘကများ အချစ်ပေါ့သွား

မှာလားဆိုတဲ့စိတ်နဲ့ မိဘကို၊ ဆရာကို၊ ချစ်ပြီး မိဘဆရာပြောစကား နားထောင်အောင်လိုက်နာအောင်လုပ်ရမှာ။ အဲသလိုလုပ်ဖို့အတွက် မိဘတွေရဲ့ဆရာတွေရဲ့မေတ္တာကို၊ စေတနာကို၊ အနစ်နာခံမှုကို သူတို့သိအောင် ပြောပြရမယ်။ လက်တွေ့မှာလည်း သူတို့ခံစားနား လည်အောင် ပြုမူနိုင်ရမယ်။ မိဘကို၊ ဆရာကို တကယ်ချစ်ရင် မိဘ-ဆရာရဲ့စကားကို နားထောင်မှာပဲ။ မိဘ-ဆရာခိုင်းတာကို လုပ်မှာပဲ။

"ကလေးတွေရဲ့ ချစ်ခင်မှုကို မိဘ-ဆရာက ရယူနိုင်ရမယ်။ ကျုပ် စဉ်းစားလို့ရတာလည်းပြောပါ့မယ်။ ဦးကံချွန်စဉ်းစားလို့ရတာ ရှိရင်လည်း ပြောစမ်းပါဦး"

"ကျွန်တော့်ကိုယ်တွေ့အရ အခြေခံအကျဆုံးကတော့ သူတို့ လိုချင်တာ ပေးနိုင်ဖို့ပဲ ဆရာကြီး။ သူတို့မတောင်းပေမယ့် လိုအပ် မယ်ထင်တာလည်း ပေးနိုင်ရမှာပေါ့"

"ဟုတ်တယ်-အဲဒါဟာ စိတ်ပိုင်းအရရော၊ ရုပ်ပိုင်းအရပါပေးရ မှာ၊ အိမ်မှာဆို ကျွန်တော့်မြေးတွေက သူတို့ တစ်ခုခုလိုချင်တာနဲ့ ကျွန်တော့်ကိုပဲ ပြောတယ်။ ကျွန်တော်ကလည်း သူတို့ပူဆာတာ ဘယ်တော့မှ မငြင်းဘူး။ မြေးတွေမှမဟုတ်ဘူး။ သမီးငယ်ငယ်က လည်းဒီလိုပဲ။သူတို့လိုချင်တာ ကျွန်တော့်ဆီကရနေတော့ ကျွန်တော် ပြောတဲ့စကားလည်း သူတို့နားထောင်တယ်။ ချစ်လို့ နားထောင်တာ ပေါ့"

"ချစ်လို့ နားထောင်တာကို ထင်ရှားအောင်သက်သေပြစမ်းပါ ဦး ဦးကံချွန်"

www.burmeseclassic.com

"ရှိပါတယ်"

"ရှိရင်ပြောစမ်းပါဦး၊ ကျွန်တော်က အဲသလိုပဲ လက်ခံထားတာ သက်သေပြ ပြောဖို့ကျတော့ ခက်တယ်"

"ဒီလိုလေ၊ ကလေးကလား စကားပြောတယ်လည်း မထင်နဲ့ဦး။ ခင်ဗျားတို့ ကျုပ်တို့ရဲ့လူငယ်ဘဝကို ပြန်စဉ်းစားကြည့်စမ်းပါဦးကံချွန်။ ရည်းစားရှိပြီ ဆိုတာနဲ့၊ ကိုယ်ချစ်တဲ့ကောင်မလေးက ကိုယ့်ကို ပြန်ချစ်ပြီဆိုတာနဲ့၊ သူပြောသမျှ နားထောင်၊ သူမကြိုက်ဘူးဆိုတာကို ရှောင်ခဲ့ကြတာလေ။ ဟင်းဟင်း - မိဘက ဆေးလိပ်မသောက်နဲ့တားထားတာကို မိဘမသိအောင် ခိုးသောက်ခဲ့ပြီး၊ ချစ်သူရှိလာလို့ ချစ်သူက ဆေးလိပ်သောက်တာမကြိုက်ဘူးလည်း ဆိုရော တစ်ခါတည်း ဖြတ်တာ "ချစ်သူကို ချစ်လို့ စကားနားထောင်တာ မိဘဆရာကိုချစ်ရင် မိဘဆရာရဲ့စကားကိုနာခံမယ်။ အခြေခံကတော့ ချစ်ဖို့ပဲ"

"ချစ်လို့ ရိုသေအောင်" လုပ်ဖို့ဆိုတာ အချိန်တော့ ပေးရပါမယ်။ ချက်ချင်းတော့ အဲဒီရိုသေမှုကို ရဖို့မလွယ်ပါဘူးခင်ဗျာ။ ကံချွန်ဆက်စဉ်းစားကြည့်တာပါ။ ချစ်လို့ ရိုသေမှုကိုရပြီဆိုရင်လည်း အဲဒီကလေးဟာ ပြောစကားကို နားထောင် လိုက်နာတော့မှာ သေချာပါတယ်။ ကံချွန်ဆယ်တန်းမှာ ကြုံဖူးတဲ့ ဆရာဦးမောင်မောင်ဆိုတာရှိပါတယ်။ သင်္ချာသင်တာပါ။ တစ်ရက်မှာ ဆရာရှေ့က ရှင်းပြနေတဲ့အချိန် ကံချွန်ဘေးကိုငေးနေမိပါတယ်။ အာရုံက တခြားရောက်နေတယ်ဆိုပါတော့၊ တွက်နည်းကိုရှင်းပြပြီးလို့ ပုစ္ဆာလည်းတွက်ခိုင်းရော ကံချွန်မရတော့ပါဘူး။ သင်္ချာဆိုတာ ကံချွန်

အပိုင်ဆုံးဘာသာပါ။ ကံချွန်ကျောင်းနေစဉ်က သင်္ချာကလွဲပြီး ကျန်တာတွေအားလုံး အောင်မှတ်ရတယ် ဆိုရုံလေးဖြေနိုင်တာပါ။ အမှတ်အနည်းဆုံးဘာသာကအင်္ဂလိပ်စာပါ။ ကျတဲ့အခါ ကျပါသေးတယ်။ သင်္ချာကတော့ အမှတ်ကိုးဆယ်အောက် လုံးဝမဆင်းပါဘူး။ ကိုးဆယ့်ရှစ်မှတ်ရတဲ့အခါမျိုးမှာ ဆရာကပြောပါတယ်။ နှစ်မှတ်က လက်ရေးအတွက်လျှော့တာဆိုပြီးတော့။

အဲဒီနေ့က ဆရာဟာ ကံချွန့်ဘေး လာရပ်ကြည့်ပြီး ကံချွန်လုံးလည်လိုက်နေတာလည်းတွေ့ရော၊ စာအုပ်ကိုဆွဲယူသွားပါတယ်။ ပြီးတော့ “ထုံးစံ” အတိုင်းပဲပေါ့၊ မောင်ကံချွန်ကတော့ အရင်ဆုံးပြီးသွားပြီ ပြီးတဲ့လူတွေစာအုပ်အပ်နိုင်ပြီ” ---- လို့

ပြောပါတယ်။ ကံချွန်ဘာမှ နားမလည်နိုင်အောင်ဖြစ်ခဲ့တာပေါ့။ နောက်ရက်မှာ ဆရာကစာအုပ်ကိုပြန်ပေးရင်း စာဆိုတာအလိုလိုတော်နေတာမဟုတ်ဘူး မောင်ကံချွန်။ စိတ်ဝင်စားနေမှ။ မောင်ကံချွန်ကိုတော့ ဆရာချစ်ပါတယ်။ တော်တဲ့ကျောင်းသားမို့ပါ။ ဒါကြောင့် တခြားကျောင်းသားတွေ အထင်သေးသွားမှာစိုးလို့ ဆရာ စာအုပ်သိမ်းလိုက်တာပါ၊ ဆရာရှင်းပြတွက်ပြထားတယ်”

ဆိုပြီး ပြောပါတယ်၊ အဲ ဒီနေ့ တစ်ခေါက်ထပ်ရှင်းပြတယ်။ ရိုက်တာထက် ထိရောက်တာပေါ့ခင်ဗျာ။ ကံချွန်ဟာ စာပြတဲ့အချိန်မှာ ဘေးကိုမငေးရဲတော့ဘူး။ ကံချွန် ချစ်ပြီးရိုသေခဲ့တဲ့ဆရာများထဲမှာ ဆရာဦးမောင်မောင်လည်း တစ်ယောက်အပါအဝင်ပါပဲ။ ဆရာကရွှေဘိုသားပါ။

ချစ်လို့ရိုသေအောင် ပြုစုဖန်တီးပေးနိုင်ရင် အဲဒီကလေးဟာ

www.burmeseclassic.com

မိဘဆရာရဲ့စကားကို နားထောင်မှာသေချာပါတယ်။ ဆိုဆုံးမမှုကို လိုက်နာမှာ သေချာပါတယ်။ ကလေးတွေကို "ငါပြောတာ နားမထောင်ဘူးလား၊ အရိုက်ခံချင်လို့လား" ဆိုတာထက်

"ပြောတာနားထောင်နော် ပြောတာနားထောင်ရင် မင်းတို့လိုချင်တာဝယ်ပေးမယ်။ (ဒါမှမဟုတ်) ကစားကွင်းလိုက်ပို့မယ်" ဆိုတာမျိုးနဲ့ သွန်သင်ရင် ----

ကျွန်တော်တို့ စဉ်းစားသင့်ပါပြီ။ သိပေမယ့် သတိမထားမိတာလေးတွေပါ။

**ရတနာပုံသတင်းစာ**
**၁၀.၉.၂၀၀၀**
**ကံချွန်**

# သူငယ်ချင်းရဲ့အမေး

တစ်ခါတစ်လေမှာ သူငယ်ချင်းများနဲ့ တွေ့ရဆုံရ စကားပြောရရင် စိတ်ရဲ့ အလိုဆန္ဒတစ်ခုပြည့်သွားသလိုပါပဲ။ ဟာ-ဟေ့ကောင်ကြီးဆိုအခေါ် ခံလိုက်ရတာနဲ့ အသက်တစ်ဝက်ငယ်သွားသလိုပါပဲ။ မင်းစာတွေငါဖတ်ရတယ်ကွ။ မင်းလည်းအတော်လူကြီးဆန်သွားပြီ။ ဒါပေမဲ့ ကောင်းပါတယ်။ ခေတ်နောက်တော့ ကျန်မနေပါဘူးလို့

ပြောရင် ပီတိဖြစ်ရတာပေါ့။ ပြီးတော့မှကဲ ခုလိုစိတ်မပါဘဲ ပြောရတဲ့အတွက်လက်ဖက်ရည်တိုက်ဆိုခိုင်းတတ်ပါတယ်။ ဘာပဲပြောပြောငယ်သူငယ်ချင်းတွေရဲ့ မျက်လုံးထဲမှာ စေတနာကိုတွေ့နေရတော့ကံချွန်ပီတိဖြစ်မိပါတယ်။ ရိုးသားစွာဝန်ခံတာပါ။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က သူငယ်ချင်းတစ်ယောက်နဲ့ လက်ဖက်ရည်ဆိုင်မှာ ဆုံပါတယ်ခင်ဗျာ။ သူက အချပ်ပိုထဲက ဆောင်းပါးတွေ ဖတ်ဖြစ်တဲ့အကြောင်းပြောရင်းကနေ သူ့ရွာကလေးတိုးတက်အောင် ဘယ်လိုလုပ်ရမလဲလို့ အကြံတောင်းပါတယ်။ တစ်ရွာလုံးကရိုးရိုးသားသားတွေပါ။ အများစုက မူလတန်းအဆင့်ပဲပညာတတ်ကြပါတယ်။ဘွဲ့ရပညာတတ်ဆိုတာ အနည်းစုလေးပါ။ ငွေကြေးပြည့်စုံသူကလည်း လက်ချိုးရေလို့ရပါတယ်။ တစ်ရွာလုံးက လက်လုပ်လက်စားတွေပါ။

လူမှုရေးအသိအားနည်းတယ်။

ကျန်းမာရေးအသိအားနည်းတယ်။ ဒီတော့ စည်းနဲ့ကမ်းနဲ့ပြောဆိုနေထိုင်မှုလည်းအားနည်းတယ်။ အဲဒါဘယ်လိုလုပ်သင့်သလဲ။ ဘာတွေလုပ်ရမှာလဲ။ ဘယ်ကစလုပ်ရမှာလဲဆိုပြီး အတည်ပေါက်ဆွေးနွေးလာပါတယ်။ အလေးအနက်စဉ်းစားပြီး မင်းဆီ စာပြန်လိုက်ပါ့မယ်လို့ပြောပြီး ကံချွန်လမ်းခွဲခဲ့ပါတယ်။ အပြန်မှာတော့ကံချွန် ဆရာကြီးရဲ့အိမ်ဝင်လိုက်ရတော့တာပေါ့။

"ဟာ - ဦးကံချွန် ထူးထူးခြားခြားမလာစဖူး ဘာကိစ္စများရှိလို့ ကျုပ်အိမ်လာရတာလဲ"

"မေးစရာလေးရှိလို့ပါ။ ဆရာကြီး လမ်းလျှောက်ထွက်လာမယ့်

www.burmeseclassic.com

အချိန် မစောင့်နိုင်တာနဲ့”

“ကဲ-မေးဗျား”

ကံချွန်က သူငယ်ချင်းနဲ့တွေ့ခဲ့တဲ့အကြောင်းပြောဖြစ်တာတွေ ပြန်ပြောပြလိုက်ပြီး

“ကျွန်တော်လည်းနောက်မှ စာရေးလိုက်မယ်လို့ ပြောခဲ့တာ။ စဉ်းစားကြည့်တော့ အဲဒီဖြစ်ရပ်မျိုးက အများကြီးရှိနိုင်တာမို့ သတင်းစာထဲကရေးချင်တာနဲ့”

“အင်း-ကျုပ်သဘောပေါက်ပြီး ကျုပ်က ဦးကံချွန်ပြောသလို အထွေထွေအားနည်းတဲ့ရွာလေးတွေမှာ တာဝန်ထမ်းဆောင်ဖူးပါတယ်။ ရွာသူ၊ ရွာသားတွေကတော့ သူတို့ဘဝ သူတို့ကျေနပ်နေကြတာဗျ။ အားငယ်နေကြတယ်တော့ မထင်နဲ့၊ သိတဲ့သူများ စေတနာထားသူများကသာ အားမလိုအားမရဖြစ်နေကြတာ။ တိုးတက်စေချင်တာ။ စေတနာပေါ့လေ။ အဲဒါမျိုးမှာ အလုပ်သင့်ဆုံးကတော့ ကလေးတွေကို စည်းနဲ့ကမ်းနဲ့ နေတတ်အောင် အရင်ဆုံးလေ့ကျင့်ပေးရမှာပဲ။ ဒါနဲ့ အဲဒီရွာမှာ ကျောင်းရှိတယ်နော်”

“ရှိပါတယ်။ မူလတန်းကျောင်းပေါ့”

“ဒါဆိုဖြစ်တာပေါ့။ တိုးတက်စေ့ချင်တဲ့ လူငယ်တွေ၊ လူလတ်တွေက အဲဒီ မူလတန်းကျောင်းလေးကို စိတ်ဝင်စားရင်ပြီးပြီ။ ကိုယ့်တူ၊ ကိုယ့်သားကိုယ့်မြေးမရှိဦးတော့ အဲဒီကျောင်းရဲ့ကိစ္စအဝဝကို စိတ်ဝင်စားကြရမယ်ဗျ။ ဆိုကြပါစို့ဗျာ --- အဲဒီကျောင်းလေးမှာ ရေလောင်းအိမ်သာမရှိရင် ရှိအောင်လုပ်ပေးရမယ်။ ဒါမှ ကလေးတွေကို သန့်သန့်ရှင်းရှင်းနေတတ်ဖို့၊ နေချင်ဖို့၊ စည်းနဲ့ကမ်းနဲ့ နေ

တတ်ဖို့ လေ့ကျင့်ပေးနိုင်မယ်။ ကျောင်းဝိုင်းထဲမှာ ဥယျာဉ်သေးသေး လုပ်ပေး။ အဲဒီ ကလေးတွေဟာ သဘာဝအလှအပကို နှစ်သက်တတ်လာလိမ့်မယ်။ ကျောင်းထဲမှာ ကစားစရာလေးတွေ ရှိရမယ်ဗျာ။ စီးဆော့လေးတွေ၊ ဒန်းလေးတွေ၊ လျှောစီးစရာလေးတွေမျိုးပေါ့ဗျာ။ အဲဒါဆိုရင် ကလေးတွေကျောင်းပျော်မယ်၊ ကျောင်းထားရမခက်တော့ဘူး။ ကလေးတွေကို ကျန်းမာရေးအသိ၊ လူမှုရေးအသိရှိအောင် လုပ်ပေးလိုက်ရင် စည်းနဲ့ကမ်းနဲ့ နေတတ်အောင် လေ့ကျင့်ပေးလိုက်ရင် အဲဒီရွာတိုးတက်လာမှာပဲ”

“ကျွန်တော်သဘောပေါက်ပြီ”

“အတော်များများ မိဘများက ကိုယ့်အလုပ်ကိစ္စနဲ့ကိုယ်ရှုပ်နေကြတော့ ကိုယ့်ကလေးနေတဲ့ကျောင်းကို ကလေးကျောင်းလာအပ်ချိန်လောက်ပဲ ရောက်လေ့ရှိတာဗျ။ ကျုပ်ကအဲသလို ရွာလေးမျိုးမှာ တာဝန်ထမ်းဖူးတယ်။ ကျောင်းသားမိဘအစည်းအဝေးခေါ်လို့လည်း မရဘူး။ ကျောင်းကိစ္စတိုင်ပင်ချင်လည်းမရဘူး။ ဟိုတုန်းကပေါ့လေ။ ခုဟာက ကိုယ့်ရပ်ကိုယ့်ရွာတိုးတက်စေချင်တဲ့လူငယ်တွေ ရှိတယ်။ စိတ်ဝင်စားသူရှိတယ်။ တတ်နိုင်သူရှိတယ်ဆိုတော့ လုပ်ရကောင်းမှန်းသိအောင် သတိဖော်ပေးဖို့ပဲ လိုတာပေါ့ဗျာ။ ကိုယ့်အရပ်က ကိုယ့်ကျောင်းကိုလေ့လာကြည့်။ အလိုအပ်ဆုံးလို့ယူဆရတာလေးတွေကစပြီး ဖြည့်ဆည်းပေး။ ဦးကံချွန်ပြောဖူးတဲ့စကားရှိတယ်လေ”

“ဘာပါလိမ့် ? ”

“လူငယ်ဆိုတာ လူကြီးထက်သာရမယ်။ သား၊ သမီးဆိုတာ မိဘ

ထက်မြင့်ရမယ်။ တော်ရမယ်ဆိုတာလေ။ ဒါမှ မျိုးဆက်တစ်ဆက်ပြီး တစ်ဆက်အဆင့်ဆင့်တိုးတက်သွားမှာမဟုတ်လား။ ရွာတစ်ရွာတိုးတက်ဖို့ဆိုတာ ဦးဖွဆိုမန်းလို့ရတာမျိုးမှ မဟုတ်ဘဲ။ အချိန်အတိုင်းအတာတစ်ခုထိတော့လေ့ကျင့်ပြုစုပျိုးထောင်ပေးရမှာပေါ့။ တကယ်တိုးတက်စေချင်ရင် လူလားမြောက်လာမယ့် မျိုးဆက်ကို အသိဉာဏ်ရှိအောင်လုပ်ပေးရမှာပေါ့"

"ဆရာကြီး ခုထက်ပိုပြီး အသေးစိတ်ပြောပြပါလား"

"ဘာကိုလဲ ? "

"ကလေးတွေရဲ့ စိတ်ပိုင်းဆိုင်ရာ အသိဉာဏ်ကို ပြုပြင်ပေးမယ့် ကျောင်းနဲ့ပတ်သက်တာတွေပေါ့"

"ရှင်းရှင်းလေးပါ ဦးကံချွန်ရယ်။ ဆရာ၊ ဆရာမဆိုတာကျောင်းကိုစိတ်ဝင်စားတဲ့ တိုးတက်စေချင်တဲ့ ကျောင်းသားမိဘတွေ၊ ရပ်ကွက်လူကြီးတွေ၊ တတ်နိုင်မယ့်သူတွေ စောင့်ကြည့်ပြီးတော့ လိုအပ်တာ ဖြည့်ပေးနေရင် အလုပ်လုပ်ရတာပိုပျော်တာပေါ့။ သင်ပေးရတာအားရှိတာပေါ့။လေ့ကျင့်ပေးရတာစိတ်ပါတာပေါ့။ အခန်းထောင့်မှာထားတဲ့ သောက်ရေအိုးလှမ်းကြည့်လိုက်လို့မှ သန့်ရှင်းမှုမရှိ သုံးလေးနှစ်သုံးထားလို့ ရေညှိနံ့ရနေရင် ကလေးတွေကို ဘယ်လိုလုပ်ပြီး သန့်သန့်ရှင်းရှင်းနေတတ်အောင် လေ့ကျင့်ပေးနိုင်မှာလဲ။ ရပ်ကွက်တိုးတက်ချင်ရင် ကိုယ့်အထွာနဲ့ကိုယ်၊ ကိုယ့်အရပ်ကျောင်းကို စိတ်ဝင်စားပြီး ဖြည့်ဆည်းပေးဖို့တော့လိုတာပေါ့။ ကျောင်းတစ်ကျောင်းမှာ ပြည့်စုံသန့်ရှင်းမှုရှိရင် ဆရာ၊ ဆရာမတွေရဲ့စိတ်ကလည်း တက်ကြွလာတာပါပဲ။ ကိုယ့်အရပ်ကလေးတွေ အသိဉာဏ်

ရှိအောင်သင်ကြားလေ့ကျင့်ပေးနေတဲ့နေရာကို ကိုယ်ကိုယ်တိုင်က စိတ်ဝင်စားဖို့တော့လိုတာပေါ့ဗျာ”

ကျွန်တော်တို့ လုပ်စရာတွေအများကြီးရှိပါတယ်။ အများကြီး ထဲမယ်ကျွန်တော်တို့ရဲ့သားသမီးလေးတွေ ကလေးငယ်တွေအတွက် လုပ်ပေးရမယ့်အလုပ်တွေဟာ ဦးစားပေးအဆင့်မှာ ထားရပါမယ်။ ဒီစာကို ဖတ်ပြီးရင်တော့ သူ့ရွာကိုတိုးတက်စေချင်နေတဲ့ ကျွန်တော့် သူငယ်ချင်းဟာ သူရပ်ကွက်ကျောင်းလေးကို စိတ်ဝင်စားပြီး လုပ်သင့်တာတွေ လုပ်နိုင်တာတွေ လုပ်ပေးလိမ့်လို့ ယုံကြည်မိပါ တယ်။

**ရတနာပုံသတင်းစာ**

**၁၇. ၉. ၂၀၀၀**

**ကံချွန်**

# လက်မှုတန်ဖိုး

ကံချွန် ကျောင်းအုပ်ဆရာကြီး (ဟောင်း) နဲ့ သုံးရက်လောက် မတွေ့မိဘူး။ မနေ့ကတော့ ဆရာကြီးရောက်လာပါတယ်ခင်ဗျ။

“ဆရာကြီး ဘယ်များသွားနေလို့လဲ၊ ဒီဘက်မရောက်လာဘူး”

“ရွာခဏပြန်နေလို့လေ”

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

"ပြောစမ်းပါဦး။ ရွာအတွေ့အကြုံထဲက ပြန်ရေးပြလို့ရမယ့်ဟာလေး"

"ကျုပ်လည်း-အဲဒါပြောချင်လို့ ဒီဘက်တမင်ထွက်လာတာပါဗျာ။ ရွာအမျိုးတွေဆီရောက်သွားတော့ ကြုံရတာလေးတွေ ပြောချင်လို့။ ထုံးစံအတိုင်းပေါ့ဗျာ။ ကျုပ်က ကျောင်းဆရာအိုဆိုတော့ မြေးတွေ၊ မြစ်တွေ ပညာရေးဝိုင်းမေးကြ ပြောကြပေါ့"

"ပြောပါဦး"

"ရွာမှာက အလယ်တန်းကျောင်း ရှိပါတယ်။ သူတို့ကလည်း ရုပ်မြင်သံကြားသတင်းတွေမှာ Multi Media Class Room ဖွင့်တာတွေ တွေ့တွေ့နေရတော့ သူတို့လည်း ဖွင့်ချင်ကြတာပေါ့။ ကြိုးစားနေကြတာပဲ။ ကျုပ်က စိတ်အေးလက်အေးကြိုးစားနိုင်အောင် ပြောပြခဲ့ရတာပါ။ သောကနဲ့စိတ်မောပြီး ကြိုးစားနေကြမှာစိုးလို့"

"ဒါကတော့ ဆရာကြီးရယ် မိဘမေတ္တာပဲ။ ကိုယ့်သားသမီးနေတဲ့ကျောင်းအဆင့်မြင့်ချင်တာပဲပေါ့"

"ဆန္ဒကတော့ မှန်တယ်လေ။ အကောင်အထည်ပေါ်အောင် ကြိုးစားရမှာလည်း မှန်တယ်။ စိတ်မောပြီး ကြိုးစားဖို့ မလိုဘူး။ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်း ကြိုးစားကြရမှာ။ အဲသလို ကြိုးစားနိုင်အောင် ပြောပြခဲ့ရတာပေါ့။ ကြိုးစားနည်းပါ မှန်မှ"

"ဘယ်လိုနည်းများပါလိမ့်"

"ဦးကံချွန်ရယ် - ရှင်းရှင်းရိုးရိုးလေးပါ။ မပိုင်ဆိုင်ရသေးတာကို ပိုင်ဆိုင်ဖို့ကြိုးစားနေချိန်မှာ ပိုင်ဆိုင်ပြီးသားတွေရဲ့တန်ဖိုးကို မမေ့ဖို့ပါပဲ"

"ဗျာ"

"ဒီမှာကြည့် - ဒါ တပည့်တစ်ယောက် နိုင်ငံခြားကပြန်လာတော့ အမှတ်တရဆိုပြီးပေးတဲ့ သော့ချိတ်လေ။ အားဆေးတွေ၊ အဝတ်အထည်တွေလည်း ပါပါတယ်။ ကျုပ်က အဝတ်အထည်တွေအားဆေးတွေထက် ဒါလေးရတာ ပိုပျော်သလိုခံစားရတယ်။ ဒါလေးက ဒစ္စနေးလ်လင်းရဲ့ အမှတ်တရ ကာတွန်းရုပ် သော့ချိတ်ကလေးပါ။ ဒါပေမယ့် နှစ်ထောင်ကျော်တန်တယ်"

"ဟုတ်ရဲ့လား"

"ဘာလို့လိမ်ရမှာလဲ။ ကျုပ်က နိုင်ငံခြားပစ္စည်းမို့ အထင်ကြီးလို့ပြောနေတာမဟုတ်ဘူး။ ဒီအရုပ်က ဘာကြောင့်တန်ရသလဲဆိုတာ အကြောင်းအရင်းကို သဘောကျသွားလို့ အမြဲကိုင်ဖြစ်သွားတာ။ ရွာသွားတုန်းကလည်း ဒီအရုပ်ကိုပြပြီး ပြောခဲ့ရတာပဲ။ ဒီလိုတန်ဖိုးရှိတဲ့ ပစ္စည်းတွေကို ကျုပ်တို့ရွာသားတွေလည်း လုပ်တတ်ပါတယ်။ ကျုပ်တို့က သတိမထားမိလို့ပါ။ ဒီမှာကြည့် ဦးကံချွန် - အရုပ်မှာ ရေးထားတဲ့ စာတန်း ဒီအရုပ်ဘာကြောင့် ဈေးကြီးရတယ်ဆိုတာ ----"

"ဟုတ်ကဲ့"

"တွေ့လား။ ဆေးရောင်ကို လက်ဖြင့်ခြယ်သည်တဲ့။ စက်မှုထွန်းကားလေ လက်မှုရဲ့တန်ဖိုးကလည်း မြင့်တက်လာလေဆိုတာ ကျုပ်တို့မေ့ထားလို့မရဘူးဗျ။ တန်ဖိုးရှိတဲ့ ရှေးဟောင်းပစ္စည်းတွေကို ကြည့်ဗျာ။ ဟင်္သာအလေးတွေ၊ မြေဆေးတံတွေ၊ ရက်ကန်းစင်က ဂွန်သီးတွေ၊ အဲဒါတွေမှာ ပန်းပုတွေပါနေတာပဲ။ လက်နဲ့လုပ်ရတာတွေ

www.burmeseclassic.com

လေ။ "ဟန်း(ဒ်) မိတ်" တွေပေါ့။ ဒီနေ့ခေတ်ပစ္စည်းတွေထဲမှာလည်း လက်နဲ့လုပ်ရတာများလေတန်ဖိုးကြီးလေပဲဗျ။ ပရိဘောဂမှာတောင်မှ စက်အားပြုတာများတဲ့ ပရိဘောဂနှင့်ပန်းပုရုပ်တွေ၊ ပန်းကနုတ်တွေပါတဲ့ ပရိဘောဂဈေးချင်းကွာတယ်လေ။ သုံးထပ်သားပြားဝယ်ပြီး ခန်းဆီးလုပ်ကြည့်ဗျာ၊ ဘယ်လောက်ကုန်မလဲ။ အဲဒီအရွယ်ပဲ သစ်သားနဲ့ပဲဖြစ်ဖြစ် ကြိမ်နဲ့ပဲဖြစ်ဖြစ် ပန်းခွေ၊ ပန်းကနုတ်တွေနဲ့ ခန်းဆီးလုပ်ကြည့်ပါ။ ဘယ်လောက်ကုန်မလဲ။ ကျုပ်က အဲဒီလက်မှုရဲ့တန်ဖိုးတွေအကြောင်းအများကြီးပြောပြတယ်။ အဲဒီလက်မှုဟာ ကျုပ်တို့မှာ ရှိပြီးသား။ ရှိပြီးသားကို အရင်ဆုံး တန်ဖိုးတက်အောင် လုပ်ဖို့ပဲ၊ အလေးထားဖို့ပဲ"

"ကျွန်တော် နည်းနည်းတော့ သဘောပေါက်လာပြီ"

"နည်းနည်းမဟုတ်ဘူးဗျို့၊ များများသဘောပေါက်ရမှာ။ ကလေးတွေရဲ့ အရည်အသွေးမြှင့်ပေးဖို့ဆိုတာ ပိုင်ဆိုင်ပြီးသားနဲ့ စရမယ်။ အဲသလိုလုပ်နေရင်း ပြည့်စုံအောင် ထူထောင်ရမယ်။ ဒါက ကျုပ်ရွာမှာပြောတာနော်။ မြို့လယ် ရွှေကြိုးသပ်ဧရိယာဆိုရင်တော့ ဒီစကားဘယ်ပြောမှာလဲ။ ပြည့်စုံအောင် ထူထောင်ဖို့ အခြေအနေပေးတဲ့နေရာတွေကတော့ ချက်ချင်းထူထောင်ရမှာပေါ့။ ထူထောင်လည်းနေကြတာပါပဲ။ မထူထောင်နိုင်သေးတဲ့နေရာတွေ၊ ကြိုးစားနေရတဲ့ နေရာတွေကလည်း ပျော်ရွှင်စွာကြိုးစားစေချင်တယ်လေ။ သောကကြီးနဲ့မကြိုးစားစေချင်ဘူး ပျော်ပျော်ကြီး ကြိုးစားရမှာ။ ပျော်ဖို့အတွက်က ကိုယ်မှာပိုင်ဆိုင်ပြီးသားတန်ဖိုးတွေကိုသိနေမှဗျ။ ရွာကမေးတယ်လေ။ ကျုပ်အမျိုးတွေလည်းပါပါတယ်။

မြို့ကို ပို့ပြီးခေတ်မီသင်ကြားရေးနည်းစနစ်တွေနဲ့ သင်ပေးနေတဲ့ ကျောင်းထားချင်တယ်တဲ့။ ငွေဘယ်လောက်ကုန်ကုန်တဲ့။ ဒါနဲ့ အဲဒီကုန်မယ့်ငွေနဲ့ကိုယ့်ရွာကကျောင်းမှာ ပြည့်စုံအောင်လုပ်ဖို့ အကြံပြုခဲ့တယ်။ ဒါဆိုတခြားကလေးတွေအတွက်ပါ အဆင်ပြေရော မဟုတ်ဘူးလား။ တစ်နှစ်တည်းနဲ့မပြည့်စုံတော့ နှစ်နှစ်ပေါ့ဗျာ။ သုံးနှစ်ပေါ့ဗျာ။ ဒါဆိုရပြီပေါ့။ ဒီရက်ပိုင်း သူတို့လာကြလိမ့်မယ်”

“ဘာအတွက်ပါလိမ့်”

“ကလေးတွေဖို့ ပန်းချီဆေးပစ္စည်း၊ စက္ကူတွေ၊ မိန်းကလေးတွေဖို့ချည်ထိုးရအောင် သိုးမွေးချည်တွေ၊ အားကစားပစ္စည်းတွေဆိုပါတော့။ မူလတန်းကလေးတွေကို အေ၊ ဘီ၊ စီ သီချင်းခွေတွေ၊ ကဗျာခွေတွေပါဝယ်ပေးလိုက်မယ်လို့စိတ်ကူးထားတယ်။ ကက်ဆက်ရောပေါ့။ သူတို့တတ်နိုင်သလောက်နဲ့ ‘စ’ လုပ်ဖြစ်ဖို့ ကျုပ်လည်းအကြံပြုလိုက်ရတာပဲ။ ပိုင်ဆိုင်ပြီးသား အနေအထားကို သတိထားမိဖို့လိုတယ်လေ။ မပိုင်ဆိုင်သေးတာကို ပိုင်ဆိုင်အောင်ကြိုးစားနေတုန်းမှာပိုင်ဆိုင်ပြီးသားကို မမေ့မှ၊ အသုံးချတတ်မှ တိုးတက်မှာဗျာ။ ဒါက ကျုပ်အမြင်ပေါ့”

“ဆရာကြီးကတော့ သူ့ရဲ့စေတနာပေါ်မှာ အခြေခံပြီး ပြောခဲ့လုပ်ပေးခဲ့တာအတွက် အတော်ပီတိ ဖြစ်နေပုံရပါတယ်ခင်ဗျာ။ ကံချွန်ရဲ့ခေါင်းထဲမှာတော့ “လက်မှုတန်ဖိုး” ဆိုတဲ့စကားက ပဲ့တင်ထပ်နေပါတယ်။ ကံချွန်ကိုပါ ကိုယ်ပိုင်ဆိုင်ထားတာ မမေ့ဖို့သတိပေးသွားသလိုပါပဲခင်ဗျာ”

www.burmeseclassic.com

တိုးတက်ချင်တဲ့ ဆန္ဒသာရှိ
တိုးတက်မှာ သေချာပါတယ်
ယုံတယ်။

**ရတနာပုံသတင်းစာ**

**၂၄.၉.၂၀၀၀**

**ကံချွန်**

# “စိတ် – – စိတ်ပါကွယ်”

မနေ့က ဆရာကြီးအိမ်ရောက်သွားတော့ မျက်နှာစိမ်းညော့သည်တွေပါတွေ့ရပါတယ်။ ကျွန်တော်လှည့်ပြန်မယ်လုပ်တော့-

“ဦးကံချွန် လာပါဗျာ ဝင်ထိုင်လို့ရပါတယ်။ ဒါကျူပ်ရွာကအမျိုးတွေလေ။သူတို့ကိုပြောစရာရှိတာလေးတွေပြောပြနေတုန်း ဦးကံချွန်ရောက်လာတာနဲ့ အတော်ပဲ”

“ရော နားထောင်ရတာပေါ့ ဆရာကြီးပြောစရာရှိတာဆက်ပြောပါ”

“ဒီလိုလေ -မျိုးဆက်သစ်တွေ တိုးတက်ဖို့အတွက် အခြေခံပညာကအရေးအကြီးဆုံးဆိုတာကိုပါ။ မူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းတွေဆိုပါတော့ . . . သင်ကြားမှုသင်ယူမှု

အထောက်အကူပြုဆိုတာတွေ မူလတန်းကျောင်းတွေအထိ ထားနိုင်ပြီဆိုရင် အဲဒီကလေးတွေရဲ့တိုးတက်မှုဟာ ကျေနပ်စရာဖြစ်ပြီပေါ့။ အဆောက်အအုံဆောက်သလိုပေါ့ ဦးကံချွန်ရာ . . . ကျုပ်တို့က ခမ်းနားထည်ဝါကြီးကျယ်တဲ့ တိုက်ကြီးတွေဆောက်ချင်ရင် အခြေခံအုတ်မြစ်ခိုင်ရမယ်။ အခြေခံမခိုင်ဘဲနဲ့ ဘယ်လိုမှခမ်းနားထည်ဝါတဲ့အဆောက်အအုံကြီးတွေ ဆောက်လို့မရနိုင်ဘူးလေ. . . အဲဒါရှင်းပြနေတာ"

"ဆက်ပြောပါဆရာကြီး"

ဆရာကြီးက သူ့ရှာက လူတွေဘက်လှည့်ပြီး . . . "ခုခင်ဗျားတို့ကနည်းနည်းချောင်လည်တော့ ကျောင်းအတွက်လိုအပ်တာဖြည့်ဆည်းဖို့ငွေအားနဲ့ စိုက်ထုတ်ကြိုးစားကြပြီ၊ ဒီတော့ တစ်ခုသတိထားရမှာကကျောင်းအတွက် တစ်သိန်းပါဝင်တဲ့ကျောင်းသားမိဘပဲဖြစ်ဖြစ် တစ်ဆယ်ပါဝင်တဲ့ကျောင်းသားမိဘပဲဖြစ်ဖြစ် စေတနာချင်းကတော့ အတူတူပဲဆိုတာကြိုသိထားရမယ်။ ကိုယ်တတ်နိုင်သလောက် ကိုယ်ပါဝင်ရတာကိုး။ အဲဒီလိုစေတနာချင်းတူတယ်လို့ ခံယူထားမှ တကယ်တိုးတက်မှာ . . . အဓိက က ကိုယ့်သားသမီးနေတဲ့ကျောင်း တိုးတက်အောင်လုပ်ပေးချင်တဲ့စေတနာနဲ့ဆန္ဒကို အလေးထားရင် မိဘတိုင်းဆီက အဲဒီ စေတနာနဲ့ ဆန္ဒရမှာပဲ"

ဆရာကြီးက ရေနွေးတစ်ခွက် ငှဲ့လိုက်ပြီး . . . "ကျုပ် ကြုံဖူးတာလေးတစ်ခုပြောပြမယ်။ နယ်မှာ ကျောင်းဆရာလုပ်နေတုန်းကပေါ့ . . . အဲဒီကို မြို့ကပြောင်းလာတဲ့ မိသားတစ်စုရောက်လာတယ်။ သူတို့ကလေးလည်း ကျုပ်ကျောင်းမှာပဲ လာထားရတာပေါ့။

www.burmeseclassic.com

အဲဒီမှာ အိမ်သာက ရိုးရိုးကျင်းအိမ်သာကိုး . . . ဒီတော့ သူတို့က ကျင်းလွဲအိမ်သာဆောက်ပေးတယ်။ သန့်ရှင်းမှုရှိတော့ ကျန်းမာရေး အတွက်ပါ ပိုကောင်းတာပေ့ါ . . . ဆောက်ပြီးတော့ သော့ခတ်ပြီး သော့ကိုကျုပ်လက်လာပေးတယ်၊ ကျုပ်နဲ့သူ့ကလေးအသုံးပြုဖို့တဲ့ . . . ဒါနဲ့သူ့ကိုရှင်းပြရတယ်။ ကျုပ်နဲ့ သူ့ကလေးနှစ်ယောက်တည်း သန့်ရှင်းနေလို့ တစ်ကျောင်းလုံးရောဂါကင်းမှာမဟုတ်ဘူး။ တစ်ကျောင်းလုံးသန့်ရှင်းမှ ခင်ဗျားကလေးပါ ရောဂါကင်းမယ်။ ခင်ဗျားကလေးကတော့ ကျင်းလွဲအိမ်သာမှာ အခင်းလေး အခင်းကြီး သွားထားပြီး . . . ကျန်တဲ့ကလေးတွေက အဲဒီအိမ်သာဝန်းကျင်မှာသွားမယ်။ ယင်မလုံတဲ့ အိမ်သာဟောင်းကို အသုံးပြုနေဦးမယ် ဆိုရင် အဲဒီကပျံ့လာမယ့်ကူးစက်ရောဂါဆိုတာရော ခင်ဗျားကလေး ဆီရောက်မလာတော့ဘူးလားလို့ မေးရတယ်။ ဒီတော့မှ ကျွန်တော်မှားသွားတယ်ဆရာကြီး။ အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ် ဆိုပြီး သူ့သော့သူဖြုတ်ယူသွားတယ်။ နောက်ထပ်လည်း အိမ်သာတွေဆောက်ပေးသွားတယ်”

ကျွန်တော်ခေါင်းငြိမ့်မိပါတယ်ခင်ဗျာ။ ဆရာကြီးက. . “ဒီတော့ မှတ်ထားပါ။ ခု - ခင်ဗျားတို့ရွာက ကျောင်းအတွက် ဝယ်သွားမယ့် ပစ္စည်းတွေဟာ တစ်ရွာလုံးက ကလေးတွေအတွက်ဆိုတာ မမေ့ပါနဲ့။ အဓိက ကတော့ မိဘတိုင်းဟာ ကိုယ့်သားသမီးနေတဲ့ကျောင်းကိုကောင်းအောင်ပြည့်စုံအောင်လုပ်ဖို့ တာဝန်ရှိတယ်ဆိုတာ တခြားမိဘတွေကိုပါပြောပြပါ။ ကျုပ်ဆရာလုပ်ခဲ့တုန်းက တောင်သူလုပ်တဲ့ မိဘတွေကို ခေါ်ပြောဖူးတယ်။ ကျောင်းဝန်းကျင်မှာ အရိပ်ရပင်၊

အသုံးလည်းဝင်မယ့်အပင် တစ်ယောက်တစ်ပင်လာစိုက်ပေးပါဆို တော့ လာစိုက်ပေးကြပါတယ်။ အပင် ၂၀ လောက်လာစိုက်ပေး တယ်။ သရက်ပင် ခုနှစ်ပင်လောက်ရှင်တယ်။ ပိတောက်ပင်က သုံးလေးပင်ရှင်တယ်။ ကျုပ်အဲဒီကျောင်းက ပြောင်းရတဲ့အချိန်မှာ ကျောင်းက ကလေးတွေရော၊ ကလေးမိဘတွေရော သရက်သီး စားနေရပြီ။ သူတို့စားရလေ ကျုပ်ပီတိဖြစ်လေပါပဲ။ ကျုပ်မထွက် ခင်လေးမှာ ကျောင်းဝိုင်းပတ်ချာလည်မှာ ဆူးပုတ်ကြီး၊ ဆူးပုတ် ကလေး၊ ကြက်ဟင်းခါး၊ ပင်ကြမ်း ပင်မာ စားစရာပင်တွေ အစိုက် ခိုင်းခဲ့သေးတယ်။ ခင်ဗျားတို့ပြန်သွားရင် ရွာကျောင်းလေးမှာ အဲဒီ အစီအစဉ်လေးလည်း လုပ်ကြဗျာ။ ကိုယ်စိုက်တဲ့အပင် ကိုယ့်သား သမီးအရိပ်ခိုခွင့်မကြုံနိုင်ဦးတော့ ကိုယ့်မြေး၊ ကိုယ့်တူတွေတော့ ခိုရမှာပေါ့။ အဓိက က ကိုယ်လုပ်နိုင်တာ လုပ်ပေးရကောင်းမှန်း သိပြီး လုပ်ပေးဖြစ်ဖို့ပဲ။ ဒါကတော့ ခင်ဗျားတို့ တစ်ရွာလုံး စွမ်း ဆောင်နိုင်တဲ့အလုပ် ကျုပ်ကသတိဖော်ပေးလိုက်တာ”

ကံချွန်က ဆရာကြီးပြောပုံကို အလွန်သဘောကျသွားပါတယ်။ ပတ်ဝန်းကျင်သဘာဝ စိမ်းလန်းစိုပြည်ရေးဆိုတာကို ရိုးရိုး လွယ် လွယ်လေးနဲ့ စိတ်ဝင်စားအောင် ပြောပြလိုက်နိုင်လို့ပါပဲ။ သဘာဝ အလှကို မြတ်နိုးတတ်လို့ပါ။

“ကျုပ် ဟောဒီ ဦးကံချွန်တစ်ခါက ရေးဖူးတာလေးကို ပြောပြ လိုက်ရဦးမယ်။ ဆယ်မျိုးသိပြီး နှစ်မျိုးတည်းလုပ်တဲ့လူထက် ငါးမျိုး လောက်သာသိပေမယ့် လေမျိုးလောက်လုပ်တဲ့လူက သာတယ် ဆိုတာလေ။ အဲဒီသဘောလေးတော့ မှတ်သွားကြဗျာ။ တကယ်တိုး တက်ချင်ရင် လူတိုင်းကောင်းတဲ့အလုပ်ကို ကိုယ်သိသလောက်

www.burmeseclassic.com

လုပ်နိုင်ဖို့ပဲ။ ကျုပ်တို့က သိထားတာများပြီး လုပ်နိုင်တာနည်းနေလို့ တိုးတက်သင့်သလောက် မတိုးတက်သေးတာဗျ။ ငါးမျိုးသိလို့ လေးမျိုးလောက် လုပ်နိုင်ရင်အမျိုးငါးဆယ်သိတဲ့လူက အမျိုးလေးဆယ်လောက် လုပ်ရမှာပေ့ါ။ လုပ်နိုင်ရမှာပေ့ါ။ သူတို့လည်း လေးမျိုးလုပ်တာ ငါလည်းလေးမျိုးပဲလုပ်မယ်ဆိုတဲ့စိတ်တွေမွေးလို့မရဘူးပေ့ါ။ ဒါကြောင့် ကျုပ်အစောကပြောခဲ့တာ တစ်သိန်းတတ်နိုင်ရင် တစ်သိန်းလှူပါ။ တစ်ဆယ်တတ်နိုင်ရင်တော့ တစ်ဆယ်လှူပါ။ စေတနာချင်းက တူတယ်။ ကိုယ်တတ်နိုင်သလောက် ကိုယ်လှူသလို သူတတ်နိုင်သလောက် သူလှူတယ်။ အဲသလိုမြင်ထားရင် ကိုယ့်စေတနာလည်း မတွန့်တိုတော့ဘူး။ ရပ်ကွက်လည်းတိုးတက်မယ်။ ကျောင်းလည်းတိုးတက်မယ်။ တိုးတက်ဖို့အတွက် လုပ်နိုင်တဲ့အလုပ်ဟူသမျှ လုပ်ကြရင် အဲဒီအကျိုးကျေးဇူးဟာ ခင်ဗျားတို့ရဲ့သားတွေသမီးတွေ၊ မြေးတွေ၊ မြစ်တွေခံစားရမှာပါ။ ကောင်းတဲ့အလုပ်မှန်သမျှ လုပ်ဖြစ်အောင်သာ ကိုယ်သိသလောက်လုပ်နိုင်သလောက် လုပ်ကြပါ”

ဆရာကြီးကတော့ သူ့ရွာကအမျိုးများကို မှာနေတုန်းပါပဲ။ ကံချွန်ကတော့ သိပြီးသလောက်ကလေး မေ့မသွားခင်ပြန်ရေးရအောင် အဲဒီစကားဝိုင်းက ထ ထွက်ခဲ့ပါတယ်ခင်ဗျာ ။ ။

အကောင်းလုပ်ဖို့ စိတ် . . . စိတ် . . . ။

**ရတနာပုံသတင်းစာ**

**၈.၁၀.၂၀၀၀**

**ကံချွန်**

# ခက်တော့ခက်တာပေါ့

"ကျုပ်က တစ်ခုခု ပြောလိုက်ပြီးရင် အဲဒီပြောပြီးတာနဲ့ ဆက်စပ်ပြီး နောက်ထပ်ပြောချင်တာက ပေါ်လာရော၊ ဒါပြီးရင် ဒါပြောမယ်ဆိုပြီး စိတ်ကူးထားတာတော့ မဟုတ်ပါဘူး။ အတွေးက ပထမပြောမိတာအပေါ် ဆက်တွေးမိလို့ ဆက်စပ်သွားရတာပါ။ ပြောရဦးမယ်"

"ပြောပါဆရာကြီး"

"ကောင်းတဲ့အလုပ်ကို ကောင်းမှန်းသိပေမယ့် လက်တွေ့လုပ်ရတာကတော့ခက်တာပဲဗျ။ လုပ်နိုင်စွမ်းရှိနေလျက်နဲ့ကိုလုပ်ဖြစ်ဖို့ ခက်တာရှိတယ်။ ကိုယ့်စိတ်ကိုယ်မနိုင်လို့ သဘောထားမကြီးလို့ ခက်ရတာ။ အဲဒါလည်း သတိထားသင့်တဲ့အချက်ဗျ"။

"ရှင်းအောင် ပြောပြပါလား"

"ပြီးခဲ့တဲ့ အပတ်က ကျုပ်ဆီလာသွားတဲ့ ကျုပ်ညီတွေ၊ ကျုပ်တူတွေလေ။ သူတို့နဲ့စကားပြောရင်း သူတို့ဆီက ထွက်လာတဲ့စကား ကရွာတောင်ပိုင်းက ညီအစ်ကိုသာ အလိုက်သိတတ်ရင် ခုထက်ပိုပြီး အဆင်ပြေမှာပေါ့။ ပိုက်ဆံတတ်နိုင်သားနဲ့ ရပ်ရေးရွာရေးစိတ် မဝင်စားဘူးပေါ့။ သူတို့ပြောတာ နားထောင်ကြည့်လိုက်တော့ လှူနိုင်ပြီး မလှူတဲ့သူကို မကျေနပ်နေတာ ကျုပ်သတိထားမိလိုက်တယ်။ အဲဒါ သူတို့မှားတာပါပဲ"

"ဗျာ"

www.burmeseclassic.com

"ကောင်းတဲ့အလုပ်လုပ်တယ်ဆိုတာ အဖော်ပါသည်ဖြစ်စေ မပါသည်ဖြစ်စေ လုပ်ရမှာဗျ။ သူများလုပ်ခြင်း မလုပ်ခြင်းဟာ ကိုယ်နဲ့မဆိုင်ဘူး။ ပြီးတော့ ကောင်းတဲ့အလုပ်ကိုသူများမလုပ်တာနဲ့ ကိုယ်ပါမလုပ်ဘူးဆိုရင် ကိုယ်အသိဉာဏ်နည်းတာပဲ။ သူ့မြေးငါးယောက်တောင် ဒီကျောင်းမှာနေ နေပြီးတော့ သူကတော့ တက်နိုင်လျက်နဲ့ မလှူဘူးဆိုရင် သူပဲရှက်စရာကောင်းတာပါ။ အခြားမိဘတွေလှူထားတာနဲ့ သူ့မြေးတွေသင်နေတော့ တခြားလှူထားတဲ့သူတွေအနေနဲ့ ဒေါသဖြစ်ဖို့မလိုပါဘူး။ မကျေမနပ်ဖြစ်ဖို့ မလိုဘူး။ ပီတိတောင်ဖြစ်ရဦးမှာပါ။ အဲသလို ပီတိဖြစ်တတ်ဖို့ အတွက် အသိဉာဏ်ရှိရမယ်။ အလေ့အကျင့်ရှိရမယ်။ ကျုပ်ပြောပြချင်တာ အဲဒါ"

"ကြုံရတတ်ပါတယ်"

"ကြုံရတတ်တာ မဟုတ်ဘူးဗျ။ ရပ်ကွက်တိုင်းမှာ ကြုံရလေ့ရှိတာ။ ဒီတော့ သတိထားရမှာက တွက်ကပ်နေရင် အလုပ်တစ်ခုဟာအောင်မြင်ဖို့မလွယ်ဘူး။ အချိန်ကြာတတ်တယ်။ ကောင်းတဲ့အလုပ်တစ်ခုလုပ်တော့မယ်ဆိုရင် ဘယ်သူ့မှမတွက်ကပ်နဲ့။ ကိုယ်လုပ်သင့်တာကိုယ်လုပ်တာ။ အဲသလိုစိတ်မွေးပြီးလုပ်ကြမှ မြန်မြန်ပြီးတာ။ ဒီလိုစိတ်မွေးဖို့ဆိုတာ ခက်တော့ခက်ပါတာပေါ့။ ခက်ပေမယ့် မွေးနိုင်ဖို့လေ့ကျင့်ရမယ်ဗျ"

ကံချွန်ဟာ ကျောင်းအုပ်ဆရာကြီး ပြန်သွားသည်အထိ ဆရာကြီးပြောသွားတဲ့စကားများကို ဆက်စဉ်းစားနေမိပါတယ်။ ကလေးတွေရဲ့ ပညာရေးဆိုတာ ကံချွန်စိတ်အဝင်စားဆုံးအရာပါ။

ဘာလို့လည်းဆိုတော့ကံချွန်ကိုယ်တိုင် ပညာတတ်မဟုတ်တဲ့အတွက် စိတ်ရှိတိုင်းခရီးမပေါက်တာတွေ၊ မသိစိတ်မှာ အားငယ်မှုရှိနေတဲ့ အတွက် စွန့်လွှတ်ပစ်လိုက်ရတဲ့ တရားမျှတသော အခွင့်အရေးတွေ (ဘယ့်သူ့မှ မထိခိုက်ဘဲရမယ့်အခွင့်အရေးတွေကိုဆိုလိုတာပါ) အများကြီးရှိပါတယ်။

ကိုယ်မပိုင်ဆိုင်ရလို့လည်း ကိုယ့်မျိုးဆက်မှာတော့ ပိုင်ဆိုင်စေ့ ချင်တယ်ပေါ့ခင်ဗျ။ ကိုယ့်မြေးလေးတွေ နိုင်ငံတကာအဆင့်မီ၊ အဆင့်မြင့် ပညာတတ်ကလေးတွေ ဖြစ်စေချင်တယ်ပေါ့။ "မင်းမြေး တွေအဆင့်မြင့်ပညာတတ်တွေဖြစ်စေ့ချင်ရင် သင်ပေးပေါ့" ဆိုပြီး ပြောသူလည်းကြုံရပါတယ်။ ကံချွန်ဟာ သာမန် ကာတွန်းရေးသူ၊ စာရေးသူ၊ ပန်းချီရေးသူ မြို့သစ်မှာနေတဲ့ လူတစ်ယောက်ပါ။ ဒါကြောင့် ကိုယ့်မြေးတွေ ထူးချွန်ဖို့ ကိုယ့်ဟာကိုယ်သီးသန့်ကြီး သင်ပေးနိုင်တဲ့အားမရှိပါဘူးခင်ဗျာ။ ဒါကြောင့်မျိုးဆက်သစ်ကလေး ငယ်တွေအားလုံး အဆင့်မြင့်ပညာသင်နိုင်ဖို့ဆိုတဲ့ အခွင့်အရေးပဲ မျှော်ရပါတယ်။ ဒီအစီအစဉ်ကြီး ဖြစ်စေ့ချင်တယ်။ ကလေးတိုင်း အဆင့်မြင့်ပညာသင်နိုင်မှ ကံချွန့်မြေးတွေလည်းသင်နိုင်မှာပါ။

ဒီလိုမျှော်လင့်မိလို့လည်း ဆရာကြီးပြောသမျှတွေ ကံချွန်ပြန် ရေးဖြစ်နေတာပါ။ ပြီးတော့ကံချွန်ရဲ့မျှော်လင့်ချက်ဟာလည်း တစ်ကိုယ်ကောင်းမဆန်ဘူးလို့ ယုံကြည်လို့ပါခင်ဗျာ။ ဒီနေ့လည်း ကောင်းတဲ့အလုပ်ဖြစ်နေပေမယ့် လုပ်ဖြစ်ဖို့ခက်တတ်လို့ ဆရာကြီး သတိပေးသွားတာကို ပြန်ရေးဖြစ်ရပါပြီ။ ကံချွန်အပါအဝင် လူ အတော်များများကြုံဖူးပါတယ်ခင်ဗျာ။ ကောင်းမှန်းသိပေမယ့် အတွ

www.burmeseclassic.com

အလိုကိုလိုက်ပြီး မလုပ်ဖြစ်တာတွေ။

ကောင်းတဲ့အလုပ်လုပ်ဖို့ဆိုတာ အဖော်မလိုဘူးဆိုတဲ့ဆရာကြီး ရဲ့စကားဟာ တစ်ဦးချင်းစီ ခံယူရမယ့်စကားပါ။ လူတိုင်းသာ အဲသလိုခံယူလာနိုင်မယ်ဆိုရင်တော့ ကောင်းတဲ့အလုပ်တိုင်းမှာ လူတိုင်းပါဝင်လာကြမှာပါ။

× × × × ×

"ဦးကံ ဘာတွေရေးနေတာလဲ"

"ထုံးစံအတိုင်းပေါ့ကွာ - ဆရာကြီးပြောသွားတာတွေ"

"ကျွန်တော်ပြောတာတွေရော မရေးချင်ဘူးလား"

"ဟော"

"အသက် ဆယ့်ရှစ်နှစ်အထက် သုံးဆယ်အတွင်း လူငယ်တွေ နဲ့ပတ်သက်တာတွေလေ"

"ရေးတာပေါ့၊ ရေးသင့်တယ်ဆိုရင်"

" အဲသလိုဆို ပြောပြမယ်"

"နေ - နေပါဦးကွာ - ငါကမေ့တတ်လို့ပါ။ နားထောင်ပြီးရင် ချက်ချင်းရေးမှ ကြာရင်မေ့သွားတတ်တယ်ကွ"

"ဦးကံ က ဘယ်လောက်များအသက်ကြီးသေးလို့လဲ"

"မင်းကငါ့ခေါင်းကဆံပင်တွေမည်းနေတိုင်းအသက်ငယ်တယ် မထင်နဲ့ - အဲဒါတွေက ဆိုးဆေးအစွမ်းတွေ၊ ရေချိုးတဲ့အခါဆို လက်တောင်ရဲရဲ မမြှောက်ရဲဘူး။ လက်မောင်းကြွက်သားတွေတွဲပြီး လက်ပျင်းကျနေတာ လူမြင်မှာစိုးလို့"

“ရပါတယ် - ရပါတယ်၊ ဒါဆိုရင်လည်း နောက်တစ်ပတ်ရေး ကာနီးမှ လာပြောမယ်”

ကံချွန်ဘေးက လူငယ်ထထွက်သွားမှ ကံချွန်ဟာ ဆောင်းပါး ကို လက်စသတ်လိုက်ရပါတယ်။

× × × × ×

ကောင်းတဲ့အလုပ်ကို ကောင်းမှန်းသိပြီးရင် လုပ်ဖြစ်ဖို့ ကျွန်တော်တို့ ကြိုးစားကြရပါမယ်။ သဘောထားကြီးရပါမယ်။ ကျေနပ်တတ်ရပါမယ်။ စေတနာထားနိုင်ရပါမယ်။ ဒါဆိုရင် ကျွန်တော်တို့ဟာ ကောင်းတဲ့အလုပ်ကို အခက်အခဲမရှိလုပ်နိုင်မှာ ပါ။ သဘောထားမကြီးနိုင်ဘူး၊ စေတနာမထားနိုင်ဘူး။ မကျေနပ် တတ်ဘူးဆိုရင်တော့ ကောင်းသောအလုပ်လုပ်ရမှာကိုပဲ ခက်နေ တတ်ပါတယ်။

ကောင်းတဲ့အလုပ် လုပ်ဖို့ရာ အဖော်မလိုဘူးဆိုတဲ့စိတ် လူတိုင်းမွေးနိုင်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၂၂.၁၀.၂၀၀၀**

**ကံချွန်**

www.burmeseclassic.com

# ချစ်သူကပြောတဲ့စကား

“ဦးကံ”

“ဟေ-စောစောစီးစီး”

“ဆီချက်ကျွေးမလို့လာခေါ်တာ”

“မင်္ဂလာရှိလိုက်လေကွာ၊ ကောင်လေးကြီးပွားဦးမှာပဲ၊ နေဦး ငါ့အနွေးထည်ဝတ်လိုက်ဦးမယ်။ မင်းက ဟိုကောင်တွေနဲ့မတူဘူး။ ရုပ်ကိုက သန့်တယ်”

“ကျွန်တော်က လာခေါ်တာ၊ ကျွေးတာက ဟိုကောင်တွေက ကျွေးမှာ”

“ဟေ-အဲ ဟိုကောင်တွေကလည်း ခန့်တာပဲကွ-တစ်မျိုးစီပေါ့ ကွာ”

“ကြီးပွားဦးမှာပဲ”

“သည်းခံပါကလေးတို့ရာ ဦးကံလည်းပုထုဇဉ်ပဲ”

သို့ဖြင့် ကံချွန်သည် လူငယ်များနှင့်အတူ ဆီချက်စားရင်း စကားလက်ဆုံကျမိပါတော့သည်။

“ကောင်းတယ်ကွာ၊ အဲ မေးရဦးမယ်။ မင်းတို့ငါ့ကိုခေါ်ကျွေး တာ ဘာရည်ရွယ်ချက်များရှိလို့လဲ”

“ကျွန်တော်တို့အထဲမှာ စီးပွားရေးလုပ်တဲ့လူတစ်ယောက်မှ မပါဘူးနော်။ ဦးကံကို ကြော်ငြာခိုင်းချင်လို့ ခေါ်ကျွေးတာ မဟုတ်

ဘူး။ ရိုးရိုးသားသားလေးတွေ”

“သာဓုဗျာ၊ သာဓုတစ်ခွန်းကိုတော့ ရယ်ဒီလုပ်ပြီး ဆိုင်းထား ရဦးမယ်”

‘ဒီနေ့ ကျွန်တော်တို့ ပြောမယ့်စကားကြားရင် နောက်ထပ် သာဓုခေါ်ရမှာ သေချာတယ်”

“သေချာလှချည်လား၊ ကဲ ပြောစမ်းပါဦး”

“ကျွန်တော်တို့ သူငယ်ချင်းတစ်ယောက် မနေ့က ဆုံးသွား တယ်”

“အဲဒါ ဝမ်းသာစရာလားကွာ”

“ပြောမယ်လေ၊ နားထောင်ပါဦး။ HIV ပိုးကြောင့် AIDS ဖြစ်သွားတာ၊ ဒီကောင်က အရင်ကဆေးလုပ်ဖူးတယ်”

“ဖြစ်မှာပဲ AIDS ဆိုတာ ဘာသာတရားရဲ့ အဆုံးအမနဲ့ တရားဥပဒေက တားမြစ်ထားတာတွေမလိုက်နာရင် ဖြစ်မှာပေါ့ ကွာ။ ဘာသာတရားရဲ့အဆုံးအမနဲ့ တရားဥပဒေက တားမြစ်ထား တာကို လိုက်နာရင် အိတ်(ချ်)အိုင်ဗွီဆိုတာကို ဂရုစိုက်ဖို့မလိုပါဘူး။ မဖြစ်အောင်နေလို့ရတဲ့ရောဂါပဲ၊ ဖြစ်မှာကြောက်ရင် မဖြစ်အောင် နေပေါ့”

“ပြီးပြီလား-ဦးကံပြောချင်တာ”

“ပြီးပြီ၊ အဲဒါ မင်းတို့မှတ်ထားကြ”

“ကဲ ကျွန်တော်တို့အတွက် မှတ်စရာပြောပြီးရင် ဦးကံအတွက် မှတ်စရာပြောဦးမယ်”

“ဟေ”

www.burmeseclassic.com

"နားထောင်-အဲဒီသူငယ်ချင်းမှာ မိန်းမရှိတယ်။ ကလေးလေး တစ်ယောက်ရှိတယ်။ သူ့မိန်းမက တစ်ဦးတည်းသောသမီး။ မိဘ တွေက အတော်အသင့် ချမ်းသာပါတယ်။ ခုတော့ ကောင်မလေးမှာ လည်း ဒီရောဂါကူးမှာ သေချာနေပြီ။ ကလေးအတွက်ကလည်း မျှော်လင့်ချက်မရှိတော့ဘူး။ ကောင်မလေးရော၊ သူ့မိဘတွေရော ဘယ်လိုခံစားနေရမလဲ-မျိုးဆက်ပါပြတ်"

"တော်ပါတော့ကွာ-ငါ့မှာ သွေးတိုးရောဂါရှိတယ်။ သွေးကျ ဆေး မနက်တစ်လုံး။ ညတစ်လုံးသောက်နေရတာ ကြားဖြတ်ထပ် ကူနေရပါဦးမယ်"

"ပြောတာနားထောင်ပါဦး"

"စိတ်မချမ်းသာစရာဆို မပြောနဲ့ကွာ"

"တခြားလူငယ်တွေအတွက်ပါ အကျိုးရှိမယ့်စကားမို့ပါ ဦးကံ ရာ။"

"ကဲ-ကဲ ဒါဖြင့် ဆက်ပြော"

"ကျွန်တော်ယူမယ့် ကောင်မလေးက တစ်ရပ်တည်းနေတာ ဆိုတော့ အဲဒီအကြောင်းတွေသိတယ်။"

"သိတော့"

"သိတော့ ကျွန်တော့်ကို သွေးစစ်ခိုင်းတယ်လေ။ ကျွန်တော့် တင်ခိုင်းတာမဟုတ်ဘူး။ သူ့ကောင်မလေးပါသွားပြီး အကျိုး အကြောင်းပြောပြတော့ သူ့ကောင်မလေးကလည်း သူ့ကို သွေးစစ် ခိုင်းတာ။"

"ကောင်းတာပေါ့ကွာ။ စစ်ကြပေါ့။"

"စစ်တာပြီးပါပြီ။ အားလုံး အိုကေမို့ ဝမ်းသာတဲ့ အထိမ်း အမှတ် စိတ်လက်ပေါ့ပါးစွာ ဦးကံကိုခေါ်ပြီး ကျွေးမွေးပြုစုတာ"။

"ဝမ်းသာပါတယ် ငါ့တူတို့ရာ တကယ်ပါ တကယ်ပါ။"

"ဝမ်းသာဖို့ သက်သက်ပြောပြတာ မဟုတ်ဘူး ပြန်ရေးစေ့ချင် လို့။"

* * * * *

ကံချွန်တွေးကြည့်ပါတယ်ခင်ဗျာ။ ရေးသင့်မရေးသင့် မရေး ရင် ဘာမှမဖြစ်ဘူး။ ရေးရင် ---။

ရှေးစကားရှိပါတယ် ခင်ဗျ။ မိဘပြောတော့ တစ်လ၊ မယား ပြောတော့တစ်ညတဲ့။ မိဘအခါခါပြောတဲ့စကားနားထောင်ချင်မှ နားထောင်တယ်။ ကိုယ့်မိဘက ကိုယ့်ကိုချစ်မှန်းသိတော့ နွဲ့ဆိုးဆိုး တာလည်းပါတာပေါ့လေ။ မိဘရဲ့ခွင့်လွှတ်မှုကိုလည်း ရနေကျ မဟုတ်လား။ မရှိမသေလို့တော့မဟုတ်ပါဘူး။ ရှိသေပေမယ့် နား ထောင်ခဲတယ်။ အဲ မယားပြောတော့ တစ်ညတဲ့။ မှန်ပ့ါဗျာ။ သူ့ စကားနားမထောင်လို့ သူက စိတ်ဆိုးပြီး သူ့မိဘအိမ်ပြန်သွားရင်၊ ဟင်း-ဟင်း အတွေးနဲ့တင် လွမ်းချင်စရာကြီး။ ဒီတော့လည်း နားထောင်ရတာပေါ့။

ကံချွန်ဆက်စဉ်းစားပါတယ်။

မိဘပြောတော့တစ်လ

မယားပြောတော့တစ်ည ဆိုတဲ့စကားမှာ ရည်းစားပြောတော့ တစ်ခဏလို့တောင် တိုးရပုံပေါ်နေပြီ။ ကံချွန်တို့လည်း ငယ်ငယ်က ရည်းစားစကားနားထောင်တာပါပဲ။ ဒီနေ့ကလေးတွေလည်း

www.burmeseclassic.com

နားထောင်နေကြတာပဲ။ ဒီတော့ အေအိုင်ဒီအက်စ်ဆိုတဲ့ ရောဂါဆိုးကြီးကို ကြိုတင်ကာကွယ်ရှောင်ရှားကြဖို့ ပညာပေးရာမှာ သမီးငယ်အပျိုစင်များကိုအကူအညီတောင်းရမလိုဖြစ်နေပြီ။ မိန်းကလေးများအနေနဲ့ ကိုယ့်ချစ်သူကို သတိပေးလိုက်ရုံပါပဲ။ လက်ထပ်ကာနီးမှာ သွေးစစ်ရမယ်နော်-လို့။ ဒါဆို ကောင်လေးတွေအနေနဲ့ အမှုမဲ့၊ အမှတ်မဲ့ ကျူးလွန်မိမယ့် ဒုစရိုက်တွေကို ထိန်းပြီး ဖြစ်သွားမှာပါ။

ချစ်သူရဲ့ သတိပေးစကားဟာ ကိုယ်ကျင့်တရားကောင်းပြီး ဒုစရိုက်ကင်းပြီး အမျိုးသားများအတွက် မထူးခြားပေမယ့် ခပ်ပေါ့ပေါ့နေတဲ့ လူငယ်များအတွက်တော့ သတိထားရှောင်ကြဉ်သွားမှာ သေချာပါတယ်။ မိန်းကလေးများကသာ ကိုယ့်ချစ်သူကို သတိပေးလိုက်ပါ။ ကောင်လေးတွေ နားထောင်ပါတယ်။

ချစ်သူပြောတဲ့စကားကို။

**ရတနာပုံသတင်းစာ**

**၂၆.၁၁.၂၀၀၀**

**ကံချွန်**

# အလျော်အစား အရှုံးအမြတ်

လူ့ဘဝမှာမရှိမဖြစ် အလိုအပ်ဆုံးဟာ ဘာလဲလို့မေးရင် ကိုယ်သန်ရာသန်ရာဆွဲဖြေကြမှာပေါ့ခင်ဗျာ။ အားကစားဝါသနာပါ သူကအားကစားလို့ ပြောမှာပါပဲ။ အနုပညာရှင်ကတော့ အနုပညာ လို့ဖြေမှာပေါ့။ စီးပွားရေးသမားကလည်း ငွေလို့ အဓိပ္ပာယ်ဖွင့်ဆို မှာပါပဲ။

ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးစတဲ့ ရေးပေါင်း များစွာနဲ့ ပတ်သတ်ယှက်နွှယ်ပြီး နေထိုင်ကြရတဲ့ဆီမှာ အလိုအပ်ဆုံး ဟာ ဘာလဲလို့ ကံချွန်တွေးမိရတဲ့အကြောင်းရင်းကတော့ ချာတိတ် တွေနဲ့စကားပြောဖြစ်လို့ပါပဲ။

❖ ❖ ❖ ❖ ❖ ❖ ❖

"ဦးကံ"

"ဝေး"

"လူ့ဘဝမှာ အလိုအပ်ဆုံးဟာဘာလဲ"

"ငယ်ငယ်ကတော့ ရည်းစားလို့ထင်တာပေါ့ကွာ။ အိမ်ထောင် ကျပြီးတော့ ငွေဖြစ်သွားရော၊ သားသမီးတွေရလာတော့ အခြေ တကျနေနိုင်ဖို့ကအရေးကြီးလာရောကွာ၊ သားသမီးတွေကြီးသွားတော့ ကိုယ့်ဝါသနာကို လုပ်နေနိုင်ဖို့က အရေးကြီးလာရော"

"တော်ပါတော့ဗျာ"

"ဟ မင်းတို့ မေးလို့ ဖြေရတာကွ"

www.burmeseclassic.com

"အဲသလိုတော့ လူတိုင်းပြောတတ်တာပေါ့"

"ငါ့တူ ဦးလေးကို အထင်မကြီးနဲ့ ဦးလေးလဲ လူတိုင်းထဲကပဲ"

"နည်းနည်းလောက်မှ မကြိုးစားတော့ဘူးလား"

"ဘာကိုလဲ"

"ကျွန်တော်တို့ မေးတာ စနစ်တကျဖြေနိုင်ဖို့"

"ဟာ ငါက ပညာရှိမှမဟုတ်တာ"

"ပညာရှိမဟုတ်ပေမယ့်အတွေ့အကြုံတော့ရှိတယ်မဟုတ်လား"

"စဉ်းစားချိန်မပေးတော့ဘူးလားကွာ"

"ဘယ်လောက်ပေးရမှာလဲ"

"နက်ဖြန်ကွာ"

"ရတယ်"

ချမ်းသာမရွေး လူအားလုံးနဲ့ပတ်သက်ယှက်နွယ်နေတဲ့ အလိုအပ်ဆုံးဟာဘာလဲ။ အလိုအပ်ဆုံးဟာ တစ်မျိုးတည်းတော့ ဘယ်ဟုတ်ပါ့မလဲ ခင်ဗျာ။ အများကြီးရှိမှာပေါ့။ ကျန်းမာဖို့ စားဝတ်နေရေးပြည့်စုံဖို့ အများကြီးပါပဲ။ အများကြီးထဲမယ် ကိစ္စအတော်များများနဲ့ယှက်နွယ်နေတာကတော့ အလျော်အစားတွက်တတ်ဖို့ပါပဲခင်ဗျား။ ကျွန်တော်တို့ဟာ ငွေကိုရင်းလိုက်ရရင် ပြန်ရမယ့် အမြတ်အစွန်းကို တွက်ကြည့်တယ်။ အရင်းမှမရလို့ အရှုံးပြနေရင် အဲဒီအလုပ်ဆက်လုပ်ဖို့ စဉ်းစားတယ်။ ရေရှည်မှာလည်း မမြတ်နိုင်ဘူးဆိုလို့ကတော့ အဲဒီအလုပ်ကိုရပ်တယ်။ ဆက်မလုပ်ဘူး။

အစားအစာ စားတာကိုပဲ ကျွန်တော်တို့စဉ်းစားတယ်။ အလကားစားရတဲ့အစားအစာဖြစ်ဦးတော့ ကျန်းမာရေးကိုထိခိုက်

မယ်။ ရောဂါရမယ်ဆိုရင် မစားဘူး။ အာဟာရဖြစ်မယ့် ကျန်းမာရေးကိုအထောက်အကူပြုမယ့်အစားအစာကိုတော့ ဝယ်စားမယ်။ တတ်နိုင်ရင် တတ်နိုင်သလို ဘယ်လောက်ပေးရပေးရ ဝယ်စားတယ်။ တစ်နည်းအားဖြင့်တော့ ဒါဟာကျန်းမာရေးအရှုံးအမြတ်ကိုတွက်ကြည့်တဲ့သဘောပါပဲခင်ဗျာ။ ပေးရတာနဲ့ပြန်ရမှာ ထိုက်တန်ရဲ့လားလို့ ကြိုပြီးစဉ်းစားကြမယ်ဆိုရင် တစ်နည်းအားဖြင့်တော့ ကျွန်တော်တို့ဟာ အလျော်အစားကို ကြိုပြီးမှန်းဆလေ့ရှိမယ်ဆိုရင် ကျွန်တော်တို့ဘဝမှာ အရှုံးနည်းမှာသေချာပါတယ်ခင်ဗျာ။

လူငယ်တွေအတွက်ဆိုရင်တော့ အချိန်နဲ့ပတ်သက်လို့အလျော်အစားကို ကြိုတွက်သင့်တာပေါ့နော့။ ပညာရေးအတွက်ပေးရတဲ့အချိန်၊ ဝါသနာအတွက်ပေးရတဲ့အချိန်၊ သုတအတွက်ပေးရတဲ့အချိန် မျှတမှုရှိရဲ့လား။ ပေးသင့်တဲ့အချိန်ကို မပေးမိလိုက်ရင်လည်း ကျွန်တော်တို့ဘဝမှာ ဆုံးရှုံးရတာပါပဲ။ အလွယ်ဆုံးစဉ်းစားကြည့်ဖို့ကတော့ ပညာရေးအတွက်ပေးသင့်တဲ့အချိန်ကို ငယ်စဉ်ကမပေးမိတဲ့အတွက် ပညာရေးမှာ ညံ့ဖျင်းခဲ့ရတာ၊ ပညာမတတ်ခဲ့တာဒါဟာအချိန်ကို အလဟဿဖြုန်းမိလို့ ဆုံးရှုံးရတာပါပဲ။

ကျွန်တော်တို့ငယ်စဉ်က ဝါသနာအတွက် အချိန်တွေဘယ်လောက်ပေးခဲ့သလဲ။ ပြန်စဉ်းစားကြည့်ပါ။ အဲဒီပေးခဲ့ရတဲ့အချိန်အတွက် ပြန်ရတာကရော ထိုက်တန်ရဲ့လား။ အလျော်အစားမျှရဲ့လား။ ကျွန်တော်တို့ပါခဲ့တဲ့ဝါသနာကရော ကျွန်တော်တို့ဘဝအတွက် ဘယ်လောက်များအရေးပါခဲ့သလဲ။ အရေးပါလာနိုင်တဲ့ဝါသနာအတွက် အချိန်ပေးနည်းခဲ့ရင်လဲ ရှုံးတာပါပဲ။ ကျွန်တော်

www.burmeseclassic.com

တို့ဟာအချိန်နဲ့ပတ်သက်လို့လဲ အလျော်အစားမျှရဲ့လားဆိုတာ တွက်ရမှာပါပဲခင်ဗျာ။

ကျွန်တော်တို့ဒီနေ့သုံးနေတဲ့အချိန်တွေဟာ အနာဂတ်အတွက် အရင်းအနှီးတွေပါ။ အကျိုးရှိတဲ့လုပ်ငန်းအတွက် သုံးမိဖို့လိုပါတယ်။

ကိုယ့်ဘဝအတွက်အရှုံးအမြတ်ကြိုတွက်ရာမှာပေါင်းသင်းဆက်ဆံရေးအတွက်လဲ စဉ်းစားရမှာပါပဲခင်ဗျာ။ တစ်ခါတလေမှာ အချိန်ပေးပေါင်းဖို့မလိုတော့တဲ့သူငယ်ချင်းကို စွန့်လွှတ်တတ်ရပါမယ်။ ငယ် သူငယ်ချင်းတော့မှန်ပါရဲ့ သူကဆေးသမားဖြစ်နေရင် ဒါမှမဟုတ် လူ့အကြောင်းပေါင်းရင်းသိလာပြီး ကိုယ်ကျိုးပဲကြည့်တတ်သူဖြစ်နေရင် ဘာလို့သူ့အတွက် အချိန်ပေးပေါင်းတော့မှာလဲ။ လက်တွဲဖြုတ်သင့်ဖြုတ်ရမှာပေါ့။ သူမိုက်ကိုမပေါင်းသင်းရာ။ သူတော်ကောင်းကိုချဉ်းကပ်ရာ၏။ တံငါနားနီးတံငါ၊ မုဆိုးနားနီးမုဆိုးတဲ့။ ဒါဟာ ဘဝအတွက်ပေါင်းသင်းဆက်ဆံရေးမှာ အလျော်အစားအရှုံးအမြတ်တွက်ပြီးပေါင်းသင်းဖို့ သတိပေးထားတာပါ။

ပေါင်းသင်းဆက်ဆံရေးမှာ အဲသလိုသတိထားမိတာနဲ့ကိုယ်က သူများကိုမပေါင်းချင်တဲ့၊ သူတစ်ပါးရဲ့ အပြုအမူမျိုး ကိုယ်မပြုမူမိဖို့ပါ သတိထားရပါတော့မယ်။ ကိုယ့်ကိုပေါင်းစေချင်အောင် ကိုယ်ကျိုးချည်းမကြည့်သူ၊ တစ်ကိုယ်ကောင်းမဆန်သူ ဖြစ်အောင်နေရပါတော့မယ်။ အလျော်အစားဆိုတာရှိပါတယ်။ မိတ်ဆွေကောင်းလိုချင်ရင် ကိုယ်ကိုယ်တိုင်ကောင်းဖို့ အရင်ကြိုးစားရပါမယ်။ မိတ်ဆွေအတွက် စွန့်လွှတ်သင့်တာကို စွန့်လွှတ်ရပါမယ်။ အနစ်နာခံသင့်တာ အနစ်နာခံရပါမယ်။ အရာရာမှာ အရှုံးအမြတ်အလျော်

အစားကို ကြိုတွက်ရပါမယ်။

ဒါတွေဟာ လူငယ်လေးတွေကိုပြောဖို့တွေးရင်း ကံချွန် ငယ်ထိပ်အောက် ရောက်လာတာတွေပါ။ နောက်ရက်တွေ့မှ ပြောပြလိုက်ရဦးမယ်။

ရတနာပုံသတင်းစာ

၁၀.၁၂.၂၀၀၀

ကံချွန်

# လူကြီးစကားဝိုင်း (၁)
# ပွင့်လင်းဖို့ ကာကွယ်ဖို့

လူငယ်တွေအတွက်ပြောဖြစ်တဲ့စကားဝိုင်းပါခင်ဗျာ။ ဝိုင်းဖွဲ့ ပြောဖြစ်ကြသူတွေက ကံချွန်လေးစားရသော ဆရာကြီးများ ဖြစ်ပါတယ်။ မမျှော်လင့်ဘဲကြုံမိ ဆုံမိတော့ ကံချွန်လူငယ်တွေ အတွက်စာရေးချင်နေတဲ့ဆန္ဒကိုသိလို့ ကံချွန်ရေးသင့်တာတွေ ပြောပြကြပါတယ်။ ဆုံမိပြောမိသူများကတော့ ဆရာဦးခင်မောင် သန်း(စိတ်ပညာ) (မန္တလေးတက္ကသိုလ်၊ စိတ်ပညာဌာန၊ ဂုဏ်ထူး ဆောင်ပါမောက္ခ)၊ ဆရာဒေါက်တာခင်မောင်ထွန်း (ကူးစက်ရောဂါ ကု၊ မန္တလေးပြည်သူ့ဆေးရုံကြီး)၊ ဒေါက်တာအောင်မြင့် (မန္တလေး

www.burmeseclassic.com

ဆေးတက္ကသိုလ်) တို့ဖြစ်ပါတယ်ခင်ဗျာ။

❖ ❖ ❖ ❖ ❖ ❖ ❖

" HIV-AIDS ဆိုတာ ကုလို့မရသေးပေမယ့် မဖြစ်အောင် နေလို့ရတဲ့ရောဂါဗျ။ ခင်ဗျားလူငယ်တွေအတွက်ဆက်ရေးသင့်တယ်။ ဟိုတစ်ပတ်က ချစ်သူကပြောတဲ့စကားဆိုတာကို ဖတ်ရတယ်။ သဘောကျတယ်"

" ကျွန်တော်ကသိပ်မသိဘူးဆရာ။ ရေးသင့်မှန်းတော့သိတယ်လေ။ ဘယ်လိုရေးရမှန်း၊ ဘာတွေရေးရမှန်းမသိတာ။ အဲဒါ ကျွန်တော်သိသလောက် အကုန်ပဲဆရာ"

"ကျွန်တော်တို့ စိတ်ပညာသဘောအရပြောရရင် လူဆိုတာ ပထမဆုံးစိတ်ဝင်စားတာက အစားအစာစားဖို့ မနက်လင်းတာနဲ့ အိပ်ရာကထတာနဲ့ ဘာစားရမလဲစဉ်းစားကြတာ၊ ရှာဖွေကြတာ၊ ဒုတိယစိတ်ဝင်စားတာက လိင်စိတ်ပေါ့။ လင်ကိစ္စပေါ့။ AIDS ရောဂါဟာလည်း ဒီကိစ္စမှာ အခြေခံပြီးအများဆုံးကူးစက်နေတာ ကိုး။ လေထဲကအလိုလိုပါလာတဲ့ရောဂါမဟုတ်ဘူးဗျာ။ ရာသီဉတု ကြောင့်ဖြစ်တာမဟုတ်ဘူးဗျာ။ ကိုယ်အနေအထိုင်မဆင်ခြင်မှု ဖြစ်မှာ။ ဒီတော့ အနေအထိုင်ဆင်ခြင်ဖြစ်အောင်၊ လူငယ်တွေသိ အောင်၊ သတိထားမိအောင် သေသေချာချာပြောပြသင့်တယ်။ ရေးပြသင့်တယ်။"

"ဟုတ်ကဲ့ပါဆရာ။ ကျွန်တော်ရေးပါ့မယ်။ ဆရာပြောပြပါ"

"ဒီရောဂါဖြစ်ဖို့အများဆုံးအခြေခံနေတဲ့လိင်ကိစ္စကို ပထမစဉ်း

စားဗျာ။ လိင်ကိစ္စမှာ အဓိကဦးဆောင်သူက ယောကျ်ားဗျ။ လူမှ မဟုတ်ဘူး တိရစ္ဆာန်တွေမှာလည်း လိင်ကိစ္စကိုအထီးက ဦးဆောင်တာပဲ။ ဒီတော့ ကျွန်တော်တို့အဓိကထားပြီး ပညာပေးဖို့ သတိပေးဖို့ ဦးတည်ရမှာက အမျိုးသားများပဲ။ အမျိုးသားများဆိုတာ အိမ်ထောင်တစ်ခုမှာလည်း ဦးဆောင်သူပဲ။ အမျိုးသားတစ်ယောက် ဖောက်ပြန်လိုက်တာနဲ့ ဒီရောဂါဟာ ကိုယ့်အိမ်ပေါ်တက်လာပြီး ကိုယ့်မိသားစုအသက်ကိုပါ ဝါးမျိုသွားမှာသေချာတယ်”

“အိမ်ထောင်တစ်ခုမိသားတစ်စုရဲ့စံပြဟာလည်း အိမ်ထောင်ဦးစီးယောကျ်ားပဲ။ အိမ်ထောင်ဦးစီးဖြစ်သူက ကိုယ့်ဇနီးသားသမီးကိုလမ်းမှန်အောင်ဦးဆောင်နိုင်ရမယ်။ သိသင့်သိထိုက်တာ ညွှန်ပြနိုင်ရမယ်။ ပြီးတော့ မိသားစုအတွင်းမှာ ပွင့်လင်းမှုရှိရမယ်။ မိသားစု စုံညီချိန်မှာ သိသင့်သိထိုက်တာပြောပြရမယ်”

❖ ❖ ❖ ❖ ❖ ❖ ❖

ဒါတွေကဆရာကြီးဦးခင်မောင်သန်း (စိတ်ပညာ) ပြောတဲ့ စကားတွေပါခင်ဗျာ။ ကံချွန်ဦးနှောက်နဲ့မှတ်တာမို့ အချို့စကားလုံးများကွဲလွဲနိုင်ပါတယ်။ အဓိပ္ပါယ်ဆိုလိုရင်းတော့ မကွဲပါဘူး။ ဆရာရဲ့ စကားအပေါ် မူတည်ပြီး မိသားစုအတူစုံစုံညီညီရှိနိုင်ဖို့အချိန်ဆိုတာ မလွယ်ကူတဲ့အကြောင်း။ ကျောင်းသွား၊ ရုံးသွား၊ ဈေးသွား၊ အလုပ်သွား အိမ်ရှိလူကုန် တာဝန်ကိုယ်စီမို့ ထမင်းစားချိန်တောင်ဆုံဖို့ မလွယ်ကြောင်းဆွေးနွေးသူလည်းရှိပါတယ်။

ကံချွန်က . . .

“ကျွန်တော့်အတွေ့အကြုံတစ်ခုတင်ပြချင်ပါတယ်ဆရာ။

www.burmeseclassic.com

ကျွန်တော့်မိတ်ဆွေတစ်ယောက်ကပြောဖူးတယ်။ ကျွန်တော်က အဖော်လိုက်ခဲ့ဖို့ခေါ်တော့ ဘယ်လိုမှမအောက်မေ့နဲ့ဗျာ။ ဒီနေ့ ကျွန်တော်က (Family Day) ဖင်မလီဒေးဖြစ်နေလို့ပါ။ တစ်ပတ် တစ်ရက်တော့မိသားစုနဲ့အတူနေတယ်" လို့ပြောပါတယ်။ ကျွန်တော် တို့ရော အဲသလိုမိသားစုနေ့လေးသတ်မှတ်ရင်မဖြစ်နိုင်ဘူးလား။ စဉ်းစားပါ။ တစ်ပတ်တစ်ရက်လောက် မဟုတ်တောင် တစ်လ တစ်ရက်ပေ့ါ။ လဆန်းရဲ့ပထမတနင်္ဂနွေမှာဖြစ်ဖြစ်ပေါ့ . . မိသားစုတွေ့ဆုံဖို့ဖန်တီးတဲ့သဘောပဲ။ အဲသလိုနေ့မှာ ကိုယ့်မိသားစု ကြားပွင့်ပွင့်လင်းလင်းပြောသင့်တဲ့ကိစ္စတွေ၊ အသိပေးရမယ့်စကား တွေ၊ ပြောပြရမယ့်အကြောင်းတွေပြောကြဆိုကြမယ်ဆိုရင်ကျွန်တော် တို့ဟာကိုယ့်သားသမီးတွေကိုပြောပြဖြစ်မယ်။ မဆုံလို့မပြောဖြစ်တာ မျိုးမရှိတော့ဘူးပေ့ါ။ အဲသလိုဆုံရမယ့်ရက်ကို သတ်မှတ်ထားလိုက် ရင် အဲဒီနေ့မှာ ဘာပြောမယ်ဆိုတဲ့စိတ်ကူးအတွေးရှိလာမယ်။ ဒီတော့ပြောဖြစ်တော့မယ်။ အသိပေးဖြစ်တော့မယ်။ အသိပေးတယ် ဆိုတာကတော့ ဖတ်သင့်တဲ့စာအုပ် ဒါမှမဟုတ်ဆောင်းပါးပေ့ါ။ ကိုယ်ဖတ်ထားတာ သားသမီးညွှန်ရမယ်။ ဖတ်ပြရမယ်။ ဒါဆိုရင် လူငယ်တွေအတွက် ကျွန်တော်တို့ဟာ တာဝန်ကျေတဲ့မိဘတွေ၊ လူကြီးတွေဖြစ်ပြီပေ့ါ။

ကျွန်တော်တို့သိနေတာ၊ လူကြီးတွေအနေနဲ့ လူငယ်တွေကို မပြောဖြစ်လို့ လူငယ်တွေမသိရဘူးဆိုရင် ကျွန်တော်တို့တာဝန် မကျေရာ တာဝန်မဲ့ရာရောက်မှာပေ့ါ။ တချို့ကိစ္စတွေက သတိတစ် ချက်လစ်လိုက်တာနဲ့ဘဝပါ ပျက်နိုင်တယ်။ အသက်ပါ ပါနိုင်တယ်။

တချို့ကိစ္စက သတိတစ်ချက်လစ်တာနဲ့ အသက်ပါမှာသေချာတာမျိုး။ AIDS လိုဟာမျိုးပေါ့။ ဆရာကြီးဦးခင်မောင်ထွန်း ပြောတာလေးဖောက်သည်ချပါရစေဦး။

"လိင်ကိစ္စဆိုတာ လုံးဝရှောင်ကြဉ်နိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါပေမယ့်ကျွန်တော်တို့သာမန်လူတွေဟာ အာသဝေါကုန်ခန်းတဲ့သူတော်စင်များမဟုတ်လေတော့ ကင်းနိုင်ဖို့တော့ခက်ပါတယ်။ အထူးသဖြင့်လူငယ်တွေသွေးသားဆူဖြိုးစ လူပျိုဖော်ဝင်စ၊ အပျိုဖော်ဝင်စမှာ မှားယွင်းတတ်ကြပါတယ်။ ဒီတော့လုံးဝရှောင်ဖို့ပြောရမယ်။ အထူးသဖြင့် ယောက်ျားလေးတွေကိုပေါ့။ အကယ်၍များ မရှောင်နိုင်ရင်မထိန်းသိမ်းနိုင်ရင် အကာအကွယ်နဲ့သွားလာဖို့ ကိုယ့်သားကအိပ်ထောင်ရှိနေလည်း သန်မာတဲ့အရွယ်ဆိုရင် အပေါင်းအသင်းကြောင့် မရှောင်နိုင်ရင် အကာအကွယ်ကိုသုံးဖို့ ကွန်ဒုံကိုမမေ့ဖို့ ပွင့်ပွင့်လင်းလင်းပြောရမှာဖြစ်တယ်။ မပြောမိလို့ရှိရင် မသိလို့မှားမိတာနဲ့ နောင်တရချိန်ရှိမှာမဟုတ်ဘူး။

ဒါတွေကတော့ လူငယ်တွေအတွက် ကျွန်တော်တို့ပြောဖြစ်တဲ့စကားတွေပါ။

**ရတနာပုံသတင်းစာ**

**၁၇.၁၂.၂၀၀၀**

**ကံချွန်**

www.burmeseclassic.com

# လူကြီးစကားဝိုင်း (၂)
# ရှောင်ကြဉ်ဖို့ သစ္စာရှိဖို့

ကျွန်တော်တို့စကားဝိုင်းမှာ ရှောင်ကြဉ်ဖို့ သစ္စာရှိဖို့ကို အလေးပေးဆွေးနွေးတာက ဆရာကြီးဦးခင်မောင်ထွန်းပါ။ ဆရာပြောတာတွေကို ပြန်ရေးပြရာမှာလည်း စကားလုံးအသုံးအနှုန်းကွဲပြားမှုရှိနိုင်ပေမယ့် ဆိုလိုရင်းမပျောက်အောင် ပြန်ရေးပြပါ့မယ်။ ကျွန်တော်ကပြောရင်းဆိုရင်းပြန်ရေးပြသင့်တယ်လို့ ယူဆယုံကြည်လို့ ပြန်ရေးပြရတာမို့ပါ။

× × × × ×

HIV/AIDS ဆိုတာ လူတိုင်းနဲ့ပတ်သက်လာနိုင်ပါတယ်။ မသိလို့ ပတ်သက်မှုရှိနိုင်တာတွေ အများကြီးပါ။ ခုလို ပြောလို့ ထိတ်လန့်စရာလို့မထင်စေချင်ဘူး။ သိထားရင်ရှောင်ကြဉ်လို့ ရပါတယ်။ သိထားမှသတိထားနိုင်မှာလေးတွေရှိတယ်။ ဒီရောဂါပိုးကူးစက်မှုက အဓိကလေးမျိုးပေါ့။ လိင်ဆက်ဆံမှုကြောင့် ကူးတာ၊ ဆေးထိုးအပ်ကနေ ကူးတာ၊ မူးယစ်ဆေးထိုးသူရော၊ ရောဂါကြောင့်ထိုးသူရောကူးနိုင်တယ်။ ဒါကြောင့်တစ်ခါသုံးပိုက်၊အပ်တို့ကို သုံးသင့်တယ်။ ပိုပြီး စိတ်ချရတာကတော့ ဆရာဝန်ကိုယ်တိုင်ပွက်ပွက်ဆူတဲ့ရေနွေးမှာမိနစ်နှစ်ဆယ်ပြုတ်ထားတဲ့ အပ်တို့၊ ပိုက်တို့ပေါ့။ ဒီကိစ္စနောက်မှပြောပြပါမယ်။ နောက်ထပ်ကူးနိုင်တာက သွေးသွင်းရာကနောက် မိဘကနေ မမွေးရသေးတဲ့ ရင်သွေးဆီ။

"ဒီလိုသိပြီးလို့ ရှောင်ရမယ့်တာဝန်ကို ခွဲဝေသတ်မှတ်ရရင် ကျွန်တော်တို့ ယောက်ျားတွေက အဓိကပဲ။ ကိုယ့်ဇနီးမယားအပေါ် သစ္စာရှိရမယ်။ အပြင်မှာအပျော်အပါးမလိုက်စားဖို့အရေးကြီးတယ်။ အကာအကွယ်နဲ့ပျော်ပါးတယ်ဆိုပေမယ့် အဲဒီအကာအကွယ်ဟာလဲ ရာနှုန်းပြည့်အာမခံချက်မပေးနိုင်ပါဘူး။ အကောင်းဆုံးကတော့ လုံးဝရှောင်ကြဉ်ဖို့ပဲ။ တစ်ခါတလေမှာ သတိရှိနေတဲ့အချိန်မှာ ရှောင်နိုင်ပေမယ့် အရက်ကလေးဝင်သွားရင် အမှားတွေဆက်တိုက် လုပ်မိတတ်တယ်။ ဒီတော့ မူးမူးရူးရူးနဲ့လုပ်မိတာမျိုးမဖြစ်ရအောင် မူးနေလို့ဆိုတဲ့ အကြောင်းပြဖို့မလိုအောင် မူးယစ်စေတတ်တာပါ ရှောင်ရင်တော့ အကောင်းဆုံးပါပဲ။ ငယ်တဲ့အရွယ်တွေ အတော် များများဟာ မူးနေလို့ကျူးလွန်ခဲ့ကြတာ များပါတယ်။ နောက်ပြီး ဒီအန္တရာယ်က ပိုးရှိနေသူနဲ့တွေ့ရင် တစ်ကြိမ်တစ်ခါတည်းနဲ့လဲ ကူးနိုင်ပါတယ်။

"နောက် ဆေးထိုးအပ်ကိစ္စ၊ ဆရာဝန်ကိုယ်တိုင်ပွက်ပွက်ဆူတဲ့ ရေနွေးမှာ မိနစ်နှစ်ဆယ်လောက်ပြုတ်ထားတာကိုပဲ စိတ်ချရတယ် ဆိုတာက တစ်ခါသုံးပိုက်၊ တစ်ခါသုံးအပ်တွေကို ပြန်ကောက်၊ ပက်ကင်ပိတ်ပြီးရောင်းတာတွေရှိလာလို့ပါ။ ဆေးခန်းကြီး/ငယ် များ၊ ဆေးရုံများကဆေးထိုးအပ်၊ ဆေးထိုးပိုက်ကို သုံးပြီးတာနဲ့ သေသေချာချာဖျက်ဆီးပစ်ဖို့လိုလာပါပြီ။ အမှိုက်ပုံးထဲထည့်ထား တာနဲ့မပြီးတော့ပါဘူး။ ကျန်းမာရေးဝန်ထမ်းမဟုတ်သူများထံမှာ ဆေးမကုမိဖို့ သတိထားရပါမယ်။ သွေးသွင်းရာက ကူးစက်နိုင်ပေ မယ့် ကျန်းမာရေးအခြေအနေအရ ဒါကလူတိုင်းနဲ့မသက်ဆိုင်ဘူး။

www.burmeseclassic.com

ဒီကိစ္စကတော့ ဆေးရုံများကလည်း အတတ်နိုင်ဆုံးအန္တရာယ်ကင်းအောင်လုပ်ပေးနေပြီ။ မိဘက သားသမီးဆီကူးနိုင်တာကလဲ အိမ်ထောင်ဦးစီးယောက်ျားများသစ္စာရှိမယ်ဆိုရင် မကူးနိုင်ပါဘူး"

"ဒီအဓိကအပြင် အသေးအဖွဲလေးတွေပါသတိထားရမယ်ဆိုရင် ဘယ်လိုအချက်အလက်တွေရှိတယ်ဆိုတာပြောပြပါဦးဆရာ"

"ကူးနိုင်ဖို့ ရာနှုန်းနည်းပေမယ့် ကူးနိုင်တာကတော့ သွားနှုတ်တယ်ဗျာ။ ပထမလူ ပလုပ်ကျင်းသွားတဲ့ရေခွက်မှာ သွေးစွန်းမှာသေချာတယ်။ နောက်လူကလဲ ဒီခွက်ကိုပဲ သုံးမယ်ဆိုရင် ကူးနိုင်တယ်။ ကျွန်တော်ကတော့သွားဆေးခန်းသွားမယ်ဆိုရင် ကိုယ့်ရေသန့်ဘူးနဲ့ကိုယ်သွားတယ်။သွားပွတ်တံတစ်ချောင်းတည်းဆက်တိုက်အတူသုံးရင်ဒီပိုးကအပြင်မှာစွတ်စိုနေရင်တစ်နာရီလောက် ရှင်သန်နေနိုင်တယ်။ နောက်ဆုံးတွေ့ရှိချက်ဆိုရင် ကြမ်းပိုးက HIV ပိုးရှိသူကိုကိုက်ရင် အဲဒီကြမ်းပိုးထဲမှာ ဒီပိုးဟာ တစ်နာရီထိရှင်သန်နေနိုင်တယ်လို့ဆိုတယ်။ အဲဒီကြမ်းပိုးက တစ်နာရီအတွင်းမှာ နောက်တစ်ယောက်ကိုကိုက်ရင်နောက်လူကိုဆက်ကူး-မကူးတော့ လေ့လာသုသေသန ပြုနေတုန်းမို့မသိရသေးဘူး။ လူငယ်တွေအတွက် အကောင်းဆုံး နည်းလမ်းကတော့အားလပ်ချိန်နည်းလေကောင်းလေပဲ။ အားလပ် ချိန်တိုင်းမှာဝါသနာပါတဲ့အလုပ်တစ်ခုခုလုပ်သင့်တယ်။ အားကစား ဖြစ်ဖြစ်၊ အနုပညာဖြစ်ဖြစ်၊ ပညာရေးအထောက်အကူဖြစ်မယ့် သင်တန်းမျိုးဖြစ်ဖြစ်၊ လူမှုရေးလုပ်ငန်းတစ်ခုခုမှာဖြစ်ဖြစ်ပေါ့"

အချိန်အားရှိနေရင် စိတ်လေတယ်ဆိုတာ အလွန်ကိုသတိ

ထားသင့်တဲ့အရာပါခင်ဗျာ။ လူငယ်တွေမှာ အချိန်အားရှိတတ်ပါတယ်။ အားနေတဲ့အချိန်ကို အကျိုးရှိရှိအသုံးမပြုတတ်ရင် အမှားတွေ့ဖို့အလွန်နီးစပ်ပါတယ်။ ကိုယ့်ရဲ့အားလပ်ချိန်ကို ရည်ရွယ်ချက်မဲ့ကုန်ဆုံးစေတာနဲ့ကိုယ်တွေ့ရမယ့်လူတွေဟာလဲ ရည်ရွယ်ချက်မဲ့သူတွေပဲဖြစ်ပါမယ်။ ကိုယ့်ရဲ့အားလပ်ချိန်ကို လုပ်ငန်းတစ်ခုခုမှာကုန်ဆုံးစေမှသာ ကိုယ်တွေ့ရမယ့်လူတွေဟာ အဲဒီလုပ်ငန်းခွင်အတွင်းက ရည်ရွယ်ချက်တူသူတွေဖြစ်ပါတယ်။

အားကစားအလုပ်

အနုပညာအလုပ်

လူမှုရေးအလုပ်

စတဲ့အလုပ်တစ်ခုခုလုပ်နေရင် စိတ်မလေတော့ပါဘူး။ အားလပ်ချိန်မှာ ဘာမှမလုပ်သူထက် စိတ်တည်ငြိမ်မှုရပါမယ်။ ဘာမှမလုပ်လို့ ပျင်းနေတဲ့အတွက် "ဒုစရိုက်" များဆီ အချိန်ပေးရောက်သွားသူတွေအများဆုံးရှိတတ်ပါတယ်။ အားနေသူချင်းမို့အားနေရင်လိုက်ခဲ့လေဆိုတဲ့သူနဲ့ ဒုစရိုက်အိမ်ရောက်တတ်ကြတာများပါတယ်။ အဖော်ကောင်းရင် ငရဲပြည်ကိုလိုက်ရလိုက်ရဆိုတဲ့စကားပြောခဲ့ကြဖူးတယ်။ ဒီနေ့တော့ တကယ်ကိုပဲ အဖော်ကောင်းလို့ ငရဲပြည်ရောက်ကုန်ကြပါပြီ။ အကုသိုလ်အလုပ်၊ ဒုစရိုက်အလုပ်တွေမှာ တစ်ယောက်ချင်း၊ တစ်ဦးချင်းစီကျူးလွန်တာ အလွန်နည်းပါတယ်။ အပေါင်းအဖော်လေးနဲ့မို့ဆိုပြီး ကျူးလွန်ဖြစ်ကြတာများပါတယ်။

လူငယ်တွေအတွက် အကောင်းဆုံးနည်းကတော့ အပေါင်း

www.burmeseclassic.com

အဖော်ကောင်းတွေရှိနေမယ့် ဝန်းကျင်ကိုရှာဖွေပြီးနေတတ်ဖို့၊ ကောင်းမွန်သောအလုပ်တစ်ခုခုအပေါ် အခြေတည်ပြီးအဖော်ကောင်းများဖန်တီးစုဆောင်းနိုင်ဖို့ ကြိုးစားသင့်ပါတယ်။ ဒါကတော့ ကံချွန်ဟာလူကြီးများရဲ့စကားဝိုင်းမှာထိုင်ရင်း လူငယ်များအတွက် တွေးမိတာပါ။

**ရတနာပုံသတင်းစာ**

**၂၄.၁၂.၂၀၀၀**

**ကံချွန်**

# လူကြီးစကားဝိုင်း(၃)
# ယောကျ်ားတို့သဘော

နိုင်ငံအတော်များများမှာ HIV/AIDS ဖြစ်နေတာတွေကို လေ့လာကြည့်ရင် အမျိုးသားဦးရေကပိုများတယ်လို့ဆိုပါတယ်။ ၂၇-၁၁-၂၀၀၀ ရက်နေ့ကဂြိုဟ်တုသတင်းမှာပြောသွားတဲ့သတင်း အရဆိုရင် တရုတ်ပြည်မှာလည်း ယောကျ်ားလူနာဦးရေက မိန်းမလူနာဦးရေထက် ၃ဒသမ၆ ဆပိုများနေတယ်လို့ကြေညာသွားပါတယ်ခင်ဗျာ။ ဘာလို့ဒီလိုဖြစ်ရတာလဲလို့စပ်စုကြည့်တော့ဆရာ

ဒေါက်တာအောင်မြင့်က ခုလိုဆွေးနွေးပြပါတယ်။ ဒေါက်တာအောင်မြင့်ရဲ့သဘောထားအပေါ် စာဖတ်သူ လူငယ်တို့အလေးထားစေချင်လို့ဆရာရယူထားတဲ့ဘွဲ့ကို ဖော်ပြပါရစေ။

Dr. Aung Myint M.B.B.S., M.Med.Sc (Physiology) ဖြစ်ပါတယ်။ ဆရာပြောပြတာက

"ဘာကြောင့်ယောကျ်ားတွေမှာ ပိုဖြစ်နေရသလဲလို့ ကျွန်တော်သိသလောက်နဲ့စဉ်းစားကြည့်ဖူးပါတယ်။ ရောဂါရနေသူအမျိုးသားအားလုံးကိုမိုက်ခဲ့မှားခဲ့ကြသူတွေလို့ ပြောရမှာ ခပ်ခက်ခက်ပဲ။ တစ်ချို့က မသိနားမလည်လို့ ဗဟုသုတချို့တဲ့လို့ သတိလေးတစ်ချက်လစ်သွားလို့ ရောဂါရသွားတာတွေလည်းအများကြီးပါပဲ။ နည်းနည်းစနစ်တကျလေးဖြစ်အောင်ခွဲခြားစဉ်းစားကြည့်ရအောင်။

ပထမဆုံးစဉ်းစားရမှာက ဇီဝဗေဒဆိုင်ရာအကြောင်းရင်းတွေပဲ။ **(Biological Causes)** ဆိုပါတော့၊ လူငယ်တွေရဲ့ အရွယ်ရောက်မှုတွေဟာ ဒီဘက် ဆယ်စုနှစ်တွေမှာ စောလာတယ်။ အရင်က အသက် (၁၈)နှစ်မှာ လိင်မှုကိစ္စကို စတင်ကြရင် ယခု(၁၆)နှစ်လောက်မှာ စနေကြပြီ။ ခက်တာက အဲဒီအရွယ်မှာ စိတ်ပိုင်းဆိုင်ရာရင့်ကျက်မှုကမရသေးဘူး။ တွဲပါမလာသေးဘူး။ ဒီတော့ ယောကျ်ားလေးရော၊ မိန်းကလေးတွေပါ မှားတတ်ကြပါတယ်။ သွေးသားရဲ့တောင်းဆိုမှုနောက်ကိုပါသွားတတ်ကြတယ်။ အသိစိတ်နဲ့ထိန်းရကောင်းမှန်းမသိသေးဘူး။ မထိန်းနိုင်ဘူး။ ဒီအရွယ်မှာ ယောကျ်ားလေးတွေအတွက် မှားယွင်းစေဖို့ အခွင့်အရေးကပိုများနေပါတယ်။ အပြင်ကို လွတ်လွတ် လပ်လပ် ထွက်ခွင့်ရတော့ အပေါင်းအသင်းလည်း ပိုစုံမယ်။ ပိုများမယ်လေ။

www.burmeseclassic.com

ပြီးတော့စိတ်ပိုင်းဆိုင်ရာ (Psychological Causes) ပြောင်းလဲလာတဲ့အကြောင်းရင်းတွေလည်းရှိတယ်ဗျာ။ လူပျိုဖော် အပျိုဖော်ဝင်စမှာ လွတ်လပ်မှုကိုရချင်တယ်။ စွန့်စားချင်တယ်။ ဒီအရွယ်မှာလိင်မှုကိစ္စအတွေ့အကြုံကိုစမ်းသပ်ရှာဖွေချင်တယ်။ ဒီအရွယ်မှာမိသားစုနဲ့ကင်းကွာပြီး နေရထိုင်ရတဲ့အချိန်ကလည်း များတတ်တော့ လိင်မှုကိစ္စကို စမ်းသပ်ကျူးလွန်မိတတ်တယ်။ တစ်ခါမှားရုံနဲ့ ဘဝတစ်ခုဆုံးနိုင်တာကို မသိကြဘူးလေ။

ယောကျ်ားလေးတွေမှာ ပိုဆိုးတာက ယောကျ်ားမာနနဲ့ယှဉ်တဲ့ စိတ်ပဲ။ လူငယ်လေးတွေပြောတတ်တယ်လေ။ ဘူးရင်ဘူး၊ မဘူးရင် ဒူးပဲဆိုတဲ့စကား။ အဲဒါအလွန်လွဲမှားတဲ့ အယူအဆပဲ။ ယောကျ်ား ပီသမှုပြတာဆိုပြီး ပျော်လိုက်တယ်။ ဆေးထိုးရရင် ဂုဏ်ယူတယ်။ မကောင်းတဲ့နေရာကို ဦးဆောင်သွားတတ်ရင် မကောင်းတဲ့အလုပ် ကို ဦးဆောင်လုပ်တတ်ရင် ကြွားစရာလို့ထင်ကြတယ်။ အမှန်က အပြစ်ကို ရှောင်နိုင်မှ ကိုယ်ကိုယ်ကို တန်ဖိုးထားတတ်မှ ဂုဏ်ယူ ရမှာ။ အဲဒီလွဲမှားနေတဲ့ မာနကြောင့်လည်း လူငယ်လေးတွေမှာ ရောဂါပိုးဖြစ်ရတာပဲ။

Social Causes လို့ပြောရမယ့် လူမှုရေးဆိုင်ရာ အကြောင်း များစွာလည်း လူငယ်လေးတွေကို တွန်းပို့နေတာရှိတယ်။ ခု ကျွန်တော်ပြောနေတာက နိုင်ငံတကာအခြေအနေတွေအပေါ် ခြုံငုံလေ့လာသုံးသပ်ပြတာနော်။ ကျွန်တော်တို့ဆီမှာလည်း ဒီအခြေ အနေတွေဟာ ပတ်သက်ယှက်နွယ်နေတာပဲ။ မိသားစုနဲ့ ခွဲခွာပြီး စီးပွားရှာတာ ကိုယ်ပတ်ဝန်းကျင်မှာ ဒုစရိုက်ကျူးလွန်နေဖို့လွယ်ကူ နေတာ။ ဒါတွေကလည်း အမျိုးသားတွေကို ရောဂါပိုဖြစ်စေတာပဲ။

ပြီးတော့ Econoimial Causes ခေါ်တဲ့ စီးပွားရေးမှာ အခြေခံတဲ့ အကြောင်းအရာတွေ၊ ပိုက်ဆံပြေလည်တဲ့လူအချို့က လိင်မှုကိစ္စကို ဇိမ်ခံပစ္စည်းလို့ သဘောထားလာကြတယ်။ မူးရူးပြီး အကာအကွယ်မဲ့ ပျော်ပါးတတ်ကြတယ်။ ဒါကြောင့်ငွေရှာကောင်းတဲ့ယောက်ျားတွေမှာလည်း အဖြစ်များတယ်။

(Cultural Causes) ယဉ်ကျေးမှုဆိုင်ရာ အကြာင်းကိုလည်း ကျွန်တော်တို့ မေ့ထားလို့မရပါဘူး။ အချို့လူမျိုးတွေမှာ ယောက်ျားပွေတာဟာ ဘာမှမဆန်းပါဘူး။ လိင်ကိစ္စမှာ အပွင့်လင်းလွန်ပြီး စည်းကမ်းမဲ့တဲ့အဆင့်ရောက်နေရင် အဲဒီလူမျိုးမှာ ရောဂါအဖြစ်များတယ်။ သိပ်ကိုလျှို့ဝှက်လွန်းရင်လည်း ရောဂါဖြစ်တာကို လူသိမခံတော့ဘဲ။ ပွေတာကိုလူသိမခံခဲ့တော့သူဆီကတစ်ဆင့် ရောဂါပျံ့ဖို့ကလည်း နောက်ဆက်တွဲ သေချာနေတာပေါ့။

နောက်ဆုံးအချက်ကတော့ (Behavioual Causes) အပြုအမူတွေ၊ လွတ်လပ်မှုတွေအများကြီး အဆိုးဘက်ကို ပြောင်းလဲလာပါတယ်။ ဥပမာ အင်္ဂလန်မှာ ၁၉၆၅-ခုနှစ်တုန်းက အသက်(၁၅)နှစ်၊ (၁၆)နှစ်ကြားကလေးတွေရဲ့ ၁၅ရာခိုင်နှုန်းပဲ လိင်မှုကိစ္စပြုကြရာက ၂၀၀၀ ပြည့်နှစ်မှာ ၅၅ရာခိုင်နှုန်းထိ လိင်မှုပြုနေကြပါပြီ။

ဒီတော့ ယောက်ျားတွေဟာ ဘာလို့ရောဂါပိုအဖြစ်များသလဲဆိုတဲ့ အမေးအတွက် အဖြေဟာ အပြည့်စုံဆုံးမဟုတ်ပေမယ့် အတိုင်းအတာတစ်ခုထိ ကျေနပ်စရာဖြစ်မယ်လို့ယူဆပါတယ်။ ကျွန်တော်တို့ဝန်းကျင်မှာ ဘယ်အချက်အလက်တွေ ဖြစ်ထွန်းနေသလဲ။ အဲဒါကို ပထမလေ့လာရမယ်။ ဆန်းစစ်ရမယ်။ ပြီးရင်ဒီကိစ္စ

www.burmeseclassic.com

ကို ဘယ်လိုဖြေရှင်းရင် ရနိုင်မလဲဆိုတဲ့အဖြေကို ကျွန်တော်တို့ ဆက်ရှာမယ်။ ဝိုင်းဝန်းစဉ်းစားရမယ်”

ဆရာပြောတာရဲ့ငါးဆယ်ရာနှုန်းပဲ ကျွန်တော်ပြန်ရေးပြခြင်း ဖြစ်ပါတယ်။ ချန်လှပ်ထားခဲ့တဲ့ငါးဆယ်ရာနှုန်းဟာ အချက်အလက် တွေမဟုတ်ပါဘူး။ ထင်ရှားအောင်ဥပမာပြောခဲ့တာတွေပါ။ ဘာပဲပြောပြော ကျွန်တော်တို့ သိသင့်တယ်။ လူငယ်တွေ အတွက် ကြိုတင်သတိထားစရာတွေပါတယ်လို့ ယုံကြည်တဲ့အတွက် ရေးပြလိုက်ရတာပါ။

**ရတနာပုံသတင်းစာ**
**၃၁.၁၂.၂၀၀၀**
**ကံချွန်**

# လူကြီးစကားဝိုင်း (၄)
# မနက်ဖြန်အရေး

ကျွန်တော်တို့ရဲ့ အနာဂတ်ကို လူငယ်တွေကပိုင်ပါတယ်။ လူငယ်တွေ အသိဉာဏ်ရှိရင်၊ တိုးတက်ရင် ကျွန်တော်တို့လူကြီးတွေ ရဲ့အနာဂတ်ဟာလှပမှာပါ။ စိတ်ချမ်းသာရမှာပါ။ ဒီနေ့အသိဉာဏ် နုနယ်သေးတဲ့ လူငယ်တွေအတွက် သိသင့်သိထိုက်တာတွေကို

လူကြီးများကတွေးတောစဉ်းစားအဖြေရှာပြီး လူငယ်တွေကို ပြောပြရမှာပါ။

ဒီနေ့ အမျိုးသားများကြားမှာ ပိုမိုပျံ့နှံ့နေတဲ့ HIV/AIDS ကို ပျံ့နှံ့မှုတန့်အောင်ကျွန်တော်တို့ဘယ်လိုလုပ်ကြမလဲ။ ကျွန်တော့် အနေနဲ့ ဆရာဒေါက်တာအောင်မြင့်ရဲ့ ဆွေးနွေးမှုကို တင်ပြချင်ပါ တယ်။ စကားဝိုင်း(၃) မှာ ယောကျ်ားတွေရဲ့သဘောကို ဆွေးနွေးခဲ့ ပြီးပါပြီ။ အဲဒီလိုတွေ့ရှိမှုတွေအပေါ် အခြေခံပြီး ဖြေရှင်းဖို့နည်းလမ်း ကိုဆက်စဉ်းစားပြတာပါ။

× × × × ×

"ပြဿနာကိုတော့ ကျွန်တော်တို့သိနေပါပြီ။ ဘယ်လိုဖြေရှင်း မလဲ။ ကာကွယ်ဆေးလဲမရှိဘူး။ ဖြစ်ပြီဆိုလို့ကတော့ သေရုံပဲ။ ဒီတော့ တစ်ခုတည်းသောအဖြေဟာ မဖြစ်အောင်နေဖို့ ရောဂါမရ အောင်ကြိုတင်ကာကွယ်မှုတွေပြုဖို့ဆိုတာပဲ ရှိပါတယ်။"

"စဉ်းစားကြရအောင် -

မဖြစ်အောင် အသေချာဆုံးနည်းကတော့ လိင်မှုကိစ္စမပြုဖို့ ပဲ။ ဒါပေမယ့် ဒီဟာက အာသဝေါမကုန်သေးတဲ့ လူတွေအတွက် အတော့်ကိုခက်ခဲတဲ့ကိစ္စပါ။ နေနိုင်ရင်တော့ အကောင်းဆုံးပေါ့။ ဒါဖြင့် မနေနိုင်ရင် အန္တရာယ်မကင်းတော့ဘူးလား။ ကင်းအောင်လို့ နေတတ်ရင်တော့ကင်းပါတယ်။ ကျွန်တော်တို့ဟာ လူငယ်တွေကို သိအောင်ပြောကြရတော့မယ်။ မသိမှုကြောင့်ဆုံးရှုံးရမယ့်တန်ဖိုး ကသိပ်ကြီးနေပြီ။ အသက်ကိုပေးရမှာ။ အရင်ကအသက်ကိုအရှက် နဲ့လဲမယ်လို့ပြောခဲ့ကြပေမယ့် ဒီနေ့တော့ အသက်ကိုအရှက်နဲ့လဲ

www.burmeseclassic.com

နေရပြီ။ ရှက်သင့်တာနဲ့ မရှက်သင့်တာ ကျွန်တော်တို့ ခွဲခြားရတော့မယ်။”

“အစောကစကားပြန်ကောက်ရရင်လိင်မှုကိစ္စကိုမကင်းနိုင်ရင်တော့ အန္တရာယ်ကင်းအောင်နေတတ်ဖို့လိုပါတယ်။ အိမ်ထောင်ရှင်တိုင်းဟာ မိမိရဲ့ဇနီးမယားအပေါ် သစ္စာရှိရမယ်။ အိမ်ထောင်ရှိသူဖြစ်စေ၊ မရှိသူဖြစ်စေ လိင်မှုကိစ္စကို မဆင်ခြင်နိုင်ရင်တော့ အကာအကွယ် (ကွန်ဒုံး) ကိုသုံးပါ။ အကောင်းဆုံးကတော့ အပျော်အပါးလုံးဝရှောင်ပါ။ သွေးသားဆန္ဒလုံးဝမထိန်းနိုင်ရင်တစ်ကိုယ်ရေစိတ်ဖြေဖျောက်ဖို့နည်းလမ်းတွေကိုပဲ သုံးသင့်ပါတယ်။ မနေနိုင်လို့လိင်ဆက်ဆံမှုပြုမယ်ဆိုရင် အန္တရာယ်ကင်းအောင်နေနည်း၊ ထိုင်နည်းတွေကိုအရွယ်ရောက်ပြီးသူတိုင်းသိထားရတော့မယ်။ဘေးကင်းတဲ့နည်းလမ်းတွေကို ကိုယ်တိုင်လဲကျင့်သုံးရမယ်။ သူများကိုလည်းအသိပေးလမ်းပြရမယ်။”

“အစရခက်ပေမယ့် အမှန်တကယ်လိုအပ်လာပြီဖြစ်တဲ့ပွင့်လင်းမှုပါ။ (Practice→Habit→Culture) ဆိုတဲ့ပြောင်းလဲမှုရှိပါတယ်။ ကျွန်တော်တို့ဟာ ပွင့်လင်းမှု၊ သိစေမှုကို မျိုးဆက်သစ်အတွက် လက်ဆင့်ကမ်းရမယ့်အမွေ။ အမွေမှ အဖိုးတန်အမွေဖြစ်နေပြီ။”

“လူငယ်၊ လူလတ်၊ လူကြီး အမျိုးသားများရဲ့ အရေးပါတဲ့ကဏ္ဍကို သတိထားကြဖို့လိုပါပြီ။ HIV/AIDS ကာကွယ်ရေးမှာ ကျွန်တော်တို့အမျိုးသားများရဲ့ကဏ္ဍဟာ အလွန်အရေးပါပါတယ်။ ယောက်ျားတွေရဲ့စွမ်းပကားဟာမီးလိုပါပဲ။ သုံးတတ်ရင် အင်မတန်အသုံးဝင်

ပါတယ်။ မသုံးတတ်ရင်လဲ အန္တရာယ်ကြီးစွာကျရောက်နိုင်ပါတယ်။ ယောက်ျားပီသတဲ့စိတ်၊ ပြတ်သားခိုင်မာတဲ့ဆုံးဖြတ်ချက်၊ မြင့်မားတဲ့ အတွေးအခေါ်နဲ့မျှော်မြင်နိုင်စွမ်းတွေကိုစနစ်တကျသုံးပြီးကိုယ့်ကိုယ်ကိုစောင့်ထိန်းကာကွယ်နိုင်ခြင်းဟာ ယောက်ျားကောင်းတို့ရဲ့ စွမ်းရည်ပါပဲ။"

"ကိုယ့်ကိုယ်ကို ကာကွယ်လိုက်တာဆိုပေမယ့် ကိုယ့်ချစ်သူ၊ ကိုယ့်ဇနီး၊ ကိုယ့်မိသားစုကိုပါ ကာကွယ်ပြီးသားဖြစ်သွားမှာပါ။ ဦးကံချွန်တို့လို စာရေးသူတွေအနေနဲ့ အလေးထားပြီးရေးပြသင့်ပါတယ်။"

"ရေးသင့်တယ်ဆိုတာသိပေမယ့် အချက်အလက်တွေကို စနစ်တကျမသိလို့ဆက်မရေးဖြစ်တာပါဆရာ။ ကျွန်တော်ကြိုးစားပါ့မယ်။ လူငယ်တွေအတွက်အသိပေးရမယ့်တာဝန်တွေထဲမှာ ဒီတာဝန်ဟာ ဦးစားပေးအဆင့်မှာရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်ဆရာ။"

"ဝမ်းသာပါတယ်ဗျာ။ ရေးပါ ဦးကံချွန်။ သိချင်တဲ့အချက်အလက်တွေပြောပြပါ့မယ်"

×××××

ဒါတွေကကျွန်တော်တို့လူကြီးစကားဝိုင်းမှာ လူငယ်တွေအတွက်ပြောဖြစ်တာတွေပါ။ HIV/AIDS ရောဂါဆိုတာကာကွယ်လို့ရတဲ့ ရောဂါပါ။ လူ့ကျင့်ဝတ်၊ ဘာသာတရားရဲ့အဆုံးအမ၊ တရားဥပဒေရဲ့ တားမြစ်ချက်တွေကို လိုက်နာစောင့်ထိန်းနေမယ်ဆိုရင် အဲဒီရောဂါနဲ့ ကျွန်တော်တို့ရဲ့ လူငယ်တွေဟာ ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်သွားမှာပါ။

ကျွန်တော်လူကြီးစကားဝိုင်းကို ရေးခဲ့တာ လေးပုဒ်ရှိပါပြီ။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

ကျွန်တော်သိစေချင်တဲ့ စကားတွေဆိုလိုရင်းတွေကို ခွဲခြားပြီး မှတ်သားရတာ လွယ်ကူအောင် အပုဒ်ခွဲရေးပြခဲ့ခြင်း ဖြစ်ပါတယ် ခင်ဗျာ။ မှတ်သားသင့်တဲ့ အချက်အလက်တွေချည်းစုပြုံရေးပြရင် မှတ်သားရတာခက်မှာရယ်၊ မမှတ်မိမှာစိုးရိမ်တာရယ်ကြောင့် ခွဲလိုက်ရပါတယ်။

ကျွန်တော်ကတော့ ဆရာကြီးများပြောစကားကို ကျွန်တော့် အိမ်မှာ ပြောပြရင်း အခြားလူငယ်များ၊ စာဖတ်ပရိသတ်များပါ သိစေချင်တဲ့ဆန္ဒကြောင့် ခုလိုရေးလိုက်ရခြင်းဖြစ်ပါတယ်ခင်ဗျာ။ ဖတ်မိသူများကလဲ ဆရာကြီးများပြောခဲ့တဲ့စကားတွေကို ကိုယ့် မိသားစု၊ ကိုယ့်အပေါင်းအသင်းများကြားမှာ လက်ဆင့်ကမ်း ပြော ကြားစေ့ချင်ပါတယ်။ ဆရာကြီးများရဲ့စေတနာကို လေးစားသော အားဖြင့်ပေါ့ခင်ဗျာ။

"ဦးကံချွန်"

"ဆရာ"

"ကျွန်တော်တို့ကတော့ ပြောပြီးပြီ။ စာရေးဆရာ၊ ကာတွန်း ဆရာ၊ အနုပညာသမားတစ်ယောက်ရဲ့ ဆွေးနွေးမှုလဲ ကြားချင်ပါ တယ်။ ဦးကံချွန်တစ်လှည့်ပြောပါဦး"

ကျွန်တော်ပြောချင်တဲ့စကားများကို ကျွန်တော့်ရဲ့ခေါင်းထဲမှာ စီစဉ်ကြည့်နေမိပါတယ်။

**ရတနာပုံသတင်းစာ**

**၇.၁.၂၀၀၁**

**ကံချွန်**

# လူကြီးစကားဝိုင်း (၅)
# ဘယ်လောက်လုပ်မလဲ ဘယ်လို လုပ်မလဲ

ကျွန်တော်တို့ လူကြီးများစကားဝိုင်းမှာ ဆရာဝန်ကြီးများနဲ့ အတူရှိနေခဲ့တာက စာရေးတဲ့၊ ကာတွန်းရေးတဲ့ ကျွန်တော်ကံချွန်ပါ ဝင်ခဲ့ပါတယ်။ အသက်ကြီးလာတာနဲ့အမျှ လူမှုရေးတွေပိုများလာ ပါတယ်။ သက်တူရွယ်တူဝါသနာတူများဆုံမိဖို့ဆိုတာ အလွန်ခက်ခဲ ပါတယ်။ အထူးသဖြင့် ရည်ရွယ်ချက်တူပြီး သီးခြားရပ်တည်နေကြရ တဲ့ဝါသနာတူများပါ။ ဝါသနာတူဆိုရာမှာလည်း ဒုစရိုက်ဝါသနာ တူရင် ဆုံဖြစ်ဖို့လွယ်ပါတယ်။ သုစရိုက်လုပ်ဖို့ ဝါသနာတူများ အတွက်သာ မဆုံဖြစ်ကြတာပါ။

ဆရာကြီး ဦးခင်မောင်ထွန်းက ကျွန်တော့်သဘောထားကို မေးပါတယ်။ ဆွေးနွေးမှုကို ကြားချင်တယ်လို့ ဆိုပါတယ်။ ကျွန်တော် က ဒီနေ့အမျိုးသားများကြီးငယ်ရွယ်လတ်ကို အရွယ်နဲ့ မခွဲဘဲ ပညာ အရည်အချင်းနဲ့ခွဲပြီး စဉ်းစားမိတာပြောပြမိတယ်။

ခု ကျွန်တော်ပြောမှာက ကျွန်တော့်လက်တစ်ကမ်းထိတွေ့နေ ရတဲ့ဝန်းကျင်ပေါ်မူတည်ပြီး ဆွေးနွေးမှာပါ။ ကျွန်တော့်လက်တစ် ကမ်းမှာရှိတဲ့ အမျိုးသားတွေကို ပညာရေးနဲ့ ခွဲကြည့်မိတယ်။ ဘွဲ့ရ ပညာတတ်က အနည်းဆုံး၊ အထက်တန်းအဆင့်က အသင့်အတင့်ရှိ ပြီး မူလတန်းအဆင့်သာတတ်တဲ့သူကများပါတယ်။ ဒီအလွှာသုံးခု မှာ မူလတန်းအဆင့်သာ တတ်တဲ့အလွှာထဲမှာ အများဆုံးဖြစ်တာ

www.burmeseclassic.com

ကိုတွေ့ရပါတယ်။ ဒါကျွန်တော့်ဝန်းကျင်မှာ အများဆုံးဆိုတာ နှစ်ဦး သုံးဦးကိုဆိုလိုတာပါ။ ကျွန်တော့်ဝန်းကျင်ကဘွဲ့ရပညာတတ်အလွှာ ထဲမှာတော့ ဘာမှ မကြားမိသေးပါဘူး။

ဒီကိစ္စကို ဦးတည်ပြောရတာက ရိုးရိုးသားသားတွေ ဗဟုသုတ နည်းသူတွေဟာ ပိုဖြစ်နိုင်ခြေရှိတယ်ဆိုတာ ပေါ်လွင်စေချင်လို့ပါ။ သူတို့ဟာ ဒီရောဂါဖြစ်ပြီဆိုရင်သိတယ်။ ကွယ်လွန်သွားပြီဆိုရင် စောင်စုတ်အိပ်ယာခင်းစုတ်ကအစ မီးရှို့ပစ်တယ်။ စဉ်းစားကြည့် တော့သူတို့ကြောက်နေတာကရောဂါဖြစ်တဲ့လူကိုပဲ။ ရောဂါကူးစက် ဖြစ်ပွားနိုင်တဲ့အကြောင်းရင်းတွေ မသိကြတော့ ရောဂါကိုတော့ မကြောက်သလိုဖြစ်နေတယ်။ အမှန်ကတော့ မသိတာ။ ဒါကြောင့် ရောဂါဖြစ်နိုင်တဲ့အမှုတွေကို လွယ်လွယ်နဲ့ကျူးလွန်နေကြတယ်။ ရှောင်ရကောင်းမှန်း ဆင်ခြင်ရမှန်း မသိကြဘူး။ ဒီတော့ ရောဂါ အကြောင်းဗဟုသုတရှိအောင်၊ သိအောင် ကျွန်တော်တို့ ဘယ်လို လုပ်ပေးရမလဲဆိုတာ တစ်ချက်စဉ်းစားရပါမယ်။ သူတို့ကို ကြောက် တတ်ပြီးသိဖို့ပြောပြနိုင်ရပါမယ်၊ အသိပေးနိုင်ရပါမယ်။

အဲသလို အသိပေးဖို့ဆိုရင်တော့ ပွင့်ပွင့်လင်းလင်းပြောဆိုဖို့ ရိုးရိုးသားသား နေထိုင်ကြဖို့ အရင်ဆုံးလုပ်ပေးရမယ်၊ လေ့ကျင့်ပေး ရမယ်လို့ ထင်ပါတယ်။ ဒီတော့ ပွင့်လင်းတာနဲ့ ညစ်ညမ်းတာ၊ ရိုးသားတာနဲ့ဟန်ဆောင်တာ ခွဲခြားနားလည်အောင်၊ ကွဲကွဲပြားပြား သိအောင် လုပ်ပေးရမှာပါ။ တကယ်ရိုးသားတာ မဟုတ်ဘဲ ရိုးသား ချင်ဟန်ဆောင်နေသူတွေမှာ ဒီရောဂါရနိုင်ပါတယ်။ ကျွန်တော်တို့

တကယ်ကို ရိုးသားရမယ်၊ ပြီးတော့ ပွင့်လင်းရမယ်။ ကိုယ်ကမှ မနေနိုင်လို့ မထိန်းနိုင်လို့ ဒုစရိုက်ကို ကျူးလွန်တော့မယ်ဆိုမှတော့ ကွန်ဒုံးဝယ်ဖို့ ရှက်နေလို့မဖြစ်ပါဘူး။

ဒါက တစ်ပိုင်းပေါ့လေ။ ဒီရောဂါအကြောင်းကို အတိုင်းအတာ တစ်ခုထိ သိထားပြီးသူတွေကရော ကိုယ့်မိသားစုကိုပြောဖူးရဲ့လား။ ကိုယ့်ဝန်းကျင်ကိုပြောဖူးရဲ့လား။ ပြန်စဉ်းစားကြည့်ပါ။ ကျွန်တော် တို့ဟာ မရှက်သင့်တာကို ရှက်နေကြတယ်။ ရှက်နေတာနဲ့ပဲ အရွယ် ရောက်လာပြီဖြစ်တဲ့ ကျွန်တော်တို့ရဲ့သားကို၊ ကျွန်တော်တို့ရဲ့သမီး ကို ရေတိမ်နစ်ခံမလား။ ဒါကို အလေးအနက်သတိထားရတော့ မယ်။ စဉ်းစားရတော့မယ်။

ကောင်းတာကတော့ မိသားစု စုံညီညီတဲ့ အချိန်တစ်ချိန်ရှိ သင့်ပါတယ်။ နေ့စဉ်မဟုတ်ပါဘူး။ တစ်ပတ်တစ်ခါမဟုတ်ပါဘူး။ တစ်လမှ တစ်ရက်လောက်ပါ။ အဲသလိုနေ့မှာ စီးပွားရေး၊ လူမှုရေး၊ ပညာရေးအတွက် တကယ်ပြောသင့်တာ အသိပေးသင့်တာပေါ့၊ ကျန်းမာရေးအတွက် အရေးကြီးတာတွေပေါ့။ ဘယ်နိုင်ငံ ဘယ်မြို့ မှာတော့ လူပေါင်းဘယ်လောက်သေရတော့မယ်။ အပျော်အပါး လိုက်စားလို့ရတဲ့ရောဂါ။ အဲဒါကို ကာကွယ်ဆိုရင် ဘယ်လိုလုပ်မှ ကာကွယ်ရာရောက်မယ်။ ကျွန်တော်ဆိုလိုတာက ကျွန်တော်တို့ မိသားစုတိုင်းမှာ မိသားစုနေ့ (Family day) ရှိသင့်တယ်။ အဲဒီနေ့ မှာ မိသားစုတွင်း ပွင့်လင်းမှုကို လေ့ကျင့်ထူထောင်ယူရမယ်။

"ကျွန်တော်တို့ သိသူများအနေနဲ့ မသိသေးသူများကို အသိပေး ဖို့ တာဝန်ရှိတယ်ဆိုရင် ဘယ်လိုပုံစံနဲ့ပေးသင့်သလဲ - ဦးကံချွန်ရဲ့

www.burmeseclassic.com

သဘောထားပြောပါဦး”

“နည်းမျိုးစုံသုံးရမှာပဲ ဆရာ၊ စာလည်းရေးရမှာပဲ၊ စာမဖတ်သူတွေအတွက်တော့ ဟောပြောပွဲတွေ သတိပေးပိုစတာ၊ ဓါတ်ပုံပြပွဲတွေ၊ ဒါတွေ အားလုံးမှာ ပါသင့်တာက”

“ပြောပါဦး”

“ရသ ပါ ဆရာ။ သုတကို ရသနဲ့ တွဲပေးရင်တော့ စွဲသွားမယ်၊ မှတ်မိသွားမယ်လို့ ယုံပါတယ်။ ပြီးတော့ ပုဂ္ဂိုလ်ခင်မှ တရားမင်တယ် စကားလည်းရှိပါတယ်ဆရာ။ ကျွန်တော်တို့ ပြောချင်တဲ့အချက်အလက်တွေကို ပြည်သူက ချစ်ခင်နေတဲ့ အနုပညာရှင်တွေကတစ်ဆင့် အပြောခိုင်းရရင် -”

ဒါတွေကတော့ ကံချွန်ဆွေးနွေးဖြစ်တာပါခင်ဗျာ” ကျွန်တော်တို့ လူငယ်တွေကို ချစ်ရင် လူငယ်တွေကို “မီး” ဆိုတာ ပူတတ်မှန်းသိအောင်၊ အန္တရာယ်မှန်းသိအောင် ပြောပြရမှာပါ။ ကိုင်ကြည့်မှ သိရမယ်ဆိုရင် မီးကလောင်ပြီးဖြစ်သွားမှာပါ။ ဒါတွေက လူငယ်တွေအတွက် ကျွန်တော်တို့ လူကြီးစကားဝိုင်းမှာ ပြောဖြစ်တဲ့ စကားတွေပါ။

**ရတနာပုံသတင်းစာ**

**၁၄.၁.၂၀၀၁**

**ကံချွန်**

# လူကြီးစကားဝိုင်း (၆)
# ဘယ်လိုပညာပေးမလဲ

ကျွန်တော်တို့ရဲ့ အစဉ်အလာ ယဉ်းကျေးမှု၊ ဓလေ့ထုံးစံ၊ လူနေမှုစနစ်က အရှက်အကြောက်တရားအပေါ်မှာ အခြေခံခဲ့တာပါ။ ဒီနေ့ (HIV / AIDS) ရောဂါဆိုးကြီးပေါ်လာလေတော့ ရှက်သင့်တာနဲ့၊ မရှက်သင့်တာခွဲခြားရပါတော့မယ်။ မရှက်သင့်တာတွေအတွက် ပွင့်လင်းရပါတော့မယ်။ တကယ်ကြောက်သင့်တာကိုလဲ ကြောက်ဖို့လိုလာပါပြီ။ လူငယ်တွေကို သိအောင်ပြောရမယ်ဆိုတဲ့ဆီမှာ ဘယ်လိုပုံစံနဲ့ပြောကြမလဲ။ ဘယ်လို ပညာပေးမလဲဆိုတာ ကျွန်တော်တို့စကားဝိုင်းမှာ ကျွန်တော်မေးခဲ့ပါတယ်ခင်ဗျာ။

ကျွန်တော်တို့ဟာ လက်တွေ့ပြောဆိုနေကြတဲ့ဆီမှာကိုပဲ "လိင်ပညာပေး" ဆိုတဲ့စကားကို ရှောင်တိမ်းပြီး ပြောနေကြပါတယ်။ ဒီလိုပြောနေရင်း သတိရမိတာတစ်ချက်ကတော့ ကွယ်လွန်သူ ဆရာကြီးဦးဆန်းထွန်း ပြောခဲ့ဖူးတဲ့စကားပါ။ ဆရာကြီးက ကျွန်တော် တို့ဆုံတိုင်း "ကိုကံချွန်လေးတို့ တစ်ခုခုမေးပါလား" ဆိုပြီး ခိုင်းတတ်ပါတယ်။ ကျွန်တော်တို့ကလည်း ဘာမေးရမှန်းမသိတော့ ပြုံးနေကြတာပဲ။ "ကိုကံချွန်လေးတို့မသိတာမရှိတော့ဘူးလား၊ ကျုပ်ကလဲ ခင်ဗျားတို့မေးမှ ပြောပြလို့ရမှာ" ဆိုပြီး ဆရာကြီးဟာ သူ့ရဲ့ ပြောင်နေတဲ့နဖူးကြီးကို လက်ဝါးနဲ့ပွတ်ရင်း စဉ်းစားနေတတ်ပါတယ်။ ဘယ်သူမှဘာစကားမှမပြောကြတော့ ဆရာကြီးကပဲ မေးပါ

www.burmeseclassic.com

တယ်။

"ဖောဋ္ဌဗ္ဗာရုံဆိုတာ သိသလား"

"အထိအတွေ့ကြောင့် သာယာတဲ့စိတ်ပါဆရာ"

"ဘယ်လိုအခါ ဖြစ်တတ်သလဲ"

"ယောကျ်ားနဲ့မိန်းမ"

ဆရာကြီးက လက်ကာတားပါတယ်။

"ကိုကံချွန်လေးတို့က ဖောဋ္ဌဗ္ဗာအာရုံမှာ မနစ်မွန်းစေနဲ့ ဆိုလိုက်ရင် ယောကျ်ားနဲ့မိန်းမထိတွေ့မှ ဖြစ်ပေါ်တယ်ပဲ ထင်ထားကြတာကိုး။ ဒါကြောင့် မမှားသင့်တာတွေမှာ မှားနေကြတာပေါ့။ စဉ်းစားကြည့်စမ်းပါ။ ကိုကံချွန်လေး စဉ်းစားကြည့်လေ။ သတင်းစာစက္ကူတို့၊ ဗလာစာအုပ်ထဲက စက္ကူတို့ ရေနေရတာနဲ့ ငွေစက္ကူတွေရေနေရာတာ ဘယ်ဟာကပိုပြီးအရသာရှိသလဲ။ စက္ကူချင်းအတူတူမှာ စိတ်ကသတ်မှတ်ကွဲပြားသွားလို့ အထိအတွေ့အာရုံမှာ ထူးခြားသွားရတာလေ။ အဲဒါ ဖောဋ္ဌဗ္ဗာရုံမှာ စွဲလမ်းတာ။ စိတ်ကြောင့် စက္ကူချင်းအတူတူပဲလို့ သဘောမထားနိုင်တော့ဘူး။ ယောကျ်ားနဲ့မိန်းမဆိုတာလဲ ဒါပါပဲ။ လူဆိုပြီး မမြင်တော့တာ။ သတ်မှတ်ချက်ကွဲပြားမှုက ရှိနေပြီလေ"။

ဆိုပြီး ပြောခဲ့ဖူးတာကို အမှတ်ရမိပါတယ်။ ကျွန်တော်တို့ဟာ သတ်မှတ်ချက်တွေအပေါ်မှာ အစွဲထား၊ အလေးထားနေတာကြောင့် သတိလက်လွတ်ဖြစ်ရတာတွေအများကြီးရှိပါတယ်။ "လိင်" ပညာပေးဖို့ရာမှာလဲ ကျွန်တော်တို့ သတိလက်လွတ်ဖြစ်ခဲ့ရတာဟာ ငွေစက္ကူနဲ့ ဗလာစက္ကူ စက္ကူချင်းအတူတူဆိုပြီး မမြင်မိသလို၊ မတွေး

မိသလို၊ ဖြစ်ခဲ့ရလို့ပါ။ ဒီလို စဉ်းစားမိတာက ဆရာဦးအောင်မြင့် စကားကြောင့်ပါ။

❖ ❖ ❖ ❖ ❖ ❖ ❖

"ကျွန်တော် ရောက်ခဲ့တဲ့ ---- နိုင်ငံမှာ လိင်ပညာပေးကို မူလတန်းကနေစဖို့ပြင်ဆင်နေပြီ၊ ကလေးတွေရဲ့ အရွယ်ရောက်မှု စောလာတဲ့အတွက်ကြောင့်ပေါ့။ ကလေးတစ်ယောက်အရွယ်ရောက်တာနဲ့ လိင်နဲ့ပတ်သက်လို့ ဘယ်လိုသဘောထားရမယ်ဆိုတာ သိသင့်သမျှ သိထားဖို့ပေါ့"

"ဘယ်လိုပညာပေးသလဲ၊ ဘယ်လိုသင်ပေးတာလဲဆိုတာ နည်းနည်းရှင်းပြပါလားဆရာ"

"အခြေခံသဘောကတော့ ခန္ဓာအစိတ်အပိုင်းတိုင်းကို တန်ဖိုးထားတတ်အောင် သင်ပေးတဲ့သဘောပါ။ ကျွန်တော်တို့က လမ်းလျှောက်တတ်၊ ပြေးတတ်တဲ့ကလေးကို ခလုတ်မတိုက်မိဖို့၊ မှောက်မလဲစေဖို့ သတိပေးတယ်။ တန်းတွေ့ရင် ကျော်သွားအောင်၊ လှေကားတွေ့ရင်တက်တတ်အောင် လေ့ကျင့်ပေးတယ်ဗျာ။ ကျောင်းနေတဲ့အရွယ်ရောက်လာတော့ ခဲတံချွန်ရင် လက်ဓါးရှမိမယ်နော်၊ သတိထားဆိုပြီး သတိပေးတယ်ဗျာ။ နွေရာသီရောက်လာရင် ဟဲ့-ဦးထုပ်ဆောင်း၊ ဖိနပ်စီး၊ နေပူထဲ ဖိနပ်မပါဘဲ မထွက်နဲ့၊ မျက်စိကျိန်းမယ်နော် ဆိုတယ်မဟုတ်လား။ ရေချိုးတာကအစ ကြာနေရင် ဟဲ့-တော်တော့ အအေးမိလိမ့်မယ်။ အအေးပတ်လိမ့်မယ်ဆိုပြီး သတိပေးကြတယ်လေ"

"ဒါတွေဟာ တကယ်တော့ အရွယ်အရ၊ လှုပ်ရှားမှုအရ သူတို့

www.burmeseclassic.com

တွေ့ကြုံနိုင်တဲ့ အန္တရာယ်တွေကို ပြောပြရင်း၊ သတိပေးရင်း ပညာပေးနေတာပဲ။ သိအောင်လုပ်ပေးနေတာပဲ။ ဘာလုပ်ရင် ဘာဖြစ်တယ်ဆိုတာ သိမှ မလုပ်မှာကိုး။”

“ဆက်ပြောပါဦး”

“ဦးကံချွန် သတိထားမိရဲ့လား”

“ဘာပါလိမ့်”

“ကျွန်တော်တို့ဟာ ကိုယ့်သား၊ သမီးကို အရွယ်အရ သိသင့်သိထိုက်တာတွေ၊ သတိပေးသင့်တာတွေ၊ ပြောပြတာတွေ၊ လေ့ကျင့်ပေးတာတွေမှာ ခြေထောက်မနာစေဖို့၊ ခလုပ်မတိုက်ဖို့ကစပြီး မျက်စိမနာစေဖို့ထိပေါ့ဗျာ။ ခန္ဓာကိုယ်အစိတ်အပိုင်းတိုင်းအတွက် အန္တရာယ်ဖြစ်နိုင်တာတွေကို အရွယ်နဲ့လိုက်ပြီး သတိပေးခဲ့သိအောင် ပြောပြခဲ့ကြတယ်။ မျက်စိကို တန်ဖိုးထားတတ်အောင်၊ ခြေတွေလက်တွေကို တန်ဖိုးထားတတ်အောင် မလုပ်သင့်တာမလုပ်ဖို့ တားခဲ့ကြတယ်။ ဟဲ့ - ခုန်မချနဲ့ ကျိုးလိမ့်မယ်တို့၊ ဟဲ့- သံဂဟေဆော်တာမကြည့်နဲ့ မျက်စိပျက်လိမ့်မယ်တို့ ဆိုတာတွေပေါ့နော်။ ဒါပေမယ့် ကိုယ့်သား၊ သမီးအရွယ်ရောက်လာမယ့်အချိန်မှာ သူတို့ရဲ့ သွေးသားပြောင်းလဲမှုကြောင့် သူတို့ သတိထားရမယ့်ခြေတို့၊ လက်တို့၊ မျက်စိတို့လိုပဲ ခန္ဓာကိုယ်ရဲ့ အစိတ် အပိုင်းတစ်ခုဖြစ်တဲ့ “လိင်” နဲ့ပတ်သက်ပြီး သိသင့်တာတွေပြောပြဖူးရဲ့လား။ ဖြစ်နိုင်တဲ့ အန္တရာယ်တွေကို သတိပေးဖူးရဲ့လား။ ဘယ်လို ထိန်းသိမ်းရမယ်ဆိုတာ ရှင်းပြဖူးရဲ့လား။ ရဲရဲဖြေရမယ်ဆိုရင်တော့ ခေါင်းယမ်းပြရမှာပဲ ဦးကံချွန်။ ဒီနေ့ ကျွန်တော်တို့က အဲသလို ပစ်ထားလို့ မရ

တော့ဘူး။ သိအောင်ပြောပြရတော့မယ်။ အရွယ်ရောက်လာတာနဲ့ အနေအထိုင်မတတ်ရင် သူတို့ ရင်ဆိုင်ရမယ့် ရောဂါအသစ် အဆန်းတွေကအများကြီးရှိနေပြီကိုး။ ဒီတော့ သူတို့ကို သိအောင် ပြောဖို့တာဝန် ဘယ်သူယူမလဲ။ အရွယ်ရောက်စကလေးတွေ၊ သွေးသားပြောင်းစကလေးတွေဟာ မတ်တတ်ပြေးစကလေး ခလုတ်တိုက်နိုင်သလိုပဲ လိင်ကိုအကြောင်းပြုပြီး ရောဂါရနိုင်တယ်။ အန္တရာယ်ဟာ လက်တစ်ကမ်းမှာ ရှိနေတယ်။ ကျွန်တော်တို့ ပြောပြမှုကိုဖြစ်မှာ။ သိသင့်တာတွေသိအောင်ပြောပြရမယ်၊ ကိုယ်ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လိင်ကိုလည်း အလေးထား ထိန်းသိမ်းနည်းမျိုး၊ မျက်စိကိုထိန်းသိမ်းနည်းမျိုး၊ ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုဖြစ်တဲ့ လိင်ကိုလည်း အလေးထားထိန်းသိမ်းတတ်ဖို့ အတွက် လိင်ကိုအကြောင်းပြုပြီး ရလာမယ့်ရောဂါတွေအကြောင်း အသိပေးရမယ်။ ကဲ - ကျွန်တော်တို့စဉ်းစားရအောင်။ ဘယ်လိုပေးမလဲ။ ဘယ်သူတွေကပေးမလဲ။ ဒီအရွယ်တွေဟာ မိဘနဲ့ထိတွေ့ရတဲ့အချိန်ထက် ဆရာ၊ ဆရာမများနဲ့ ထိတွေ့ရတဲ့အချိန်ကပိုများတယ်။ နောက် - လူငယ်ချင်းထိတွေ့နေတဲ့အချိန်က ရှိသေးတယ်။ မိဘနဲ့တွေရတဲ့အချိန်ကနည်းသလို မိဘကလဲ ကိုယ့်အလုပ်နဲ့ကိုယ်၊ သားသမီးကလဲ သူတို့စာနဲ့သူတို့ဆိုတော့ အေးအေး ဆေးဆေး နားနား နေနေတွေ့ဖို့ဆိုတာ၊ ကြုံဖို့ဆိုတာ သိပ်နည်းပါတယ်။ ဒါကြောင့် သူတို့တွေဆီမှာတော့ ဒီပညာပေးလုပ်ငန်းကို ကျောင်းတွေက တာဝန်ယူကြတာပါ။ ဘယ်လိုပညာပေးတာလဲဆိုတော့

www.burmeseclassic.com

ခန္ဓာကိုယ် အစိတ်အပိုင်းတိုင်းရဲ့ တန်ဖိုးကို သိအောင်၊ ထိန်းသိမ်းတတ်အောင် ဖြစ်နိုင်တဲ့အန္တရာယ်တွေပြောပြပြီး ဆင်ခြင်နိုင်ဖို့၊ ကာကွယ်နိုင်ဖို့ ပညာပေးရတာပေါ့”

❖ ❖ ❖ ❖ ❖ ❖ ❖

ကျွန်တော်တို့လူကြီးစကားဝိုင်းကို (၅) ပုဒ်လောက်ပဲ ရေးဖြစ်မယ်လို့ ထင်ခဲ့ပေမယ့် ခု (၆) ပုဒ်ထိရေးဖြစ်သွားပါပြီ။ စကားဝိုင်းသိမ်းတော့ ကျွန်တော်တို့ဖြစ်စေချင်တဲ့ စေတနာဆန္ဒတွေနဲ့ ပြောဖြစ်ကြပါတယ်ခင်ဗျာ။ ပွဲသိမ်းစကားများကို ဆက်ရေးပြနိုင်ဖို့ ကျွန်တော် ပြန်တွေးရင်း မှတ်စုထုတ်ကြည့်ပါဦးမယ်။

လူငယ်များအတွက် ကျွန်တော်တို့ပြောမိသမျှပါ။

**ရတနာပုံ သတင်းစာ**

**၂၁. ၁. ၂၀၀၁**

**ကံချွန်**

# လူကြီးစကားဝိုင်း (၇)
# ကောက်သင်းကောက်စကားများ

ထုံးစံအတိုင်းပေါ့ခင်ဗျာ။ ကဲ ပြန်ကြစို့လားဆိုပြီးကာမှ စကားအမျှင်မပြတ်ဘဲ ပြောချင်တဲ့စကားလက်ကျန်ကိုပြောရင်း မေးချင်တဲ့စကားလက်ကျန်ကိုမေးရင်း ပြောဖြစ် မေးဖြစ်တဲ့စကားလေးတွေပါ။ ထိုင်ရာက ထပြီးကမှ မတ်တတ်စကားဝိုင်းမှာ ပြောဖြစ်တဲ့စကားတွေဆိုပါတော့။

❖ ❖ ❖ ❖ ❖ ❖ ❖

"သူတို့ဆီမှာတော့ လိင်ပညာပေးကို ကျောင်းတွေက ဆရာ၊ ဆရာမတွေကပဲသင်ပေးတာပေါ့"။

"ဟုတ်တယ်၊ ရုပ်မြင်သံကြားလို စာနယ်ဇင်းလို မီဒီယာတွေက လွှင့်ထုတ်ဖော်ပြတာတွေလည်းရှိတယ်"။

"ကျွန်တော်တို့ဆီမှာ လုပ်မယ်ဆိုရင်"

"ပွင့်လင်းမှုကို ပထမလေ့ကျင့်ပေးရဦးမယ်ဗျ။ ပြောရဲ ဆိုရဲရှိဖို့ပေါ့၊ ကျောင်းဆရာ၊ ဆရာမတွေအနေနဲ့ နှုတ်ရဲမယ် မထင်ဘူး။ အခက်အခဲတွေ့နိုင်တယ်"။

"အဲဒီ ပြဿနာကို ဘယ်လိုဖြေရှင်းနိုင်မယ်လို့များ စဉ်းစားထားတာရှိသလားဆရာ။ တကယ်လို့ ကျောင်းတွေမှာ ပညာပေးအစီအစဉ် စမယ်ဆိုရင်ပေါ့"

"ပထမစဉ်းစားရမှာက ဘယ်အတန်းက စမလဲဆိုတာပေါ့ဗျာ။

အလယ်တန်းက စမယ်ဆိုရင် အလယ်တန်းအဆင့် အလယ်တန်း အရွယ်နဲ့ အံဝင်မယ့် သင်ခန်းစာကို ပထမပြုစုရမှာပေ့ါ။ အထက် တန်းဆိုရင် အထက်တန်းနဲ့အံဝင်ခွင်ကျဖြစ်မယ့် သင်ခန်းစာပေ့ါ။ ဒါဟာ တကယ်သိသင့်သိထိုက်တဲ့ဘာသာရပ်ဆိုတာ ကျောင်းသား တွေအလေးအနက်လက်ခံလာဖို့လိုတယ်။ အဲဒါမှလည်း ဒီပညာပေး မှုဟာ ထိရောက်မယ်"

"လိင်ပညာပေးအစီအစဉ်ကြောင့် မလိုလားအပ်တဲ့ဘေးထွက် ဆိုးကျိုးတွေရောရှိမလာနိုင်ဘူးလားဆရာ"

"ဆိုးကျိုးနဲ့တော့ ကောင်းကျိုးချိန်ထိုးကြည့်ရမှာပေ့ါ ဦးကံချွန် ဘေးထွက်ဆိုးကျိုးက ဆယ်ရာခိုင်နှုန်းလောက်ပဲရှိမယ်ဆိုရင် ကောင်းကျိုးကိုးဆယ်ရာနှုန်းကို အလေးထားရမှာပေ့ါ" ဒါကလည်း မေးလာလို့ ဖြေရတာပါ။ တကယ်တော့ ပညာမပေးမိလို့ ကြုံရမယ့် ဆိုးကျိုးက မတွေးဝံ့စရာပါ"

"ကျောင်းတွေမှာ ပညာပေးတာနဲ့ လူငယ်ထုအားလုံးကြား ရောက်ပါ့မလား"

"လူငယ်ဆိုတာ လူငယ်ချင်းပေါင်းမှာပဲ။ ကျောင်းသားလူငယ် တွေသိသားရင် သူတို့ရဲ့သူငယ်ချင်းလုပ်ငန်းခွင်က လူငယ်တွေ လည်း သိမှာပါပဲ"။

"ပထမစကားပြန်ကောက်ရအောင် ဆရာ - ကျောင်းက ဆရာ ဆရာမတွေနှုတ်မရဲရင် ဘယ်လိုလုပ်မလဲ"

"ကျွန်တော်တွေးမိတာပေ့ါလေ-မြို့နယ်တွေက သူနာပြု

ဆရာမတွေကို သင်တန်းပေးပြီး ကျောင်းတွေကို ဝင်ပြောဖို့ စီစဉ်ရင်တော့ ဖြစ်နိုင်တယ်ဗျ။ ကျန်မာရေးကို အခြေခံတဲ့အကြောင်းအရာမှာ ကျန်းမာရေးဝန်ထမ်းတွေပြောတာပိုပြီး အဆင်ပြေမယ်ထင်တယ်”

“သင်ခန်းစာပြုစုမယ်ဆိုရင် နိုင်ငံခြားက သင်ခန်းစာတွေကို အခြေခံမလား”

“အချက်အလက်လောက်ပဲယူလို့ရမယ်ဗျ” အဓိကအခြေခံရမှာကတော့ ကျွန်တော်တို့လူမျိုးရဲ့ဓလေ့စရိုက်အပေါ် အခြေခံရမှာပဲ။ ကျွန်တော်တို့လူမျိုးရဲ့ အမူအကျင့်၊ ကျွန်တော်တို့လူမျိုးရဲ့ အလေ့အထ၊ အားလုံးစဉ်းစားရမှာပေ့ါ။ ကျွန်တော်တို့ရှိနေပြီးသား တရားဥပဒေတွေကိုလည်း အသိပေးပြောပြရမယ်။ ဘာသာတရားရဲ့ ဆိုဆုံးမမှုတွေကိုလည်း ထည့်ပြောရမယ်။ ကျန်မာရေးရှုထောင့်က ဆောင်ရန်ရှောင်ရန်တွေကိုလည်း ပွင့်ပွင့်လင်းလင်းအသိပေးရမှာပေ့ါ။ နောက်ပြီး လူမှုရေးစိတ်ဝင်စားတဲ့ ပရိသတ်ချစ်တဲ့အနုပညာရှင်တွေရဲ့ အကူအညီလည်း လိုပါတယ်။ ဆိုကြပါစို့ဗျာ။ ကျွန်တော်တို့ရုပ်မြင်သံကြားကနေ၊ ကျန်မာရေးအသိပေးဖို့ လွှင့်ထုတ်မယ့်အကြောင်းအရာကို အင်တာဗျူးကို မေးသူနေရာမှာ မင်းသားကြီးဦးကျော်ဟိန်းတို့၊ ဦးကျော်သူတို့၊ ကိုလွင်မိုးတို့၊ ဒွေးတို့လို လူငယ်တွေအပေါ် ဩဇာရှိသူက ကူညီပါဝင်ပေးမယ်ဆိုရင် ပိုစိတ်ဝင်စားမယ်။ စိတ်ဝင်စားမှုကြည့်ဖြစ်မယ်။ အလေးအနက်ကြည့်ဖြစ်မှ ထိရောက်မယ်။ ပုဂ္ဂိုလ်ခင်မှ တရားမင်မယ်ဆိုတဲ့ စကားလည်း ရှိတယ်လေ။

❖ ❖ ❖ ❖ ❖ ❖ ❖

www.burmeseclassic.com

ဒါတွေက ကျွန်တော်တို့ စကားဝိုင်းအသိမ်းမှာ ပြောဖြစ်တဲ့ လက်ကျန်စကားတွေပါ။ HIV/ AIDS ဆိုတာကြိုတင် ကာကွယ်လို့ ရတဲ့ရောဂါပါ။ မဖြစ်အောင်နေလို့ရတဲ့ရောဂါပါ။ မကူးစက်အောင် နေလို့ရတဲ့ရောဂါပါ။ ကျွန်တော်တို့ဟာ လူငယ်တွေကို သိအောင် ပြောပြဖို့ပဲလိုပါတယ်ခင်ဗျာ။ မသိလို့မဆင်ခြင်တာပါ။ သိရင်တော့ ဆင်ခြင်ကြမှာပေါ့။ သိအောင် ပြောပြဖို့က ကျွန်တော်တို့ လူကြီးတွေ ရဲ့တာဝန်ပါ။

ဘာသာတရားရဲ့အဆုံးအမနဲ့

တရားဥပဒေရဲ့တားမြစ်ချက်တွေမှာ ကျန်မာရေးအသိကို အချိုးညီညီပေါင်းပေးကြမှ ဖြစ်ပါတော့မယ်ခင်ဗျာ။ နိုင်ငံတကာမှာ လူသားတိုင်းရင်ဆိုင်နေကြရတဲ့ ပြဿနာမို့ ကျွန်တော်တို့လည်း သတိရှိကြရမှာပေါ့။

**ရတနာပုံသတင်းစာ**

**၂၈. ၁. ၂၀၀၁**

**ကံချွန်**

# အသိစိတ်ဆိုတာ (၁)
# ကိုယ်ပိုင်ဖြစ်ဖို့

အသိစိတ်ဆိုတာ ဝယ်လို့၊ ငှားလို့ ရတာမျိုးမဟုတ်ပါဘူး။ အတင်းပေးလို့လဲ ရှိသွားနိုင်တာမျိုးမဟုတ်ပါဘူး။ လူငယ်တွေအသိစိတ်ရှိဖို့အတွက် သိပ်လိုအပ်ပါတယ်။ အသိတ်စိတ်ရှိတဲ့ လူငယ်တွေဖြစ်အောင် ဘယ်လိုလုပ်ရမလဲ။ လေ့ကျင့်ရမလဲ၊ ပြုစုပျိုးထောင်ယူရမလဲ၊ ရှာဖွေမှတ်သားစေရမလဲဆိုတာ သေသေချာချာစဉ်းစားကြည့်မိပါတယ်။ ရော့--- အင့် ဆိုပြီး ပေးလိုက်လို့မရတဲ့"အသိစိတ်"ကို လူငယ်တွေဆီရောက်အောင် ဘယ်လိုလုပ်ရမလဲ။

ကံချွန်ဘာလို့ အခုလိုတွေးမိသလဲဆိုတော့ အသိစိတ်ရှိတဲ့ လူငယ်တွေဖြစ်ဖို့ အလွန့်အလွန်အရေးကြီးလို့ပါခင်ဗျာ။ အသိစိတ်ရှိမှသာ ---

စည်းကမ်းတွေ လိုက်နာပါမယ်။
လူမှုရေးတွေ သိတတ်ပါမယ်။
တာဝန်တွေ ကျေပွန်ပါမယ်။
ဝတ္တရားတွေ နားလည်ပါမယ်။
ဥပဒေတွေလေးစားပါမယ်။

အသိစိတ်မရှိရင် ဒါတွေအားလုံး ပျက်ကွက်မှာပါ။ အသိစိတ်မရှိသူတွေဟာ စည်းကမ်းမဲ့ရမှာကိုမရှက်တော့ပါဘူး။ စည်းကမ်းကိုစောင့်ကြည့်သူရှိမှသာ လိုက်နာတတ်တာမျိုးဖြစ်သွားပါမယ်။ ရုံး၊

www.burmeseclassic.com

ကျောင်း၊ လမ်း၊ ဈေး စတဲ့နေရာအနှံ့မှာ "သတိဆိုင်းဘုတ်" တွေ "လိုက်နာရန်ပိုစတာ"တွေရှိပါတယ်။ အဲဒါတွေဟာ လိုက်နာကျင့်သုံး ရမယ့် အချက်အလက်တွေပါ။

အသိစိတ်မရှိလို့ကတော့ လူမှုရေးနဲ့ပတ်သက်တဲ့လိုက်နာရတာ တွေမှာ ပိုဆိုးပြီပေါ့။ လူမှုရေးဆိုတာ "ဆိုင်းဘုတ်ချိတ်" သတိပေး ထားတာမျိုးမှ မဟုတ်ဘဲ။ သင့်-မသင့်ဆိုတာ အသိစိတ်နဲ့ဆုံးဖြတ်ပြီး လိုက်နာကျင့်သုံးရတာပါ။ အပြုအမူ၊ အပြောအဆို၊ အနေအထိုင် အားလုံးဟာ ကိုယ့်ကြောင့် သူတစ်ပါးအနှောင့်အယှက်မဖြစ်အောင် ထိန်းသိမ်းနေထိုင်ပြောဆိုရတာဟာ လူမှုရေးပါ။ ကိုယ့်ကြောင့် သူတစ်ပါး လူမှုရေး၊ စီးပွားရေး၊ ပညာရေးစတာတွေမှာ ထိခိုက် နစ်နာမှုမဖြစ်အောင် သိတတ်တာဟာ လူမှုရေးပါ။ ကိုယ့်ကြောင့် သူတစ်ပါးရဲ့အခက်အခဲပြေလည်သွားအောင် ဖန်တီးပေးနိုင်တာ ဟာ လူမှုရေးပါ။ အသိစိတ်မရှိရင် ဒီလူမှုရေးတွေအားလုံး ပျက်ကွက် မှာပါပဲ။

ပြီးတော့ ----

အသိစိတ်မရှိရင် တာဝန်ကျေပွန်သူလည်း မဖြစ်နိုင်ပါဘူး။ တာဝန်ကျေသူဖြစ်ဖို့အတွက် အခြေခံလိုအပ်ချက်က စည်းကမ်း လိုက်နာတတ်သူဖြစ်ရမှာကိုး၊ အသိစိတ်မရှိလို့ စည်းကမ်းလိုက်နာသူ မဖြစ်ခဲ့မှတော့ တာဝန်ကျေသူဖြစ်ဖို့ဆိုတာလည်း မလွယ်တော့ပါ ဘူး။

တာဝန်ကိုတောင်မကျေမှတော့ ဝတ္တရားနားလည်သူ၊ သိတတ် သူဖြစ်ဖို့က ပိုမလွယ်တော့ပါဘူး။ တာဝန်ဆိုတာက ပေးအပ်ထားသူ

ရှိပါတယ်။ ကိုယ်ကလည်း တာဝန်ယူပြီး အဲဒီတာဝန်ထမ်းဆောင်ဖို့ အတွက် အကျိုးခံစားခွင့်ဆိုတာတွေ ရှိပါသေးတယ်။ ဝတ္တရားမှာ ကတော့ သဘာဝကပေးအပ်ထားတာပါ။ အစဉ်အလာက ပေးအပ် ထားတာပါ။ ရိုးရာဓလေ့စရိုက်တွေက ပေးအပ်ထားတာပါ။

မိဘဝတ္တရား

သားသမီးဝတ္တရား

ဆရာ့ဝတ္တရား

တပည့်ဝတ္တရား

စတဲ့ လိုက်နာကျင့်သုံးရမယ့်အမှုကိစ္စတွေကို လိုက်နာသလား။ မလိုက်နာဘူးလားဆိုတာ လချုပ်လည်းအစီရင်ခံရတာမဟုတ်ဘူး။ နှစ်ချုပ်လည်း တင်ပြစရာမလိုပါဘူး။ ကိုယ့်အသိစိတ်နဲ့ကိုယ်လူတစ် ယောက်ဟာသူနေရတဲ့ဝန်းကျင်- လူမှုစရိုက်မှာရှိတဲ့ ဝတ္တရားတွေ ကို သိတတ်ရပါမယ်။ အဲသလို သိတတ်ဖို့ဆိုတာလည်း ကိုယ့်အသိ စိတ်နဲ့ကိုယ် လိုက်နာကျင့်သုံးရတာပါ။

ဆက်တွေးကြည့်ရအောင် ---

စည်းကမ်းမလိုက်နာ

လူမှုရေး မသိ

တာဝန်မကျေ

ဝတ္တရားတွေနားမလည်တဲ့ ---

လူတစ်ယောက်ဟာ ဥပဒေကိုလည်း လိုက်နာမယ်မဟုတ် တော့ပါဘူး။ အသိစိတ်ရှိမှသာ လူပီသတဲ့လူ၊ ယဉ်ကျေးသိမ်မွေ့တဲ့ လူ၊ လူ့လောကအတွက် ဆိုကျိုးမပေးသူ ဖြစ်ပါမယ်။ ဒါတွေက

www.burmeseclassic.com

ကံချွန် "အသိစိတ်" ဆိုတဲ့ စကားအပေါ်အခြေခံပြီး တွေးမိတာတွေ ပါခင်ဗျာ။

ဒါကြောင့် လူငယ်တွေကို အသိစိတ်ရှိတဲ့လူငယ်တွေဖြစ်စေချင်ပါတယ်။ လူငယ်တွေမှာ အသိစိတ်ရှိအောင် ကံချွန်တို့ ဘယ်လိုဖန်တီးပေးကြမလဲ။ ဘယ်လိုလေ့ကျင့်ပေးကြမလဲ။ ဘယ်လိုပျိုးထောင်ပေးကြမလဲ။

ကျန်းမာရေးအသိ
လူမှုရေးအသိ
ပညာရေးအသိ
စီးပွားရေးအသိ ----

စတဲ့ ---စတဲ့ အသိတွေရှိဖို့ လူငယ်တွေဟာ အဆိုးအကောင်း အမှားအမှန် ဝေဖန်ပိုင်းခြားနိုင်တဲ့ လူငယ်တွေဖြစ်ဖို့အတွက် ကျွန်တော်တို့ဘဝထဲကရှာရပါမယ်။ ကျွန်တော်တို့မှာရှိနေတဲ့ဆင်ခြင်တုံတရား။ ဝေဖန်ပိုင်းခြားတတ်မှု၊ သင့်-မသင့်၊ တော်-မတော် ခွဲခြားသိမြင်မှုဆိုတာတွေဘယ်လိုရခဲ့ပါသလဲ။ ကျွန်တော်တို့ရရှိခဲ့ရတဲ့ အကြောင်းရင်းတွေကို စဉ်းစားပြီး လူငယ်တွေကို လက်ဆင့်ကမ်းပြောပြရုံပဲရှိပါတယ်။

ကျွန်တော်တို့မှာ ဘယ်လောက်များ အသိစိတ်ရှိကြပါသလဲ။ ဘယ်လိုရခဲ့ကြပါသလဲ။ ခေါင်းအေးအေးနဲ့တစ်ဆင့်ချင်း စဉ်းစားကြည့်ရပါမယ်။ အသိစိတ်ရှိခဲ့ကြရခြင်းကြောင်းရင်းတွေကို လူငယ်တွေသိဖို့ပြောပြကြရပါမယ်။

အသိစိတ်ဆိုတာ ဝယ်လို့၊ ငှားလို့ရတာမျိုး မဟုတ်ပါဘူး။

အတင်းပေးလို့လည်းရှိသွားစေနိုင်တာမဟုတ်ပါဘူး။ လူငယ်တွေကိုယ်တိုင်က အသိစိတ်ကိုမွေးမြူယူရပါမယ်။ အသိစိတ်ဆိုတာ ပေးလို့၊ ငှားလို့မရတဲ့ ရင်ထဲက ကိုယ်ပိုင်ပစ္စည်းပါ။ လူငယ်တွေရဲ့ ရင်ထဲမှာ အသိစိတ်ရောက်သွားဖို့ သူတို့သိသင့်သမျှကျွန်တော်တို့ပြောပြရပါမယ်။

**ရတနာပုံသတင်းစာ**

**၁.၄.၂၀၀၁**

**ကံချွန်**

# အသိစိတ်ဆိုတာ (၂)
# ရှက်တတ်ဖို့

ရှက်သင့်တာကို ရှက်ရကောင်းမှန်းသိဖို့၊ ရှက်တတ်ဖို့ဆိုတာ "အသိစိတ်" မှာ အခြေခံပါတယ်ခင်ဗျာ။ ရှက်သင့်တာကို ရှက်ရကောင်းမှန်းမသိလို့ မရှက်တတ်လို့ စည်းကမ်းမဲ့နေကြတာပေါ့။

စည်းကမ်းဆိုတာ နေရာတိုင်းမှာရှိပါတယ်။ ကိုယ့်အိပ်ရာထဲကိုယ်အိပ်နေလည်း စည်းကမ်းတော့ရှိရမှာပါပဲ။ အစားအသောက်ကို အိပ်ရာထဲယူစား၊ ပေသွားတဲ့လက် အိပ်ရာခင်းနဲ့သုတ် ပိုနေတဲ့

www.burmeseclassic.com

စာကြွင်းစားကျန် အိပ်ရာဘေးတင်ပစ်ဆိုသလို အိပ်ရာထဲမလုပ်ရမယ့်အလုပ်တွေ အိပ်ရာထဲမှာ လုပ်ကြည့်ပါလား။ ငါ့အိပ်ရာပဲ၊ ငါ့အိပ်ခန်းပဲ ငါနေချင်သလိုနေမယ်ဆိုပြီး နေကြည့်ပါလား။ "မော်တော်ပီကယ်" (ယာဉ်ထိန်းရဲ) ကမှ ဖမ်းကာနီး ခရာမှုတ်ပြီး သတိပေးပါသေးတယ်ခင်ဗျာ။ ပုရွတ်ဆိတ်နဲ့ကြွက်ကတော့ ခရာမမှုတ်ဘဲ တောက်လျှောက်ရောက်လာမှာပါ။ တစ်ကိုယ်လုံးအဖီးတွေထသွားမှ အရေးယူခံရမှန်း သိပါမယ်။ အဲ အိပ်ရာခင်းကြွက်ကိုက်ပြီဆိုမှ ဒဏ်ဆောင်ရတယ်လို့ သဘောထားပြီး အသစ်သာဝယ်လဲပေရော့။

စည်းကမ်းမဲ့တယ်ဆိုတာ ဂုဏ်ယူစရာမဟုတ်ပါဘူး။ ဘာလို့ဒီစကားပြောရသလဲဆိုတော့ လူငယ်အချို့က စည်းကမ်းမဲ့ရဲတာကို ဂုဏ်ယူစရာလို့ ထင်နေလို့ပါပဲခင်ဗျာ။ မဝင်ရလမ်းထဲကို ဆိုင်ကယ်နဲ့ဝင်တာ၊ ဆိုင်ကယ်စီးစဉ်ဦးထုပ်မဆောင်းတာ၊ ရုပ်ရှင်ရုံထဲဆေးလိပ်သောက်တာ၊ အဓိပ္ပာယ်မဲ့ သံသေး၊ သံကြောင်အော်တာ မကြာခဏတွေ့ရလေ့ရှိပါတယ်။ ဒါတွေကို ပြစ်မှုကျူးလွန်တယ်လို့တော့ ကံ့ချွန်မမြင်ပါဘူးခင်ဗျာ။ ရှက်သင့်တာကို ရှက်ရကောင်းမှန်းသိဖို့ ရှက်တတ်ဖို့ အသိစိတ်မရှိသေးတဲ့အတွက် လုပ်နေကြတာလို့ပဲ မြင်ပါတယ်။ စည်းကမ်းလိုက်နာတာကို ဂုဏ်ယူစရာလို့မြင်လာမှ ယုံကြည်လာမှ လိုက်နာကြမှာပါ။ အသိစိတ်ရှိအောင် လုပ်မပေးဘဲ အတင်းအကျပ်လိုက်နာခိုင်းနေရင်တော့ စောင့်ကြည့်သူမရှိတဲ့အချိန် စည်းကမ်းကိုဖောက်ဖျက်ကြမှာပါပဲ။ မဲ့ကြမှာပါပဲ။ အဲ-အသိစိတ်ရှိနေရင်တော့စောင့်ကြည့်သူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ပတ်ဝန်း

ကျင်က မြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ စည်းကမ်းမဲ့ရမှာကို ကိုယ့်ဟာကိုယ်ရှက်နေမှာ သေချာပါတယ်။ ညသန်းခေါင်ကျော်ဖြစ်ဦးတော့ လမ်းပေါ်မှာ ကိုယ်တစ်ယောက်တည်းရှိနေဦးတော့ မီးနီကိုရပ်စောင့်ရင်း ဂုဏ်ယူတတ်လာမှ တိုးတက်မှာပါ။

ကံချွန် သိသာထင်ရှားလွယ်တဲ့ လမ်းပေါ်က ကိစ္စကို ဥပမာပေးရတာပါခင်ဗျာ။ လူမြင်သူမြင်ဆိုင်းဘုတ်ချိတ်သတ်မှတ်ပေးထားတဲ့စည်းကမ်းတွေကိုတောင် မလိုက်နာမှတော့ အလွန်သိမ်မွေ့တဲ့ လူမှုရေး၊ အချစ်ရေး၊ အိမ်ထောင်ရေး စည်းကမ်းတွေကိုလည်း ဖောက်ဖျက်တော့မှာပေါ့။ ငွေရေးကြေးရေးနဲ့ လောဘစိတ်ကို နှိုးဆွနိုင်စွမ်းရှိတဲ့စီးပွားရေးလောကမှာရောအသိစိတ်မရှိသူဟာ ဘယ်မှာလာ စည်းစောင့်တော့မှာလဲ။ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ စိတ်မွေးတော့မှာပေါ့။ မတရားလုပ်ရမှာ လိမ်ရမှာ ညာရမှာ ဘာကိုမှ ဝန်လေးမှာ မဟုတ်တော့ဘူး။ ရှက်တတ်မှာ မဟုတ်တော့ဘူး။

အသိစိတ်မရှိတဲ့အတွက် ကြုံဆုံဖြစ်ပျက်တတ်တဲ့ ဆိုးကျိုးတွေကိုပဲ ရေးပြနေရတာ ကံချွန့်မှာ ရည်ရွယ်ချက်ရှိပါတယ်ခင်ဗျာ။ အဲဒီရည်ရွယ်ချက်ကတော့ လူငယ်တွေမှာ

- အသိစိတ်ရှိဖို့ ဘယ်လောက်အရေးကြီးတယ်
- အသိစိတ်ရှိအောင် ဘယ်လိုလုပ်ပေးရမယ်

ဆိုတာတွေကို အလေးအနက်သဘောထားစေ့ချင်လို့ပါ။ အသိစိတ်ဆိုတာ လူမှုအဆောက်အအုံကြီးအတွက် တိုးတက်ကောင်းမွန်စေဖို့အဓိကကျတဲ့အခြေခံအချက်တွေထဲကတစ်ခုပါ။ "စည်းကမ်း

www.burmeseclassic.com

ဖောက်လို့ ထီးနန်းပျောက်ခဲ့ရတယ်” ဆိုတဲ့စကားဟာ တိုင်းတစ်ပါး ကျွန်ဘဝရောက်ခဲ့ရတဲ့အချိန်မှာ မွေးဖွားပေါ်ပေါက်ခဲ့တဲ့စကားပါ။ “စည်းကမ်းသည် လူ၏တန်ဖိုး” “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဆိုတဲ့ သတိပေးဆောင်ပုဒ်တွေကိုလည်း စာဖတ်သူတို့ တွေ့မြင်ဖူးပြီးသားပါခင်ဗျာ။

စည်းကမ်းကို မလိုက်နာကြတဲ့အတွက် ဒေါသသင့်တဲ့ဒေါသအငွေ့ပါတဲ့ သတိပေးစကားတွေကိုလည်း ကံချွန်တို့တွေ့ရလေ့ရှိပါတယ်။ တားမြစ်ထားတာကို မလိုက်နာလို့ စည်းမဲ့ကမ်းမဲ့လုပ်နေကြလို့

“မိတ်ဆွေ၊ လူလိုသိပါ”

ဆိုတဲ့ စာမျိုးတွေ ရေးတာကိုလည်း တွေ့ကြဖူးမှာပါ။ တချို့နေရာတွေမှာစည်းကမ်းကိုလိုက်နာဖို့ ခြိမ်းခြောက်စကားတွေ အမိန့်တွေနဲ့ သတိပေးစကား ရေးချိတ်ထားကြတာလည်း ရှိပါတယ်။

ကွမ်းသွေးမထွေးရ

တွေ့ရှိက ဒဏ်ငွေ ၅၀၀/-

ဆိုတဲ့ စာတန်းတို့ --- သစ်တစ်ပင်ခုတ် ထောင်သုံးနှစ်၊

ဆိုတဲ့ ဆိုင်းဘုတ်တို့။ နောက်ဆက်တွဲပြစ်ဒဏ်တွေပါ ရေးရတာကိုက ရိုးရိုးပြောလို့တားလို့မလိုက်နာတဲ့ သဘောပါပဲ။ ရှက်တတ်မယ်ဆိုရင်တော့ အဲသလို ရေးချိတ်ရတဲ့အတွက်ကို ကျွန်တော်တို့ဟာ ရှက်ဖို့လုံလောက်နေပါပြီ။ စည်းကမ်းမဲ့တဲ့လူဟာ ယဉ်ကျေးတဲ့လူ သိမ်မွေ့တဲ့လူ မဖြစ်နိုင်တော့ပါဘူး။

ရှက်စရာအကောင်းဆုံးအရာတွေကိုသာ “တော့ပ်တန်း (Top

Ten)” ထိပ်ဆုံးက တစ်ဆယ်စာရင်းပြုစုရရင် စည်းကမ်းမဲ့မှုဟာ နံပါတ်တစ်နေရာကပါမှာ သေချာပါတယ်။ ရှက်စရာကို မရှက်တတ်သရွေ့ လူတွေဟာ တိုးတက်မှုနဲ့ ဝေးနေရဦးမှာပါ။ စည်းကမ်းမဲ့တာ တာဝန်မဲ့တာ ဝတ္တရား မကျေတာ။ လူမှုရေးမသိတာစတဲ့ ကိစ္စတွေ အားလုံးဟာ ရှက်စရာတွေချည်းပါပဲ။

လုံးဝအသိစိတ်ကင်းလွတ်သွားလို့ စိတ်မမှန်တော့တဲ့ အဆင့်ရောက်သွားရင်တော့လည်း လူမှုဆက်ဆံရေးနယ်ပယ်ရဲ့အပြင်ထိ ရောက်သွားပြီမို့ ခွင့်လွှတ်ထားလို့ရပါတယ်။

အသိစိတ်နည်းလို့ လူမှုဆက်ဆံရေးနယ်ပယ်ထဲမှာ သိမ်မွေ့တဲ့ အမူအကျင့်မရှိဘူး၊ ရှက်သင့်တာတာတွေကို မရှက်ဘူးဆိုရင်တော့ ခွင့်လွှတ်မှုမရဘဲ လူမှုဆက်ဆံရေးနယ်ပယ်ရဲ့ အပြင်ကို တဖြည်းဖြည်း ရောက်သွားမှာပါ။

လူငယ်တိုင်း ရှက်သင့်တာတွေကို ရှက်တတ်ဖို့လိုပါတယ်။

ရှက်တတ်ရပါမယ်။

စည်းကမ်းမဲ့ရမှာ -

တာဝန်မဲ့ရမှာ -

ဝတ္တရား မကျေသူဖြစ်ရမှာ -

လူမှုရေးအသိနည်းသူဖြစ်ရမှာ-

အခွင့်အရေးယူသူဖြစ်ရမှာ-

တစ်ကိုယ်ကောင်းဆန်သူ ဖြစ်ရမှာ -

ရှက်သင့်တာတွေ ရှက်ရမှာတွေ အများကြီးပါ။

ရှက်သင့်တာ ရှက်ရမှာတိုင်းကို အသိစိတ်ရှိရင် ရှက်တတ်ပါ

www.burmeseclassic.com

တယ်။ ရှက်သင့်တာတွေကို ရှက်တတ်မှုလည်း တိုးတက်မှာပါ။

လူငယ်တိုင်း တိုးတက်စေချင်ပါတယ်။ လူငယ်တိုင်း အသိစိတ် ရှိစေချင်ပါတယ်။

ဒီတော့

လူငယ်တွေအတွက် ကျွန်တော်တို့ ဆက်တွေးရအောင်။

**ရတနာပုံသတင်းစာ**

**၈.၄.၂၀၀၁**

**ကံချွန်**

# အသိစိတ်ဆိုတာ (၃)
# စိတ်ကိုထိန်းတတ်ပါမှ

"ငါ ရိုက်မိတော့မလို့ကွာ တော်သေးရဲ့ အချိန်မီအသိစိတ်နဲ့ ထိန်းလိုက်နိုင်လို့ မရိုက်ဖြစ်တော့တာ"

"ငါသာ အသိစိတ်မရှိလို့ကတော့ ဘယ်သည်းခံနေမလဲ ခုနေ ဆို ဆေးရုံရောက်နေမလား၊ အချုပ်ခန်းထဲရောက်နေမလားဘဲ။

စိတ်ကိုထိန်းစမ်းပါကွာ မမှားသင့်တာတွေ မှားကုန်ပါ့မယ်"

စိတ်ကိုထိန်းလိုက်နိုင်လို့သာပေါ့ကွာ -

"ကောင်မလေး သနားပါတယ်။ အသိစိတ်နဲ့ မထိန်းနိုင်တော့ ဘဝပါပျက်ရော၊ ခုတော့ ကိုယ်ကျိုးနည်းပြီပေါ့"

"ညည်းစိတ် ညည်းဘယ်လောက် ထိန်းနိုင်မှာလဲ။ ညည်း အလုပ်လုပ်ရမှာက ငွေပုံပေါ်ထိုင်နေတဲ့ စားနေကျ ကြောင်ပါးတွေ ကြားနော်"

× × × × × × ×

အဲသလို ---

အဲသလို --

စကားမျိုးတွေ ကျွန်တော်တို့ မကြာခဏကြားရလေ့ရှိပါတယ် ခင်ဗျာ။ ကိုယ့်စိတ်ကိုယ်မထိန်းနိုင်လို့ရလာတဲ့ အကျိုးအမြတ်တွေဟာ ဆိုကျိုးတွေပဲ ဖြစ်ပါတယ်။ ဒါကြောင့် စိတ်ကိုထိန်းနိုင်ဖို့ ပြောကြဆိုကြတဲ့စကားတွေလည်း ကြားနေရတာပါ။ ရပ်ကွက်များထဲ အရပ်သားတွေပြောနေတဲ့ အရပ်စကားတွေကစပြီး စဉ်းစားကြည့်ရအောင်ပါ။

"ဒေါသဖြစ်လာရင် တစ်၊ နှစ်၊ သုံးလေး ---တစ်ဆယ်ထိရေလိုက်။ အဲဒါမှ ဒေါသမပြေသေးရင် တစ်ရာထိရေလိုက်"

ဆိုတဲ့စကား ဒါကတော့ အရပ်သား နားလည်လွယ်အောင် ပြောလိုက်တဲ့စကားပါ။ တစ်၊ နှစ်၊ သုံးလေး ရေလိုက်လို့-တစ်၊ နှစ်၊ သုံးလေးတွေက စွမ်းလို့ ဒေါသက ကြေကွဲရတာမဟုတ်ပါဘူး။ ဒေါသအလျောက်ပြောဆိုပြုမူမိမှာကို အချိန်ဆွဲလိုက်တဲ့ သဘော။ ထိန်းလိုက်တဲ့သဘောပါပဲ။ ရင်ဆိုင်ကြုံတွေ့ရတဲ့ ဒေါသဖြစ်စရာ အကြောင်းအရာတစ်ခုခုကြောင့် ဖြစ်လာရတဲ့ ဒေါသစိတ်ကို လွှတ်

www.burmeseclassic.com

ပေးလိုက်ရင်၊ ရင်ဆိုင်ရတဲ့ အဖြစ်အပျက်မှာ ဒေါသနဲ့ တုံ့ပြန်မိတော့မယ်လေ။ ဒါကြောင့် ဒေါသစိတ်ကိုပြေအောင်ဖြေလိုက်ပြီးမှ ပြဿနာကို ဒေါသမပါဘဲ ဖြေရှင်းတော့ အမှားကင်းအောင်လို့ ဒေါသကို ဖြေစရာခိုင်းလိုက်တာပါ။

တကယ်တော့ဒေါသစိတ်ဖြစ်စရာကြုံမှ စိတ်ထိန်းရမှာ မဟုတ်ပါဘူး။ စိတ်ခံစားမှု ဘယ်လိုဟာမျိုးပဲဖြစ်ဖြစ် ခံစားဖို့ ကြုံဆုံလိုက်ရချိန်မှာ စိတ်ကို ထိန်းတတ်ဖို့ လေ့ကျင့်ရပါမယ်။ ကြိုးစားရပါမယ်။ ရုပ်ပိုင်းဆိုင်ရာရဲ့ဆန္ဒပဲ ဖြစ်ဖြစ်ပေါ့။

ပြောချင်တာ -
လုပ်ချင်တာ -
ရှောင်ချင်တာ -
ဝယ်ချင်တာ -
ပိုင်ဆိုင်ချင်တာ -
စွန့်လွှတ်ချင်တာ -
ဆိုတာတွေက ရုပ်ပိုင်းဆိုင်ရာမှာ အခြေခံ ဆန္ဒတွေ။
ဝမ်းနည်းတာ -
ဝမ်းသာတာ -
ငိုချင်တာ -
ရယ်ချင်တာ -
စိတ်ချမ်းသာတာ -
စိတ်ဒုက္ခရောက်တာ -

ဆိုတာတွေက စိတ်ပိုင်းဆိုင်ရာမှာ အခြေခံတဲ့ ဆန္ဒတွေပါ။

အဲဒီခံစားမှုတွေ ဆန္ဒတွေကိုလည်း ချက်ချင်းမတုံ့ပြန်မိဖို့ လိုပါတယ်။ ဒေါသဖြစ်ချိန်မှာ မှားတတ်နည်းမျိုး ဝမ်းသာချိန်၊ ဝမ်းနည်းချိန်၊ ပျော်နေချိန်၊ စိတ်ညစ်နေချိန်တွေမှာလည်း ဆုံးဖြတ်ချက်တွေ မှားတတ်ပါတယ်။ ဒါကြောင့် စိတ်ခံစားမှုကို ထိန်းနိုင်ဖို့ ကြိုးစားသင့်တာပေါ့။

"ရယ်စရာကို ရယ်ဖို့ထိန်းထားရဦးမှာလား"

လို့ မေးစရာရှိပါတယ်။ ကျွန်တော်ဆိုလိုချင်တာက လူရွှင်တော် ပြက်လုံးထုတ်တာကိုတော့ မစဉ်းစားဘဲ ရယ်လို့ရပါတယ်။ ဈေးတောင်းနဲ့ မိန်းမကြီးတစ်ယောက်ချော်လဲတာမျိုးကိုတော့ ဘယ်လောက်ရယ်စရာကောင်းကောင်း ဘယ်လိုလုပ် ရယ်ဖို့သင့်မှာလဲ။ တစ်ဆင့်တက်ပြီးတွေးကြည့်ပါ။ ကိုယ်နဲ့မတည့်တဲ့လူတစ်ယောက် ကိုယ့်ရှေ့မှာပုံပျက်ပန်းပျက်ချော်လဲပြီဆိုပါတော့ရယ်ချင်တာပဲထား ပြုံးဖို့တောင်မသင့်ပါဘူး။ ကျွန်တော်ဆိုလိုချင်တာက အဲဒီ သဘောပါ။ စိတ်ခံစားမှုကို ထိန်းနိုင်ဖို့ ကြိုးစားကြရပါမယ်"

ဝမ်းနည်းဖို့ သင့်မသင့် -

ပျော်ဖို့ သင့်မသင့် -

ငိုဖို့ သင့်မသင့် -

ဆိုတာ တွေဟာလည်း စိတ်ကိုထိန်းနိုင်မှ ဆုံးဖြတ်ချက်မှန်မှာပါ။ လူငယ်တွေအနေနဲ့ ခံစားမှုကို ချုပ်တည်းတာ၊ စိတ်ကိုထိန်းတာကို အသေးအဖွဲ ရင်ဆိုင်ကြုံဆုံရသမျှမှာ လေ့ကျင့်သင့်ပါတယ်။

စိတ်ကို မထိန်းနိုင်တဲ့သူကို ဘယ်လိုမှ ကြီးလေးတဲ့တာဝန်

www.burmeseclassic.com

ပေးလို့ မရပါဘူး။ အရေးပါတဲ့နေရာမှာ ဦးဆောင်ဖို့ဆိုတာ အတော်ခက်ပါမယ်။

စိတ်မထိန်းနိုင်လို့ ပြောမိတဲ့စကားတစ်ခွန်းကြောင့် မိတ်ဆွေစစ်တွေ ဆုံးရှုံးရတာ၊ အခွင့်အရေးတွေ ဆုံးရှုံးရတာ၊ ရပိုင်ခွင့်တွေ ဆုံးရှုံးရတာ အများကြီးရှိပါတယ်။ ဒီလိုပဲ စိတ်ကိုထိန်းနိုင်လို့ အောင်မြင်မှုရတာတွေလည်း အများကြီးပါပဲ။ စိတ်ကိုထိန်းနိုင်တဲ့လူဟာ လောကဓံတရားကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်ပါတယ်။

စိတ်ကို အသိစိတ်နဲ့ ထိန်းသိမ်းမှပဲ ရပါမယ်။

ဒါကြောင့် အသိစိတ်ဟာ လူတစ်ယောက် ဘဝထူထောင်တည်ဆောက်ဖို့ အခြေခံအုတ်မြစ်ရဲ့ အရေးပါတဲ့ အစိတ်အပိုင်းလို့ ကျွန်တော်ပြောခဲ့တာပါ။

**ရတနာပုံသတင်းစာ**

**၁၅.၄.၂၀၀၁**

**ကံချွန်**

# နှစ်သစ်မှာ

နှစ်ဟောင်းက အကျင့်ကောင်းတွေကို ဆက်သယ်ရင်း နှစ်ဟောင်းက အကျင့်ပျက်အကျင့်ဆိုးတွေကိုတော့ ကျွန်တော်တို့ ချန်ထားဖို့လိုပါပြီခင်ဗျာ။ နှစ်သစ်မှာထူးပြီးမကောင်းချင်နေပါ။ အကျင့်ဆိုးတွေပါမလာရင်ကိုပဲ ဝမ်းသာရမှာပါခင်ဗျ။

ကံချွန်ကို ရင်းနှီးတဲ့ကလေးတွေက မေးပါတယ်။ ဦးကံချွန်ကြီးဘာရေးဦးမှာလဲတဲ့။ နှစ်သစ်ကူးအထူးလျှော့ဈေးထဲမှာ ကံချွန်ဆောင်းပါးတွေပါသလားလို့ ချစ်စနိုးစကြပါတယ်။ ဒါကြောင့်ကျွန်တော်ဟာ ဘာတွေရေးမယ်ဆိုတာ လူငယ်တွေကို ပြောပြမိပါတယ်ခင်ဗျာ။ ကံချွန်ပြောပြမိတာ တွေက ---

"လူငယ်တွေထူးပြီးကောင်းဖို့မလိုတဲ့အကြောင်းရေးမယ်။ မကောင်းတာမလုပ်ရင်ကိုဘဲတော်ပြီ။ ဟုတ်ဘူးလား။ တို့ကတစ်ဆင့်ချင်းတက်ရမယ်လေ။ လုပ်သင့်သလောက်ကလေးပဲလုပ်ကြပါ။ လုပ်သင့်တာထက်ပိုမလုပ်ပါနဲ့။ ရပါတယ်။ အဲ - အဲ မင်းကဘယ်မှာလုပ်တာလဲ၊ ထားပါတော့။ မင်းလုပ်တဲ့ဌာနဖြစ်ဖြစ်၊ ကုမ္ပဏီဖြစ်ဖြစ်၊ ဘာပဲဖြစ်ဖြစ်ပေါ့လေ။ မင်းလုပ်ရတဲ့အလုပ်မှာ မင်းလုပ်ဖို့တာဝန်တွေရှိပြီးသား။ အဲဒါကိုပဲ ကျေပွန်အောင်လုပ်။ အဲဒါဆိုရင်ဒီနှစ်သစ်ကြီးဟာကောင်းခြင်းများနဲ့ ပြည့်စုံသွားမှာပါ။ အဲဒါကြောင့်နှစ်သစ်မှာ ထူးထူးခြားခြားကြီး မကောင်းချင်နေပါ။ ကိုယ့်တာဝန်လေးကိုယ် ကျေပွန်ကြပါ။ ကိုယ်လုပ်မယ့်အလုပ်ကိုယ်လုပ်ရင်ကိုပဲ

www.burmeseclassic.com

ကျေနပ်ပါပြီ။ ဟိုဘက်က စာရေးကြီးအလုပ် ကူလုပ်မပေးချင်နေပါ။ ဟိုဘက်ကောင်တာကူရောင်းမပေးရင်နေပါ။ ကိုယ့်အလုပ်ကို တာဝန်ကျေကျေနဲ့လုပ်ကြပါလို့ပြောချင်တယ်။ အဲ-အဲ--သူက--"

"သူကဈေးရောင်းတာပါ"

"ကောင်းတယ်။ ဈေးရောင်းရင်လည်း လျှော့ရောင်းဖို့မလိုတဲ့ အကြောင်းရေးမယ်။ လိမ်သာမလိမ်နဲ့။ ကံချွန်ကတော့ ကျွန်တော် အရှုံးခံရောင်းတာပါ။ ဒါမှမဟုတ် ကျွန်မအရှုံးခံရောင်းတာပါဆိုရင် မဝယ်တော့ဘူး။ ဘယ့်နှယ်ကွာ ကိုယ့်ကြောင့် သူများနစ်နာရမယ့် အလုပ် ဘယ်လုပ်ချင်ပါ့မလဲ။ ငါ့တော့ အရှုံးခံပြီးမရောင်းပါနဲ့အေ၊ အမြတ်ရမယ့်လူကျမှသာ ရောင်းလိုက်ပါဆိုတော့မရှုံးပါဘူး ဦးလေးရဲ့၊ အရင်းပါ၊ ဝယ်သွားပါတဲ့၊ ကြုံဖူးတယ်။ အဲသလို လိမ်တဲ့အကျင့် ဖျောက်ထားပါ။ အမှန်အတိုင်းပြော၊ ကျွန်တော့်ဝယ်ရင်းကတော့ တစ်ရာ့ငါးဆယ်ပဲ၊ တစ်ရာ့ခြောက်တယ်ရရင်ရောင်းမယ်။ အဲဒါကတော့ လုပ်အားခပိုတင်တာပဲဆိုမျိုးပေ့ါ။ တကယ်သာ ဈေးမှန်ပြောရောင်း။ အဲဒီလူက ပိုရောင်းရတယ်။ ဒါကြောင့် တစ်ချို့ဆိုင်ကြီးတွေကျတော့ ဆိုင်းဘုတ်ချိတ်ထားတာပေ့ါ။ ပစ္စည်းမှန်၊ ဈေးမှန်ဆိုတာ။ လိမ်တာကိုမကြိုက်ဘူးကွ။ ဒါ လူတိုင်းသိပြီးသားပါ။ သိပြီးသား ကိုယ်ကျင့်တရားလေးသာ စောင့်ထိန်းလိုက်၊ မင်းတိုးတက်ပြီ။ စီးပွားဖြစ်ပြီ။ မကောင်းတာလေးသာရှောင်လိုက်။ ဒါနဲ့ ညည်းကတော့ ---- "

"အရောင်းဈေးသည်"

"အင်း - အရောင်းဈေးသည်ဆိုတာ ကျေးဇူးရှင်နှစ်ဦးနဲ့ အမြဲ

ဆက်ဆံနေရတဲ့အလုပ်ပဲ။ ဈေးဝယ်ရယ်။ စတိုးဆိုင်ပိုင်ရှင်ရယ်၊ ပိုင်ရှင်ကအလုပ်ခန့်ထားတယ်။ အလုပ်ခန့်နိုင်တာကလည်း ဈေးဝယ်တွေရှိနေလို့၊ ဝယ်သူတွေလျော့သွားကြည့်ပါလား။ ဝန်ထမ်းလည်းလျှော့ပစ်မှာပေါ့။ ဒါကြောင့် ကျေးဇူးရှင်နှစ်ဦးနဲ့ အမြဲဆက်ဆံနေရတာလို့ ပြောတာ။ ဒီလို-ဒီလို ဦးလေးဖြစ်တာ ပြောပြဦးမယ်။ ဦးလေးစတိုးဆိုင်တစ်ဆိုင်မှာ ဈေးဝင်ဝယ်နေကျပါ။ ဝယ်တဲ့ ပစ္စည်းကလဲ တစ်ရက်ခြား နှစ်ရက်ခြား ဆိုသလို အမြဲဝယ်နေရတဲ့ စားသောက်ကုန် မုန့်မျိုးစုံလိုဟာမျိုး ဒီတော့ ဈေးနှုန်းတွေကို သိနေတယ်။ ဦးလေးဝယ်တဲ့အရေအတွက်နဲ့ ဘယ်လောက်ကျမယ်ဆိုတာလဲ သိနေတယ်။ ဝယ်နေကြကိုး။ တစ်ရက်တော့ လူကလည်းစည်နေတယ်။ အဲဒီအရောင်းကလေးမက အသစ်၊ ဦးလေးလိုချင်တဲ့ ပစ္စည်းတွေထည့်ပေးပြီးတော့ သူတွက်နေတုန်းမှာ ဦးလေးက ၁၀၀၀ တန် ချပေးထားတယ်၊ သူကတွက်ပြီးတော့ ဘေးနားက တခြားအရောင်းစာရေးမလေးဆီက အဲဒီနှစ်ရာတန်ပေး၊ ငါပေါင်းရှင်းလိုက်မယ်။ ဒီ ဦးလေးကြီးအမ်းချင်လို့ဆိုပြီး နှစ်ရာအမ်းတယ်။ တကယ်အမ်းရမှာက သုံးရာ။ အဲဒီအချိန်သာ ဦးလေးက တစ်ရာလိုသေးတယ် စာရင်းပြန်တွက်စမ်းပါဦးဆိုပြီးပြောရရင် သူကလည်း ဟိုဟာပေါင်းသလိုလိုဒီနားမှားသလိုလိုနဲ့ တစ်ရာထပ်ပေးမှာပါ။ ဒါပေမယ့် ဦးလေးမတောင်းလိုက်ဘူး။

"ဘာလို့လဲ"

"သူတကယ်မှားပေါင်းတာဆိုရင်လည်း မနီးမဝေးမှာရှိနေတဲ့ ဆိုင်ရှင်က ဘယ်စိတ်ချတော့မှာလဲ။ တခြားဈေးဝယ်တွေကလည်း

www.burmeseclassic.com

သံသယဝင်ကုန်ကြတော့မှာပါ။ တကယ်လို့ ဆိုင်ရှင်က မှားပေါင်းမိတာလို့မမြင်ဘဲ သူ့အကျင့်စာရိတ္တကို သံသယဝင်သွားရင် သူအလုပ်ပြုတ်ဖို့နီးစပ်သွားပြီ။ လူအများရှေ့မှာ ပြောလိုက်ရင် ထိခိုက်မှုတစ်စုံတစ်ရာရှိလာနိုင်တယ်ဆိုပြီး တွေးမိလို့ နှစ်ရာထဲယူခဲ့တယ်။ အဲသလိုကြုံဖူးလို့ ငါ့တူမကို မှာချင်တယ်။ ကိုယ်မကျွမ်းကျင်တဲ့တာဝန် မယူမိပါစေနဲ့။ ရိုးသားစွာ မှားဦးတော့ အထင်သေးစရာဖြစ်လာနိုင်ပါတယ်။ အဲဒီဖြစ်ရပ်အကြောင်းပြုပြီး နေရာတိုင်းမှာတာဝန်အမျိုးမျိုးယူနေတဲ့ လူငယ်တွေကို ပြောဖို့ စိတ်ကူးရှိတယ်။ ရိုးသားပါ။ လောကကြီးမှာ ရိုးသားလို့ အထင်သေးခံရတယ်ဆိုတာမရှိပါဘူး။ မရိုးသားလို့ အထင်သေးခံရတယ်ပဲရှိပါတယ်။ ကိုယ်ထိတွေ့ဆက်ဆံနေရသူတွေထဲမှာ ကိုယ့်ထက်သိတဲ့လူတွေ ရှိနေတယ်ဆိုတာ အမြဲသတိထားသင့်ပါတယ်။ သည်းခံခွင့်လွှတ်နိုင်တဲ့အတိုင်းအတာတစ်ခုထက်ကျော်လွန်ပြီး မရိုးသားမိတဲ့အချိန်မှာ ဒုက္ခတွေ့ရတတ်ပါတယ်။

အဲဒါပဲခင်ဗျာ။ ကံချွန်လူငယ်တွေအတွက် နှစ်သစ်မှာ ပြောချင်တဲ့စကားပါ။

လူငယ်တွေ ကိုယ်ကျရာတာဝန်ကိုယ်ကျေပါစေ။ တာဝန်ပိုတွေ မထမ်းဆောင်နိုင်တာအပြစ်မဟုတ်ပါဘူး။ ကိုယ့်တာဝန်ကိုယ်မကျေရင်တော့ ကိုယ်ရောက်နေတဲ့နေရာဌာနရဲ့အလှကျက်သရေကို ကိုယ့်ဟာကိုယ် ဖျက်ဆီးနေသလို ဖြစ်ပါမယ်။ နှစ်သစ်မှာ အလုပ်တွေပိုလုပ်ဖို့ မလိုပါဘူး။ ကိုယ်လုပ်သင့်တဲ့အလုပ်သာ အားလုံးပြီးအောင်လုပ်ကြမယ်ဆိုရင်အနာဂတ်ကာလ လှပမှာသေချာပါတယ်။

လူငယ်တွေ လိမ်တဲ့အကျင့်မပါပါစေနဲ့။ လိမ်တယ်ဆိုတာ သူများကိုလိမ်မှ လိမ်တာမဟုတ်ပါဘူး။ ကိုယ့်ကိုယ်ကိုလည်း မလိမ်မိဖို့လိုပါတယ်။ ကိုယ့်ကိုယ်ကို မလိမ်တဲ့သူဟာ သူများကိုလည်း မလိမ်တော့ပါဘူး။ အလွန်သေးဖွဲတဲ့စကားလေးဖြစ်ပါစေ၊ ငွေကြေးလေးဖြစ်ပါစေ။ လိမ်မိတာနဲ့ မထင်သေးခံရမှာပါ။ “အရှုံးခံပြီးရောင်းတာပါ” ဆိုတဲ့စကားမျိုး (တကယ်အရှုံးခံရောင်းတာဆိုရင်ထားတော့) လိမ်ပြောတာဆိုရင် တစ်ဖက်လူကို မထိခိုက်စေပေမယ့် ကိုယ့်အကျင့်သိက္ခာကိုတော့ ထိခိုက်ပါတယ်။ ကိုယ့်ကိုယ်ကို လိမ်သလို ဖြစ်ပါတယ်။

နောက်တော့ --- ရိုးသားပါ။ ကိုယ်နိုင်တဲ့တာဝန်ပဲယူပါ။ ကိုယ်မတတ်နိုင်တဲ့ တာဝန်မယူလို့ ဘယ်သူကမှ အပြစ်မတင်ပါဘူး။ (ကိုယ်တတ်နိုင်တဲ့တာဝန်မယူရင်သာ အပြစ်တင်ကြမှာပါ။) ဒါတွေကတော့ တွေ့ကြုံရသမျှအပေါ် အခြေခံပြီး နှစ်သစ်အတွက် လူငယ်တွေဖို့ စကားလက်ဆောင်ပါ။

**ရတနာပုံသတင်းစာ**

**၂၃.၄.၂၀၀၁**

**ကံချွန်**

www.burmeseclassic.com

# လူငယ်နှင့်ကိုယ်ကျင့်တရား (၁)
# ကောင်းမှု – မကောင်းမှု

“အသိရှိတဲ့လူငယ်တိုင်း
ကိုယ်ကျင့်တရားကောင်းသလား”

ကံချွန်တို့ စဉ်းစားရမယ့်အချက်ပေါ့ခင်ဗျာ၊ ကိုယ်ကျင့်တရားကောင်းတဲ့လူငယ်တစ်ယောက်ဖြစ်ဖို့အတွက် လိုက်နာစရာ အချက်နှစ်ချက်ပဲ ရှိပါတယ်။ မများပါဘူး။ နှစ်ချက်လုံးမလိုက်နာနိုင်ရင် တစ်ချက်ချင်း လိုက်နာလို့လည်းရပါတယ်။ အဲဒီနှစ်ချက်က

တစ် - မကောင်းမှုကိုသိလျက်နဲ့ မလုပ်ပါနဲ့။ မကောင်းမှုကို ရှောင်ပါ။

နှစ် - ကောင်းမှုကို တတ်နိုင်သလောက်လုပ်ပါ။

ဒါပါပဲ။ ကောင်းမှုကိုမလုပ်နိုင်ဦးတော့ မကောင်းမှုကို ရှောင်ဖို့လေ့ကျင့်သင့်ပါတယ်။ ကောင်းမှုဖြစ်စေ၊ မကောင်းမှုဖြစ်စေ လုပ်တော့မယ်ဆိုတာနဲ့ အချိန်ပေးရမယ်။ ကြိုးစားအားထုတ်မှု ပါရတော့မယ်။ အချိန်ပေးပြီး၊ ကြိုးစားပြီး၊ အားထုတ်ပြီး လုပ်ရမှာချင်း အတူတူ ကောင်းမှုကိုတော့ မလုပ်ဖြစ်ဘူး။ မကောင်းမှုကိုတော့ လုပ်ဖြစ်တယ်ဆိုရင်သဘာဝမကျပါဘူးခင်ဗျာ။ အချိန်ပေးဖို့ ကြိုးစားအားထုတ်ဖို့မလိုဘဲ လုပ်လို့ရတာကတော့ မကောင်းမှုရှောင်ဖို့ပါဘဲ။ ဒါကြောင့် မကောင်းမှုရှောင်ဖို့ရာကို နံပါတ်တစ်နေရာမှာ ထားပြီး ကံချွန်အကြံပေးရတာပါ။

အကြံပေး ဆုံးမကာနီးမှာ စဉ်းစားရပါသေးတယ်။ ကံချွန်တို့ အရပ်ထဲက အဒေါ်ကြီးတစ်ယောက်လိုဖြစ်မှာစိုးလို့ပါ။ ဒီလိုပါ။ သူ့သမီးက စျေးထိပ်အအေးဆိုင်မှာ ရည်းစားနဲ့ချိန်းတွေ့တယ်။ စျေးထိပ်အအေးဆိုင်ဆိုတော့ အလျှုမင်္ဂလာထက် လူစည်တဲ့နေရာ လူစုံတဲ့နေရာလေ။ အလျှုမင်္ဂလာဆိုတာကမှ ဖိတ်တဲ့လူလောက်လာမှာ။ စျေးဆိုတာကတော့ အရပ်ပေါင်းစုံနီးနားဝန်းကျင်က အကုန်လာကြတာ။ ဒီတော့ အရပ်ထဲက လူတွေကလည်း စျေးသွားရင်း မြင်လာကြတာပေါ့။ မြင်လာတော့ ပြောရော။ အဒေါ်ကြီး ခင်ဗျား သမီးစျေးထိပ်အအေးဆိုင်မှာ ကောင်လေးတစ်ယောက်နဲ့ တွဲထိုင်နေတာ တွေ့ခဲ့တယ်ပေါ့။ အဲသလိုလည်းကြားရော ဒေါသတကြီးနဲ့ အော်တာပဲ။ ပြန်လာရင်တွေ့မယ်။ ဘယ့်နှယ်လုပ်မယ်။ ဘယ်လို လုပ်မယ်နဲ့။ သမီးလည်းပြန်လာရော

"ကဲ မရွှေချော ပြောစမ်းပါဦး - စျေးထိပ်အအေးဆိုင်မှာ ရည်းစားနဲ့ ချိန်းတွေ့တယ်ဆို"

"ချိန်းတွေ့တာမဟုတ်ပါဘူးအမေ - မမျှော်လင့်ဘဲတွေ့လို့ ထိုင်စကားပြောကြတာပါ။"

"အမယ်လေးလေး ပေါပေါပဲပဲနိုင်လိုက်တာ ငါ့သမီးရယ်။ စျေးထိပ်လူမြင်ကွင်း တွဲထိုင်ခဲ့တော့ ခုတော့ တစ်ရပ်လုံးသိကုန်ပြီ။ ညည်းကသာမရှက်တယ် အမေဖြင့် ဘယ်လိုမျက်နှာထားရမှန်း မသိတော့ဘူး။ မိန်းကလေးဆိုတာ အသက်နဲ့လူလုပ်တာမဟုတ်ဘူး ဟဲ့၊ အရှက်နဲ့လူလုပ်ရတာ။ အရှက်မရှိတဲ့ မိန်းကလေးများ အသက်ရှင်နေလို့လည်း ဘယ်လိုလုပ်တန်ဖိုးရှိတော့မှာလဲ"

www.burmeseclassic.com

အဲဒီအထိကတော့ အဟုတ်ဗျ။ ဆက်ပြီးဆုံးမတော့မှ အံချော်သွားတာ။ ဒီလိုပါ။

"အမေ အပျိုတုန်းကဆို ညည်းအဖေက တွေ့ချင်လွန်းလို့ အမေသွားတတ်တဲ့နေရာတွေ လမ်းတွေက လိုက်ချောင်းနေတာ။ သူဒီလမ်းရှိမှန်းသိရင်အမေက ဟိုဘက်လမ်းကသွားလိုက်ပဲ။ လူမြင်ကွင်းမှာတွေ့ဖို့မပြောနဲ့ ပြုံးကိုမပြတာ၊ ကိုယ့်ဣန္ဒြေ ကိုယ့်သိက္ခာနဲ့ ကိုယ်နေတာ။ ပြောစရာရှိရင် အောင်သွယ်ကတစ်ဆင့်ပဲပြောတယ်။ သိပ်ကိုတွေ့ချင်သလား၊ တွေ့ချင်ရင် ညသန်းခေါင်မှ အိမ်နောက်လာခဲ့လို့ မှာလိုက်တာ။ ဘယ်တော့မှ လူမြင်မခံဘူး" တဲ့လေ၊ အဲသလို ခေတ်ကွာဟမှုသတိမထားမိလို့ ဆုံးမတာအံချော်မှာလည်း စိုးရိမ်မိပါတယ်။ ကဲ - နောက်တစ်ဆင့်တက်ရအောင် ကျွန်တော်တို့ဟာ မကောင်းမှုကို ရှောင်နိုင်ပြီဆိုရင် တတ်နိုင်သလောက်ပေါ့ဗျာ။ ကိုယ့်ကိုယ်ကို ထိန်းနိုင်ပြီဆိုရင်။ ဒါကတော့ ကိုယ့်ဟာကိုယ်အသိဆုံးပေါ့။ မကောင်းမှုငါးမျိုးလောက်လုပ်နေဖြစ်သူဟာ သုံးမျိုးလောက်တော့ ထိန်းလို့ရတယ်။ ရှောင်လို့ရတယ်ဆိုရင်ကို အမြတ်ပေါ့။ တဖြည်းဖြည်းတတ်နိုင်သလောက်တော့ မကောင်းမှုမှန်သမျှ ရှောင်နိုင်အောင် ကြိုးစားရမှာပေါ့။ အဲသလို ကြိုးစားနေတုန်းမှာ အခါအားလျော်စွာဖြစ်ဖြစ် ရသလောက်၊ တတ်နိုင်သလောက် ကောင်းမှုလေးတွေလုပ်ကြည့်ပါ။

အဲသလို -

မကောင်းမှုကိုရှောင်ပြီး ကောင်းမှုကို တတ်နိုင်သလောက်လုပ်ဖြစ်ပြီဆိုတာနဲ့ အဲဒီလူငယ်ဟာ ကိုယ့်ကျင့်တရားကောင်းမွန်တဲ့ လူငယ်ဖြစ်ပြီပေါ့။ ကိုယ်ကျင့်တရားကောင်းပြီဆိုမှတော့ သူ့ဘဝ

ဟာ တိုးတက်လမ်းပဲရှိပါတော့တယ်။ လူအများရဲ့ ယုံကြည်မှုခံရမယ်။ စေတနာထားခြင်းခံရမယ်။ လိုလိုလားလားဆက်ဆံချင်ကြမယ်။

မကောင်းမှုကိုရှောင်ဖို့ -

ကောင်းမှုကို ပြုကျင့်ဖို့ -

ဆိုရာမှ ကောင်းမှုဆိုတာ ဘာလဲ၊ မကောင်းမှုဆိုတာတွေကရော ဘာတွေလဲ။ အဲဒါကိုတော့ ပထမခွဲခြားပြီး သိထားရမှာပေါ့။ တော်နေကြာ ကိုသာအေး သက်သတ်လွတ်စားသလိုဖြစ်နေမှာစိုးလို့ပါ။ ကိုသာအေးက သူ သက်သတ်လွတ်စားနေတာ သုံးလရှိပြီပေါ့။အသီးအရွက်ပဲစားနေတာပေါ့။ အဲသလိုပြောတော့ သူငယ်ချင်းတွေက သိချင်တယ်။ ကိုသာအေးလို ဘာကိုမှ အလေးအနက်မထားတဲ့သူကို ဘယ်ပုဂ္ဂိုလ်ကများ သက်သတ်လွတ်စားအောင် ဟောပြောလိုက်နိုင်တာပါလိမ့်ပေါ့။ ဒါနဲ့ ကိုသာအေးကို မေးကြတယ်။ ကိုသာအေး-ခင်ဗျားကို သက်သတ်လွတ်စားအောင်ဘယ်သူကများဟောပြောလိုက်တာလဲပေါ့။ ဒီတော့မှ ကိုသာအေးကဖြေတယ်။

"သားငါးရောင်းတဲ့ ဒေါ်ဖွားစိန်ပါကွာ - အကြွေးမရောင်းနိုင်တော့ဘူး။ မင်း သက်သတ်လွတ်သာ စားပေရော့ဆိုလို့" တဲ့ အဲသလိုဖြစ်မှာလည်း စိုးရိမ်ပါတယ်။ လူဆိုတာ ကိုယ်လုပ်တဲ့အလုပ် ဘာကြောင့်လုပ်တယ်။ အဲသလိုလုပ်လို့ ဘယ်လိုအကျိုးဆက်တွေရနိုင်တယ်။ ဒါဖြင့် လုပ်သင့်သလား၊ မလုပ်သင့်ဘူးလား။ ကိုယ့်အသိစိတ်နဲ့ ခွဲခြားနိုင်ရမှာပေါ့။ သိပြီး လုပ်သင့်တာကိုလုပ်မှ၊ ရှောင်သင့်တာကိုရှောင်မှ အဓိပ္ပာယ်ရှိပါတယ်။ ကိုသာအေးလို ဒေါ်ဖွားစိန်က

www.burmeseclassic.com

အကြွေးမရောင်းလို့ သက်သတ်လွတ်စားနေတာမျိုးကတော့ သူ့မှာ ငွေရှိတာနဲ့အချိန်မရွေး အသားငါးပြန်စားမှာပါပဲ။ ဒါကြောင့်ကိုယ် လုပ်တဲ့အလုပ်ကို သိပြီးလုပ်ဖို့လိုတယ်လို့ ပြောတာပါ။ ကောင်း မှုဆိုတာဘာလဲ။ မကောင်းမှုဆိုတာဘာလဲ။ ဘယ်လိုခွဲခြားမလဲ။

လွယ်ပါတယ်။ လူငယ်တိုင်း ကိုယ့်ဟာကိုယ်ခွဲခြားနိုင်ပါတယ်။ မကောင်းမှုဆိုတာ -

အဲဒီအလုပ် လုပ်လိုက်တဲ့အတွက် ကိုယ့်အတွက်၊ ဒါမှမဟုတ် သူတစ်ပါးအတွက် ဒါမှမဟုတ် ဝန်းကျင်သဘာဝအတွက် ထိခိုက် နစ်နာပျက်စီးစေမယ်ဆိုရင် အဲဒါမကောင်းမှုပဲ။

ကိုယ်ရဲ့ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးထိခိုက်ရင် ဒါမှ မဟုတ် ကိုယ့်မိသားစု ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး ဂုဏ်သိက္ခာ ဆိုတာတွေထိခိုက်ရင် ဒါမှမဟုတ် သူတစ်ပါးအတွက် ထိခိုက်ပျက်စီး မှုရှိနိုင်ရင် ဒါမှမဟုတ် သူတစ်ပါးအတွက် ထိခိုက်ပျက်စီးမှုရှိနိုင်ရင် ဒါမှမဟုတ် သူတစ်ပါးအတွက် ထိခိုက်ပျက်စီးမှုရှိနိုင်ရင် ဒါမှမဟုတ် ပတ်ဝန်းကျင်သဘာဝတောတောင်ရေမြေအလှပျက်စီးနိုင်ရင် အဲဒါ မလုပ်သင့်တဲ့အလုပ်ပေါ့။

ကောင်းမှုဆိုတာကတော့

အဲဒီအလုပ် ကိုယ်လုပ်လိုက်လို့ ကိုယ့်အတွက် ဒါမှမဟုတ် ကိုယ့်ပတ်ဝန်းကျင်အတွက် သူတစ်ပါးအတွက် ဒါမှမဟုတ် သဘာဝ အတွက် နေရာဒေသအတွက် ကောင်းကျိုးတစ်ခုရှိမယ်ဆိုရင် အဲဒါ ကောင်းမှုပါပဲ။

ကောင်းမှုလား -

မကောင်းမှုလား - ဆိုတာကို အလုပ်တစ်ခုခုလုပ်တော့မယ်ဆို

တာနဲ့ ကိုယ့်ဟာကိုယ် လုပ်သင့်မလုပ်သင့် စဉ်းစားလိုက်လို့ရပါ တယ်။ ကောင်းမှုနဲ့မကောင်းမှုကို ခွဲခြားနိုင်ပြီး မကောင်းမှုကို တတ်နိုင်သလောက်ကြိုးစားရှောင်မယ်။ ကောင်းမှုကို တတ်နိုင်သလောက် ကြိုးစားလုပ်မယ်ဆိုရင် အဲဒီ လူငယ်ဟာ ကိုယ်ကျင့်တရားနဲ့ပြည့်စုံတဲ့လူငယ်ဖြစ်လာမှာပါ။ ကိုယ်ကျင့်တရားကောင်းမွန်မှုနဲ့ ပြည့်စုံတဲ့ လူငယ်ဖြစ်ဖို့ ကိုယ့်ဟာကိုယ်တည်ဆောက်ယူရမှာပါ။ တည်ဆောက်ဖို့ရာကလည်း လွယ်ပါတယ်။ သိပြီးသလောက်အကောင်းအဆိုးခွဲခြားပြီး အကောင်းတွေမလုပ်နိုင်သေးတောင်မှ ပထမအချက်ဖြစ်တဲ့ မကောင်းမှုကိုရှောင်လိုက်ပါ။ မကောင်းမှုလုပ်ဖို့အတွက် လုံ့လ၊ ဝီရိယမစိုက်ထုတ်ရင်ပဲ ခုနစ်ဆယ့်ငါးရာခိုင်နှုန်း အောင်မြင်ပါပြီ။ ကဲ လူငယ်များ ကြိုးစားနိုင်ကြပါစေ။

**ရတနာပုံသတင်းစာ**

**၆.၅..၂၀၀၁**

**ကံချွန်**

www.burmeseclassic.com

# လူငယ်နှင့်ကိုယ်ကျင့်တရား (၂)
# ကိုယ်ရည်ကိုယ်သွေး

လူငယ်တိုင်းမှာ ကိုယ်စွမ်းကိုယ်စ - ဉာဏ်စွမ်းဉာဏ်စ ရှိကြပါတယ်။ ကိုယ်ကျင့်တရားကောင်းနေတဲ့ လူငယ်တစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးဟာ သူ့ဘဝရဲ့တိုးတက်မှုကို တည်ဆောက်ပေးနိုင်မှာဖြစ်ပါတယ်။ ကိုယ်ကျင့်တရားမကောင်းသူရဲ့ ကိုယ်ရည်ကိုယ်သွေးကတော့ သူ့ဘဝကို ဆုတ်ယုတ်ပျက်စီးစေမှာပါပဲ။ လူငယ်တစ်ယောက်ရဲ့စွမ်းဆောင်နိုင်မှု ကိုယ်ရည်ကိုယ်သွေးဟာ အဲဒီလူငယ်ရဲ့အသုံးချမှုအပေါ်မူတည်ပြီး ကောင်းကျိုးဆိုးကျိုးကွဲပြားစေမှာပါ။

ဆိုကြပါစို့ -

အသတ်အပုတ်ကျွမ်းကျင်တဲ့လူငယ်ဟာ သူရဲ့အရည်အချင်း၊ အရည်အသွေး၊ စွမ်းဆောင်နိုင်မှုကို ဘယ်လိုပြမလဲ၊ ဘယ်လိုသုံးမလဲ။ သူဟာ လူဆိုးလူပေဖြစ်နေရင် သူ့ရဲ့စွမ်းဆောင်နိုင်မှုဟာ အန္တရာယ်ပါပဲ။ သူဟာ အားကစားသမားဖြစ်နေရင် သူ့ရဲ့စွမ်းဆောင်နိုင်မှုဟာ ရွှေတံဆိပ်ပေါ့။ သူဟာ တရားဥပဒေဘက်တော်သားဖြစ်နေရင်သူ့ရဲ့စွမ်းဆောင်မှုဟာ လူအများအေးချမ်းဖို့အတွက်ဖြစ်မှာပေါ့။ လူဆိုး၊ သူခိုးဖမ်းတဲ့ဆီသုံးရတော့မှာကိုး။ ဒါပါပဲ။ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်သူလဲ အတူတူပါပဲ။ ဉာဏ်တော့ထက်မြက်ပါရဲ့။ ကိုယ်ကျင့်တရားက မကောင်းရင် အဲဒီလူငယ်ဟာ ကွန်ပျူတာဗိုင်းရပ်စ်မွေးမြူရေးလုပ်နေရင် ဘယ်လိုလုပ်မလဲ။

လူငယ်တိုင်းမှာ ကိုယ်ရည်ကိုယ်သွေးရှိပါတယ်။ ကိုယ့်မှာ ပိုင်ဆိုင်ထားတာနဲ့ ကိုယ်စနစ်တကျပြုစုပျိုးထောင်လေ့ကျင့်ပေးတာ အံဝင်ဖို့ပဲ လိုပါတယ်။ လူငယ်တိုင်း ထူးချွန်ထက်မြက်တဲ့လူငယ်တွေဖြစ်နိုင်ပါတယ်။ အလေးအနက်စဉ်းစားကြည့်စရာလေးတွေပြောပြချင်ပါတယ်။ အလေးအနက်ဆိုတဲ့စကား ဘာလို့ထည့်ရသလဲဆိုတော့ -

ကျွန်တော် ပန်းခြံထဲထိုင်နေတုန်း ချိန်းတွေ့တဲ့ သမီးရည်းစားစုံတွဲတစ်တွဲနဲ့ဆုံဖူးတယ်။ ကောင်မလေးကြည့်ရတာက ဘာမှအလေးမထားတဲ့ပုံလေး ကောင်လေးကြည့်ရတာက မှုန်တေတေ။ ကျွန်တော့်ကိုတော့ သူတို့က ပန်းခြံထဲက ပန်းပုရုပ်ထင်နေပုံရပါတယ်။ ကျွန်တော်ရှေ့မှာတင် ရပ်ပြီး သူတို့ဆွေးနွေးနေကြတာ။

ကောင်လေးက - မင်းငါ့ကို မေ့လိုက်တော့ -တဲ့

ကောင်မလေးက - ဘာကိုမေ့ရမှာလဲ-တဲ့။ ဒီတော့

- မင်းငါ့ကိုချစ်ဖူးတာလေ-
- ဘယ်တော့ကလဲ
- လွန်ခဲ့တဲ့ခြောက်လလောက်က
- ဟုတ်လား၊ ဘယ်မှာတွေ့လို့လဲ
- ဒီပန်းခြံမှာတွေ့တာလေ၊ အဲဒီနေ့က မိုးတွေတောင်ရွာနေသေးတယ်လေ၊ မှတ်မိပြီလားတဲ့။

ဒီတော့ ကောင်မလေးက မျက်လုံးကိုမှေးစင်းပြီး ထောင့်ကပ်ကြည့်လိုက်သေးတယ်။ ပြီးတော့မှ

www.burmeseclassic.com

- ဩော် - ပန်းခြံမှာတွေ့ဖူးတဲ့ ရည်းစားထဲ ရှင်လဲပါတာကိုး - တဲ့

ကဲ - မခက်ဘူးလား။ မေ့စရာခိုင်းဖို့ရာ ဘာမေ့ရမှာလဲဆို တာမေ့နေလို့ မေ့စရာအကြောင်းအရာကို ပြန်အစဖော်ပေးနေရ သေးတာ။ လူ့ဘဝမှာ အလေးအနက်မထားသင့်တာတွေရှိသလို အလေးအနက်ထားသင့်တာတွေလဲရှိပါတယ်။ ကျွန်တော် အခုပြော ဖူးတာကိုလဲ ဘယ်တုန်းက ပြောဖူးတာလဲ၊ ဘယ်မှာပြောဖူးတာလဲလို့ ဖြစ်မှာစိုးလို့ပါ။

လူတစ်ယောက်ဟာ ကိုယ့်ကိုယ်ကိုမှ တန်ဖိုးမထားရင်၊ အလေး မထားရင် အဲ့ဒီလူဟာ လုံးဝတိုးတက်မယ်မဟုတ်ပါဘူး။ အပြေးပြိုင် ပွဲမှာ အားလုံးရဲ့နောက်၊ နောက်ဆုံးကပန်းဝင်လာသူကို သတင်း ထောက်ကမေးသလိုဖြစ်မှာစိုးလို့ပါ။ ဒီလိုပါ။ သတင်းထောက်က နောက်ဆုံးကပြေးလာတဲ့သူကိုမေးတယ် "ခင်ဗျားကို တခြားသူတွေ က ကျော်တက်သွားတဲ့အခါ ဘယ်လိုခံစားရသလဲ" လို့မေးတော့ နောက်ဆုံးကပြေးလာတဲ့သူက ဖြေသတဲ့ "ဘယ်လိုမှ မခံစားရပါဘူး ကျွန်တော်က တာထွက်ကတည်းက နောက်ဆုံးကပါ။ ကျွန်တော့် ကျော်တက်တဲ့လူတစ်ယောက်မှမရှိလို့ပါ" ဆိုသတဲ့။

ဘဝကိုအဲသလိုနှစ်သိမ့်မှုမျိုးနဲ့ ကျေနပ်နေမှာကိုလဲ ကျွန်တော် မလိုလားပါဘူး။ မဖြစ်စေချင်ပါဘူး။ အပြေးမှာ နောက်ဆုံးရောက် နေသူဟာ အတွေးမှာ ရှေ့ဆုံးမရောက်နိုင်ဘူးလို့ ဘယ်သူပြောရဲသ လဲ။ အတွေးကျတော့ ရှေ့ဆုံးထိရောက်ချင်ရောက်မှာပေါ့။

ပန်းချီမရေးတတ်ပေမယ့် စာရေးတတ်သူတွေရှိတာပဲ။

စာမရေးတတ်ပေမယ့် ဂီတကျွမ်းကျင်သူတွေရှိတာပဲ။

တစ်ချို့ကျတော့ သရုပ်ဆောင်မှာ ကျွမ်းကျင်တယ်။

တစ်ချို့ကျတော့ ပညာရေးမှာ အကျိုးပေးတယ်။

တစ်ချို့ကျတော့ အားကစားမှာ ထူးချွန်တယ်။

ကိုယ်ပိုင်ဆိုင်ထားတဲ့စွမ်းရည်ကို ထူးချွန်ထက်မြက်အောင် လေ့ကျင့်ကြိုးစားဖို့ပဲ လိုပါတယ်။ လူငယ်တိုင်းမညံ့ပါဘူး။ လူငယ်တိုင်း ထူးချွန်နိုင်ပါတယ်။

အဲသလို သိပြီးရင် အဲဒီအတိုင်းယုံကြည်ဖို့လိုပါတယ်။ လူငယ်တစ်ယောက်ရဲ့ဘဝတိုးတက်အောင်မြင်ဖို့အတွက် အဲ့ဒီလူငယ်ရဲ့ ကိုယ့်ကိုယ်ကို ယုံကြည်မှုရှိဖို့ရာဟာ အဓိကကျတဲ့အချက်ထဲပါ ပါတယ်။ ကိုယ့်ရဲ့စွမ်းဆောင်နိုင်မှုကို ကိုယ်သိရပါမယ်။ ကိုယ့်ကိုယ်ကို ယုံကြည်တာနဲ့ ကိုယ့်ကိုယ်ကို အထင်ကြီးတာ ကွဲပြားပါတယ်ခင်ဗျာ။ ယုံကြည်တာက တိကျသေချာမှုရှိပါတယ်။ ကိုယ်လုပ်နိုင်တဲ့စွမ်းရည်ပိုင်နိုင်မှုကို ကိုယ့်ဟာကိုယ်သေသေချာချာသိထားလို့ ကိုယ့်ကိုယ်ကို ယုံတာပါ။ ကိုယ့်ကိုယ်ကို အထင်ကြီးတာကတော့ တိကျသေချာမှုမရှိပါဘူး။ တာဝန်ယူပြီး လုပ်ကြည့်လိုက်တော့မှ မအောင်မြင်တာမဖြစ်တော့တာဟာ ကိုယ့်ကိုယ်ကို အထင်ကြီးသူတွေမှာ ဖြစ်တတ်တဲ့သဘောပါ။ ဒါကြောင့် ကိုယ်ရဲ့စွမ်းဆောင်နိုင်မှုကို ကိုယ်သိရပါမယ်။ ဘယ်အတိုင်းအတာထိလုပ်နိုင်တယ်ဆိုတာ သိရပါမယ်။ အဲသလိုသိပြီးတာနဲ့ ကိုယ့်ကိုယ်ကိုယုံကြည်မှုရှိလာမှာပါ။ ကိုယ့်ကိုယ်ကိုယုံကြည်မှ သူတစ်ပါးကလည်း ကိုယ့်ကိုယုံကြည်ပါမယ်။ ကိုယ့်ကိုယ်ကိုယုံကြည်တဲ့လူဟာ မသေချာမရေရာတဲ့စကားမျိုး

www.burmeseclassic.com

မပြောတော့ပါဘူး။

"နက်ဖြန်တော့ ပြီးမယ်ထင်ပါရဲ့ -
လာကြည့်လေ - ရချင်ရမှာပါ -
ကြိုးတော့ကြိုးစားတာပဲ၊ အောင်မယ်ထင်ပါရဲ့။"

ဆိုတဲ့စကားမျိုးတွေဟာ ကိုယ့်ကိုယ်ကို မယုံကြည်သူတွေဆီက ထွက်လေ့ရှိတဲ့စကားတွေပါ။

"နက်ဖြန်လာခဲ့" ဆိုပြီး ချိန်းဆိုလိုက်တဲ့အလုပ်ကို ချိန်းဆိုတဲ့နေ့မှာ ပေးအပ်ဖို့အရန်သင့်ဖြစ်နေအောင် လုပ်ထားရပါမယ်။ ဒါမှ ကိုယ်နဲ့ဆက်ဆံတဲ့လူရဲ့ ယုံကြည်မှုကိုလဲရမှာပါ။

လူငယ်တစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကိုမြှင့်တင်ရာမှာ အဲဒီလူငယ်ရဲ့ သူကိုယ်သူယုံကြည်မှုကလဲပါပါတယ်။ လူငယ်ဆိုတာ ပြောတဲ့အတိုင်းဖြစ်အောင်လုပ်နိုင်စွမ်းရှိရမယ်ပေ့ါ။ အဲသလို လုပ်နိုင်စွမ်းရှိအောင်ကြိုးစားကြရပါမယ်။ ကျွန်တော့်ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုကိုပြောပြချင်ပါတယ်။ ကျွန်တော်ဟာ ပန်းချီကျောင်းတက်စဉ်ကအညံ့ဆုံးကျောင်းသားပါ။ သုံးနှစ်သင်တန်းအတူတူတက်တဲ့ဆီမှာ အညံ့ဆုံးဖြစ်ခဲ့ပေမယ့် ဒီနေ့နှစ်သုံးဆယ်ကျော်ကြာပြီးတဲ့ကာလမှာတော့ ကျောင်းနေဖက်အတော်များများဟာ အနုပညာလောကမှာ မရှိကြပါဘူး။ အနုပညာနဲ့ အောင်မြင်မှု ရသူထဲမှာ အဆင့် တစ်၊ နှစ်၊ သုံးတွေ မပါပါဘူး။

တချို့ဈေးသည်ဖြစ်၊ တချို့ပွဲစားဖြစ်၊ တချို့ ကုန်သည်ဖြစ်ပါပဲ။ တချို့လည်း အနုပညာကိုလုပ်ဖို့ အခြားသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုနဲ့တွဲပြီး ရပ်တည်နေရတယ်။

ကျွန်တော်သူငယ်ချင်းတွေကို နှိမ်ချင်လို့ ပြောတာမဟုတ်ပါဘူး။ လူငယ်တစ်ယောက်ဟာ သူ့မှာ ရည်ရွယ်ချက်ရှိရင်၊ သူ့ကိုယ်သူဖြစ်ရမယ်လို့ ယုံကြည်ရင် သူများထက်အချိန်ပိုပေးကောင်းပေးရမယ်။ သူဖြစ်ချင်တာကတော့ ဖြစ်ကိုဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တိုင်းမှာကိုယ်ရည်ကိုယ်သွေး ဉာဏ်စွမ်းဉာဏ်စရှိတယ်လို့ ကျွန်တော်အခိုင်အမာပြောတာပါ။ စနစ်တကျကြိုးစားလေ့ကျင့်ဖို့ပဲ လိုပါတယ်။

**ရတနာပုံသတင်းစာ**

**၁၃.၅.၂၀၀၁**

**ကံချွန်**

# လူငယ်နှင့်ကိုယ်ကျင့်တရား (၃)
# ပတ်ဝန်းကျင်

ကိုယ်ကျင့်တရားကောင်းဖို့အတွက် ပတ်ဝန်းကျင်ကောင်းရှိဖို့လည်း လိုပါတယ်ခင်ဗျာ။ လူ့သဘောကလည်း တော်ရာထက်ပျော်ရာမှာနေချင်ကြတာပါ။ ကျွန်တော့်အသိကလေးမလေးတစ်ယောက် ဟိုးပြီးခဲ့တဲ့လက အလုပ်ရသွားတယ်လို့ကြားရပါတယ်။

**စိန်စိန်ဦးစာအုပ်တိုက်**

www.burmeseclassic.com

ဟော ဒီလမှာတွေ့တော့ ထွက်လိုက်ပြီတဲ့။ ဟဲ့ဘာလို့ ထွက်ရတာလဲ ဆိုတော့ မပျော်လို့တဲ့။ ပြောစမ်းပါဦး မပျော်ရတဲ့အကြောင်းရင်းကို ဆိုတော့။

"အဲဒီဌာနက တိတ်ဆိတ်နေတာ၊ သမီးကပျင်းတာပေါ့"

"ဝင်ကာစမို့ပေါ့ဟာ နောက် စကားပြောဖော်ရလာမှာပေါ့"

"အဲဒါ ပြဿနာပေါ့ ဦးရဲ့ သမီးအလုပ်စားပွဲအပေါ်တည့်တည့်မှာ ရှုးတိုးတိုး စကားမပြောရ၊ ဆူညံခြင်းမပြုရ" ဆိုတဲ့ ဆိုင်းဘုတ်ကြီး။ သမီးအနားဘယ်သူကလာပြီး ပြောရဲမှာလဲ။ စကားမပြောဘဲ မနေနိုင်ပါဘူး"

တဲ့လေ မိန်းကလေးတွေ စကားပြောချင်တာတော့ အပြစ်မတင်ချင်ပါဘူး။ အဲဒါကိုက မိန်းကလေးသဘာဝထင်ပါရဲ့။ ဘာလို့လဲဆိုတော့ ကမ္ဘာပေါ်မှာရှိတဲ့ မိန်းမသားတိုင်း စကားပေါတာပါပဲ။ အများစုကြီးကိုဆိုလိုတာပါ။ ကံချွန်တို့ဆီက မိန်းကလေးတွေမှ မဟုတ်ပါဘူး။

ယောကျ်ားလေးက နာရီနှစ်ဆယ်လောက်စကားပြောပြီး ချစ်သူဖြစ်ဖို့ကြိုးစားလိုက်၊ အဲ ရပြီးတာနဲ့ နှစ် နှစ်ဆယ်လောက်တော့သူကချည်းပြောတော့မှာပဲ။ ဟာသလေးတစ်ခု သတိရမိတယ်။ လင်မယားနှစ်ယောက် စကားများကြတော့ မိန်းမက "ဒီမယ်၊ တော့ယူမိတာ ကျုပ်ဘဝမှာ ပြင်မရတဲ့အမှားပဲ။ အစစအရာရာပြောင်းလဲနေတဲ့လောကကြီးမှာ မပြောင်းလဲတာဆိုလို့ ကျုပ်ဝတ်စုံပဲရှိတယ်။ တော့်ယူမိလို့ တိုးပွားလာတာ အဲဒီ ကလေးသုံးယောက်အပြင် ဘာများရှိသလဲ။ စားရတာကရော၊ သက်သတ်လွတ်ကို နှစ်ပေါက်နေပြီ။

နေရတာကရော”

ဆိုပြီး အဆက်မပြတ်ပြောတော့ ယောကျ်ားက အော်သတဲ့၊ တော်ကွာစကားကိုအားကြီးများတယ်လို့။ ဒီတော့ မိန်းမက ပြန်ပြောသတဲ့။ များရမယ်တော့ များရမယ်။ ကျုပ်မှာ ဒီစကားများတာလေး တစ်ခုကျန်တော့တာ၊ ဒါတောင် ဆွဲကြိုးတို့ နားကပ်တို့လို တော်ရောင်းစားမရလို့ ကျန်နေတာလို့ပြန်အော်သတဲ့။ ထားတော့ ကျွန်တော်အဓိကပြောချင်တာက လူအတော်များများမှာ ကိုယ့်ဝါသနာအမူအကျင့်အသေးအဖွဲ့လေးဖြစ်ဦးတော့ အလေးပေးတတ်တယ်ဆိုတာပါ။ အဲဒီ အလေးပေးတတ်မှုဟာ ကိုယ့်ဘဝရပ်တည်မှုနဲ့ ယှက်နွယ်လာမှာမျိုးကိုတော့ သတိနဲ့ထိန်းရမှာပေါ့။ မြန်မာစကားတွေဟာ အဲသလိုထိန်းဖို့အတွက် ပေါ်လာတာတွေပါ။

ပျော်ရာမှာ မနေရ - တော်ရာမှာနေရဆိုတာတို့

တံငါနားနီးတံငါ - မုဆိုးနားနီးမုဆိုးဆိုတာတို့

တစ်ရွာမပြောင်း - သူကောင်းမဖြစ်ဆိုတာတို့

သေချင်တဲ့ကျား - တောပြောင်းဆိုတာတို့

ရေများရေနိုင် - မီးများမီးနိုင်ဆိုတာတို့

အများကြီးပါပဲ။ ဒီစကားတွေဟာ ပတ်ဝန်းကျင်ရွေးချယ်မှုကို အကြောင်းပြုပြီး အလေးထားဖို့ သတိပေးခဲ့တဲ့ ရှေးလူကြီးများရဲ့ စကားတွေပါ။

ပတ်ဝန်းကျင်ဟာ ကျွန်တော်တို့ရဲ့ အမူအကျင့်စရိုက်ကို အများကြီးပြောင်းနိုင်ပါတယ်။ တချို့က ဗီဇက ရှိပါသေးတယ်။

ကျားတစ်ကောင်နဲ့ နွားတစ်အုပ်ကို ရောပြီးမွေးကြည့်ပါ။ အဲဒီကျား ဟာ နွားစိတ်တော့မပေါက်ပါဘူး။ ကျားဟာကျားပါပဲ။ နွားတွေတစ် ကောင်ပြီးတစ်ကောင် စားပစ်မှာပါလို့ပြောပါတယ်။ ဒါကတော့ စကားကပ်တာပါ။ ကျွန်တော်ပြန်မေးချင်ပါတယ်။ ဟောလိဝုဒ်မှာ ရုပ်ရှင်ရိုက်ဖို့ မွေးထားတဲ့ကျားတွေ၊ ခြင်္သေ့တွေ ဘယ်လိုလုပ်မလဲ။ ခွေးလေး ကြောင်လေးများလို ဖြစ်နေတာ။

ပြီးတော့ -

ကျွန်တော်တို့က "လူ" ကို သူနေသင့်တဲ့ "လူကောင်း"တွေရှိ တဲ့ပတ်ဝန်းကျင်ရွေးချယ်သင့်တယ်ဆိုတာဦးတည်ပြောနေတာလေ။ ကျားနဲ့နွားလို လုံးဝကွဲပြားတဲ့မျိုးရိုးမတူနဲ့ ဝန်းကျင်ပေါင်းစပ်မှုမှ မဟုတ်ဘဲ။ လူငယ်တွေ ရွေးချယ်ရမှာဟာ လူသားဝန်းကျင်ပဲ။ ကောင်းတဲ့လူသားတွေရှိတဲ့ ဝန်းကျင်ဖြစ်ဖို့ပေါ့။ "ကောင်းတဲ့" ဆိုတာ က အကျင့်စရိုက်အလုပ်အကိုင်-အပြောအဆိုအားလုံးပါ ပါတယ်။

ဝန်းကျင်မကောင်းတာမှာကျင်လည်မိရင် ဒုက္ခရောက်မှာပါပဲ။ အသိဉာဏ်ရှိတဲ့ လူငယ်တိုင်းဟာ ပတ်ဝန်းကျင်ကောင်းကို ရွေးချယ် မိဖို့ သိပ်လိုအပ်ပါတယ်။

ပတ်ဝန်းကျင်ရဲ့ လွှမ်းမိုးမှုဟာ သူရဲ့စိတ်ကိုပြောင်းစေတာ အမှန်ပါ။ ကျွန်တော်ပန်းချီသင်တန်းတက်နေတုန်းက ဆရာက ပြောဖူးတယ်။ ကျွန်တော်တို့က အနုပညာဆိုတာ စျာန်ဝင်မှ လုပ် လို့ရတာ။ ဖန်တီးတာမဟုတ်ဘူး။ မွေးဖွားတာ ဘာညာနဲ့စကားကြီး စကားကျယ်တွေပြောစပြုတဲ့ အချိန်ပါ။ အဲသလို အချိန်မှာ ဆရာကြီး ဦးအေးကျော်က စာရွက်တွေဝေတယ်။ ပြီးတော့ ခဲတံဝေတယ်။

ပြီးတော့ ဆေးခဲ-စုတ်တံနံပါတ် ၆ နဲ့ ၉ ရေးလို့ ကောင်းတဲ့ ဆိုက် တွေပေါ့။ အဲဒါတွေဝေါပြီးတော့ ဘာမှအရေးမခိုင်းဘဲအလျှုဝင်စရာ ရှိလို့ဆိုပြီး ထွက်သွားပါတယ်။

ကျွန်တော်တို့ဟာ ဆရာဘာမှ အရေးမခိုင်ခဲ့ပေမယ့် ရေးစရာ တွေ အဆင့်သင့်ရှေ့မှာရှိနေတော့ ရေးဖြစ်ကြတော့တာပေါ့။ လူပုံ ရေးတဲ့သူနဲ့ ပန်းအိုးရေးတဲ့သူနဲ့ ကျောင်းရှေ့ထွက်ပြီး ကျုံးပုံ အောက်ဒိုးရေးတဲ့သူနဲ့ နေ့လည်ပိုင်းဆရာပြန်လာတော့။

“ကဲ မင်းတို့ကို ဆရာက ဘာမှ အရေးမခိုင်းဘဲ မင်းတို့ ရေးကြ တာ ဘာလို့လဲ စျာန်ဝင်လို့လား” အဲဒါဆို စျာန်ဝင်အောင် လုပ်တဲ့ နည်းရှိပြီပေါ့ မှတ်ထားကွ။ လက်ဖက်ရည်ဆိုင်သွားထိုင်နေလို့ ပန်းချီ ရေးချင်စိတ်မပေါ်ပါဘူး။ ပေါ်လာဦးတော့ချက်ချင်းမရေးဖြစ်ပါ ဘူး။ ဘီယာဆိုင်သွားထိုင်နေရင် ဘီယာပဲသောက်ဖြစ်မှာပေါ့။ ဓမ္မာ ရုံကိုသွားမှ ပုတီးစိတ်ဖြစ်မှာပေါ့။ ကလေးတစ်ယောက်ရှေ့မှာ ကျောက်ခဲချပေးထား။ ကောက်ကိုင်မယ်။ ပြီးရင်ထုမယ်။ အဲဒီ ကလေးရှေ့မှာ စက္ကူနဲ့ဆေးနဲ့စုတ်တံချပေးထားရင် အရုပ်ရေးမှာ ပေါ့။ မုန့်ချပေးထားရင် ကောက်စားမှာပေါ့။

အဲဒီစကားတွေကိုလည်း အမှတ်ရမိပါတယ်။ ပတ်ဝန်းကျင် ဟာ ကျွန်တော်တို့ရဲ့ အပြုအမူကို လွှမ်းမိုးမှာပါပဲ။ ကောင်းတဲ့ ဝန်းကျင်ဆိုရင် ကျွန်တော်တို့အပြုအမူတွေဟာ အကောင်းဖြစ်မယ်။ ပတ်ဝန်းကျင်ကိုပါ ကိုယ်ကဦးဆောင်ပြုပြင်နိုင်ဖို့ဆိုတဲ့ အဆင့်ကျ တော့ သိပ်မြင့်သွားပါပြီ။ ဒါကြောင့် နုနယ်သေးတဲ့ လူငယ်တွေ အနေနဲ့ ကောင်းမွန်သော ပတ်ဝန်းကျင်မှာ နေနိုင်ဖို့ ကြိုးစားပါ။

www.burmeseclassic.com

ပတ်ဝန်းကျင်ရဲ့သြဇာဟာ ကိုယ့်အပေါ် လွှမ်းမိုးနိုင်လို့ပါ။

ဒါက လူငယ်နဲ့ပတ်ဝန်းကျင်ကိစ္စပါ။ ကိုယ်ကျင့်တရားကောင်းတဲ့ လူငယ်တွေဖြစ်ဖို့ ပတ်ဝန်းကျင်ကောင်းကို ရွေးချယ်ကြဖို့ လိုပါတယ်။

**ရတနာပုံသတင်းစာ**

**၂၀.၅.၂၀၀၁**

**ကံချွန်**

# လူငယ်၊ လူကြီး (၁)
# အသိအမှတ်ပြုဖို့

ကျွန်တော်တို့ဟာ ကိုယ့်တူ ကိုယ့်သား၊ ကိုယ့်ရပ်ဆွေရပ်မျိုး လူငယ်တွေအပေါ် ကောင်းစေချင်တာ တော်စေချင်တာ၊ ပြည့်စုံစေချင်တာ တူညီတဲ့ဆန္ဒပါပဲ။

ပိုပြီးအမြော်အမြင်ရှိတဲ့ ပုဂ္ဂိုလ်များ၊ ပညာရှင်များ၊ ခေါင်းဆောင်များကတော့ လူငယ်တိုင်းကို သိစေ့၊တတ်စေ့၊တော်စေ့ချင်ကြတာအမှန်ပါပဲ။ ကျွန်တော်တို့လူကြီးတွေထက်ကို သိစေ့တတ်စေ့ တော်စေ့ချင်တာပါ။ ဒါမှ တိုးတက်မှာကိုး။ လူငယ်တွေ

တိုးတက်မှုလည်း တိုင်းပြည်ကြီးတိုးတက်မှာပါ။ ဒါအားလုံးလက်ခံပြီးသား၊ သိပြီးသားပါ။ ဒါကိုသတိရမိတဲ့အကြောင်းရင်းက --

ကျွန်တော်ကိစ္စတစ်ခုအတွက် မြို့ထဲကိုကားနဲ့သုံးနာရီလောက် လှည့်လည်ခရီးသွားဖြစ်ပါတယ်။ အငှားကားနဲ့ပါ။ ကျွန်တော်က ထိုင်လိုက်သူ။ မှန်တာကို ပြောရရင်ကားပေါ်ရောက်တော့လည်း ကားပေါ်ကအမြင်ကားပေါ်ကခံစားမှုမျိုးဖြစ်ပေါ်လာတာအမှန်ပါ။

ကားရှေ့မှာ ပမာမခန့်ဖြတ်သွားရင် -

လမ်းကျော်ပိတ်ပြီးနင်းနေတဲ့ စက်ဘီးတွေတွေ့ရင် စည်းမဲ့ကမ်းမဲ့ဖြတ်ဝင်လာတာမျိုးကြုံရင် ကားလာနေတာ မြင်နေပြီးမှ အတင်းဖြတ်ကူးရင်စိတ်ထဲကသိပ်မကျေနပ်ချင်ပါဘူး။

ကားကို ဘာမှတ်နေလို့လဲ။

ကိုယ့်အသက်ကိုယ်မနှမြောဘူးလား။

လှည်းလမ်းမဟုတ်ဘူးကွ။ ကားလမ်းဆိုပြီး တစ်ခါတစ်ခါ ကြားရတတ်တဲ့ကားပေါ်က အော်သံတွေကို အမှတ်ရမိပါတယ်။ ကိုယ်ကိုယ်တိုင် အဲသလို မအော်မိအောင် အတော်စိတ်ထိန်းထားရပါတယ်။ လမ်းတစ်နေရာမှာတော့ စက်ဘီးစီးလာတဲ့ လူငယ်သုံးယောက်ဟာ ကျွန်တော်တို့ကားမောင်းလို့ အဆင်ပြေအောင် သူတို့စက်ဘီးတွေကို လမ်းဘေးထိန်းရပ်ပြီးရှောင်ပေးကြတယ်။ ကျွန်တော်စီးလာတဲ့ကားကို မောင်းတဲ့သူက လူငယ်တွေနားရောက်တော့ အရှိန်လျှော့ပြီး

ကျေးဇူးပဲကွာ - လို့ အပြုံးနဲ့ အသိအမှတ်ပြုစကားဆိုပါတယ်။ လူငယ်သုံးယောက်လုံးရဲ့ မျက်နှာဟာလည်း ပြုံးသွားပြီး ခေါင်းငြိမ့်

www.burmeseclassic.com

ပြကြတယ်။ ကျွန်တော် ကားဆရာရဲ့မျက်နှာကို ကြည့်မိတယ်။ သူကတော့ လုပ်ရိုးလုပ်စဉ်တစ်ခုလုပ်သလိုပါပဲ။ ဘာမှ မထူးခြားပါဘူး။

လှုပ်ရှားသွားတာ

ထူးခြားသွားတာက ကျွန်တော်ပါ။

ဘာလို့လဲဆိုတော့ ကျွန်တော်တို့လူငယ်တွေစည်းကမ်းမလိုက်နာရင်လူမှုရေးမသိတတ်ရင်လေးစားရိုသေမှုမရှိရင်ဆုံးမချင်တယ်။ အော်ချင်တယ်။ ငေါက်ချင်တယ်။ ဒါပေမယ့် သိတတ်တဲ့လူငယ်၊ စည်းကမ်းလိုက်နာတဲ့လူငယ်ကိုတော့ သူရဲ့သိတတ်မှုအတွက် ပြန်လှန်အသိအမှတ်ပြုပေးဖို့မေ့နေကြပါတယ်။ ကားပေါ်မှာ ထိုင်လိုက်ရင်းခဏ ကျွန်တော့်စိတ်ခံစားမှုကနေ သတိထားလိုက်မိတဲ့အချက်ပါ။

အားကစားမှာ ပညာရေးမှာ စီးပွားရေးမှာ ထိပ်ဆုံးရောက်နေသူတွေကို ကျွန်တော်တို့ သတိထားမိကြပါတယ်။ မြင်သာထင်သာတာကိုး၊ အဲဒါကြောင့်လည်း ဂုဏ်ပြုဖြစ်ကြတာပေါ့။ အသိအမှတ်ပြုကြတာပေါ့။ ဒါပေမယ့် ကျွန်တော်တို့ ဂုဏ်ပြုဖို့ အသိအမှတ်ပြုဖို့ မေ့နေတာက အသိစိတ်ရှိတဲ့လူငယ်တွေကိုပါ။ အစောကတွေ့လိုက်ရတဲ့ကားဆရာ အသိအမှတ်ပြု ကျေးဇူးစကားဆိုခဲ့တဲ့ လူငယ်မျိုးတွေဆိုပါတော့။

လူတိုင်းလိုက်နာပြုမူသင့်တဲ့ စည်းကမ်းတွေ၊ လူမှုရေးတွေကို လူတိုင်းမလိုက်နာကြပါဘူး။ မလိုက်နာကြတဲ့သူတွေရဲ့ကြားမှာ လိုက်နာတဲ့သူကိုတွေ့ရင် ကျွန်တော်တို့က အသိအမှတ်ပြုပေးရ

မှာပေါ့။ ကျေးဇူးတင်ပေးရမှာပေါ့။ ကျွန်တော်က -

'အစောက လူငယ်တွေတော်တယ်နော်'

'အဲသလို လူငယ်တွေတွေ့တိုင်း ကျွန်တော်တော့ ကျေးဇူးတင်ကြောင်းပြောရတယ်။ သူတို့မဆင်ခြင်ရင် သူတို့အတွက် အန္တရာယ်များသလို ကျွန်တော်တို့အတွက်လည်း အန္တရာယ်များတာပဲ'

'ယာဉ်စည်းကမ်းတွေကိုတော့ ဘယ်လိုမြင်သလဲ'

'စည်းကမ်းဆိုတာ သတ်မှတ်သူအတွက် အကျိုးရှိဖို့မှ မဟုတ်တာဘဲ ဆရာရယ်။ အသတ်မှတ်ခံရသူအကျိုးရှိဖို့ပါ။ အန္တရာယ်ကင်းဖို့ပါ။ လူငယ်တွေဆိုင်ကယ်စီးရင် ဦးထုပ်မဆောင်းချင်ဘူး။ ကျွန်တော့်သားကအစပေါ့။ ဦးထုပ်ကို ရှေ့ခြင်းထဲထည့်ယူသွားတာ။ ယာဉ်ထိန်းရဲမြင်မှဆောင်းတာကျွန်တော်ပြောပြတယ်။ ဦးထုပ်ဆောင်းဖို့သတ်မှတ်တာဟာ မင်းတို့အန္တရာယ်ကင်းဖို့ - ခုတော့မင်းက မင်းအတွက်ဆောင်းရမယ့်ဟာကို ယာဉ်ထိန်းရဲမြင်မှဆောင်းတော့သူ့အတွက် ဆောင်းပေးသလိုဖြစ်နေတယ်လို့ ခဏခဏသတိပေးရတယ် ဆရာ။

'နားထောင်ရဲ့လား'

'ခဏပဲ မိဘကပြောတော့ မိဘရှေ့ဆောင်းထွက်သွားပြီးကွယ်ရာရောက်တော့ ပြန်ချွတ်တာပေါ့။ ကျွန်တော်က ကိုယ့်စကားနားထောင်တာ။ နားမထောင်တာထက် အကြောင်းအရာတွေကိုမှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်တဲ့ အလေ့အကျင့်ပျက်သွားမှာကိုစိုးရိမ်တာပါ။'

'အင်း စိုးရိမ်စရာပဲ'

www.burmeseclassic.com

'အဲဒါ ဆရာပြန်ရေးလို့ရရင် ရေးစမ်းပါဆရာ။ လူကြီး နဲ့ လူငယ်ဆိုတာ စေတနာကို အပြန်အလှန်အသိအမှတ်ပြုကြရင် လူငယ်တွေပိုပြီးတိုးတက်မှာပါ။ နှစ်ချက်ပေါ့ဆရာ၊ သိတတ်တဲ့လူငယ်၊ စည်းကမ်းရှိတဲ့လူငယ်တွေကိုလည်း တွေ့တဲ့နေရာမှာ အလေးထားပြဖို့၊ အသိအမှတ်ပြုပြဖို့ ကျွန်တော်တို့လူကြီးတွေကလုပ်ပေးရင် အဲဒီလူငယ်တွေဟာ သူတို့ရဲ့ကောင်းတဲ့ အမူအကျင့်လေးကို ဆက်ထိန်းသွားမယ်။ နောက်တစ်ချက်ကတော့ စည်းကမ်းဆိုတာ လူကြီးတွေရဲ့ စေတနာ၊ လူကြီးတွေအကျိုးရှိဖို့မဟုတ်ဘူး။ လူငယ်တွေအကျိုးရှိဖို့ဆိုတာ ခွဲခြားပြီး သိအောင်ရေးပြစေ့ချင်တာပါ။

ကျွန်တော် ယာဉ်မောင်းကြီးကို သေသေချာချာကြည့်မိပါတယ်။ တစ်ခေါင်းလုံးဖြူနေပါပြီ။ လူကတော့ လန်းဆန်းလတ်ဆတ်နေလို့ ကျန်းမာရေးကောင်းနေမှန်းသိသာပါတယ်။

'ဒါနဲ့ ဆရာကြီးက'

ကျွန်တော်ကဝန်ထမ်းပင်စင်စားတစ်ဦးပါပင်စင်ယူပြီးအအားမနေတတ်လို့ ကားလေးဝယ်ပြီးမောင်းနေတာဆိုပါတော့။'

စည်းကမ်းအကြောင်းက အလုပ်ထဲမှာရှိတုန်းက ဝန်ထမ်းတွေကိုရှင်းပြနေကျ စကားတွေပါ။

ကျွန်တော်မမေ့ဖို့ မှတ်စုလေးထဲမှာ 'စည်းကမ်းဆိုတာအသတ်မှတ်ခံရသူ အကျိုးအတွက်' ဆိုတာလေးရေးမှတ်ထားလိုက်ပါတယ်။ ပြန်ရေးဖို့ပါ။ ပြီးတော့ စည်းကမ်းလိုက်နာတဲ့ လူမှုရေး အသိရှိတဲ့ လူငယ်တွေကိုတွေ့ရင် တွေ့တဲ့နေရာမှာ သူတို့ရဲ့ အသိ စိတ်ကို အသိအမှတ်ပြုဖို့သွားရင်းလာရင်း ပြုံးပြလို့ပဲဖြစ်ဖြစ်၊ လက်မ

ထောင်ပြပြီး ဆက်လုပ် ဆက်ကြိုးစား ဆိုတဲ့အမူအရာလေးပဲ ဖြစ်ဖြစ်ပေါ့။

လူငယ် နှင့် လူကြီး

အပြန်အလှန်ပိုမို နားလည်လေးစားနိုင်ပါစေ။

**ရတနာပုံသတင်းစာ**

**၂၇.၅.၂၀၀၁**

**ကံချွန်**

# လူငယ်၊ လူကြီး (၂)
# "ဖြစ်စေချင်တာရယ်" "ဖြစ်ချင်တာရယ်"

လူကြီးတွေဟာ လူငယ်တွေအပေါ် စေတနာထားတာမှန်ပါတယ်။ လူငယ်တွေကို အကောင်းတွေချည်းဖြစ်စေချင်တာပေါ့။ ဒါပေမယ့် တစ်ခါတလေမှာ ကျွန်တော်တို့ လူကြီးတွေဖြစ်စေချင်တာနဲ့ သူတို့လူငယ်တွေဖြစ်ချင်တာဟာ ထပ်တူမကျဘဲရှိနေတတ်ပါတယ်။

ကျွန်တော်တို့ လူကြီးအတော်များများဟာ လူငယ်တွေဖြစ်ချင်တာကိုသတိမပြုမိဘဲ ကျွန်တော်တို့ လူကြီးတွေဖြစ်စေချင်တာကိုပဲအလေးပေးခိုင်းစေနေမိတတ်ပါတယ်။ တစ်ခါတလေတော့လည်း

www.burmeseclassic.com

သူတို့ဖြစ်ချင်တာကို ကျွန်တော်တို့က ဒုတိယနေရာပို့တတ်ပါတယ်။ ကြားဖူးကြမှာပါပြောဖူးကြမှာပါ

"ဆယ်တန်းအောင်ပြီးမှ ပန်းချီရေး"

"တက္ကသိုလ်ရောက်မှ ဂစ်တာတီး"

"မင်းဝါသနာပါတာ ခဏဘေးဖယ်ထားဦး၊ စာမေးပွဲက အရေးကြီးတယ်"

ဆိုတာမျိုးတွေပါ။ ကျွန်တော်တို့ပြောတာတွေဟာ မှန်တဲ့အခါလည်းရှိပါတယ်။ ကျွန်တော်တို့မှားတဲ့အခါလည်းရှိပါတယ်။ ပန်းချီရေးရင်းဆယ်တန်းအောင်အောင်ကြိုးစားလို့ရပါတယ်။ တက္ကသိုလ်မရောက်ခင် ဂစ်တာတီးလို့ရပါတယ်။ စာကျက်ပြီးမှ ဂစ်တာတီးလို့ပြောမယ့်အစား ဂစ်တာတီးပြီးရင်တော့ စာကျက်ဦးလို့ခိုင်းလို့ မရဘူးလား။ လူငယ်တွေရဲ့ဆန္ဒကို ဦးစားပေးရင်း ကျွန်တော်တို့လူကြီးတွေဖြစ်စေချင်တာကို တွဲခိုင်းတာက ပိုပြီးထိရောက်မယ်လို့ ကံချွန်ယုံကြည်ပါတယ်ခင်ဗျာ။ ဘာလို့လဲဆိုတော့ ကံချွန်ငယ်စဉ်ကတည်းက ဝတ္ထုဖတ်တာနဲ့ပန်းချီရေးတာ ဝါသနာပါခဲ့ပါတယ်။ ဖတ်စရာဝတ္ထုငှားပြီးထားလို့ကတော့ လက်ထဲရောက်နေပြီဆိုလို့ကတော့ အဲဒီဝတ္ထုမဖတ်ရသေးမချင်း တခြားဘာအလုပ်မှလုပ်လို့ မရပါဘူး။ စိတ်မပါပါဘူး။ ဖတ်ချင်နေတဲ့ဝတ္ထုပြီးသွားအောင် ဖတ်လိုက်ရပြီးမှ အာရုံကိုတခြားအလုပ်ထဲမှာ ပို့လို့ရပါတော့တယ်။ စာကျက်စရာရှိရင်လည်း ဝတ္ထုဖတ်ပြီးမှကို ကျက်လို့ရပါတယ်။ ဝတ္ထုကိုစာကျက်ပြီးမှဖတ်ရမယ်ဆိုလို့ကတော့ စာကိုဝတ်ကျေတန်းကျေအော်သွားတာပဲရှိပါတယ်။ ဘာမှမမှတ်မိဘူး။ စိတ်ကဝတ္ထုဆီပဲ

ရောက်နေတာကိုး ကိုယ့်အကြောင်းကိုယ်သိတော့ စာမေးပွဲနီးပြီ ဆိုလို့ကတော့ ဝတ္ထုကိုမငှားတော့ဘူး။

"မင်း ဝါသနာပါတာ ခဏဘေးဖယ်ထားဦး"

စာမေးပွဲက အရေးကြီးတယ်" ဆိုတဲ့အဆင့်ပေါ့။

ကျွန်တော်ကိုယ်တိုင်ဖြစ်ခဲ့ရတဲ့အတွေ့အကြုံကြောင့် လူငယ် လူကြီး ပတ်သက်ယှက်နွယ်နေရတဲ့ ဖြစ်စေချင်တာနဲ့ ဖြစ်ချင်တာ အံဝင်ခွင်ကျဖြစ်မဖြစ် ကျွန်တော်တို့လူကြီးတွေအနေနဲ့ စဉ်းစားဖို့ သတိရသွားတာပါ။ မိသားစုတစ်စုအနေနဲ့ - ဒါမှမဟုတ် ကိုယ့် ရပ်ကွက်တစ်ခုအနေနဲ့ပြန်ပြီးသတိထားစဉ်းစားကြည့်ရင် တွေ့တတ် ပါတယ်။

"ငယ်ငယ်က ဘာမှဖြစ်မယ်မထင်ဘူး - ကြီးလာတော့လည်း သူ့ဟာနဲ့သူဟုတ်လို့"

"ဒီကောင်ငယ်ငယ်ကတော်သလောက် ကြီးလာမှလျှော်သွား ရတယ်လို့"

"မထင်တဲ့ ဂဏန်းပေါက်တယ်ဆိုသလိုပေါ့ အငယ်ဆုံးကောင် ကထွန်းထွန်းပေါက်ပေါက် ဖြစ်သွားတယ်လေ"

အဲသလိုပြောကြတာတွေဟာ လူကြီးတွေဖြစ်စေချင်တာနဲ့ လူငယ်တွေဖြစ်ချင်တာ မတူခဲ့လို့ - လူငယ်တွေဟာ သူတို့ဖြစ်ချင် တဲ့ဆန္ဒ - သူတို့လိုချင်တဲ့ဘဝကို ထူထောင်သွားနိုင်လို့ ထွက်ပေါ် လာရတဲ့စကားတွေပါပဲ။

လူကြီးလူငယ်ပတ်သက်ယှက်နွယ်နေရမှုမှာ ကျွန်တော်တို့ရဲ့ စေတနာထိရောက်ဖို့အတွက် လူငယ်တွေကိုတိုးတက်အောင်မြင်

www.burmeseclassic.com

အောင် ဘယ်လိုတွန်အားပေးကြမလဲဆိုတော့အဖြေအတွက် လူငယ်တွေဖြစ်ချင်တာကိုလည်း ကျွန်တော်တို့ထည့်သွင်းစဉ်းစားဖို့လိုပါတယ်ခင်ဗျာ။ ကျွန်တော်တို့ဖြစ်စေချင်တာချည်း ရှေ့တန်းတင်ထားလို့မရပါဘူး။

ကျွန်တော်တို့သာ - - -

သူတို့ဖြစ်ချင်တာရယ်

ကျွန်တော်တို့ ဖြစ်စေချင်တာရယ်

အကျိုးအကြောင်း အကောင်းအဆိုးခွဲခြားပြီး စနစ်တကျဟန်ချက်ညီညီ အားပေးကြမယ်ဆိုရင် လူငယ်တွေရဲ့ဘဝဟာ ပိုပြီးသက်တောင့်သက်သာနဲ့ အောင်မြင်နိုင်ပါမယ်။ အောင်မြင်တဲ့ဘဝကိုပိုင်ဆိုင်တဲ့လူငယ်တွေလည်း ပိုပြီးများလာပါမယ်။ ဒီနေ့ အလယ်အလတ်လွှာ မိဘများကို သတိထားလေ့လာကြည့်ပါ။ ကိုးဆယ်ရာနှုန်းဟာ ကိုယ့်သားသမီးကို စာတော်စေ့ချင်တယ်။ အတန်းထဲမှာပထမ၊ဒုတိယအထက်မနိမ့်စေချင်ဘူး။ ဒါ တူညီတဲ့ဆန္ဒပါ။ ကိုယ့်သားသမီးအတွက် ဖြစ်နိုင်ခြေရှိမရှိနဲ့ ကလေးဖြစ်ချင်တာကရော ဘာလဲဆိုတာ မစဉ်းစားမိကြပါဘူး။ မလေ့လာမိကြပါဘူး။ အဲ့သလိုပဲ အပြင်လောကမှာအောင်မြင်နေတဲ့သူများကိုလည်း မလေ့လာမိကြပါဘူး။ အဆိုတော်၊ ရုပ်ရှင်မင်းသား၊ ဘဏ်သူဌေး၊ ကုမ္ပဏီပိုင်ရှင်၊ ဟိုတယ်ပိုင်ရှင်၊ ပလာဇာပိုင်ရှင်၊ အင်ဂျင်နီယာ စတဲ့အောင်မြင်သူအသီးသီးကို မေးကြည့်ပါ။ ကျောင်းနေစဉ်က ပထမရခဲ့တဲ့သူတွေချည်းမဟုတ်ပါဘူး။

ကျွန်တော်ယုံကြည်တာက ကျောင်းစာတော်ခြင်းဟာ ဘဝ

အတွက် အောင်မြင်ဖို့အဓိကမဟုတ်ပါဘူး။ အထောက်အကူပြုတဲ့ အချက်တစ်ချက်သာဖြစ်ပါတယ်။ ဒါပေမယ့် ကျောင်းစာမတတ်ရင်တော့ အောင်မြင်တဲ့ဘဝတည်ဆောက်နိုင်ဖို့အတော်ကိုခက်ပါမယ်။ မလွယ်ပါဘူး။ မျှော်လင့်ချက်ဟာ ငါးရာခိုင်နှုန်းတောင်မရှိနိုင်ပါဘူး။ ကလေးကို ကျောင်းထားခြင်းဟာ မအအောင်လို့ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်အောင်လို့ ရင်ဆိုင်ရမယ့်ပြဿနာတွေကို ဖြေရှင်းအဖြေရှာတတ်အောင်လို့ပါ။

"မင်းထီပေါက်ရင် ဘာလုပ်မလဲ"

"ကျုပ်နင်းနေတဲ့ဆိုက္ကားကိုဆိုဖာတွေကက်စက်တွေ တပ်မယ်"

ဆိုတဲ့ပုံပြင်လိုမဖြစ်အောင်လို့ပါ။ ကျောင်းစာဟာ ဘယ်ပညာကိုပဲစိတ်ဝင်စားသည်ဖြစ်စေ တွဲပါနေရမယ့် ဘာသာရပ်လို့ပဲ ကျွန်တော်မြင်ပါတယ်။ လူငယ်တိုင်း ပညာတတ်ဘွဲ့ရတွေဖြစ်သင့်ပါတယ်။ လူငယ်တိုင်းကျောင်းစာမှာတော်နေဖို့တော့မလိုပါဘူး။ သူတို့စိတ်ဝင်စားတဲ့ဘာသာရပ်မှာ အတတ်ပညာ၊ နည်းပညာ ၊ လက်မှုပညာ၊ အနုပညာတစ်ခုခုမှာ ထူးချွန်နေဖို့ပဲ လိုပါတယ်။

ကျွန်တော်တို့ အဲသလိုခံယူထားမယ်ဆိုရင် ကျွန်တော်တို့ ထိတွေ့ဆက်ဆံနေရတဲ့လူငယ်တွေကို ကျွန်တော်တို့ဖြစ်စေချင်တာ တစ်ခုတည်းပဲတွန်းအားပေးမယ့်အစား သူတို့ဖြစ်ချင်တာပါ စနစ်တကျလုပ်နိုင်ဖို့ ကူညီနိုင်ပါမယ်။

(လုံးဝကို ရည်ရွယ်ချက်မရှိတဲ့ လူငယ်တွေကိုတော့ လူကြီးကပဲစဉ်းစားပြီး သူနဲ့သင့်လျော်မယ့်လမ်းကြောင်းကို တွန်းပို့ပါခင်ဗျာ)

ဒါတွေကတော့ ကံချွန်တွေ့ကြုံဖြတ်သန်းခဲ့ရတဲ့ဘဝအပေါ်

www.burmeseclassic.com

မူတည်ပြီးတွေးမိတာတွေပါ။ ကံချွန်ဟာ ဆယ်တန်းအကြိမ်ကြိမ်ဖြေပြီးမအောင်မြင်တော့မှ "မထူးပါဘူးကွာ မင်းဝါသနာပါတဲ့ပန်းချီဆရာပဲလုပ်ပါတော့"

ဆိုတဲ့ ခွင့်ပြုချက်နဲ့ အနုပညာကျောင်းရောက်ခဲ့ရတာပါ။ ကျွန်တော်ဝါသနာပါတဲ့ ပညာကိုသင်ဖို့ ငါးနှစ်လောက်နောက်ကျခဲ့ရတယ်ခင်ဗျ။

ဒါကြောင့်

လူငယ်တွေရဲ့ ဘဝကိုပြုစုပျိုးထောင်ပေးဖို့အတွက် ကျွန်တော်တို့လူကြီးတွေဖြစ်စေချင်တာရယ်၊ လူငယ်တွေဖြစ်ချင်တာရယ်ကို မျှမျှတတ စဉ်းစားပြီး စနစ်တကျအားပေးနိုင်ကြမယ်ဆိုရင် -

လူငယ်တိုင်း မအောင်မြင်နိုင်ပေမယ့်
အောင်မြင်တဲ့လူငယ်တွေ ပိုများလာမယ်လို့
ကျွန်တော် ယုံကြည်ပါတယ်။

**ရတနာပုံသတင်းစာ**
**၃.၆..၂၀၀၁**
**ကံချွန်**

# လူငယ်၊ လူကြီး (၃)
# "သူ့အတွေ့အကြုံ" "ကိုယ့်အတွေ့အကြုံ"

ကျွန်တော်တို့လူကြီးတွေကပြောတတ်တယ်။ "မင်းတို့ငယ်ပါသေးတယ်" "မင်းတို့မှာ အတွေ့အကြုံဘယ်လောက်များရှိသေးလို့လဲ" "ကြီးတဲ့လူတွေပြောတဲ့စကားနားထောင်စမ်းပါ" ဆိုတာမျိုးတွေပေ့ါ။ လူငယ်တွေပြောလေ့ရှိတဲ့စကားတွေလည်းကြားဖူးပါတယ်။

"ခေတ်ချင်းကတူတာမှတ်လို့"

"အတွေးအခေါ်တွေက ရက်လွန်နေပြီ"

"ဦးနှောက်ကိုက နှစ်ချို့နေပြီ"

ဆိုတာမျိုးတွေပါ။ ဘယ်သူမှားသလဲဆိုရင် ဘယ်သူမှမမှားပါဘူး။ ကျွန်တော်တို့တစ်တွေ နားလည်မှုလွဲနေကြတာပါ။ ကံချွန်တစ်ဆင့်ချင်းတွေးမိတယ်။

ပထမတွေးမိတာက အတွေ့အကြုံနဲ့ အသက်အရွယ်၊ အသက်အရွယ်အရ အတွေ့အကြုံရရှိခြင်းဟာ သူလုပ်ရတဲ့အလုပ်နဲ့ သူကျင်လည်ရတဲ့ပတ်ဝန်းကျင်အပေါ်တည်ပါတယ်။ ကားမောင်းသူက ကားမောင်းတဲ့အတွေ့အကြုံရရှိမှာဖြစ်သလို ဟိုတယ်ရဲ့စားဖိုမှူးကလည်းချက်ပြုတ်တဲ့အတွေ့အကြုံပဲရရှိမှာပါ။

အတွေ့အကြုံစုံသူလည်းရှိနိုင်တယ်။ မစုံသူလည်းရှိနိုင်ပါတယ်။ ကိုယ့်တွေ့ကြုံရင်ဆိုင်ဖြေရှင်းလုပ်ကိုင်နေရတာတွေပေါ်မူတည်ပြီး အဲဒီအလုပ်နဲ့ပတ်သက်လို့ ကျွမ်းကျင်မှုရှိနိုင်သလို အသိလည်းတိုး

www.burmeseclassic.com

နေမှာပါပဲ။ စားဖိုမှူးချင်းတူရင်တော့ လုပ်သက်ဝါရင့်တဲ့စားဖိုမှူးက ပိုသိမှာပေါ့။ တာဝန်ယူရတဲ့နေရာဌာနအမျိုးအစားချင်းတူရင် ပြောတာပါ။

အသက်ကြီးလာရင် အတွေ့အကြုံများလာတာမှန်ပါတယ်။ အတွေ့အကြုံများရင် အသိတိုးလာတယ် အသိရှိလာတယ်ဆိုတာလည်းဟုတ်ပါတယ်။ အဲဒီအသိဟာသူလုပ်နေရတဲ့အလုပ်ကျင်လည်ရတဲ့ဝန်းကျင်နဲ့ယှက်နွယ်တဲ့အသိပါ။ ကံချွန်အဲသလိုပဲ လက်ခံပါတယ်ခင်ဗျာ။ ဒါကြောင့် အတွေ့အကြုံကရတဲ့အသိဟာ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်တဲ့ အထွေထွေဗဟုသုတတွေးခေါ် စဉ်းစားချင့်ချိန်နိုင်မှုတော့ မဖြစ်ပါဘူး။ လုပ်ငန်းချင်းမတူလို့ အတွေ့အကြုံကွဲပြားနေရင်သိတာချင်းလည်းမတူတော့ပါဘူး။ စားဖိုမှူးဟာ အတွေ့အကြုံအားကိုးပြီး ကားမောင်းတဲ့လူငယ်ကိုဆရာလုပ်ဖို့ ဆုံးမဖို့တော့ ခက်ပါလိမ့်မယ်။

ထိတွေ့ရတဲ့ ဝန်းကျင်ကလည်းအရေးကြီးပါတယ်။ တရားရုံးမှာ အလုပ်လုပ်သူ၊ ဆေးရုံမှာအလုပ်လုပ်သူ၊ အကျဉ်းဦးစီးမှာ အလုပ်လုပ်သူတစ်ယောက်နဲ့တစ်ယောက်ထိတွေ့ဆက်ဆံရတဲ့လူတွေရဲ့ကွာခြားမှုကြောင့် သူတို့ရရှိမယ့် ဗဟုသုတလည်းကွဲပြားမှာပါပဲ။ ဌာနတစ်ခုတည်းမှာကိုပဲ တာဝန်ယူရတဲ့နေရာကွဲပြားရင် အတွေ့အကြုံလည်းကွဲပြားမှာပါပဲ။ ဟိုတယ်တစ်ခုရဲ့ မန်နေဂျာရယ်၊ စားဖိုမှူးရယ်၊ ဧည့်ကြိုရယ် ဘယ်လိုမှအတွေ့အကြုံချင်း မတူနိုင်ပါဘူး။

လူကြီးတွေမှာသေချာပေါက်ရှိနိုင်တာကတော့ နှိုင်းနှိုင်းဆဆချင့်ချိန်စဉ်းစားတဲ့အလေ့ပါ။ စဉ်းစားတဲ့အလေ့အကျင့်ကြောင့်

အမှားနည်းနိုင်တာတော့ သေချာပါတယ်။

လူငယ်တွေမှာလည်းသူ့ဝန်းကျင်၊ သူလုပ်ကိုင်ရတဲ့အလုပ်၊ သွားလာနေထိုင်ရတဲ့ဒေသလိုက်လို့ အတွေ့အကြုံတွေရှိပါတယ်။ သူတို့ရဲ့ အတွေ့အကြုံမျိုး ကျွန်တော်တို့လူကြီးတွေမှာ မရှိနိုင်ပါဘူး။ သူတို့ ကျွမ်းကျင်တာ ကျွန်တော်တို့ မကျွမ်းကျင်နိုင်ပါဘူး။ ဒါကိုလည်း ကျွန်တော်တို့လက်ခံအသိအမှတ်ပြုပေးရမှာပါပဲ။ အဲဒါမှ ကျွန်တော်တို့လူကြီးတွေရဲ့ သူတို့အပေါ်ထားတဲ့ စေတနာဟာ "ဝေဒနာ" မဖြစ်မှာပါ။

ကျွန်တော်တို့စကားကို သူတို့နားထောင်စေချင်ရင်သူတို့မှာ ပြောချင်တာတွေရှိနေတာကို ဦးစားပေးပြီးပြောခိုင်းရမှာပေါ့။ သူတို့ စကားကို ကျွန်တော်တို့ အရင်နားထောင်ပေးရမှာပေါ့။

"မင်းတို့ ငယ်ပါသေးတယ်"

"မင်းတို့ အတွေ့အကြုံဘယ်လောက်များရှိလို့လဲ' ဆိုပြီးတော့ ကျွန်တော်တို့ပြောချင်တာတွေချည်း ပြောလို့မရပါဘူး။ ငယ်ပေမယ့် ကျွန်တော်တို့ မတွေ့ကြုံဘူးတာတွေ သူတို့တွေ့နိုင်ပါတယ်။ ကျွန်တော်တို့ မသိတာတွေ သူတို့သိနေနိုင်ပါတယ်။

သူတို့စကားကိုနားထောင်ပြီးမှ ကျွန်တော်တို့ပြောသင့်တဲ့ စကားကိုရွေးချယ်ရမှာပါ။ ဆရာဝန်နဲ့လူနာလိုပါပဲ။ ရောဂါကိုမေးပြီးမှ ဆေးပေးလို့ရမှာပါ။ မင်းတို့ဘာသိလို့လဲဆိုတဲ့စကားကို နိဒါန်းပျိုးပြီးဆုံးမစကားဆိုတာတွေကြားဖူးလို့ ဒီစာကိုတွေးမိရေးမိတာပါ။

နောက်ပြီး လူငယ်တွေစဉ်းစားသင့်တာက လူကြီးတွေဟာ အသက်ကြီးလို့ လူကြီးတွေရဲ့အတွေးအခေါ်တွေဟာ ရက်လွန်ပစ္စည်းလိုသုံးမရတော့ဘူး။ လူကြီးတွေရဲ့ဦးနှောက်ဟာ နှစ်ချို့ဖြစ်

www.burmeseclassic.com

နေပြီလို့ထင်ရင် မှားမှာပါ။ အတွေးအခေါ် လတ်ဆတ်မှု၊ ခေတ်ရဲ့ အံ့ဝင်မှု၊ ဆုံးဖြတ်ချက်မှန်ကန်မှုကို လမ်းပြဦးဆောင်နိုင်စွမ်းရှိဖို့ အတွက် ခေတ်ကိုမျက်ခြည်မပြတ်ဖို့ပဲလိုပါတယ်။ အရွယ်နဲ့ မဆိုင်ပါဘူး။ အရွယ်ကငယ်နေပေမယ့် ခေတ်ကိုမျက်ခြည်ပြတ်နေ ရင် လေ့လာမှုအားနည်းရင် အဲဒီလူငယ်ရဲ့အတွေးအခေါ်ဟာ ခေတ်နောက်ကျန်နေမှာပါပဲ။

အချိန်ကာလ ရေစီးတစ်ခုမှာ စီးဝင်မျောပါနိုင်ဖို့၊ ဦးဆောင် စီးဆင်းနိုင်ဖို့၊ သောင်တင်၊ ကိုင်းငြိ၊ ကမ်းကပ်၊ ကန့်လန့်ခံမကျန် ရစ်ဖို့ဆိုတာ အသက်ကြီးခြင်း၊ ငယ်ခြင်းနဲ့မဆိုင်ပါဘူး။ ဗဟုသုတ လေ့လာဆည်းပူးတဲ့အပေါ်၊ အမှားအမှန်ဝေဖန်ပိုင်းခြားတတ်တဲ့ အပေါ် လူ့လောကကြီးကို စိတ်ဝင်စားတတ်တဲ့အပေါ်မှာပဲ တည် ပါတယ်။ အဲသလိုသာခံယူထားမယ်ဆိုရင်တော့လူကြီးလူငယ်တို့ဟာ အပြန်အလှန်နားလည်ပြီးလှပတဲ့ အနာဂတ်ကိုတည်ဆောက်လို့ ရမယ်ဆိုတာ အခိုင်အမာယုံကြည်ပါတယ်။

ကျွန်တော်တို့ဟာ ကျွန်တော်တို့လက်တစ်ကမ်းက လူငယ်တွေ ကိုနားလည်နိုင်အောင် ပထမကြိုးစားပြီးမှ သူတို့အတွက် ဘာလုပ် ပေးလို့ရမလဲဆိုတာ စဉ်းစားပြီးမှ လုပ်ပေးကြရင်တော့ လူငယ်တွေ တိုးတက်ဖို့အတွက် ထိရောက်အောင် အံ့ဝင်ခွင်ကျလုပ်ပေးနိုင်ကြ မှာသေချာပါတယ်။

**ရတနာပုံသတင်းစာ**<br>
**၁၀. ၆. ၂၀၀၁**<br>
**ကံချွန်**

# လူငယ်၊ လူကြီး (၄)
# ကွာဟချက်

ရိုးရိုးလေးစဉ်းစားရင် ရှင်းရှင်းလေးပါပဲခင်ဗျာ။ ကံချွန်ဟာ လူငယ်တွေကို စိတ်ဝင်စားလို့ လူငယ်တွေအတွက် ဘာတွေရေးပေးနိုင်မလဲဆိုတာ အမြဲတွေးလေ့ရှိသူပါ။ လူငယ်တွေရဲ့ အပြုအမူ အပြောအဆိုတစ်ခုခုကို စိတ်ထဲမှာ မကျေနပ်ရင် ကံချွန်လူငယ်ဘဝကရော လူကြီးတွေရဲ့အမြင်မှာ ဘဝင်မကျစရာ ဘာတွေလုပ်ဖူးသလဲဆိုတာ ပြန်စဉ်းစားပါတယ်ခင်ဗျာ။ အဲသလိုစဉ်းစားမိတာနဲ့ ဒီနေ့လူငယ်တွေရဲ့ အပြုအမူကို သူတို့ဘက်ကဝင်ပြီး စဉ်းစားကြည့်တာမျိုး လုပ်လို့ရသွားပါတော့တယ်။

ကံချွန်အဓိကကျတယ်လို့ ယူဆမိတာကတော့ ကျွန်တော်တို့လူကြီးများနဲ့ လူငယ်များကြားမှာ အမြင်မတူတာ၊ အကြိုက်မတူတာ ဆန္ဒမတူတာစတဲ့ ကွဲပြားခြားနားမှုဟာ ကျွန်တော်တို့ကျင်လည်ခဲ့ရတဲ့ ဖြစ်တည်ရင်ဆိုင်ခဲ့ရတဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေဝန်းကျင်နှင့်ဒီနေ့လူငယ်တွေ တွေ့ကြုံရင်ဆိုင်နေရတဲ့ လူမှုရေး၊ စီးပွားရေးအခြေအနေဝန်းကျင်ကွာဟချက်ကြောင့်ပါပဲ။

ကလေးအရွယ်ကွာဟမှုကို ကျွန်တော်ရေးပြဖူးပါတယ်။ ကျွန်တော်တို့မိဘများငယ်စဉ်က ဂျင်ပေါက်၊ စွန်လွှတ်၊ ထုပ်စည်းထိုး၊ တူတူပုန်း၊ ဂွေ(ခွေ)လိမ့်၊ ပေသီးပစ်ကစားခဲ့ကြသလို ကျွန်တော်တို့ငယ်ငယ်ကလည်း ဒီလိုပဲကစားခဲ့ကြပါတယ်။ ကျွန်တော်တို့ မိဘ

www.burmeseclassic.com

များရဲ့ငယ်စဉ်ဘဝနဲ့ ကျွန်တော်တို့ရဲ့ငယ်စဉ်ဘဝ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်အခြေအနေဟာ ကွာခြားမှုမကြီးမားခဲ့ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့ ကလေးဘဝရဲ့ ဝန်းကျင်အခြေအနေနဲ့ ဒီနေ့ကလေးများရဲ့ ဝန်းကျင်အခြေအနေဟာ အများကြီးကွာခြားသွားပြီ။ ဒီနေ့ကလေးတွေ ပျော်မွေ့တာက ဗွီဒီယိုရုံ၊ တီဗွီဂိမ်းနဲ့စီဒီကာရာအိုကေဆိုတာမျိုးဖြစ်နေပြီ။

ကျွန်တော်တို့ လူငယ်ဘဝကတစ်ခါတလေ လူကြီးများနဲ့ လိုက်သွားမှ နိုင်ငံခြားရုပ်ရှင်ကားဆိုတာ ကြည့်ရတာပါ။ နိုင်ငံခြားရုပ်ရှင်ကားပြတဲ့ရုံမှာဆို အမျိုးသမီးများလာကြည့်တာ အလွန့်အလွန်ကိုနည်းပါတယ်။ မတွေ့ရသလောက်ပါပဲ။ သတိရမိပါသေးတယ်ခင်ဗျာ။ အမျိုးသားများအကြိုက်၊ ဇာတ်ကြမ်းကားသစ်ဆိုတာမျိုး၊ ကာလသားကြိုက် မင်းသမီးဘားဒေါ့ပါဝင်သော အချစ်ဇာတ်ဆန်းဆိုတာမျိုး ကြော်ငြာမှာရေးကြလေ့ရှိပါတယ်။ အဲသလို ကြော်ငြာတာကို ကြည့်တာနဲ့ပဲ အဲဒီတုန်းက နိုင်ငံခြားရုပ်ရှင်ကားတွေဟာ အမျိုးသားများကို အားထားပြရတယ်ဆိုတာ ရှင်းပါတယ်။ အမျိုးသမီးတွေက မကြည့်သလောက်ပါပဲ။

ဒီနေ့ဒီလိုမဟုတ်တော့ပါဘူး။

နိုင်ငံခြားရုပ်ရှင်ကားပြတဲ့ ရုံတွေမှာလည်း အမျိုးသမီးကြီးကြီးငယ်ငယ်အရွယ်စုံတွေ့နေရတာပါပဲ။ အပေါ်စက်၊ အောက်စက်ရှိသူများလည်း ကိုယ့်အိမ်မှာ နိုင်ငံခြား၊ ဗွီဒီယိုခွေမျိုးစုံကို မိသားစုအတူထိုင်ကြည့်နေကြပါပြီ။ ဒီပြောင်းလဲမှုရေစီးမှာ ကျွန်တော်တို့ လူကြီးများကိုယ်တိုင်လည်း မျောပါနေခဲ့ကြတာမို့ ကွာဟချက်ကို

သတိမထားမိကြပါဘူး။ မေ့နေကြတယ်ဆိုပါတော့။ ဒါကြောင့်လည်း လူငယ်တွေကို - - -

"မင်းတို့ ဒီနေ့ နေပုံ ထိုင်ပုံကတော့ကွာ - တို့ငယ်ငယ်ကနဲ့ ကွာပေ့ါ"

"ဒီနေ့ လူငယ်တွေကိုကြည့်ရတာ စိတ်တိုင်းကို မကျပါဘူး။ ကျုပ်တို့ ငယ်ငယ်ကဆို ဘယ်ဒီလိုဟုတ်မလဲ"

ဆိုတာမျိုးပြောတာတွေဟာ ထိတွေ့ရတဲ့ဝန်းကျင် အခြေအနေကွာဟမှုကို မေ့နေကြလို့ပေ့ါ။ လူငယ်တွေရဲ့ အပြုအမူ၊ အပြောအဆို၊ အမူအကျင့် ဆိုတာဟာ သူတို့နေ့စဉ်ထိတွေ့ဆက်ဆံနေရတဲ့ မြင်တွေ့ကြုံဆုံနေရတဲ့အခြေအနေရဲ့ ရိုက်ခတ်မှုက ထင်ဟပ်နေတာကိုး၊ ကျွန်တော်တို့ လူကြီးအတော်များများဟာ လူငယ်တွေအပေါ်မှာ အားမလိုအားမရဖြစ်မှုနဲ့ ယုံကြည်ကိုးစားမှု နည်းပါးနေတာ တွေ့ရပါတယ်။ ကျွန်တော်တို့ လူငယ်အရွယ် အသက်နှစ်ဆယ်နဲ့သုံးဆယ်ကြားကာလမှာ အသက်လေးဆယ်၊ ငါးဆယ်ရွယ်လူကြီးများ တာဝန်ယူလုပ်ကိုင်နေတဲ့အလုပ်မျိုးတွေကို ဌာနဆိုင်ရာလုပ်ငန်းတွေမှာရော၊ ပုဂ္ဂလိကပိုင် လုပ်ငန်းတွေမှာရော ဒီနေ့အသက်နှစ်ဆယ်၊ သုံးဆယ်ဝန်းကျင်လူငယ်တွေ ဝင်ရောက်လုပ်ကိုင်နေကြတာကိုလည်း ကံချွန်သတိထားမိပါတယ် ခင်ဗျာ။ ဒီတော့လည်း (အမှန်အတိုင်းပြောရရင်)

"ဒီချာတိတ်တွေ လုပ်မှလုပ်နိုင်ပ့ါမလား" "ဖြစ်မှဖြစ်ပ့ါမလား"

"အောင်မြင်အောင်မှ ဆောင်ရွက်နိုင်ပ့ါမလား"

ဆိုတဲ့စိုးရိမ်မှုမျိုးတွေဖြစ်မိတာ အမှန်ပါခင်ဗျာ။ ကံချွန်တို့

www.burmeseclassic.com

ငယ်ငယ်က တွေ့ခဲ့ရတာက ဒီနေ့လူငယ်များ တာဝန်ယူလုပ်ကိုင်နေတဲ့နေရာမျိုးတွေမှာ ဦးဆောင်လုပ်ကိုင်နေသူတွေက အသက်လေးငါးဆယ်ရွယ်လူကြီးတွေကိုး။

အချိန်ကာလအရ ကွဲပြားသွားတဲ့အခြေအနေပေါ်မှာ ရရှိကြတဲ့အတွေ့အကြုံအသိတရားတွေ ကွဲပြားမှုကြောင့် အမူအကျင့်တွေ လုပ်ကိုင်ပုံတွေ ကွဲပြားရပါတယ်။ ကွဲပြားတဲ့အထဲမှာ ကောင်းတဲ့ဘက်အလေးသာတာတွေရှိသလို မလိုလားတဲ့ဘက်ဦးတည်နေတာတွေလည်း လူငယ်တွေဆီမှာရှိမှာပါပဲ။ လူငယ်တွေဆီကို နည်းပညာအတတ်ပညာ အသစ်တွေရောက်နေတာတွေ့ရမှာဖြစ်သလို၊ ကုမရတဲ့ရောဂါပိုးအသစ်တွေကိုလည်း ကျွန်တော်တို့တွေ့နေရပါတယ်။ သူတို့ရင်ဆိုင်ကြုံတွေ့နေရတဲ့ အကောင်း၊ အဆိုးတွေဟာ ကျွန်တော်တို့လူငယ်ဘဝမှာ ကြုံတွေ့ရင်ဆိုင်ခဲ့ရတာတွေနဲ့တော့ လုံးဝမတူနိုင်တော့ပါဘူး။ အချိန်ကာလရဲ့အခြေအနေပြောင်းလဲမှုကြောင့် ကွာဟချက်ပါ။

ကျွန်တော်တို့ဟာ လူငယ်တွေကို ယုံကြည်နိုင်ဖို့ ကြိုးစားရပါမယ်။ ခွင့်လွှတ်နိုင်ဖို့ကြိုးစားကြရပါမယ်။ နားလည်နိုင်ဖို့ လေ့လာကြရပါမယ်။ အဲသလို ကြိုးစားလေ့လာကြည့်ဖို့ သတိရလိုက်မယ်ဆိုရင် ကျွန်တော်တို့ဟာ လူငယ်တွေကို အပြစ်တင်စကားဆိုမိမယ်မဟုတ်တော့ပါဘူး။

အပြစ်တင်စကား မဆိုမိတာကိုက - - -

လူငယ်တွေရဲ့ ယုံကြည်မှု၊ လေးစားမှုကို ပြန်လည်ရယူနိုင်ဖို့အတွက် အဓိကအချက်လို့ ကံချွန်တွေးမိပါတယ်။ အချိန်ကာလရဲ့

ကွာဟမှုကို နှိုင်းယှဉ်စဉ်းစားနိုင်မှာက ကျွန်တော်တို့ လူကြီးတွေ ဖြစ်နေတာမို့ လူငယ် လူကြီးဆက်ဆံရေးမှာ ကျွန်တော်တို့က နားလည်ပေးရပါမယ်။ သူတို့ရဲ့ လေးစားမှုကို တည်ဆောက်နိုင်မှ ကျွန်တော်တို့ရဲ့ စေတနာကိုလည်း သူတို့လေးစား အသိအမှတ် ပြုမှာပါ။

**ရတနာပုံသတင်းစာ**

**၁၇. ၆. ၂၀၀၁**

**ကံချွန်**

# လူငယ်လူကြီး (၅)
# ဘယ်လိုတွေးသလဲ

အများဆုံးဖြစ်လေ့ဖြစ်ထရှိတဲ့ သဘောပါ။ အားလုံးကို မဆိုလိုပါဘူး။ ကံချွန်တို့လူကြီးအတော်များများက "အပျက်"ကို တွေးလေ့ရှိပြီးလူငယ်အတော်များများကတော့ "အဖြစ်"ကိုပဲ တွေးလေ့ရှိပါတယ်။ လုပ်ငန်းတစ်ခုခုလုပ်တော့မယ်ဆိုရင် ကံချွန်တို့ လူကြီးတွေက

မအောင်မြင်ခဲ့သော် -

အဆင်မပြေခဲ့သော် -

www.burmeseclassic.com

ကိုယ်မှန်းသလို မဖြစ်ခဲ့သော် -

ဆိုတာမျိုးကို ဦးစားပေးတွေးလေ့ရှိကြပါတယ်ခင်ဗျာ။ လူငယ်တွေကတော့ --

အောင်မြင်သွားရင်

အဆင်ပြေသွားရင်

ကိုယ်မျှော်မှန်းသလိုဖြစ်လာရင်

ဆိုတာမျိုးတွေကို ဦးစားပေးတွေးကြပါတယ်ခင်ဗျ။ ကံချွန်ဆွေးနွေးချင်တာက ဘယ်လိုတွေးတာက မှန်တယ်၊ မှားတယ်ဆိုတာထက် တွေးပုံကွာခြားတာကိုခင်ဗျာ။ အဲသလိုတွေးပုံ ကွာခြားတာကို သတိထားမိရင် ကံချွန်တို့ လူကြီးတွေက လူငယ်တွေလုပ်မယ့်အလုပ်အပေါ် ဘယ်လိုအကြံပေးရမလဲ၊ အမှား အနည်းဆုံးဖြစ်အောင် ဘယ်လိုညွှန်ရမလဲ ဘယ်လိုပြင်ဆင် ခိုင်းရမလဲဆိုတာ ဦးတည်ပြီး စဉ်းစားပေးနိုင်တာပေါ့။

"မင်းသွားချင်တာက အဲဒီနေရာမဟုတ်လား - ဒါဖြင့် ဒီလမ်းကသွား၊ အဲဒီလမ်းကခြုံတိုးရမယ် ချောင်းကူးရမယ်။ ဒီလမ်းကတော့ ချောင်းကူးရမှာပေမယ့် ရေတိမ်တယ်။ လမ်းကျောရှိတယ်"

ဆိုတဲ့အကြံပေးမှုမျိုးနဲ့

"မင်းအဲဒီလမ်းသွားလို့ကတော့ သေပြီ။ ကိုယ့်ဒုက္ခကိုယ်ရှာတာပဲ။ ငါတို့တောင်ပက်လက်လန်ကျခဲ့ဖူးတာ။ ရေစီးသန်တဲ့ချောင်းဖြတ်ရင်းကံကောင်းလို့မနစ်တာ ငါတူမသွားနဲ့"

ဆိုတဲ့ စကားမျိုးမှာ ဘယ်စကားမျိုးကိုလူငယ်တွေလက်ခံမယ်ဆိုတာ အထူးပြောဖို့မလိုပါဘူးခင်ဗျား လူငယ်တွေက အဖြစ်

ကို တွေးထားပြီး မျှော်လင့်ချက်အပြည့်နဲ့။ ဒီတော့ ကျွန်တော်တို့က ဘယ်လိုဖြစ်အောင်လုပ်သင့်သလဲဆိုတာ ကျွန်တော်တို့ အတွေ့အကြုံအရ သိထားနှင့်ပြီးတာနဲ့ ကူတွေးပေးရင်း အကြံပြုရင် လူငယ် - လူကြီးနီးစပ်မှုပိုမိုရပါမယ်။ လူငယ် လူကြီးဆက်ဆံရေးမှာ နွေးထွေးတဲ့ရင်းနှီးမှုရပါမယ်။ ဒါကကံချွန်တွေးမိတာပါခင်ဗျား။

ကံချွန်တို့ဟာ ကိုယ့်အတွေ့အကြုံ၊ ကိုယ်အသိဉာဏ်၊ ကိုယ့်လေ့လာမှုကို အခြေခံပြီးတွေးကြတာဆိုတာ လူကြီးကလူကြီးလို တွေးပြီး လူငယ်က လူငယ်လိုတွေးတာဟာ သိပ်တော့မဆန်းပါဘူး။ တွေးပုံချင်းကွာဟမှုရှိမှာပါပဲ။ စဉ်းစားပုံချင်းကွဲလွဲမှုရှိမှာပါပဲ။ ဒီကွဲလွဲမှုကို ကျွန်တော်တို့ သတိထားမိတယ်ဆိုရင် ကွာဟနေတဲ့ အတွေးကိုနီးစပ်အောင်လုပ်ပစ်လို့ရပါတယ်။ ကျွန်တော်တို့လူကြီးတွေအနေနဲ့ သူတို့နေရာကဝင်ကြည့်ပြီး မြင်ပုံချင်းတူအောင် လုပ်ပြီးမှ ကျွန်တော်တို့ရဲ့အတွေ့အကြုံအသိဉာဏ်ကို အသုံးချပြီး သူတို့အတွက် အကြံပြုမယ်ဆိုရင် ကျွန်တော်တို့ လူကြီးတွေရဲ့ စကားကိုသူတို့ပိုနားထောင်ရမှာပေါ့။ သူတို့ရည်မှန်းချက် သူတို့ လျှောက်မယ့်လမ်းကို သူတို့နေရာက ဝင်ကြည့်ပြီးပြောမှာကိုး။

အဲသလိုပြောနိုင်ဖို့အတွက်

"လူငယ်တွေက ဘယ်လိုတွေးသလဲ"

ဆိုတာကို ကျွန်တော်စိတ်ဝင်စားခဲ့တာပါ။ ကျွန်တော့်လိုပဲ လူငယ်များနဲ့ ထိတွေ့နေရတဲ့ လူကြီးတိုင်းလည်း စိတ်ဝင်စားစေချင်ပါတယ်ခင်ဗျာ။ အဲသလိုစိတ်ဝင်စားနိုင်ဖို့အတွက် ကျွန်တော်တို့ဟာ ကျွန်တော်တို့လူငယ်ဘဝကို မမေ့ဖို့၊ သတိရဖို့လိုပါတယ်။

အဲဒီအချက်ဟာ အဓိကကျပါတယ်။ အမှားလုပ်နေတဲ့ လူငယ်တွေကိုတွေ့ရင်ကျွန်တော်တို့ငယ်ငယ်ကမှားဖူးတာကို သတိရ ရပါမယ်။ အဲဒါဆိုရင် သူတို့ကို ဒေါသမဖြစ်ဘဲ စိတ်မဆိုးဘဲ ခွင့်လွှတ်လို့ရသွားပါမယ်။ ခွင့်လွှတ်နိုင်ပြီဆိုတာနဲ့သူတို့ရဲ့အမှားကို အပြစ်တင်ဟိန်းဟောက်မယ့်အစား ဒေါသကင်းကင်းနဲ့ အေးအေးဆေးဆေး ပြောပြနိုင်ပါမယ်။ အကြံပြုနိုင်ပါမယ်။

ရည်းစားနဲ့ကွဲပြီး ဆွေးနေတဲ့လူငယ်တစ်ယောက်နဲ့ ဆုံဖူးပါတယ်။ သူ့မိဘ၊ သူ့ဦးလေး စတဲ့ဝန်းကျင်အသိုင်းအဝန်းက မိန်းမတစ်ယောက်အတွက်နဲ့အအိပ်ပျက်၊ အစားပျက်ဆွေးရကောင်းလားဆိုပြီးဆူကြတယ်။ ပျော့ညံ့ရန်ကောဆိုပြီး စိတ်ပျက်စကား ဆိုကြတယ်။ ကံချွန်ကိုကြည့်ပြောပေးပါဦးဆိုပြီး တောင်းဆိုတယ်။ ဒါနဲ့တစ်ရက်မှာတော့ အဲဒီချာတိတ်ကို -

"မင်းလွမ်းနေတာကြည့်ပြီး ငါငယ်ငယ်ကလွမ်းတာကို အမှတ်ရတယ်ကွာခုနေခါအဲသလိုလွမ်းချင်လို့လွမ်းမရတော့ဘူးကွာ။ အဲဒါစိတ်မကောင်းစရာပဲ။ လွမ်းတယ်ဆွေးတယ်ဆိုတာငယ်တုန်းမှာခံစားခွင့်ရတဲ့ရှားပါးအခွင့်အရေးကွ။ ကြီးလာရင်အဲသလိုလုပ်လို့ မရဘူး။ လေးလေးကတော့အားပေးတယ်ငါ့တူလွမ်းသာလွမ်းမင်းအိမ်မှာလွမ်းရတာမလွတ်လပ်ရင်ငါ့အိမ်မှာလာပြီး လွမ်းလို့ရတယ်။ မင်းကြိုက်သလောက်ပေါက်ကွဲစမ်းကွာ။ ငါကလူငယ်တွေကို အားပေးပါတယ်။ မင်းကလွမ်းချင်တဲ့လူငယ်မို့ ငါက အလွမ်းအားပေးတာ။

ဆိုတော့ ဒီကောင် မျက်စောင်းထိုးကြည့်ပြီး "လေးကံကလည်း ဗျာ"လို့ ညည်းတယ်။ ကံချွန်က "ငါတကယ်ပြောတာပါကွ" ငါ

ဘယ်သူ့ကြောင့်လွမ်းခဲ့တယ်ထင်သလဲ “. . . . . . .” ကြောင့်ပေါ့

“ဟာဗျာ အဲဒီပုံကြီးများ”

“အဲဒီ စည်ပိုင်းပုံက ခုမှဖြစ်တာကွ- သူလည်း ငယ်ငယ်ကတော့ “မော်ဒယ်ဂဲ” ပဲ “မော်ဒယ် ဝူးမင်း” ဖြစ်မှ ဝ, သွားတာ”

အဲသလို ကံချွန်နဲ့တစ်လလောက် စကားပြောလိုက်တာ အဆွေးဝေဒနာတွေ အလွမ်းရောဂါတွေပျောက်သွားဖူးပါတယ် ခင်ဗျာ

ဒီလိုပါပဲ

အချစ်ကိစ္စမှာပဲဖြစ်ဖြစ်

စည်းပွားရေး

ပညာရေး

အားကစား

အနုပညာ

ဘယ်လိုကိစ္စမျိုးမှာမဆို သူတို့ဆန္ဒကို ထိပ်ကပိတ်ထားမယ့် အစားကိုယ်ဦးတည်စေ့ချင်တဲ့ဆီ လမ်းကြောင်းပေးတာ အကောင်းဆုံးပါ။ အဲသလိုပေးနိုင်ဖို့ သူတို့ကိုနားလည်ပေးရပါမယ်။ နားလည်ပေးနိုင်ဖို့ သူတို့တွေးသလိုတွေးရပါမယ်။ ဒါက ကျွန်တော် စဉ်းစားမိတာပါ။


**ရတနာပုံသတင်းစာ**

**၂၄. ၆. ၂၀၀၁**

**ကံချွန်**

www.burmeseclassic.com

# ကိညွှန်



ဒါကဒီလိုရှိတယ်
ဟိုဟာကဟိုလိုရှိတယ်